၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၃၀) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် ၊ ကြာသပတေး၊ (အောက်တိုဘာ ၄ ၊ ၂၀၁၂)

## မန္တလေးတိုင်းဒေသကြီးတွင် ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူး ၂၀၀ကျော်အား ထုတ်ပယ်

**မောင်တာ**

**မန္တလေး၊စက်တင်ဘာ-၃၀**

မန္တလေးတိုင်းဒေသကြီးတွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၂၁၂ဦးအား တာဝန်မှ ထုတ်ပယ်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးကပြောသည်။

ထို့အပြင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းကို မန္တလေးတိုင်းဒေသကြီးအတွင်း ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးဥပဒေနှင့်အညီ အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း


စာ(၁၂)သို့


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး အမေရိကန်ခရီးစဉ်မှ မြန်မာနိုင်ငံသို့ အောက်တိုဘာ၁ရက်နေ့က ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်သမ္မတဦးသိန်းစိန်ကို ပြည်သူတစ်ထောင်ကျော်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လှိုက်လှိုက်လှဲလှဲကြိုဆိုနေကြစဉ်။ အစိုးရပိုင်းမှနိုင်ငံ့ခေါင်းဆောင်တစ်ဦးကို ပြည်သူများက ထိုသို့ကြိုဆိုခြင်းမှာ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။**

**သတင်းအပြည့်အစုံ အချပ်ပို(VII)တွင်ဖတ်ရှုပါရန်**

## အရေးပေါ်လှေကားလား လူသတ်လှေကားလား
သတင်းဆောင်းပါး–စာ(၇)တွင်ရှု


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# မြန်မာ့အပြောင်းအလဲ အမေရိကန်တွင်မှတ်ကျောက်တင်

**အားမာန်၊ ထွန်းနိုင်**

**ရန်ကုန်၊ အောက်တိုဘာ - ၁**

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့၏ အမေရိကန်နိုင်ငံခရီးစဉ်မှာ မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းခဲ့ကြောင်း နယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များကပြောသည်။

ယခင်က အတိုက်အခံများ ဖြစ်ခဲ့သော်လည်း နိုင်ငံ့ခေါင်းဆောင်နှစ်ဦးမှာ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများအတွက် အမေရိကန်ခရီးစဉ်တွင် တစ်ဦးကိုတစ်ဦးအလေးအနက် ချီးကျူးအသိအမှတ်ပြုပြောကြားခဲ့ကြသည်။ ထို့အပြင် အမေရိကန်က မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှု များကိုဖယ်ရှားရန် နှစ်ဦးစလုံးက တူညီစွာတိုက်တွန်းခဲ့သည်။ သမ္မတဦးသိန်းစိန်က ဒေါ်အောင်ဆန်းစုကြည်အတွက် ဂုဏ်ပြုကြောင်းပြောကြားခဲ့သည့်အပြင် မြန်မာစစ်အစိုးရခေါင်းဆောင်များ ဆယ်စုနှစ်များစွာအတွင်း ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့သော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ကို ကမ္ဘာ့စင်မြင့်ထက်မှ ချီးကျူးဂုဏ်ပြုမှုကိုလည်းပြုလုပ်ခဲ့သည်။

**အချပ်ပို(B)သို့**

## လက်ပန်းတောင်းတောင်စီမံကိန်း ရပ်ဆိုင်းမည်မဟုတ်ဟု မြန်မာဝမ်ပေါင်ကုမ္ပဏီဥက္ကဋ္ဌပြောကြား

**အောင်သူရ၊ အိဖြူမွန်**

**ရန်ကုန်၊စက်တင်ဘာ - ၂၉**

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကန့်ကွက်လျှင်ပင် လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းကို ရပ်ဆိုင်းသွားမည်မဟုတ်ကြောင်း မြန်မာဝမ်ပေါင်ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ CHENDEFANGက စက်တင်ဘာ ၂၉ရက်တွင် ဂရင်းမီး ရထားဟိုတယ်၌ တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

**အချပ်ပို(VII)သို့**

ခေါင်းမြီးခြုံအိပ်နေ တစ်ရေးနိုးတော့ပရိုမိုးရှင်း
မောင်သာချို
စာ(၃၁)သို့

ပုဂ္ဂလိကဘဏ်များ ငွေလဲလှယ်ပေးသော ပမာဏ ကန့်သတ်
စာ(၃)သို့

တရုတ်ရေနံကုမ္ပဏီ မိုင်းခွဲရှာဖွေမှုကြောင့် လယ်မြေများစိုက်ပျိုးမရဖြစ်
စာ(၄)သို့



ကြော်ငြာဆောင်းပါး

# နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် ဆက်သွယ်ရေးသည် ကဏ္ဍတစ်ခုအဖြစ် ပါဝင်ပါသည်

ကမ္ဘာကြီးသည် တစ်နေ့ထက်တစ်နေ့ ပိုမို၍ ယှက်နွယ်ချိတ်ဆက်လာသည်နှင့်အမျှ လူတစ်ဦးတစ်ယောက်ချင်းဆီသည် ပိုမို၍ လေးလေးနက်နက်နားလည်နိုင်စွမ်းရှိရေး၊ ကျယ်ပြန့်စွာ သင်ယူလေ့လာရေးနှင့် ပိုမိုပြည့်စုံစွာ စူးစမ်းရှာဖွေရေးအတွက် အဆုံးမရှိသော အခွင့်အရေးများကို ကြုံစည်ဆုပ်ကိုင်လာကြသည်။ ထို့အပြင် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများမှာလည်း ပိုမိုထက်မြက်လာခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့်၊ ပွင့်လင်းမြင်သာစွာ ထိတွေ့ဆက်ဆံလာကြသည်။ အိုင်စီတီနည်းပညာများနှင့် အချိန်ကိုက် အဖြေရှာနိုင်ခြင်းများမှာ လူတိုင်းကို ပို၍နီးကပ်လာစေပြီး၊ စီးပွားရေးအခွင့်အလမ်းသစ်များ ဖန်တီးပေးကာ လုပ်ငန်းလည်ပတ်မှုမြန်ဆန်ထိရောက်စေပြီး ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်သည်။ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို၍၊ ပို၍ အရေးပါလာပါသည်။

စက်တင်ဘာလ ၂၀ ရက်တွင်မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်သည် ရှန်ဇန်းမြို့ရှိ ကမ္ဘာ့အကြီးဆုံး တယ်လီဖုန်းဆက်သွယ်ရေးပစ္စည်းကိရိယာများထုတ်လုပ်သူ၊ ကူညီအဖြေရှာပေးသူHuawei ကုမ္ပဏီသို့လည်ပတ်ခဲ့သည်။ Huawei သည်ကမ္ဘာပေါ် တွင် ဆက်သွယ်ရေးလုပ်ငန်းများအတွက် ကူညီအဖြေရှာပံ့ပိုးပေးသောဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်သည်။ ၂၀၁၁ခုနှစ်တွင် Huawei ကုမ္ပဏီ၏ နှစ်စဉ်ပစ္စည်း ရောင်းချရမှု ဝင်ငွေမှာ အမေရိကန်ဒေါ်လာဘီလီယံ ၃၂. ၄အထိရောက်ရှိခဲ့ပြီး၊ ဝန်ထမ်းပေါင်း ၁၅၀,၀၀၀ ကျော်ခန့်အပ်ထားသည်။

လုပ်သားထက်ဝက်ခန့်မှာ သုတေသနနှင့် ဖွံ့ဖြိုးရေး R&D လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ကြသည်။ Huawei ကုမ္ပဏီသည် အမေရိကန်နိုင်ငံနှင့် ဥရောပအပါအဝင် ကမ္ဘာတစ်ဝန်းတွင် R&D စင်တာပေါင်း ၁၅ ခုကို ထူထောင်ထားသည်။ Huawei ၏ ထုတ်ကုန်များနှင့် နည်းပညာများသည် ကမ္ဘာ့လူဦးရေ သုံးပုံတစ်ပုံကို ဝန်ဆောင်မှုပေးနေပြီး နိုင်ငံပေါင်း ၁၄၀ ကျော်တွင် လုပ်ငန်းများလည်ပတ်နေသည်။

သမ္မတဦးသိန်းစိန် Huawei ကုမ္ပဏီသို့ လည်ပတ်ချိန်တွင် Huawei က စတုတ္ထမျိုးဆက် တယ်လီဖုန်းဆက်သွယ်ရေးနည်းပညာ LTEနှင့် အဝေးသင်ပညာရေးနည်းပညာများကိုပြသခဲ့သည်။ Huaweiကဧင်း၏ Telepresent Video Conference စနစ်ကို အသုံးပြု၍ အသက် ၈၄ နှစ်ရှိတရုတ်နိုင်ငံအခြေစိုက်မြန်မာကုန်သည်ကြီးများအဖွဲ့အစည်းဥက္ကဋ္ဌ၊ မြန်မာသံရုံးအရာရှိနှင့် တရုတ်နိုင်ငံရှိမြန်မာကျောင်းသူများနှင့် အပြန်အလှန်နွေးနွေးထွေးထွေးဆက်သွယ်ပြောဆိုခဲ့သည်။ နောက်ဆုံးတွင် သမ္မတဦးသိန်းစိန်နှင့် Huawei ကုမ္ပဏီဥက္ကဋ္ဌ Mr.Ren Zheng Fei တို့ရင်းနှီးဖော်ရွေစွာ စကားပြောခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲတွင် Huawei ကုမ္ပဏီက 4G LTE Telecommunication System နှင့် Telepresent Video Conference System ကိုလှူဒါန်းခဲ့ပြီး ၂၀၁၃ခုနှစ် အရှေ့တောင်အာရှ အားကစားပွဲတော်အတွက် လိုအပ်သော Telepresent စနစ်ကို ပံ့ပိုးပေးခဲ့သည်။ သမ္မတဦးသိန်းစိန်ကလည်း မြန်မာနိုင်ငံအတွက် Huaweiကုမ္ပဏီက ကူညီပံ့ပိုးပေးခြင်းကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပါသည်။ တစ်ချိန်တည်းမှာပင် သမ္မတဦးသိန်းစိန်က Huawei ကုမ္ပဏီ မှာ မြန်မာပြည်သူများနှင့် ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်ကြောင်း၊ Huawei ကုမ္ပဏီသည်မြန်မာနိုင်ငံတွင် စောစောစီးစီး ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ၂၀၀၈ခုနှစ်မြန်မာနိုင်ငံတွင်နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ဒဏ်ခံစားရချိန်တွင် Huawei မှာ ဆက်သွယ်ပြောဆိုရေးလုပ်ဆောင်နိုင်သည့် တစ်ခုတည်းသော ကွန်ရက်ဖြစ်ပြီး၊ မြန်မာပြည်သူများမှာ Huawei ကွန်ရက်ကို မှီခိုအားထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီလုပ်ဆောင်နိုင်ခဲ့ကြောင်း ပြောကြားသည်။ မြန်မာပြည်သူများက နာဂစ်မိုဘိုင်းဟု ချစ်စနိုးခေါ်ဝေါ်ခဲ့ကြ သည်။


သမ္မတဦးသိန်းစိန်က မြန်မာနိုင်ငံသည် ၎င်း၏စနစ်ကို ပြောင်းလဲပြီး လက်ရှိပကတိအခြေအနေကိုရင်ဆိုင်မည်ဖြစ်ကြောင်း အလေးအနက်ပြောကြားပြီး အခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက် တယ်လီဖုန်းဆက်သွယ်ရေးဖြင့် အထောက်အပံ့ပေးရန် လိုအပ်သည်ဟုပြောကြားသည်။ ထို့အတွက် Huawei ကုမ္ပဏီအနေဖြင့် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာ အားသာချက်များ၊ အဆင့်မြင့်နည်းပညာ၊ စိတ်ကူးစိတ်သန်းများနှင့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတွင်ပါဝင်ကာ မြန်မာ့နိုင်ငံမှ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပံ့ပိုးပေးပြီး မြန်မာနိုင်ငံအတွက် ကြီးမားသော အခွင့်အလမ်းနှင့် တန်ဖိုးများဖန်တီးပေးရန် သမ္မတကြီးက မျှော်လင့်ပါသည်။

ထို့နောက်တွင် သမ္မတကြီးက မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီးနောက်ပိုင်းတွင် အခြားသက်ဆိုင်ရာ ဌာနများအား Huaweiနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်ရန် ခွင့်ပြုခဲ့သည်။ နောက်ဆုံးတွင် သမ္မတဦးသိန်းစိန်သည် Huawei ကုမ္ပဏီအား လှည့်ပတ်ကြည့်ရှုခဲ့ပါသည်။

သမ္မတဦးသိန်းစိန်သည် နန်နင်းအာဆီယံ ကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့ပြီး တစ်ချိန်တည်းမှာပင် တရုတ်အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီး ဆွေးနွေးပွဲသို့လည်းတက်ရောက်သည်။ Huawei ကုမ္ပဏီအပါအဝင်တရုတ်ကုမ္ပဏီလုပ်ငန်းကြီး ၅ ခုနှင့်လည်း ဆွေးနွေးပွဲတစ်ရပ်လုပ်ဆောင်ခဲ့သည်။

ကမ္ဘာ့စံနှုန်းများနှင့် တိုင်းတာပါက မြန်မာနိုင်ငံ၏ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများမှာ တယ်လီဖုန်းဆက်သွယ်ရေးကြောင့် အကန့်အသတ်ရှိနေသည်။ တခြားကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်ပါကလည်း မြန်မာနိုင်ငံ၏ တယ်လီဖုန်းဆက်သွယ်ရေးနည်းပညာသုံးစွဲမှုနှုန်းမှာ အလွန်နည်းပါးပါသည်။ မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲရေးအရှိန်အဟုန်ကို မြှင့်တင်မည်ဖြစ်ပြီး Huawei ကုမ္ပဏီအားလည်း လာရောက်၍ ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်သည်။ ထို့နောက် သမ္မတ ဦးသိန်းစိန်သည် Huawei ၏ အရှေ့တောင်အာရှ ဒေသဥက္ကဋ္ဌဖြစ်သူ Mr. Yang Shu၊ Huawei ရန်ကုန်ရုံးမှ မန်နေဂျင်းဒါရိုက်တာ Mr. Ren Geng တို့တွေ့ဆုံခဲ့ပါသည်။

## Huawei ကုမ္ပဏီက ကမ္ဘာပေါ်မှာ Telecommunication နည်းပညာလောကထဲမှာ အကြီးဆုံး Supplier အဖြစ် ရပ်တည်နေသည်







# ပုဂ္ဂလိကဘဏ်များ ငွေလဲလှယ်ပေးသောပမာဏ ကန့်သတ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊စက်တင်ဘာ- ၂၈**

နိုင်ငံခြားငွေ လဲလှယ်နိုင်သည့် ပမာဏကို ဗဟိုဘဏ်က ကန့်သတ်မထားသော်လည်း ပြင်ပဒေါ်လာဈေးနှုန်းထက် ဘဏ်ငွေလဲနှုန်းကဈေးပိုများနေသဖြင့် ဘဏ်များက မိမိအစီအစဉ်ဖြင့် ငွေလဲကောင်တာများတွင် ငွေလဲနိုင်သည့် ပမာဏကို ကန့်သတ်လိုက်ကြောင်း ဘဏ်များမှ တာဝန်ရှိသူများက ပြောသည်။

"အပြင်ဈေးနဲ့က ကွာနေတော့ နေ့တိုင်း လာရောင်းတဲ့သူတွေလည်း ရှိနေတော့ ကန့်သတ်လိုက်တဲ့သဘောပဲ။ ဗဟိုဘဏ်က သတ်မှတ်တာတော့ မဟုတ်ဘူး။ စီးပွားရေးလုပ်တာဆိုတော့ အရှုံးမများအောင် ထိန်းပြီးလုပ်တဲ့ သဘောပဲ"ဟု CB ဘဏ်မှ ငွေလဲနှုန်းဌာနမှ တာဝန်ခံတစ်ဦးက ပြောသည်။ CB ဘဏ်အနေဖြင့် လူတစ်ယောက်လာရောင်းပါက တစ်ကြိမ်လျှင် ဒေါ်လာ ၁၀၀ သာ ဝယ်ယူရန် ကန့်သတ်ထားသည်။ ထိုသို့ ပြုလုပ်ခြင်းကြောင့် ငွေပြန်ရောင်းလိုသူများမှာ ရာတန်နှစ်ရွက်၊ သုံးရွက် ရောင်းချရန်ပင် အကြိမ်ကြိမ်သွားရမည့်သဘောဖြစ်နေ၍ အဆင်မပြေဖြစ်နေရကြောင်း ငွေပြန်ရောင်းသူများကပြောသည်။

ပြင်ပဈေးကွက်ကဝယ်ယူလာသော ငွေများကို ဘဏ်များတွင် စီးပွားဖြစ် ပြန်လည်ရောင်းချသူများရှိနေသောကြောင့် အရှုံးနည်းအောင် ကန့်သတ်ထားခြင်းဖြစ်ကြောင်း အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးရဲမင်းဦးကပြောသည်။

"ကျွန်တော်တို့ ဘဏ်မှာတော့ ဒေါ်လာ ၁၀၀၀ ထိ ဝယ်ပေးတယ်။ ၁၀၀၀ ပဲဝယ်ပေးတယ်ဆိုတာကလည်း မှောင်ခို လုပ်ပြီးလာရောင်းတဲ့သူကပဲ တစ်ရက်ကို ၁၅၀-၂၀၀ လောက်ရှိနေတော့ ဈေးကွက်ကိုထိန်းထားတဲ့သဘောပဲ"ဟု ယင်းကပြောသည်။

ယခုရက်ပိုင်းတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းများသည် ပြင်ပဈေးကွက်တွင်ဆက်တိုက်ကျဆင်းနေပြီး ဗဟိုဘဏ် သတ်မှတ်ချက်မှာ ပြောင်းလဲခြင်း မရှိသောကြောင့် ပြင်ပငွေဈေးနှင့် ဘဏ်များတွင် ရောင်းချသောဈေးမှာ တစ်ဒေါ်လာပေါ်တွင် ရှစ်ကျပ်မှ တစ်ဆယ်ကျပ်အထိ ကွာခြားချက်များ ဖြစ်ပေါ်နေသည်။

"ဘဏ်တွေက ဝယ်ထားတဲ့ဟာကို ဗဟိုဘဏ်က ပြန်ဝယ်ပေးရမယ်။ ဒါမှမဟုတ် ငွေဈေးကို အပြင်ဈေးနဲ့ လိုက်ညှိပေးတာမျိုးဖြစ်ဖြစ် လုပ်ရမယ်။ ဒါဆိုရင်တော့ ငွေဈေးကွက်က ရောင်းချင်သလောက် ရောင်းလို့ရမယ် ဒါမျိုးမဟုတ်ဘူး" ဟု ဦးရဲမင်းဦးက ပြောသည်။

ဗဟိုဘဏ်က နေ့စဉ် ငွေလဲနှုန်းသတ်မှတ်ရာတွင် ဘဏ်များကရောင်းလို၊ဝယ်လိုသောပမာဏနှင့် ရောင်းလို၊ဝယ်လိုသောဈေးကို သာပြော၍ရသော်လည်း မည်သည့်ဈေးသတ်မှတ်ပေးပါဟုတောင်းဆို၍မရကြောင်း ၎င်းကဆိုသည်။ ငွေလဲကောင်တာများတွင် ငွေအရောင်းအဝယ်ပြုလုပ်ပါကဒေါ်လာတစ်သောင်းအထိ မှတ်ပုံတင်ပြရန် လိုအပ်ပြီး နိုင်ငံခြားသားများဆိုပါက ပတ်စ်ပို့ပြရသည်။ ဒေါ်လာတစ်သောင်းကျော်ပါက ဝင်ငွေရလမ်းဖော်ပြရမည်ဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက် ဗဟိုဘဏ်ကို မေးမြန်းရာတွင် "ဘဏ်တွေကအမှန်တကယ် ဒေါ်လာဝင်ငွေရှိတဲ့သူတွေကိုလည်း မဝယ်တာတွေလည်းရှိတယ်လို့သိရတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အထက်ကိုလည်း စာတင်ဖို့ အခုလုပ်နေပါတယ်"ဟု ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။



**အမေရိကန်နိုင်ငံ ဖို့ဒ်ဝိန်းတွင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာတိုင်းရင်းသူတစ်ဦးက ပုဝါကိုကိုယ်တိုင်ခြုံ၍ လက်ဆောင်ပေးအပ်နေစဉ်။**
ဓာတ်ပုံ-Reuters

## တက္ကသိုလ်ဝင်ခွင့် သတ်မှတ်သောပုံစံပြောင်းရန်စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ - ၂၆**


လက်ရှိ ကျင့်သုံးနေသော တက္ကသိုလ်ဝင်စာမေးပွဲရမှတ်ကို အခြေခံဆုံးဖြတ်သည့် တက္ကသိုလ်ဝင်ခွင့်အစား သက်ဆိုင်ရာတက္ကသိုလ်များကသတ်မှတ်ထားသည့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုရသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်သွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

တက္ကသိုလ်ဝင်ခွင့် စိစစ်ရေးစနစ်ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းအစီအစဉ်အနေဖြင့် လက်ရှိတက္ကသိုလ်ဝင်စာမေးပွဲကို အခြေခံပညာအထက်တန်းစာမေးပွဲအဖြစ် သတ်မှတ်ရန်နှင့် အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူများအနေဖြင့် တက္ကသိုလ် တက်ရောက်ခွင့်အတွက် မိမိတက်ရောက်လိုသော သက်ဆိုင်ရာ တက္ကသိုလ်မှ သတ်မှတ်ထားသည့်တက္ကသိုလ်ဝင်ခွင့်စိစစ်ချက်(တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ)နှင့်အညီ တက္ကသိုလ်တက်ရောက်ခွင့်ပြုရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ၊ပညာရေးကဏ္ဍစီမံကိန်းအရသိရသည်။

"ကျောင်းသားတွေ ကိုယ်တက်ချင်တဲ့ တက္ကသိုလ်ရဲ့ ဝင်ခွင့် စာမေးပွဲသတ်မှတ်ချက်နဲ့ကိုက်ညီရင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမှာပါ။ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွေအတွက် အခြေခံအမှတ် သတ်မှတ်ချက်တော့ရှိနေမှာပါ'ဟုပညာရေးဝန်ကြီးဌာနမှအဆင့်မြင့်အရာရှိကပြောသည်။

ထို့အပြင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုရာတွင် အကြိမ်ကန့်သတ်ထားခြင်းနှင့် အခြေခံပညာအထက်တန်း အောင်မြင်သည့်နှစ် တစ်ဆက်တည်းဖြစ်မှ ခွင့်ပြုထားခြင်းအစား သက်ဆိုင်ရာ တက္ကသိုလ်၏ သတ်မှတ်ချက်နှင့်အညီ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်၊ ပညာသင်နှစ်တစ်ခုတွင် မည်သည့်တက္ကသိုလ်တွင်မျှ ဝင်ခွင့်မရပါက သက်ဆိုင်ရာတက္ကသိုလ်၏ သက်မှတ်ချက်နှင့်အညီနောင်နှစ်များတွင်ကျင်းပသည့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကိုပြန်လည်ဖြေဆိုခွင့်ပြုရန် အဆင့်မြင့်ပညာဦးစီးဌာန၏ ပညာရေးကဏ္ဍစီမံကိန်းတွင် တင်ပြထားသည်။

**စာ(၁၂)သို့**




7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

CRIME CORNER မှုခင်းသတင်း

## အရွယ်မရောက်သေးသူကို ခိုးယူပေါင်းသင်းမှုဖြင့် ရဲတစ်ဦးအား အမှုဖွင့်

**အိဖြူလွင်**

**ရန်ကုန်၊စက်တင်ဘာ-၂၉**

အရွယ်မရောက်သေးသော အ သက် ၁၅ နှစ်အရွယ် ကျောင်းသူတစ်ဦးကို သွေးဆောင်ဖြားယောင်း၍ ခိုးယူပေါင်းသင်းမှုဖြင့် ရဲတပ်သားတစ်ဦးအား အမှုဖွင့် စစ်ဆေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှူးရုံးမှ သတင်းရရှိ သည်။

ဒဂုံတောင်မြို့နယ်နေ ၉တန်းကျောင်းသူ မိန်းကလေးသည် နေအိမ်သို့ ပြန်မအိပ်သဖြင့် ဖခင်က သမီးအကြီးဖြစ်သူကို မေးမြန်းရာမှ ယင်းမိန်းကလေးသည် လွန်ခဲ့သော ခြောက်လခန့်က အိမ်နီးချင်းတစ်ဦး သန်လျင်တွင် အမှုဖြစ်ပွားသောကြောင့် သန်လျင်မြို့နယ် ရဲစခန်းသို့ လိုက်သွားခဲ့ဖူးသည်ဟု သိရှိခဲ့ရသည်။

သန်လျင်ရဲစခန်းမှ တာဝန်ကျရဲတပ်သားနှင့် တွေ့ရှိရင်းနှီးခဲ့ပြီး နှစ်ပတ်ခန့်အကြာတွင် ချစ်ကြိုက်ခဲ့ကာ ရဲတပ်သားက လက်ထပ်ယူမည်ဟု ပြောသဖြင့် သန်လျင်ရှိတည်းခိုခန်းတွင် လွန်ခဲ့သော သုံး လခန့်မှစ၍ မကြာခဏ ပေါင်းသင်းနေထိုင်ခဲ့သည်ဟု သမီးကြီးကဆိုသောကြောင့် သမီးငယ်ကိုလက်ထပ်ယူရန် အတွက် ညှိနှိုင်းရန် ရဲစခန်းသို့ လာရောက်ခဲ့သည်။

ရဲစခန်းသို့ရောက်ရှိရာတွင် အဆိုပါရဲတပ်သားသည် လက်ရှိဇနီးမယားရှိနေပြီး သမီးဖြစ်သူကိုလက်ထပ်ယူနိုင်သော အနေအထားမရှိသဖြင့် အရွယ်မရောက်သေးသောမိန်းကလေးကိုခိုးယူပေါင်းသင်းသူ ရဲတပ်သားအား အရေးယူပေးရန် ဖခင်က တိုင်တန်းခဲ့ခြင်းဖြစ်သည်ဟု သတင်းရရှိသည်။

အမှုကိုသန်လျင်မြို့နယ်ရဲစခန်းက(ပ)၁၁၉၅/၁၂ပြစ်မှုပုဒ်မ-၃၆၃ဖြင့် စက်တင်ဘာ ၂၄ ရက်တွင် အမှုဖွင့်ပြီး ယင်းရဲတပ်သားကို စစ်ဆေးနေကြောင်း သတင်းရရှိသည်။

# ပတ္တမြားအထွက်နှုန်း ကျဆင်းလာ

**မိုးညို**

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

မြန်မာနိုင်ငံမှ ထွက်ရှိသော ပတ္တမြားအထွက်နှုန်းမှာ တစ်နှစ်ထက် တစ်နှစ် ပိုမိုကျဆင်းလာကြောင်း SPGEMS & JEWELRY ကုမ္ပဏီ မှ ဒါရိုက်တာ ကိုအောင်ကျော်ဇင်ကပြောသည်။

"ဝယ်လိုအားများလာပြီး ကုန်ကြမ်းရှားလာတဲ့သဘောပါ" ဟုကိုအောင်ကျော်ဇင်ကပြောသည်။ ထို့အပြင် ပတ္တမြားတူးဖော်သည့် ကျောက်တွင်းများ၏ အနက်ပေများ မြင့်မားလာခြင်း၊ တူးဖော်သည့်နည်းစနစ်များမြင့်မားလာခြင်း၊ ခွင့်ပြုမိန့်ရရှိသည့်လုပ်ကွက်များ ချထားပေးမှုနည်းပါးလာခြင်းတို့ကြောင့် ယခုလို အထွက်နှုန်းကျ ဆင်းလာခြင်းဖြစ်ကြောင်း ၎င်းက ပင်ပြောသည်။



**မိုးကုတ်ဒေသတွင် လုပ်ငန်းခွင်တစ်နေရာ၌ ကျောက်ရှာနေကြသူများ**

Photo-cntraveler.com

သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းများအရ သတ္တုတွင်းများမှ သဘာဝပတ်ဝန်းကျင်ကို တိုက်ရိုက်အကျိုးသက်ရောက်စေသော တွင်းများအား စိစစ်ခွင့်ပြုပေးနေကြောင်း၊ အထွက်နှုန်းကျဆင်းမှုမှာ မူလတွင်းပိုင်ရှင်၏ အသုံးပြုသောနည်းပညာများပေါ်တွင်သာ မူတည်နေကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၏ ပတ္တမြားအထွက်နှုန်းမှာ ကျဆင်းလာသော်လည်း ဝယ်လိုအားမှာမူ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လာဆဲဖြစ်ပြီး အဓိကအားဖြင့် တရုတ်နှင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် ဥရောပနိုင်ငံများမှ ဝယ်လိုအား မြင့်တက်နေဆဲဖြစ်ကြောင်း ပတ္တမြားကုန်သည်တစ်ဦးက ပြောသည်။

မိုးကုတ်မြို့နယ်မှ ပတ္တမြားအထွက်နှုန်းမှာ နှစ်စဉ်ကာရက်ငါးသောင်း ဝန်းကျင်ထွက်ရှိပြီး ယခုနှစ်ပိုင်းမှစတင်ကာ ထိုနှုန်းအောက်သို့ တဖြည်းဖြည်း ကျဆင်းလာကြောင်း မိုးကုတ်မြို့မှ သတ္တုတူးဖော်သည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ပတ္တမြားကို မိုးကုတ်နှင့်မိုင်းရှူး ဒေသတို့မှ အဓိကတူးဖော်ထုတ်လုပ်နေပြီး အချောထည်ရော အကြမ်းထည်ပါ နှစ်မျိုးစလုံး ပြည်ပသို့တင်ပို့နေဆဲဖြစ်သည်။သို့သော် မိုးကုတ်ဒေသထွက် ပတ္တမြားမှာ အရည်အသွေးမြင့်ပြီး ကမ္ဘာတွင် ပါကျော်ကြားသည်။

မိုးကုတ်နှင့်မိုင်းရှူးအပြင် တနိုင်း၊ မြိုင်ကြီးငူ၊ ပြင်လုံစသော ဒေသများတွင်ပါပတ္တမြားအနည်းငယ်ထွက်ရှိကြောင်း ကျောက်မျက်လုပ်ငန်းရှင်အချို့ကပြောသည်။

ထို့အပြင် မိုးကုတ်မြို့၌ ယခင်က မိရိုးဖလာပုံစံဖြင့် တစ်ပိုင်တစ်နိုင် တူးဖော်သည့်လုပ်ငန်းအချို့မှာ စက်အင်အားအကူအညီနည်းပါးနေခြင်း၊ ငွေကြေးတတ်နိုင်သော ကုမ္ပဏီအကြီးစားများကိုသာ တိုက်ရိုက်တူးဖော်ခွင့်များ ပြုထားခြင်းတို့ကြောင့် ဒေသတွင်း တစ်ပိုင်တစ်နိုင်သာ လုပ်နိုင်သည့် လုပ်ငန်းရှင်တို့မှာ အခက်အခဲဖြစ်နေရကြောင်းမိုးကုတ်မြို့မှဒေသခံတစ်ဦးကပြောသည်။

သတ္တုတွင်းဥပဒေအရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြစ်ချောင်းများနှင့် မြေများ မထိခိုက်မပျက်စီးနိုင်ရေး သတ္တုတူးဖော်ထုတ်လုပ်မှု တစ်နိုင်ငံလုံး၏ စာရင်းမှန်ကန်တိကျစွာရရှိနိုင်ရေး လက်လုပ်လက်စား တစ်ပိုင်တစ်နိုင် သတ္တုတူးဖော်မှုများအား ခွင့်ပြုပေးခြင်းမရှိကြောင်း ဇူလိုင်လအတွင်းက ပြုလုပ်ခဲ့သောပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၏ မေးမြန်းမှုကို ယခင် သတ္တုတွင်းဝန်ကြီး ဦးသိန်းထိုက်ကပြန်လည်ဖြေကြားသည်။

## တရုတ်ရေနံကုမ္ပဏီ မိုင်းခွဲရှာဖွေမှုကြောင့် လယ်မြေဧက ၁၀၀ခန့် စိုက်ပျိုးမရဖြစ်

**သန်းဌေး၊ အိဖြူမွန်**

**မကွေး၊ စက်တင်ဘာ - ၂၉**

တရုတ်ရေနံကုမ္ပဏီ၏ မိုင်းဖောက်ခွဲမှုကြောင့် ပြိုကျသွားသော ပုံတောင်ပုံညာအနီး ထီးလင်းမြို့နယ် အထက်ကျော်ရွာရှိလယ်မြေဧကတစ်ရာခန့်မှာ စိုက်ပျိုးရေးလုပ်ကိုင်၍ မရတော့ကြောင်း သတင်းရရှိသည်။

"စပါးစိုက်တာ ဧကခုနစ်ဆယ်လောက်ရှိတယ်။ နောက်ပြီး ပြောင်း၊ မြေပဲ၊ နှမ်းစိုက်တဲ့ဧက ၃၀ လောက်ရှိမယ်။ ထိခိုက်သွားတဲ့ ဧက ၁၀၀ ကျော်ပါတယ်။ မြေကြီးက အတော်လေးပြိုနေတယ်။ မနှစ်ကလည်းပြိုတယ်။ အခုမြက်တွေဘာတွေတော့ ပေါက်နေတာပေါ့။ စိုက်လို့ပျိုးလို့မရတော့ဘူး။ တချို့လယ်ကွင်းတွေက လှန်ပစ်လိုက်သလိုဖြစ်သွားတယ်။ တစ်နေရာနဲ့တစ်နေရာ ငုပ်သွားပြီး ကမ်းပါးတွေလိုဖြစ်သွားတာ" ဟု မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်၊ အထက်ကျော် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညိုဝင်းကပြောသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာနမှ စစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ လူမှုစီးပွားနှင့် ပတ်ဝန်းကျင်ထိခိုက်နစ်နာမှုများ ရှိပါက

စာ(၁၂)သို့



7DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# ဂဂမျိုးဆက်ကျောင်းသားများအဖွဲ့ အမည်အလွဲသုံးစားသူများပေါ်ပေါက်

ရန်မျိုးနိုင်

ရန်ကုန်၊
စက်တင်ဘာ - ၂၉


ဂဂမျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့်မစ္စတာကင်တားနားကို တွေ့ရစဉ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင်ဂဂမျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့အတု ပေါ်ပေါက်နေခြင်းကို နိုဝင်ဘာလတွင် သွားရောက်စုံစမ်းမည်ဖြစ်ကြောင်း ဂဂ မျိုး ဆက်ကျောင်းသားများအဖွဲ့မှ ကိုပြုံးချိုက ပြောသည်။

ပြည်တွင်းပြည်ပ၌ ဂဂ မျိုးဆက်ကျောင်းသားများရှိနေသော်လည်း လက်ရှိလုပ်ငန်းများတွင် တာဝန်ခံလုပ်ဆောင်နေသူများနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း ဖြစ်အောင် ပြောကြားရန် လို အပ်လာကြောင်း ကိုပြုံးချိုက 7Day News သို့ပြောသည်။

စက်တင်ဘာလဆန်းပိုင်းတွင် မြိတ်မြို့နယ်၌ ဂဂ မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်လာပြီး မြိတ်တွင်တည်ဆောက်မည့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ၏ ကောင်းကျိုးများကို ပြောကာ ဒေသခံပြည်သူများကိုစည်းရုံးမှု ပြုလုပ်နေကြောင်း မြိတ်ခရိုင် ဂဂ မျိုးဆက်ကျောင်းသားများအဖွဲ့က သဘောထားကြေညာချက်ထုတ်ပြန်ခဲ့သည်။

"ရည်ရွယ်ချက်လမ်းကြောင်းချင်းမတူတော့ ဒေသခံတွေ ယုန်ထင်ကြောင်ထင်ဖြစ်သွားမှာစိုးတယ်"ဟုမြိတ်ခရိုင်ဂဂမျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုတင်ကိုကိုဦးက ပြောသည်။

အဆိုပါကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတည်ဆောက်မည့်ကိစ္စနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ပညာပေးရေးလုပ်ငန်းများနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ဖော်ဆောင်ရေးလုပ်ငန်းများကို မြိတ်ခရိုင် ဂဂ မျိုးဆက်ကျောင်းသား များအဖွဲ့က ဆောင်ရွက်နေကြောင်း ကိုတင်ကိုကိုဦးကဆိုသည်။

မြိတ်ခရိုင် ဂဂ မျိုးဆက်ကျောင်းသားများအဖွဲ့ကို အဖွဲ့ဝင် ၈ ဦးဖြင့် ဖွဲ့စည်းထားပြီး ဂဂ မျိုးဆက်ကျောင်းသားများ ပွင့်လင်းလူ့အဖွဲ့အစည်း ရန်ကုန်ရုံးနှင့် ဆက်သွယ်မှုရှိကြောင်း ရန်ကုန်ရုံးအဖွဲ့မှူးကိုဇော်မင်းက ပြောသည်။

မြိတ်ခရိုင်အတွင်း ဂဂ မျိုးဆက်ကျောင်းသားများအမည်ခံလူတစ်စုသည် ရန်ကုန်ရှိ ဂဂ မျိုးဆက်ကျောင်းသားများနှင့် တိုက်ရိုက်ဆက်သွယ်ထားမှုမရှိခြင်းနှင့် ၎င်းလူစု၏ လုပ်ဆောင်နေမှု အရပ်ရပ်အား ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း မြိတ်ခရိုင် ဂဂ မျိုးဆက်ကျောင်းသားများအဖွဲ့မှ စက်တင်ဘာလ ၂၂ ရက်တွင် သဘောထားကြေညာချက် ထုတ်ပြန်ခဲ့သည်။

# တိုင်စာများ သေချာစိစစ်ရန်လို

အောင်ခိုင်၊ ရန်မျိုးနိုင်

ရန်ကုန်၊ စက်တင်ဘာ - ၃၀

ကာယကံရှင်များ နစ်နာမှုမရှိစေရန် တိုင်စာများကိုမှန်ကန်ခြင်းရှိမရှိသေချာစိစစ်ရန် လိုကြောင်း ရေးရာကော်မတီများနှင့် ကျောင်းသားအဖွဲ့အစည်းများက ပြောသည်။

တိုင်ကြားခံရသောဘက်ကိုလည်း စုံစမ်းမှုများ ပြုလုပ်ရန်လိုကြောင်း၊ တိုင်စာထဲတွင်ရေးသားထားသော မမှန်ကန်သောအချက်များကြောင့် မလိုလားအပ်သည့် ပြဿနာများဖြစ်ပေါ်နိုင်ကြောင်း ကျောင်းသားခေါင်းဆောင်တစ်ဦးက ပြောသည်။

"ကိစ္စတစ်ခုတိုင်ကြားတဲ့အခါ တိကျမှုထက် Emotion တွေ လည်းပါတယ်။ မတိကျတဲ့သတင်းအချက်အလက်တွေပါရင် ဂုဏ်သိက္ခာချမှုဆိုတဲ့ အပြန်အလှန်တရားစွဲဆိုမှုတွေရှိတယ်ဆိုတာ သတိထားမိပါတယ်" ဟုဗကသခေါင်းဆောင်ကိုကျော်ကိုကိုက ဆိုသည်။

ကျောင်းသားအဖွဲ့အစည်းအချို့က တိုင်ခံရသူဘက်သို့ သေချာစုံစမ်းခြင်းမရှိဘဲ သက်ဆိုင်ရာဝန်ကြီးဌာနသို့ တိုင်ကြားခြင်း၊ လူမှုရေးကွန်ယက်များတွင် တင်ထားခြင်းတို့ကြောင့် နစ်နာမှုအချို့ဖြစ်ပေါ်နေကြောင်း ကိုယ်တွေ့ကြုံသူ အစိုးရဝန်ထမ်းတစ်ဦးက ပြောသည်။

ကျောင်းသားတစ်ဦး ကျောင်းခေါ် ချိန်မပြည့်၍ စာမေးပွဲဖြေဆိုခွင့် မရရှိခြင်းမှစ၍ ဝန်ကြီးဌာနသို့ တိုင်ကြားခြင်း၊ ဖေ့စ်ဘွတ်ခ် စာမျက်နှာတွင် တင်ထားခြင်းတို့ကိုကျောင်းသားအဖွဲ့အစည်းအချို့က သေချာမစုံစမ်းဘဲ ပြုလုပ်ခဲ့သဖြင့် နစ်နာရကြောင်း တက္ကသိုလ်တစ်ခုမှ မော်ကွန်းထိန်းတစ်ဦးက ဆိုသည်။

နယ်တွင် ဆောင်ရွက်နေသော အဖွဲ့အစည်းများသည် မိမိတို့ဆန္ဒဖြင့် တက်ကြွဆောင်ရွက်ကြခြင်းဖြစ်ပြီး အသေးစိတ်အနေ ဖြင့် ၎င်းတို့ပါဝင်ခြင်း မရှိကြောင်း ဂဂ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကိုကြီးကပြောသည်။

စာ(၁၂)သို့




SAMSUNG
Mobile Brand Shop ဖွင့်ပွဲအခမ်းအနား
အထူး ရောင်းချပေးမည့်အစီအစဉ်
၆.၁၀.၂၀၁၂ မှ ၇.၁၀.၂၀၁၂ အထိ
၂ ရက်တည်းသာ
ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပထမဆုံး Smart Phone ဝယ်ယူသူ
အယောက် (၃၀၀) အား... Polo Shirt (၁) ထည် လက်ဆောင်
ရောင်းချပေးမည့်နေရာ
အခန်း (ဒီ-၃)၊ ၇၈ လမ်း၊ (၂၇ × ၂၈) လမ်းကြား၊
မန်းမြန်မာတိုက်ခန်း၊ ချမ်းအေးသာဇံမြို့နယ်။
ဆုမဲပေါင်းများစွာ ရရှိမည့်
အခွင့်အရေး


ယခင် 20 ဂရမ်
မှ
အခု အသစ် 30 ဂရမ်
HI-TEA
30g
3 in 1 Instant Teamix
30g X 30 sachets
Net Wt. : 900 g
သဘာဝကျကျ လက်ဖက်ရည် အရသာ...

7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# စပါးကို အာမခံဈေးဖြင့် အချိန်စောဝယ်ရန် တောင်သူလယ်သမားအသင်း မေတ္တာရပ်ခံ

**ပြည်သိမ်း၊အောင်သူရ**
**ရန်ကုန်၊**
**အောက်တိုဘာ-၁**

မိုးစပါးပေါ်ချိန်တွင် စပါးဈေး ကျဆင်းမှု မရှိစေရန် နိုင်ငံတော် အရန်ဆန် ဝယ်ယူရေးကော်မတီကို အာမခံဈေးနှုန်းဖြင့် အချိန်စော၍ ဝယ်ယူပေးရန် တောင်သူလယ်သမားအသင်းက မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

ယင်းသို့ဝယ်ယူရာတွင် စပါးတစ်တင်းလျှင် ၄၆ ပေါင်ဖြင့် ကျပ်ငွေ ၃၃၀၀ အာမခံဈေးဖြင့် အနည်းဆုံးထား ဝယ်ယူပြီး ညှော်မထအထူးကို တစ်တင်းလျှင် ကျပ် ၃၅၀၀ ဖြင့် ဝယ်ယူရန် ဖြစ်သည်။ ယခင်နှစ်က မိုးစပါးအား နိုင်ငံတော်အရန်ဆန်ဝယ်ယူရေး အစီအစဉ်နောက်ကျခဲ့သဖြင့် တောင်သူများ အကျိုးသက်ရောက်မှု နည်းခဲ့ကြောင်း အဆိုပါ အသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။

"၄၆ ပေါင်ကိုက်ကို ဒီဈေးနဲ့ အနိမ့်ဆုံးထားဝယ်ရင် ပေါင် ၅၀ ဆိုရင် တစ်တင်းကို သုံးထောင့်ရှစ်ရာလောက်ရမှာ" ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ယခုအချိန်တွင် စပါးဈေးသည် တင်းတစ်ရာလျှင် ဆန်ကြမ်းစပါးဆိုပါက ကျပ်လေးသိန်းသုံးသောင်းဝန်းကျင် ရှိသည်။ သို့သော် တောင်သူလယ်သမားများ လက်ထဲတွင် စပါးလက်ကျန် မရှိဘဲ ကုန်သည်ပွဲစားများ လက်ထဲတွင်သာ ကျန်ရှိနေသည်။

"စောစောဝယ်နိုင်ရင် ပိုကောင်းတာပေါ့။ တောင်သူလက်ထဲမှာ ငွေကမရှိဘူး။ စပါးပေါ်ချိန် မျှော်နေရတာ" ဟု ပန်းတနော်မြို့နယ် ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းကဆိုသည်။

ယခင်နှစ်က မိုးစပါးပေါ်ချိန်တွင် စပါးဈေးသည် တင်းတစ်ရာလျှင် ကျပ်နှစ်သိန်းခွဲဝန်းကျင်ထိ ဈေးကျခဲ့သည်။ ထို့အပြင် နွေစပါးပေါ်ချိန်တွင်လည်း သုံးသိန်းဝန်းကျင်သာရှိခဲ့သည်။ ယင်းကြောင့် တောင်သူလယ်သမားများအနေဖြင့် ယူထားသည့် အကြွေးများပြန်မဆပ်နိုင်၍ အထူးပြုကုမ္ပဏီ အချို့သည် တောင်သူများ၏အကြွေးကိုလျှော်ပေးရမှုများ ရှိခဲ့သည်။

# အရေးပေါ်လှေကားလား လူသတ်လှေကားလား

**မြတ်စုမွန်၊သန်းဌေး၊ပြည်သိမ်း၊မိုးညို**

**အသားညိုညို၊ ကိုယ်လုံးကိုယ်ထည် ခပ်ပြည့်ပြည့်နှင့် လူတစ်ယောက်။ ခြောက်လွှာအမြင့်ရှိ ကန်ထရိုက်တိုက်ခန်း အိမ်နောက်ဘက်မှ တရုတ်ကတ်မှန်ကို အတွင်းဘက်ကနေ၍ သူဆွဲဖွင့်လိုက်သည်။ ပြီးလျှင် မှန်ချပ်များကို တစ်ချပ်ချင်းစီဖြုတ်သည်။**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

သူ့တစ်ကိုယ်စာ ဝင်ဆံ့နိုင်မည့် အကျယ်ကိုရပြီ။ ထို့ကြောင့် ဖြုတ်လက်စကို ရပ်လိုက်၏။ ထိုအပေါက်မှတစ်ဆင့် သူအပြင်သို့ ထွက်ရန် ပြင်ဆင်တော့သည်။ ပထမဦးစွာ သူ့ခါးကို ကြိုးဖြင့်ချည်လိုက်ပြီး ကြိုးစနောက်တစ်ဖက်ကို အနီးဆုံးရှိ ရေချိုးခန်း တံခါးလက်ကိုင်ကွင်းတွင် သေချာစွာချည်နှောင်လိုက်သည်။ စိတ်ချရလောက်သည့် ခိုင်ခံ့မှုနှင့်အတူ စောစောကဖွင့်ထားသော လူတစ်ကိုယ်စာ ထွက်ပေါက်ကလေးမှတစ်ဆင့် အပြင်ဘက်ဆီသို့ ထွက်လိုက်သည်။

သူသည် အရေးပေါ်လှေကားနှင့်တိုက်ခန်းအနောက်ဘက်နံရံကို သံဂဟေဆော်တွဲဆက်ထားသည့်ကြားမှ သံပန်းခင်းအား ယုံကြည်စိတ်ချစွာ တက်နင်းလိုက်သည်။

သံပန်းပေါ်တွင်ထိုင်ကာ ပြုတ်နေသော ရေထွက်ပိုက်နှင့်ပိတ်ဆို့နေသော ရေပိုက်များကို တစ်ခုချင်းစီ ပြုပြင်သည်။ အားလုံး ပြုပြင်ပြီး၍ အိမ်ထဲသို့ပြန်ဝင်ရန် သူပြင်ဆင်လိုက်သည်။ သူအလုပ်လုပ်နေသည်ကို အစအဆုံး ထိုင်ကြည့်နေသည့် အိမ်ရှင်ကလည်း အလုပ်ပြီးဆုံးပြီဖြစ်၍ ထိုနေရာမှ ခဏတဖြုတ်ထလိုက်သည်။ စောစောက ထွက်သွားသည့် တရုတ်ကတ်မှန်ပေါက်လေးမှတစ်ဆင့် ပြန်ဝင်လာနိုင်ရန် ကြိုးစကို ပြန်ဖြုတ်ပေးလိုက်သည်။

ထိုစဉ် . . . သူ့အလန့်တကြားဖြစ်သွားစေသည့် "အုန်း" ဆိုသော အသံကြီး၊ သံနှင့်နံရံပွတ်တိုက်သံများ၊ သံကိုသံချင်းထိခိုက်သံများနှင့်အတူ "ပြုတ်ကျသွားပြီ" "ပြုတ်ကျသွားပြီ" ဆိုသည့် အိမ်ရှင်၏ ဇနီးသည် အော်သံကို ပါမရှေးမနှောင်း ကြားလိုက်ရကာ ပတ်ဝန်းကျင်တစ်ခုလုံး ယောက်ယက်ခတ် ဆူညံသွားလေတော့သည်။

**အချပ်ပို(VIII)သို့**



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012



## ၂၀၁၂ အောက်တိုဘာ ၃ မှ ၉ ရက်ထိ မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်မုန်တိုင်းအခြေအနေ**

ခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်လာရာမှ ပိုမိုအားကောင်းလာနိုင်ပါတယ်။ အနောက်တောင်မုတ်သုံလေဟာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လုံးဝဆုတ်ခွာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းငယ်မှအသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မှာတိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါတယ်။ မြန်မာ့ပင်လယ်ပြင်အခြေအနေ။တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိနိုင်ပြီး၊ လှိုင်းအမြင့် (၄)ပေမှ(၅)ပေအထိ ရှိနိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာလှိုင်းအနည်းငယ်ရှိနိုင်ပါတယ်။ လှိုင်းအမြင့် (၂)ပေမှ(၃)ပေအထိ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဗြိုဟ်တုမှတိုင်းတာချက်အရပြီးခဲ့တဲ့ စက်တင်ဘာလ (၂၃-၂၉)ရက်အထိရက်သတ္တတစ်ပတ်အတွင်းမှာမြန်မာနိုင်ငံတောင်ပိုင်းဒေသမှာမိုးအများဆုံးရွာသွန်းခဲ့ပါတယ်။ မွန်ပြည်နယ် နဲ့တနင်္သာရီတိုင်းမှာ မိုးရေချိန် (၃ လက်မမှ ၈လက်မခန့်)၊ မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းဒေသများဖြစ်တဲ့ကချင်ပြည်နယ်အရှေ့ပိုင်း၊ ရှမ်းပြည်နယ်တို့မှာ(၁. ၅ လက်မခန့်)နဲ့ကျန်ဒေသတွေမှာ မိုးရေချိန်(၁ လက်မမှ ၃လက်မ)ခန့်ရွာသွန်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်ဟာ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအတွင်းမှ လုံးဝ ဆုတ်ခွာခဲ့တဲ့ ကာလဖြစ်ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းဟာ ထစ်ချုန်းမယ့်အခြေအနေများ ပိုမိုလာနိုင်ပါတယ်။ အထူးသဖြင့်မွန်းလွဲညနေပိုင်းများမှာ မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပါတယ်။ တနင်္သာရီတိုင်းမှာနေရာကွက်ကျားနဲ့ ရှမ်းပြည်နယ်၊ ကားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ နေရာကျဲကျဲ၊ ကျန်ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်းမှာဒေသအလိုက်နဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းနဲ့ချင်း ပြည်နယ်တောင်ပိုင်းတို့မှာ နေရာကွက်ကျား (၁)ရက်မှ(၂)ရက်ခန့် မိုးကြီးနိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

တစ်ပြည်လုံးတွင် အပူရှိန်များနဲ့ ထစ်ချုန်းမယ့်အခြေအနေများသိသိသာသာ ဆက်လက်မြင့်တက်လာနိုင်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မန္တလေးတိုင်း မြောက်ပိုင်းတို့မှာ မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ခြေအများဆုံးရှိပြီး သေချာမှု၇၀ ရှိပါတယ်။ ချင်းပြည်နယ်၊ မကွေးတိုင်းမြောက်ပိုင်း၊ မန္တလေးတိုင်း မြောက်ပိုင်း၊ ပဲခူးတိုင်းအရှေ့မြောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ အရှေ့ပိုင်းဒေသတွေမှာမိုးတိမ်တောင်ဖြစ်ဖို့ ၄၀မှ ၅၀ အထိ ရှိနိုင်ပါတယ်။ တစ်ပြည်လုံးတွင် ထစ်ချုန်းမယ့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်။ လေပြင်းတိုက်ခတ်ခြင်း၊ နေရာကွက် မိုးကြီးခြင်း၊ မိုးကြိုးပစ်ခြင်းတို့ကို သတိထားဖို့လိုအပ်။ ကုန်းမြင့်နဲ့တောင်ကြားဒေသများတွင် လျှပ်တစ်ပြက်ရေကြီးမှုကို သတိပြုရန်လိုအပ်။

**နေ့အပူချိန်များအခြေအနေ**

ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တနင်္သာရီတိုင်းတို့မှာ အပူရှိန်များနဲ့ထစ်ချုန်းမယ့် အခြေအနေများ သိသိသာသာမြင့်တက်လာနိုင်။ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှာ အပူရှိန်ပုံမှန်ခန့်ရှိနိုင်သော်လည်း ကျန်ဒေသများမှာ အပူရှိန်ပုံမှန်ထက်မြင့်မားနိုင်ပါတယ်။ အထူးသဖြင့် မန္တလေး၊ စစ်ကိုင်း မုံရွာ၊ ပဲခူး၊ မကွေး၊ တောင်ငူ၊ ပခုက္ကူစတဲ့မြို့တွေမှာတိုင်းတာရရှိတဲ့ အမြင့်ဆုံးအပူချိန်ထက် ခံစားရတဲ့အပူချိန်တွေဟာ ပိုနေပြီး ၁၀၀အထက်ကျော်လွန်နိုင်ပါတ်။ အပူရှိန် အလွန်မြင့်မားမှုကြောင့် အသက်အရွယ်ကြီးရင့်သူနဲ့ ကလေးငယ်များ၊ ရောဂါအခံရှိသူများစသူတို့ရဲ့ ကျန်းမာရေးကို ထိခိုက်နိုင်ပါတယ်။

**မြစ်ရေအခြေအနေနဲ့ ရေကြီးမှုအလားအလာ**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရေလွှမ်းမိုးမှုအလားအလာများဆက်လက်လျော့နည်း နေနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာအခုလာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများ ပုံမှန်ထက်ကျော်လွန်ဖြစ်ပေါ်နိုင်။ အများအားဖြင့် မြောက်ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းမှာ အနောက်(သို့)အနောက်မြောက်ဘက်ကိုသာဦးတည်ရွေ့လျားနိုင်သည့်အတွက်မြန်မာနိုင်ငံဘက်ကိုလည်း အရှေ့ဘက်မှမုန်တိုင်း အကြွင်းအကျန်နဲ့လေပွေလှိုင်းများ ရောက်ရှိလာနိုင်ဖွယ်ရာ အခြေအနေများရှိနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာအဖွဲ့များက မြန်မာသို့ ဒေါ်လာတစ်ဘီလီယံခန့် ထုတ်ချေးမည်ဟုဆို

**တိုကျိုူ၊စက်တင်ဘာ-၂၇**

ဂျပန်စီးပွားရေး နေ့စဉ်သတင်းစာနစ်ကိုင်း၏ အဆိုအရ လာမည့် အောက်တိုဘာလဆန်းတွင် တိုကျို၌ ပြုလုပ်မည့် အစည်းအဝေးတစ်ရပ်တွင် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)နှင့် အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)တို့သည် မြန်မာ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ချေးငွေကန်ဒေါ်လာ သန်း ၉၀၀ ခန့် ထုတ်ချေးပေးသွားရန်ရှိကြောင်း သိရသည်။

ယခုသတင်းသည် ယမန်နေ့က မြန်မာအပေါ် ၎င်း၏ နောက်ဆုံးကျန်ရှိနေသော ပိတ်ဆို့အရေးယူမှုများကို အမေရိကန်ပြည်ထောင်စုက ရုပ်သိမ်းပေးအပြီး ထွက်ပေါ်လာခြင်းဖြစ်သည်။ ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ်နှင့် အေဒီဘီဘဏ်တို့အပြင် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဘဏ်နှင့် အခြား ဂျပန်ဘဏ်များကလည်း မြန်မာအတွက် ယခင်ကြွေးမြီဟောင်းများ ပြန်ဆပ်နိုင်ရန် ချေးငွေသစ်များ ထုတ်ပေးသွားမည်ဟု ဆိုသည်။ ထို့ကြောင့် မြန်မာဘက်မှ ရရှိနိုင်သည့် ချေးငွေပမာဏမှာ ဒေါ်လာတစ်ဘီလီယံခန့်ရှိနိုင်သည်ဟု သတင်းစာက ဖော်ပြသည်။ ကမ္ဘာ့အကြီးဆုံးမြီရှင်နိုင်ငံဖြစ်သည့် ဂျပန်သည် မြန်မာသို့ ချေးငွေအစီအစဉ်ကို ကမကထပြု ဆောင်ရွက်ပေးမည်ဖြစ်ကာ အေဒီဘီနှင့် အခြားငွေကြေး အဖွဲ့အစည်းများကိုလည်း မြန်မာအပေါ် တင်ရှိထားသည့် ယခင်ကြွေးမြီဟောင်းများကို လျှော်ပစ်ရန် တိုက်တွန်းထားသည်။ ဂျပန်အစိုးရသည် ပြီးခဲ့သည့် ဧပြီလက မြန်မာသို့ တင်ရှိနေသော ကြွေးမြီယန်း ၃၀၀ ဘီလီယံ(ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံ)ကို လျှော်ပစ်ရန် သဘောတူညီခဲ့သည်။ -Ref: AFP

# ငွေစက္ကူအကြွေကောလာဟလကြောင့် လက်လီဈေးဆိုင်များ အခက်တွေ့

## ၅ ကျပ်၊ ၁၀ ကျပ်၊ ၂၀ ကျပ်တန် ငွေစက္ကူများ ပြန်ရုပ်သိမ်းမည်ဆိုသော ကောလာဟလအပေါ် ဗဟိုဘဏ်ရှင်း

**ပြည်သိမ်း၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၂၆**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အချို့တွင် ငွေစက္ကူအကြွေများ မသုံးစွဲရဟုသော ကောလာဟလများလွင့်ပျံ့နေသဖြင့် လက်လီဆိုင်ဖွင့် ရောင်းချသူများအခက်အခဲနှင့်ကြုံတွေ့နေရကြောင်း သတင်းရရှိသည်။

လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ သာကေတ စသည့် မြို့နယ်များတွင် ၁၀ ကျပ်တန်၊ ၂၀ ကျပ်တန်များ မသုံးစွဲရဟု သတင်းများ ထွက်ပေါ်ကာ လက်လီဆိုင်များတွင် အဆိုပါ ငွေစက္ကူများနှင့်သာ ဝယ်ယူမှုများပြီး ပြန်လည်ပေးအပ်သည့်အခါ လက်မခံသဖြင့် ပြဿနာဖြစ်မှုများလည်း ရှိနေကြောင်း လှိုင်သာယာမြို့နယ် ၁၂ ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ယခင်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ) ဦးမောင်မောင်ဝင်းက "မဟုတ်ပါဘူး။ တရားဝင်သုံးခွင့် မပြုဘူးဆိုရင် ကြိုတင်ပြီးတော့ ကြေညာမှာပါ' ဟု ပြောသည်။

"အကြွေတွေနဲ့ ကလေးတွေကို ဝယ်ခိုင်းတယ်။ ပြန်အမ်းတော့ သုံးမရဘူးဆိုပြီး လက်မခံဘူး။ မယ်သီလရှင်အလှူခံထည့်ရင်တောင်မယူဘူး။ ဒါဟာတကယ်ဟုတ် မဟုတ်သိချင်နေကြတယ်"ဟုလှိုင်သာယာမြို့နယ်(၉) ရပ်ကွက်တွင် ဆိုင်ဖွင့်ရောင်းချသူ ဒေါ်နုနုလွင်ကဆိုသည်။

လက်လီဈေးဆိုင်များသည် ငွေအကြွေအမ်းရန် အလှူခံများ ထည့်ရန် ၁၀ ကျပ်တန်၊ ၂၀ ကျပ်တို့ကို သီးသန့်လဲလှယ်၍ ကိုင်ဆောင်ထားရသည်။ ယင်းကြောင့် သုံးစွဲခွင့်မရတော့မည်ကိုစိုးရိမ်နေကြသည်။

အဆိုပါကောလာဟလများ ထွက်ပေါ်လာပြီးနောက်ဗဟိုဘဏ်မှကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင်-

ယခုရက်ပိုင်း ကာလတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ဝေထားသောငွေစက္ကူများအနက် တန်ဖိုးငယ် ငွေစက္ကူများဖြစ်သော ၅ ကျပ်၊ ၁၀ကျပ်၊ ၂၀ ကျပ်တန်များအား ပြန်လည်ရုပ်သိမ်းမည်ဟူသော ကောလာဟလများ ဖြစ်ပေါ်နေကြောင်း ကြားသိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် လက်ရှိ အခြေအနေတွင် မည်သည့်ငွေစက္ကူကိုမျှ ရုပ်သိမ်းရန် အစီအစဉ်မရှိကြောင်းနှင့် ရှိခဲ့ပါကလည်း နိုင်ငံတော်အစိုးရအဖွဲ့အား တင်ပြခြင်း၊ ပြည်သူလူထုအား ကြိုတင်အသိပေးခြင်းစသည့်ကိစ္စရပ်များကိုဆောင်ရွက် သွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၁၉၅၂ ခုနှစ်မှ စတင်၍ ယခုကာလအထိ တရားမဝင် ကြေညာထားပြီးဖြစ်သော ငွေစက္ကူများမှအပ ကျန်ငွေစက္ကူများဖြစ်သော တစ်ကျပ်တန်မှ ကျပ်တစ်သောင်းတန် အထိ ငွေစက္ကူအားလုံး တရားဝင် လှည့်လည်သုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်ဟု ဗဟိုဘဏ်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

# ၂၀၁၅ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်ပြင်ဆင်

**ရန်မျိုးနိုင်**

**ရန်ကုန်၊စက်တင်ဘာ-၂၈**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဆောင်ရွက်နေကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောသည်။

"Rule and Regulation တွေကို ပြန်လေ့လာနေတယ်။ ပိုတာတွေ ဖြုတ်ပစ်မယ်။ လိုတာတွေ ထပ်ဖြည့်မယ်"ဟု ၎င်းကဆိုသည်။

လာမည့် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းများကိုလည်း ပြည်သူများ အလွယ်တကူ နားလည်သဘောပေါက်ရန်အတွက် စာတမ်းများ ပြုစုနေကြောင်းလည်း ဦးတင်အေးက ပြောသည်။

စက်တင်ဘာ ၂၇ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် နိုင်ငံရေးပါတီ ၂၇ ခုသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် လေးနာရီကျော်ကြာ တွေ့ဆုံခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံကြရာတွင် အလုပ်သမားအရေး၊ လယ်သမားအရေး၊ လျှပ်စစ်ဓာတ်အားအရေးနှင့် ရခိုင်အရေး ကိစ္စရပ်များတွင် နိုင်ငံရေးပါတီများအနေဖြင့်အစွန်းမရောက်ဘဲ ကူညီဆောင်ရွက်ရန် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း ဦးတင်အေးက မီဒီယာများကို ပြောသည်။

"ကျွန်တော်တို့ကတော့ မဲဆန္ဒရှင်တွေကို မဲပေးသူ ပညာပေးရေး အစီအစဉ်တွေ ပိုလုပ်ပေးဖို့ တင်ပြခဲ့တယ်"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက 7Day News သို့ ပြောသည်။

လက်ရှိ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော ကိစ္စရပ်များ၊ နိုင်ငံရေးပါတီများ ကြုံတွေ့နေရသော အခက်အခဲများ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် ပါတီများပါဝင်ဆောင်ရွက်နိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များအား နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌထံ တင်ပြခဲ့ကြသည်။ စက်တင်ဘာ ၂၆ရက်ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ဦးကိုကိုကြီး၊ ဦးပြုံးချိုတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

Life
7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# အာရှ၏ ကိုလိုနီခေတ် နောက်ဆုံးခံတပ်ကြီးကို ထိန်းသိမ်းခြင်း

**အေပီသတင်းဌာနမှ ဒဲန်းနစ်ဂရေး၏ ဆောင်းပါးကို အောင်ထွန်းဦး ဘာသာပြန်သည်။**



**သမိုင်းဝင်ဝန်ကြီးများရုံးအဆောက်အအုံကို တွေ့ရစဉ်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အာရှမှာ ဒီလိုနေရာမျိုး ဘယ်နေရာမှာမှ နောက်ထပ်မရှိတော့ပါဘူး။ လူမျိုးစုမျိုးစုံကြားမှာ ရာစုနှစ်တစ်ခုထက်ပိုပြီး ပကတိအတိုင်း လန်းလန်းဆန်းဆန်းနဲ့ အရောင်အသွေးစုံလင်စွာ ရှိနေခဲ့တဲ့ ခန့်ညားပြီး အညတရဖြစ်တဲ့ ကိုလိုနီခေတ် အဆောက်အအုံတွေ ရာပေါင်းများစွာနဲ့ ပြည့်နှက်နေတဲ့ မြို့ရှုခင်းတစ်ခုပါ။

အာရှရဲ့ အခြားမြို့ကြီးတိုင်းလိုလိုမှာအတိတ်ကို ဘူဒိုဇာနဲ့ဖြိုချဖျက်ဆီးခဲ့တဲ့၊ လျင်မြန်တဲ့ခေတ်မီတိုးတက်မှုဟာ မြန်မာနိုင်ငံရဲ့ အကြီးဆုံးမြို့နဲ့ အရင်က မြို့တော်ဟောင်းဖြစ်ခဲ့တဲ့ ရန်ကုန်မြို့ကိုတော့ ရှောင်ကွင်းခဲ့ပါတယ်။ Rangoon လို့တစ်ချိန်က သိခဲ့ကြတဲ့ ရန်ကုန်မြို့ကို 'အချိန်ကို ဖမ်းထားတဲ့မြို့'လို့ ဖော်ပြကြပါတယ်။

အခုအခါမှာတော့ မြန်မာနိုင်ငံဟာ အလျင်အမြန်တိုးပွားလာတဲ့ ကမ္ဘာလှည့်ခရီးသည်တွေ အပါအဝင်ပြင်ပကမ္ဘာဆီကိုကြာရှည်ပိတ်ထားတဲ့ တံခါးတွေဖွင့်လိုက်တဲ့အချိန်မှာပဲ ရန်ကုန်မြို့ရဲ့ ဗိသုကာလက်ရာတွေနဲ့ နှစ်သက်ကြည်နူးစရာ အနေအထားကို အားကောင်းလာတဲ့တိုးတက်မှုနဲ့ ယိုယွင်းမှုကနေ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ဖို့အဓိကကျတဲ့ အားထုတ်မှုတစ်ရပ်ကိုလုပ်ဆောင်လိုက်တာဖြစ်ပါတယ်။

"ကျွန်မတို့အတွက် ရန်ကုန်မြို့မှာ လက်ဆောင်တစ်ခုရှိပါတယ်။ ဒါပေမဲ့ ကျွန်မတို့ အရေးတကြီးဆောင်ရွက်ဖို့လိုပါတယ်။ နို့မဟုတ်ရင် အဲဒီလက်ဆောင်ကို ထာဝရဆုံးရှုံးရပါလိမ့်မယ်"လို့ မြို့ပြရေးရာကျွမ်းကျင်သူဒေါ်ဇင်နွယ်မြင့်က မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ နိုင်ငံခြားသားနဲ့ ဒေသခံ ထိန်းသိမ်းစောင့်ရှောက်သူများရဲ့ ဆွေးနွေးပွဲတစ်ခုမှာ ပြောခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲကို မကြာသေးခင်ကမှတည်ထောင်ထားတဲ့ Yangon Heritage Trust က စီစဉ်ခဲ့တာပါ။

တကယ့်ကို လက်ဆောင်ပဲဆိုတာကတော့ တက်ရောက်လာသူတွေ ဆွေးနွေးပွဲကျင်းပရာ Strand ဟိုတယ်ကနေ ထွက်လိုက်တာနဲ့ထင်ရှားပါတယ်။ Strand ဟာမြစ်ကမ်းပါးစကြံတစ်လျှောက်မှာ ၁၉၀၁ ခုနှစ်က တည်ဆောက်ခဲ့တဲ့ အထင်ကရဟိုတယ်တစ်ခုဖြစ်ပြီး တစ်ခါတုန်းက ဘားမားလို့ သိကြတဲ့နိုင်ငံကို ဝင်လာကြတဲ့ ကမ္ဘာလှည့်ခရီးသည်တွေ ဆင်းကြတဲ့ ဆိပ်ကမ်းတွေနားမှာ ရှိတာလည်းဖြစ်ပါတယ်။

အဲဒီကနေ တစ်နာရီမရှိတရှိ လောက် လမ်းလျှောက်သွားတဲ့အခါမှာ ဝိတိုရိယပုံစံ၊ အန်းဘုရင်မပုံစံ၊ ရှေးဟောင်းရောမနဲ့ ဂရိဂန္ထဝင်ပုံစံ၊ Art Deco ပုံစံနဲ့ ဗြိတိသျှနဲ့ မြန်မာရောစပ်ထားတဲ့ပုံစံစတဲ့ ဗြိတိသျှကိုလိုနီခေတ် အဆောက်အအုံတွေနဲ့ ဟန်ပန်အဖုံဖုံက ခရီးသွားတွေကို ဧည့်ဝတ်ကြိုနေပါတော့တယ်။ အဲဒီအဆောက်အအုံတွေ အများအပြားဟာ မိုးပေါ်ထောင်နေတဲ့ ရွှေရောင်အချွန်နဲ့ ဆူးလေစေတီက အလယ်ဗဟိုမှာရှိတဲ့ စစ်တုရင်ကွက်ပုံစံ အကွက်ချထားတဲ့လမ်းတွေတစ်လျှောက် စုပြုံတည်ရှိနေတာဖြစ်ပါတယ်။

မကြာသေးခင်ကမှ ထုတ်ဝေခဲ့တဲ့ 'ရန်ကုန်မြို့ရဲ့ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံ၃၀' ဆိုတဲ့ စာအုပ်ကိုရေးသားသူ ဆယ်ရာရူနီက သူမ အကြိုက်ဆုံး အဆောက်အအုံတွေထဲမှာ ပဲခူးကလပ်နဲ့လောကနတ်ပန်းချီပြခန်း အဆောက်အအုံတွေပါတယ်လို့ ပြောပါတယ်။


ကျွန်းသစ်တွေနဲ့ ဆောက်ထားတဲ့ကလပ်ဟာ အတော်လေး ယိုယွင်းပျက်စီးနေပြီး အဲဒီအတွက်ကြောင့်ပဲ အလွန်အကျွံပြင်ဆင်ခြင်းခံထားရတဲ့ အာရှဟာ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံအများအပြားထက်ပိုပြီး စိတ်အာရုံကို နှိုးဆွပေးပြီး အောက်မေ့သတိရစေတယ်လို့ သူမကပြောပါတယ်။ တစ်ချိန်တစ်ခါက ကိုလိုနီမြေရဲ့ သီးသန့်အဖြစ်ဆုံးနဲ့ ဇီဇာအကြောင်ဆုံးဖြစ်တဲ့ ဒီကလပ်ဟာ ရဒ်ယာဒ်ကစ်ပလင်း (Rudyard Kipling) လို ပုဂ္ဂိုလ်တွေကိုဧည့်ခံခဲ့ပါတယ်။

**စာ(၁၁)သို့**

## အိုလီလေး ချက်ကြရအောင်



### ကော်ရည်ခေါက်ဆွဲ



ဒီတစ်ပတ်တော့နံနက်စာကော်ရည်ခေါက်ဆွဲချက်စားရအောင်ပါ။ ဝိုက်ဖီက အစားညီတဲ့ကြက်သားနဲ့ပဲ ကော်ရည်ခေါက်ဆွဲကို ချက်ထားပါတယ်။ အရင်ဆုံး ကြက်သားပြုတ်ပါမယ်။ အရိုးအနည်းငယ်ပါထည့်ပြုတ်ပါ။ ပြုတ်ထားတဲ့အသားနူးသွားရင်ကြက်သားကိုဓားနဲ့ခပ်နုပ်နုပ်စဉ်းပေးပါမယ်။ စဉ်းပြီးသားကြက်သားကို သပ်သပ် ထားပါ။

ခုနကြက်ပြုတ်ရည်ထဲရေနည်းနည်းဖြည့်ပြီး ကော်မှုန့်ကြိုပါမယ်။ ကော်မှုန့်ကို ဟင်းစားဇွန်း ၃ ဇွန်းနဲ့ သကြား ၁ ဇွန်း ရောကြိုပါမယ်။ သကြားရောပြီး ကော်ရည်ပစ်လာတဲ့ အထိ ကြိုရပါမယ်။

ကန်ဇွန်းရွက်၊ ပဲပင်ပေါက် နည်းနည်းစီကို တစ်ခွက်စာပြင်ထားပါ။ ပြီးရင် ပန်းကန်စောက်ထဲကိုကြိတ်ခေါက်ဆွဲထည့်၊ ပဲပင်ပေါက်၊ ကန်ဇွန်းရွက်နဲ့လှီးထားတဲ့အသားလေးတွေထည့်ပါမယ်။ ပြီးရင်တော့ မီးဖိုပေါ်က ပွက်ပွက်ဆူနေတဲ့ ကော်ရည်လောင်းထည့်လိုက်ရုံပါပဲ။ ငရုတ်ကောင်းကြိုက်သူတွေကငရုတ်ကောင်းအုပ်ပြီး သုံးဆောင်နိုင်ပါပြီ။

## စျေးဝယ် ထွက်မယ်

# လတ်လတ်ဆတ်ဆတ် မုန့်မျိုးစုံ စားချင်သလား








**အိဖြူလွင်**

အဝတ်အစားတွေ၊ အသုံးအဆောင်ပစ္စည်းတွေ စျေးဝယ်ထွက်ရလို့ ငြီးငွေ့နေပြီလား။ ဒီတစ်ခါတော့ အပြောင်းအလဲလေးဖြစ်အောင် အစားအသောက်နဲ့ ပတ်သက်တဲ့နေရာလေးတစ်ခုကိုညွှန်းပေးပါ့မယ်။

ဒီဆိုင်က နေ့ချင်းထုတ်လုပ်တဲ့ မုန့်မျိုးစုံကို ရောင်းချတဲ့ ဆိုင်ဖြစ်ပြီး မုန့်အမျိုးအစား ၅၅ မျိုးလောက်ကို ဒီဆိုင်မှာ ရနိုင်တာပါ။

လာဝယ်မှ ချက်ချင်းလုပ်ပေးတဲ့ ဘာဂါ၊ ဟော့ဒေါ့တွေ အပြင် နေ့စဉ်ပြုလုပ်ပေးတဲ့ မုန့်တွေက တာရှည်ခံဆေးတွေ လုံးဝ မသုံးထားဘူးလို့ ဆိုတဲ့အတွက် ကျန်းမာရေးနဲ့ ညီညွတ်စေမှာဖြစ်ပါတယ်။

ဆိုင်မှာ ရနိုင်တဲ့မုန့်တွေက ပေါင်မုန့်ကို အခြေခံပြုလုပ်ထားတဲ့မုန့်တွေရှိသလိုကိတ်တွေလည်း ရနိုင်ပါတယ်။

ဒီထဲက လူကြိုက်များတဲ့ မုန့်တချို့က ပေါင်မုန့်အမျိုးအစားထဲမှာဆိုရင် Egg Roll, Mayonnaise Bun, Blueberry Bun, Milk Bread, Sausage Bun, Cheese Stick စတဲ့ အမယ်စုံမုန့်တွေ သိရပါတယ်။

ကလေးရော လူကြီးပါ အကြိုက်တွေမယ့် ပူပူနွေးနွေး မုန့်မျိုးစုံကို ကိုယ့်စိတ်ကြိုက်ရောကလေးတွေ စိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်မှာပါ။

မုန့်တွေရဲ့ စျေးနှုန်းအနေနဲ့လည်း ၃၀၀ ကျပ်ကနေ ၇၀၀ ကျပ်ခန့် ဝန်းကျင်ဖြစ်တာကြောင့် အားလုံးအတွက် သင့်တင့်တဲ့ စျေးနှုန်းလို့ ပြောနိုင်ပါတယ်။

နောက်ထပ် အားသာချက်တစ်ခုက ဒီဆိုင်ကနေ မွေးနေ့ကိတ်ကို အော်ဒါမှာချင်တယ်ဆိုရင်လည်းနှစ်ရက်လောက်ကြိုတင်ပြီးမှာရင် စိတ်ကြိုက်ပုံစံရမှာပါ။

လတ်ဆတ်ပြီး အရသာရှိတဲ့ မုန့်မျိုးစုံကို ကိုယ်တိုင်ထုတ်လုပ်ရောင်းချတဲ့ဆိုင်ကိုသွားလို့ နံနက်စာအနေနဲ့ နေ့လယ်သရေစာ၊ အပျင်းပြေစားဖို့ မုန့်တွေကို သွားဝယ်ချင်တယ် ဆိုရင်ဖြင့် Country Club ဆိုတဲ့ ကျောက်မြောင်းလမ်းနဲ့ သီတာလမ်းထောင့်က မုန့်မျိုးစုံရနိုင်တဲ့ဆိုင်ကို စျေးဝယ်ထွက်ကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။

ဒီတစ်ပတ်ရဲ့ စျေးဝယ်ထွက်မယ် ကဏ္ဍက အသုံးအဆောင်ပစ္စည်းတွေ မဟုတ်ဘဲ မုန့်မျိုးစုံကို ရနိုင်တဲ့ဆိုင်ဖြစ်တာကြောင့်အဆာပြေစေမယ့်နေရာကို စျေးဝယ်ထွက်ကြည့်ရတာလည်း တစ်မျိုးစိတ်ဝင်စားစရာ ကောင်းမယ်လို့ မျှော်လင့်ပါတယ်။

7 DAY NEWS JOURNAL
Vol.11, No.30 · OCTOBER 4 , 2012



## ဘယ်ဒီတာထံ ပေးစာ

## ပညာရေးစနစ်ကောင်းဖို့ ဆေးမြီးတိုနဲ့ မကုစေလို


ပြီးခဲ့သောလက ပညာရေးဝန်ကြီးဌာနမှ အဌမတန်း ၂နှစ်ကျရှုံးသူများအတွက်ပညာသင်နှစ်တစ်နှစ်ထပ်မံတိုးလိုက်ကြောင်းသက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်များသို့ အကြောင်းကြားလာပါတယ်။ ကျောင်းသားမိဘများနဲ့ ကျောင်းပြန်နေခွင့်ရကျောင်းသား၊ ကျောင်းသူများအတွက် မင်္ဂလာသတင်းဖြစ်ခဲ့ရပါတယ်။ ပညာရေးဝန်ထမ်းတစ်ဦးအနေနဲ့ ဘဝင်မကျဖြစ်ရတာကတော့ ဒီအချိန်ကြီးကျမှ ဘာလို့ကတိုက်ကရိုက် ကျောင်းပြန်နေကြပါ။ ကျောင်းတက်ကြပါလို့ပြန်ခေါ်နေတာလဲ။ တချို့လည်း လုပ်ငန်းခွင်ဝင်သူကဝင် တစ်နယ်တကျေး ထွက်သူကထွက်သွား၊ ကျသူက ရှက်လို့ ကျောင်းပြန်မတက်ချင်၊ မိဘက အတင်းပြန်တက်ခိုင်း၊ တချို့မိဘက စရိတ်မတတ်နိုင်၊ အမျိုးမျိုးသောအသံတွေနဲ့ ပွက်လောရိုက်ကုန်ကြပါတယ်။

ကျောင်းတွေဘက် ပြန်ကြည့်ပြန်ရင်လည်း အမိန့်ကစာမရောက်သေးဘူး။ အထက်ရုံးတွေက ကျရှုံးသူများကို စာရင်းစကောက်ပါတယ်။ ချက်ချင်း အကြောင်းပြန်ခိုင်းပါတယ်။ အကြောင်းပြန်စာရလို့ ချက်ချင်း ဆရာ၊ ဆရာမတွေကို အိမ်တိုင်ရာရောက်လိုက်ပြီး ကျောင်းပြန်တက်၊ မတက် မတက်ရင်လည်း ခိုင်လုံတဲ့အကြောင်းပြချက်နဲ့ အုပ်ထိန်းသူက လက်မှတ်ထိုး စတာတွေကို ဇယ်ဆက်သလိုလိုက်လုပ်ကြရပါတော့တယ်။ နယ်ဒေသများဖြစ်တဲ့အတွက် လွန်စွာပင်ပန်းကြရပါတယ်။ အထက်ရုံးတွေကတော့ ဖုန်းတစ်လုံးနဲ့ မပြီးသေးဘူးလား၊ မရသေးဘူးလား၊ လားပေါင်းများစွာနဲ့ နာရီမခြားမေးမြန်းကြပါတယ်။ဆရာ၊ဆရာမများမှာတော့ ဆိုင်ကယ်နဲ့တစ်မျိုး၊ စက်ဘီးနဲ့တစ်ဖုံ ပြေးကြမေးကြရပါတယ်။ အထက်က အမိန့်ထုတ် တဲ့ လူကြီးတွေက ဒါတွေကို သိမှာ လည်းမဟုတ်ပါဘူး။

အဲဒီကိစ္စတွေ ကျော်လွန်ပြီး ကျောင်းကို ရောက်လာကြပါပြီ။ အတန်းနဲ့ ထိုင်ခုံပြဿနာစတက်ပါတယ်။ နယ်ကျောင်းတွေမှာက ထိုင်ခုံမလောက် အတန်းတွေက ခွဲစရာမရှိနဲ့ ခေါင်းကိုက်ရပြန်ပါတော့တယ်။

**တစ်ဖက်သို့**






## တစ်ဖက်မှအဆက်...

၂နှစ်ကျကျောင်းသားတွေကို ပြန်ကြည့်မယ်ဆိုရင်လည်း အကြိမ်ကြိမ်ရန်ဖြစ်ထားလို့ ခေါ်ယူသတိပေးခံထားရသူတွေ၊ ဂိမ်းဆိုင်ကို ကျောင်းလုပ်ပြီး တက်နေသူတွေ၊ ဆရာ၊ ဆရာမတွေရဲ့ ဆိုဆုံးမမှုကို မခံယူလိုတဲ့သူတွေစတဲ့သူတွေ အများဆုံးပါလာတာတွေ့ရပြန်ပါတယ်။ ၂နှစ်ဆက်တိုက် ကျောင်းတက်လာတာ ဘာလို့ မအောင်ကြရတာလဲလို့ မေးစရာတော့ ကောင်းလာပါတယ်။ ဆရာတွေပြောတာကတော့ ဘာသာရပ်တိုင်းမှာ ငါးမှတ်တောင် မကျော်တဲ့ကလေးတွေကို ဘယ်လိုအတန်းတက်ပေးလို့ရမှာလဲတဲ့။ ဒါဆို ၂နှစ်ကြီးများတောင်ဒီစာတွေကို တတ်အောင် မသင်နိုင်ဘူးလား။ မသင်နိုင်ပါဘူးတဲ့။ မိမိအတန်းမှာ ဘယ်သူစာတော်တယ်၊ စာညံ့တယ်ဆိုတာ သက်ဆိုင်ရာဆရာတွေသိကြပါတယ်။ သိလို့လည်း ဝိုင်းကြီးချုပ်စနစ်တွေနဲ့ ပညာကုန်ထုတ် သင်ကြားတာပါပဲတဲ့။ ဘယ်လိုမှမရလို့၊ အခြေခံကိုလုံးဝပါမလာလို့ပါတဲ့။ ကျောင်းသားကိုယ်တိုင်ကလည်းသိပါတယ်တဲ့။ အခြေခံဘာလို့ပါမလာတာလဲဆိုတာတော့ မေးစရာမလိုလောက်တော့ပါဘူး။ အားလုံးက အတန်းတင်စနစ်ဖြစ်နေလို့ပါပဲ။

ဒီတော့ ပညာရေးဌာနကတာဝန်ရှိတဲ့လူကြီးတွေ မေးချင်တာက အစကတည်းက အဌမတန်းနှစ်ကျတွေအတွက် အစီအစဉ်မရှိတာတော့ သေချာပါတယ်။ ဘာလို့ အခုမှ ကတိုက်ကရိုက် ထပြီးလုပ်ခိုင်းကြတာလဲ။

လွှတ်တော်မှာ တင်ပြတဲ့အတွက် လုပ်လိုက်ရတာလို့သိရပါတယ်။ ကိုယ့်ဌာန၊ ကိုယ့်အလုပ်ကို သူများက ပြောမှ ဝရုန်းသုန်းကားထလုပ်ရတာတော့ ဌာနသိက္ခာကျဆင်းစေတယ်လို့ထင်ပါတယ်။ အောက်ကလိုက်လုပ်ရတဲ့ဝန်ထမ်းတွေလည်း ပင်ပန်းလှပါတယ်။ နှစ်ကျကျောင်းသားတွေက မိသားစုစားဝတ်နေရေးအတွက်လုပ်ငန်းခွင်ဝင်နေတဲ့ ကလေးတွေဆိုရင် ကျောင်းအပြည့်တက်ဖို့ အခက်အခဲရှိနိုင်ပါတယ်။ သူတို့လို ကလေးတွေအတွက်ကျရင် အရင်ကလို အပြင်ဖြေစနစ်လုပ်လိုက်ရင်လည်း အဆင်ပြေမယ် ထင်ပါတယ်။ အကယ်၍ ဒီကလေးတွေကို ဒီနှစ်ကိုလည်း အကြောင်းအမျိုးမျိုးကြောင့်မအောင်ရင် သင်တဲ့ဆရာ၊ ဆရာမတွေဟာ ဘာလုပ်ရမှန်း မသိအောင်ကိုဖြစ်နေကြရပါတယ်။

သို့ဖြစ်ပါ၍ အခြေခံပညာရေးမြင့်မားစေဖို့အတွက် ဆေးမြီးတိုတွေနဲ့ ကုစားနေမယ့်အစား သေသေချာချာ စီမံကိန်းများရေးဆွဲပြီး စနစ်တကျဆောင်ရွက်သင့်ပါကြောင်း။

**ပညာရေးဝန်ထမ်းတစ်ဦး**

**TRADEMARK CAUTION**
SUMITOMO BAKELITE CO., LTD. a company incorporated in Japan 5-8 Higashi-shinagawa 2-chome, Shinagawa-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademark:-

**SUMILITERESIN**

**Reg: 4/10243/2012**
In respect of : Int'l class 1: " Unprocessed plastics (plastics in primary form); condensation synthetic resins; condensation plastics; polymerization plastics; adhesives containing resins or synthetic resins (not for stationery or household purposes)."
Int'l class 2: " dyestuffs; pigments; coatings; printing ink."
Int'l class 17: " electrical insulating materials of synthetic resins."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 4.Oct.2012

**ဒုတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း**
**AGTI (CIVIL) 1994, INSEIN**
ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားအား (8-12-2012) ရက် အမျိုးသားနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလိုပါသဖြင့် ကျောင်းသား/ကျောင်းသူ သူငယ်ချင်းများအားလုံး မပျက်မကွက်အမြန်ဆုံး ဆက်သွယ်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

၁။ ဦးကိုကိုသက် 09-5045040
၂။ ဦးထိပ်တင်ဟန်လင်း 09-49233295
၃။ ဒေါ်ခင်မိုးအေး 09-43206932
၄။ ဦးဇော်လွင်မိုး (S'pore) (+)65-91125183
၅။ ဦးအောင်ဇော်မြင့် 09-5190779
၆။ ဦးဝင်းနိုင်ဦး 09-5022180
၇။ ဒေါ်နွယ်နီထွန်း 09-8573046
၈။ ဒေါ်သီတာဝင်း 09-5014882



**ဓမ္မ**

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## တရားကျင့်သူ မကျင့်သူ တန်းမတူ

ကိုယ့်ကိုယ်ကိုယ် သေသေချာချာ ဘယ်လိုမှပိုင်းဖြတ်လို့၊ ဆုံးဖြတ်လို့မရတာ ငါဟာ တရားရမယ့်သူလား၊ မရမယ့်သူလားဆိုတဲ့မေးခွန်းပဲဖြစ်တယ်။ ကိုယ့်စိတ်ကြိုက်သတ်မှတ်လို့မရနိုင်ပေမယ့် လက်ရှိဘဝမှာ တရားမရနိုင်ဘူးဆိုရင်တောင် တရားအားထုတ်တဲ့အလုပ်ဟာ အကျိုးမယုတ်ဘူး။ မြဲမြဲမြံမြံ ဇွဲသန်သန်နဲ့ကျင့်ရပါမယ်။ ကြိုးစားအားထုတ်မှုရှိရမယ်။ တရားရမယ့်သူဟာ တရားကိုကျင့်လည်းကျင့်တယ်ဆိုရင် သေချာ ပေါက်ရမှာဖြစ်တယ်။ သတ်မှတ်တဲ့အရည်အချင်းလည်းပြည့်မီတယ်။ အရည်အချင်းအဆင့်အတန်းပြည့်မီအောင်လည်း ကြိုးစားကျင့်ကြံတယ် ဆိုရင် ဒီဘဝမှာပဲ တရားရနိုင်တယ်။ ဒီဘဝမရရင်လည်း အားမလျှော့နဲ့။ သေခါနီးအချိန်အထိ တရားရနိုင်ခွင့်ရှိသေးတယ်။ အဲဒီအချိန် မရနိုင်ရင် နောင်ဘဝမှာရမယ်။ ဒါ့ကြောင့် တရားကျင့်တဲ့သူနဲ့ မကျင့်တဲ့သူ မတူနိုင်ဘူးလို့မှတ်ရပါမယ်။

တရားကျင့်နေဖို့သာ အရေးကြီးဆုံးဖြစ်တယ်။ အနည်းဆုံး ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာမှုကိုခံစားကြရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် အပူသောကတွေ တောက်လောင်နေတဲ့သူတွေဟာ တည်တည်ငြိမ်ငြိမ် တရားရှုနိုင်ချိန်မှာ အပူမီးတောက်တွေ ငြိမ်းအေးသွားကြရပါတယ်။ ဘယ်လိုမှ ဖြေမဆည်နိုင်အောင် မျက်ရည်တွေဖြိုင်ဖြိုင်စီးကျ ငိုကြွေးနေကြရတဲ့သူတွေဟာ တရားရေစင် ရင်ထဲကိုဝင်ရောက်သွားရင် အငိုတိတ်ပြီးမှ နှလုံးစိတ်ဝမ်းအေးချမ်းသွားကြတယ်။ စစ်မှန်တဲ့ ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းကို ပေးစွမ်းနိုင်တာဟာ တရားဓမ္မပဲဖြစ်တယ်။ ဘယ်လို ပြည့်စုံကြွယ်ဝမှုတွေကမှ မပေးစွမ်းနိုင်ပါဘူး။ ဒါကြောင့် လက်ရှိဘဝမှာ ကောင်းကျိုးချမ်းသာအဖြာဖြာရဖို့၊ သံသရာဝဋ်ဒုက္ခတွေရဲ့ ကုန် ကင်းရာ၊ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ ကျင့်ကြရတာဖြစ်တယ်။



ရည်ညွှန်း- ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ 'ဓမ္မလမ်းပေါ်မှာ'

## စာ-၉၊ အာရှ၏ ကိုလိုနီခေတ် နောက်ဆုံးခံတပ်ကြီးကို ထိန်းသိမ်းခြင်း မှ

ကစ်ပလင်းဟာ ၁၈၈၉ မှာ အဲဒီမြို့ကပြန်ပြီးတဲ့နောက်စစ်သားတွေနဲ့ အရက်အတူတူသောက်ပြီး သွက်လက်မြူးကြွတဲ့ 'မန္တလေးသွားတဲ့လမ်း'ဆိုတဲ့ကဗျာကို ရေးစပ်ခဲ့တယ်လို့ဆိုကြပါတယ်။

လောကနတ် အဆောက်အအုံဟာ 'ရန်ကုန်မြို့ရဲ့ လူမျိုးပေါင်းစုံရှိမှုသင်္ကေတ'ဖြစ်တယ်လို့ ရှုနီကပြောပါတယ်။ ဘဂ္ဂဒက်မြို့သား ဂျူးကုန်သည်တစ်ဦးက ၁၉၀၆ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ ဒီအဆောက်အအုံဟာ ဖိလစ်ပိုင်ဆံပင်အလှပြင်ဆိုင်တစ်ဆိုင်၊ ဂရိသားရေကုန်သည်နဲ့အတူ အီဂျစ်စီးကရက်၊ ဂျာမန်ဘီယာနဲ့ဗြိတိသျှသကြားလုံး ဖြန့်ချိတဲ့ကုမ္ပဏီတွေရှိခဲ့တာကြောင့် မြို့တော်ရဲ့ ဂုဏ်အရှိဆုံး စီးပွားရေးလုပ်ငန်းနေရာတစ်ခုဖြစ်ခဲ့ပါတယ်။

ထိန်းသိမ်းရေးအဖွဲ့ကို ဦးဆောင်သူ အနောက်တိုင်းမှာ ပညာသင်ခဲ့တဲ့ သမိုင်းပညာရှင် ဦးသန့်မြင့်ဦးက Strand ဟိုတယ်ရဲ့ တစ်မိုင်ပတ်လည်အတွင်းမှာ ရိုမန်ကက်သလစ်၊ ပရိုတက်စတင့်နဲ့ အာမေးနီးယန်းဘုရားရှိခိုးကျောင်းတွေ၊ ရှီးယားနဲ့ ဆွန်နီဗလီတွေ၊ ဂျိန်းဝတ်ကျောင်းတစ်ခု၊ ဟိန္ဒူဘုရားရှိခိုးကျောင်းတစ်ခုနဲ့ အသစ်ပြန်လည်မွမ်းမံထားတဲ့ ဂျူးဘုရားကျောင်းတစ်ခုရှိတယ်လို့မှတ်ချက်ပြုပါတယ်။ အဲဒီဂျူးဘုရားကျောင်းဟာ တစ်ချိန်တုန်းက အာရှရဲ့ အကြီးမားဆုံး ဂျူးလူမျိုး အသိုင်းအဝိုင်းများရဲ့ ဗဟိုလည်း ဖြစ်ခဲ့ပါတယ်။

များပြားလှတဲ့သဘာဝသယံဇာတတွေ အထူးသဖြင့် ကျွန်းသစ်၊ ရေနံနဲ့ ဆန်စပါးတို့ရဲ့ ဆွဲဆောင်မှုကြောင့် ကြွယ်ဝမှုကို ရှာဖွေကြသူတွေနဲ့ ဆင်းရဲတဲ့အလုပ်သမားတွေဟာ တစ်ကမ္ဘာလုံးကနေ စုပြုံဝင်ရောက်လာခဲ့ကြပြီး ရန်ကုန်ကို နိုင်ငံတကာမြို့ကြီးအဖြစ် ပြောင်းလဲပစ်ခဲ့ပါတယ်။ ၁၉၂၀ ပြည့်လွန်ကာလတွေမှာဆိုရင် တစ်ခါတစ်ရံ ရန်ကုန်မြို့ဟာ နယူးယောက်မြို့ထက်ပိုပြီး ရွှေ့ပြောင်းဝင်ရောက်လာသူတွေကို ကြိုဆိုခဲ့တာပါ။

အဲဒီနောက်မှာတော့ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာခဲ့ပြီး ၁၉၆၂ ခုနှစ်မှာတော့ ရာစုနှစ်ဝက်ကြာ အထီးကျန်မှု၊ အာဏာရှင် အုပ်ချုပ်မှုနဲ့ စီးပွားရေးဆိတ်သုဉ်းမှုတွေကိုစတင်ဖွင့်လှစ်ပေးခဲ့တဲ့ အာဏာသိမ်းမှုတစ်ရပ် ပေါ်ပေါက်ခဲ့ပါတယ်။ ဒီအာဏာသိမ်းမှုကပဲ ရန်ကုန်နဲ့ မြို့သူမြို့သားတွေကို အနေးနဲ့အမြန်ဆိုသလို တန့်သွားအောင်လုပ်ခဲ့တဲ့ အဓိကအချက်လည်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

"ရန်ကုန်မြို့မှာ ရှင်သန်ဆဲအမွေအနှစ်တွေ အများကြီးရှိသေးသလို ဆယ်စုနှစ်ပေါင်းများစွာကြာအောင် အဲဒီအဆောက်အအုံဟောင်းတွေရဲ့ ပတ်ဝန်းကျင်နဲ့ အတွင်းထဲမှာ ပေါက်ဖွားကြီးပြင်းခဲ့တဲ့စရိုက်သွင်ပြင်နဲ့လူမှုကွန်ရက်တွေရှိပါသေးတယ်"လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးလှိုင်မော်ဦးကပြောပါတယ်။ ဒီအမွေအနှစ်ကို ရန်ကုန်မြို့ရဲ့ ကျယ်ပြန့်လာတဲ့ စိမ်းစိမ်းစိုစိုနေရာတွေ၊ ရေကန်တွေ၊ ဆင်ခြေဖုံးအိမ်ရာတွေနဲ့အတူ ပြုစုစောင့်ရှောက်ဖို့လည်း သူကတိုက်တွန်းထားပါတယ်။

အခြားအကြံပြုချက်တွေထဲမှာတော့ ဆောက်လုပ်ရေးလုပ်ငန်းအသစ်တွေအပေါ် ကန့်သတ်ချက်တွေ မြင့်မြင့်ထားရှိဖို့၊ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ သင်တန်းပေးခြင်း၊ အများပြည်သူသိရှိအောင်လုပ်ဆောင်ရေးနဲ့ ခိုင်မာတဲ့ တရားဝင်သုတေသနနဲ့ ဖြိုဖျက်ခြင်းမလုပ်ရမယ့် အဆောက်အအုံတွေအားလုံးရဲ့ စာရင်းပြုစုရေးတို့ပါဝင်ပါတယ်။ စည်ပင်သာယာဌာနကလည်းအဆောက်အအုံ ၁၈၈ခုကို ထိန်းသိမ်းစောင့်ရှောက်ရေးစီမံချက်ကို တင်ပြပါတယ်။

အဲဒီအဆောက်အအုံတွေကို ရန်ကုန်သူ ရန်ကုန်သားတွေအတွက်ရော ကမ္ဘာလှည့်ခရီးသည်တွေအတွက်ပါ အကျိုးရှိအောင် အကောင်းဆုံးဘယ်လိုအသုံးချမလဲဆိုတာကိုလည်းဆွေးနွေးခဲ့ပါတယ်။ အများသဘောဆန္ဒကတော့ တချို့အဆောက်အအုံတွေကို အမြတ်အစွန်းရမယ့် ဟိုတယ်နဲ့ စီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲပစ်ဖို့ဖြစ်ပြီး တချို့ကိုတော့ ငွေကြေးထောက်ပံ့ပေးရမယ့် အနုပညာပြခန်းတွေ၊ ပြတိုက်တွေနဲ့ ကျောင်းတွေအဖြစ်ရှိနေစေဖို့ပါပဲ။

"ကျွန်တော်တို့ဟာ ဒီမြို့ရဲ့ သမိုင်းမှာ အပြောင်းအလဲကာလကိုရောက်နေပါတယ်"လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက ဆွေးနွေးပွဲမှာပြောကြားပါတယ်။ "ကျွန်တော်တို့ဟာ ရန်ကုန်မြို့ကို ၂၁ ရာစုရဲ့ မြို့တစ်မြို့အဖြစ် မြင်တွေ့လိုသလို ကျွန်တော်တို့ရဲ့ အကောင်းဆုံးအမွေအနှစ်တွေကိုလည်း ထိန်းသိမ်းလိုပါတယ်။ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဘာမှ ယုံမှားသံသယမရှိပါဘူး။ ဒါပေမဲ့ အခြားအာရှမြို့ကြီးတွေရဲ့ အမှားတွေကနေပြီး ကျွန်တော်တို့ သင်ခန်းစာယူရပါလိမ့်မယ်"

အစိုးရဌာနတွေ ရှိခဲ့တဲ့ အဆောက်အအုံအများအပြားဟာ တပ်မတော်အစိုးရက မြို့တော်ကို နေပြည်တော်ဆီ ပြောင်းသွားခဲ့တဲ့ ၂၀၀၅ ကတည်းက ဗလာကျန်ခဲ့တာဖြစ်ပြီး ရောင်းချခြင်းခံခဲ့ရပါတယ်။ အဆောက်အအုံ အချို့ပြင်မရအောင်ပျက်စီးသွားမှာ၊ ဒါမှမဟုတ် ဆောက်လုပ်ရေးသမားတွေက ဝယ်ယူပြီး ဖြိုချပစ်လိုက်မှာကိုစိုးရိမ်နေကြပါတယ်။

အကာအကွယ်ပေးခြင်း မခံရသေးတဲ့ ပုဂ္ဂလိကပိုင် အဆောက်အအုံအများအပြားကတော့ ဖြိုချခံခဲ့ရပြီးဖြစ်ကာ အရုပ်ဆိုးအကျည်းတန်တဲ့ အထပ်မြင့်အဆောက်အအုံတွေက ထာဝရအစားထိုးနေရာယူလိုက်ပြီဖြစ်ပါတယ်။ ဒီအဆောက်အအုံတွေဟာ တစ်ချိန်တစ်ခါက ညီညီညာညာရှိခဲ့တဲ့ အဆောက်အအုံတွေရဲ့ အနားသတ်မျဉ်းကို ပျက်စီးစေပါတယ်။

ဗြိတိသျှသံရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ စိန့်ပေါလ်ကျောင်းနဲ့ မြို့တော်ခန်းမတို့ အပါအဝင် နိုင်ငံပိုင်အဆောက်အအုံအချို့နဲ့ အပြည့်အဝ အသုံးပြုခံထားရတဲ့ အထင်ကရအဆောက်အအုံအချို့ကတော့ ဘေးကင်းပုံရပါတယ်။ ဒီအဆောက်အအုံတွေဟာဥရောပဒီဇိုင်းနဲ့ မြန်မာဘုရားပုထိုးများက လွှမ်းမိုးတဲ့ အဆင်အယင်တွေရဲ့ အရောအနှောလည်းဖြစ်ပါတယ်။

အလားတူ ဘေးအန္တရာယ်ကင်းတာကတော့ သူတို့အားလုံးထဲမှာ အကြီးအကျယ် အခမ်းနားဆုံးဖြစ်တဲ့ဗြိတိသျှကိုလိုနီအာဏာတည်ရှိခဲ့ရာ ယခင် အတွင်းဝန်များရုံးပဲဖြစ်ပါတယ်။ အဲဒီကြီးမားလှတဲ့ ဝိတိုရိယခေတ်ဟန် အဆောက်အအုံထဲမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ချစ်လှစွာသောဖခင်ကြီး၊ မြန်မာ့လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းဟာ ၁၉၄၇ ခုနှစ်မှာ လုပ်ကြံခံခဲ့ရတာဖြစ်ပါတယ်။

အဲဒီအဆောက်အအုံကို ဟိုတယ်အဖြစ် ပြောင်းလဲဖို့နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတစ်ဦးက လေလံဆွဲတာကြောင့် လူထုအနေနဲ့ အုတ်အော်သောင်းတင်းဖြစ်ခဲ့ပါတယ်။ ဒါက ရန်ကုန်သူ ရန်ကုန်သားတွေအနေနဲ့ သူတို့ရဲ့အမွေအနှစ်တွေအတွက် မားမားမတ်မတ်ရပ်တည်ဖို့ အသင့်ပြင်ထားတယ်ဆိုတဲ့ မျှော်လင့်ချက်ရှိစရာ လက္ခဏာတစ်ရပ်ဖြစ်ပါတယ်။

**မှတ်ချက်-ယခုဆောင်းပါးကို မော်ကွန်းမဂ္ဂဇင်းအမှတ်(၁)စာစောင်တွင်လည်း ဖော်ပြပြီးဖြစ်ပါသည်။**

7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

## မျက်နှာဖုံး–မန္တလေးတိုင်းဒေသကြီးတွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၂၀၀ကျော်အား ထုတ်ပယ် မှ

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးရဲမြင့်က စက်တင်ဘာ ၂၈ရက်လွှတ်တော်အစည်းအဝေးများအပြီးတွင် လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပြောကြားသည်။

ဝန်ကြီးချုပ်ဦးရဲမြင့်က "ကျွန်တော်တို့ရွေးချယ်ဆောင်ရွက်မယ့် အစီအစဉ်တွေကို ကြိုတင်ပြင်ဆင်မှုတွေ အားလုံးလုပ်ထားပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာ မြို့နယ်အလိုက် တာဝန်ရှိပုဂ္ဂိုလ်များအား သင်တန်းများ ပေးအပ်ထားပြီးဖြစ်ပါတယ်။ အားလုံးပြီးပါပြီ။ ကျွန်တော်တို့Ready ဖြစ်နေပါပြီ" ဟု ရှင်းလင်းပြောကြားသည်။ ဥပဒေ၊နည်းဥပဒေများ ထွက်ရှိပြီးဖြစ်သလို မန္တလေးတိုင်းဒေသကြီးအတွင်း ရွေးချယ်မှုပြုလုပ်ရန် အဆင်သင့်ဖြစ်နေသော်လည်း ဘတ်ဂျက်ကိစ္စထည့်သွင်းတွက်ချက်နေ၍ မရွေးချယ်နိုင်သေးဘဲ ဖြစ်နေကြောင်း၊ ဘတ်ဂျက်မရှိသေးဘဲ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး အသစ်များ ခန့်အပ်တာဝန်ပေးလိုက်လျှင်မလိုလားအပ်သော နည်းလမ်းများဖြင့် ဘတ်ဂျက်ရှာဖွေနိုင်ဖွယ် ရှိသောကြောင့်ဖြစ်ကြောင်းဦးရဲမြင့်က ထပ်မံရှင်းလင်းပြောကြားသည်။

၎င်းက "ဒါတွေကို အမြန်ဆုံးလုပ်သွားမှာ ဖြစ်ပါတယ်။ ဘာလို့မလုပ်သေးလဲဆိုတော့ ကျွန်တော်တို့ တာဝန်ပေးအပ်လိုက်တယ်ဆိုရင် သူတို့အတွက် ချီးမြှင့်ငွေ၊ သတ်မှတ်ထားသော လစဉ်အသုံးစရိတ် ဒါတွေလည်း တစ်ပါးတည်း ပေးရမှာဖြစ်ပါတယ်။ လစဉ်သတ်မှတ်ထားသော အသုံးစရိတ်မရှိဘူးဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ လေ့လာသိရှိပြီးကြတဲ့အတိုင်းပဲ အခြားသော အစီအစဉ်များနဲ့ ဆောင်ရွက်လာနိုင်ဖွယ်ရှိတဲ့ အနေအထားမျိုးတွေကို တွေ့ကြုံလာနိုင်တဲ့အတွက် အခုဆိုရင်တော့ ဒီလကစပြီး ဘတ်ဂျက်မှာ လျာထားထည့်သွင်းတွက်ချက်ဖို့ဖြစ်ပါတယ်" ဟု အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပတ်သက်၍ ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့တွင် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး အောင်ကျော်မိုးက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ မမှန်မကန်လုပ်ရပ်များအပေါ် လူထုက မကျေနပ်၍ တိုင်ကြားလာမှုများ မှန်ကန်ကြောင်း စိစစ်တွေ့ရှိချက်အရ တာဝန်မှ ထုတ်ပယ်ပြောင်းလဲမှုများ ရှိခဲ့ကြောင်း ပြောသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး စုစုပေါင်း ၂၁၂ ဦးအား ထုတ်ပယ်အရေးယူ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ မေးမြန်းမှုကို ဖြေကြားသည်။

ထို့အပြင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ တာဝန်များပျက်ကွက်ခြင်းအပေါ် ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို (၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ၊ အမှတ် ၇) ဖြင့် အရေးယူဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း ထို့အပြင် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေး ဥပဒေပုဒ်မ ၁၅ ဖြင့်လည်း ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ကျင့်ဝတ်ဖောက်ဖျက်ခြင်း၊ အရည်အချင်းပျက်ယွင်းခြင်းများ အပေါ် အရေးယူဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဗိုလ်မှူးကြီး အောင်ကျော်မိုးက ပြောသည်။

အမရပူရမြို့ ရွှေဂွမ်းထုပ်ရပ်ကွက်နေ အသက် ၂၅ နှစ်အရွယ် ဒေသခံအမျိုးသားတစ်ဦးက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး အသစ် ရွေးချယ်မည်ဆိုသည့် အပေါ် ကြိုဆိုကြောင်း၊ ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ လုပ်ဆောင်ချက်များသည် ရပ်ရွာအပေါ် အကျိုးသက်ရောက်မှုရှိပြီး အုပ်ချုပ်ရေးမှူးအသစ် ရွေးချယ်မည်ဆိုလျှင် ရပ်ကွက်အတွက် အမှန်တကယ် အလုပ်လုပ်ပေးနိုင်သော စေတနာထားနိုင်သော လူများကို ဒီမိုကရေစီနည်းကျကျ ရွေးချယ်ခန့်ထားရန်လိုအပ်ကြောင်း ပြောသည်။ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေသစ်တွင် အမျိုးသမီးများလည်း အမျိုးသားများနှင့်တန်းတူ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံနိုင်ခွင့်ရှိသည်။

## စာ-၅၊ တိုင်စာများ သေချာစိစစ်ရန်လို မှ

ထို့ကြောင့် ၎င်းတို့ဆီရောက်ရှိလာ သောတိုင်စာများကိုလည်း မှန်ကန်ခြင်းရှိမရှိသက်ဆိုင်ရာဒေသ သို့လူလွှတ်၍ဖြစ်စေ၊ ဒေသခံများမှတစ်ဆင့်ဖြစ်စေ စုံစမ်းမှုများပြုလုပ်ကြောင်း ဦးကိုကိုကြီးက ရှင်းပြသည်။

"လူကိုယ်တိုင်လာတိုင်ရင် မျက်နှာချင်းဆိုင်မျိုးကျတော့ ကျွန်တော်တို့ လေ့လာလို့ရတာပေါ့။ သက်ဆိုင်ရာဒေသက ကျွန်တော်တို့နဲ့ လုပ်နေတဲ့သူတွေကို အချက်အလက်ပြန်စုံစမ်းခိုင်းတာ၊ လေ့လာခိုင်းတာတွေ လုပ်ပါတယ်" ဟု တိုင်ကြားစာမှန်ကန်ခြင်း ရှိမရှိ စိစစ်ပုံကိုပြောသည်။

အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ကူးပြောင်းလာပြီး နိုင်ငံရေးပိုမိုပွင့်လင်းလာသော ယနေ့ကာလတွင် ကဏ္ဍအများစု၌ စနစ်အဟောင်းကြောင့် ပြဿနာများရှိနေရာ တိုင်ကြားရသော အဖွဲ့အစည်းများသို့ တိုင်ကြားမှုများစွာ ပြုလုပ်နေကြသည်။ သို့သော် အချို့သည် ကိုယ့်အမှားကို တိုင်စာမဟုတ်ဘဲ ပစ်စာအဆင့်သာရှိသည်။

တိုင်ကြားစာနှင့် စပ်လျဉ်း၍ လိုအပ်သော အထောက်အထားများ အပြည့်အစုံပါဝင်ရမည်ဖြစ်ကြောင်း၊ တိုင်စာများကို နေ့စဉ် အဖွဲ့ဝင်လေးဦး ပါဝင်သောအဖွဲ့က စိစစ်နေကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်တစ်ဦးက 7Day News သို့ ပြောသည်။

"တိုင်တဲ့ စာတွေ သုံးထောင်ကျော်ရှိတယ်။ လူတွေဟာ သူတို့ပြောချင်တာတွေကို ပို့လို့ရတဲ့ နေရာတစ်ခုရှိတယ်ဆိုတာသိနေပြီ" ဟုအဖွဲ့ဝင် ဦးလှမြင့်က ပြောင်းလဲလာသော နိုင်ငံရေးအခြေအနေတွင် တိုင်စာများလာခြင်းကိုသုံးသပ်သည်။

နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဝင်းကလည်းတိုင်ကြားစာများကို ပုဂ္ဂိုလ်ရေး၊ အများပြည်သူဆိုင်ရာ၊ မူဝါဒပိုင်းဆိုင်ရာဟု သုံးပိုင်းခွဲထားပြီး လွှတ်တော်ရုံး၊ နိုင်ငံတော်သမ္မတရုံးမှတစ်ဆင့်ဆောင်ရွက်ကြောင်း၊ အများဆုံး မဆောင်ရွက်နိုင်သောကိစ္စများမှာ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စရပ်တိုင်ကြားစာများဖြစ်ကြောင်း ပြောသည်။ မိမိဘက်မှ တာဝန်စည်းကမ်းအတိုင်း မှန်မှန်ကန်ကန် ဆောင်ရွက်သော်လည်း ယခုကဲ့သို့ အထက်မှ မေးမြန်းမှုများ ကြုံတွေ့ရသဖြင့် စိတ်မကောင်းဖြစ်မိကြောင်း၊(လူမှုကွန်ရက်) ထစ်ခနဲဆိုတိုင်ခြင်း၊ ဖေ့စ်ဘွတ်ခ်တင်ခြင်းတို့ကို သေချာစိစစ်ကြစေချင်ကြောင်း အထက်ပါနည်းပညာတက္ကသိုလ်မော်ကွန်းထိန်းက ပြောသည်။

တိုင်စာတိုင်ကြားလျှင် အထောက်အထား အပြည့်အစုံ မှတ်ပုံတင်မိတ္တူနှင့် ထိုးမြဲလက်မှတ်တို့ပါရှိရမည်ဖြစ်ပြီး ပစ်စာများကို ကိုင်တွယ်ခြင်းမပြုကြောင်း အမျိုးသားလူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင် ဦးလှမြင့်က တိုင်ကြားစာတွင်ပါရမည့် အချက်များကိုရှင်းလင်းပြောဆိုသည်။

"၂၀၁၁ ခုနှစ် အောက်တိုဘာ ၄ရက်က သတင်းစာမှာ ကြေညာထားတယ်။ တိုင်စာမှာ ဘာတွေပါရမလဲဆိုတာ။ ဒါတွေမပါရင် မယူဘူးတော့မဟုတ်ဘူးပြန်ပေးမယ်"ဟု ပြောသည်။

ပစ်စာနှင့်စပ်လျဉ်း၍ ၈၈ မျိုးဆက်ခေါင်းဆောင် ဦးကိုကိုကြီးက "ဘယ်သူကတိုင်တယ်၊ ဘယ်ရွာကတိုင်တာမပါတော့ ဘာမှ ဆောင်ရွက်ပေးလို့မရဘူးပေါ့" ဟု ပစ်စာ၏ အားနည်းချက်များကို သုံးသပ်ပြောကြားသည်။

## စာ-၄၊ တရုတ်ရေနံကုမ္ပဏီ မိုင်းခွဲရှာဖွေမှုကြောင့် လယ်မြေဧက ၁၀၀ ခန့် စိုက်ပျိုးမရဖြစ် မှ

စည်းကမ်းကျင့်ဝတ်ဖောက်ဖျက်သော ကုမ္ပဏီများကို ယခင်က လုပ်ငန်းလိုင်စင် ဖျက်သိမ်းခဲ့ကြောင်း၊ ယခုကုမ္ပဏီသည် အမှန်တကယ် စည်းကမ်းမလိုက်နာပါက လုပ်ငန်းလိုင်စင်ပယ်ဖျက်သည်အထိ သက်ဆိုင်ရာက လုပ်ပိုင်ခွင့်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၁၁ ခုနှစ်မေလမှ ဩဂုတ်လအတွင်း တရုတ်နိုင်ငံ ဆီနိုပက်ကုမ္ပဏီက ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရန် ပုံတောင်ပုံညာ တစ်ဝိုက်ရှိ သစ်တောကြိုးဝိုင်းများတွင် မိုင်းဖောက်ခွဲခဲ့သည်။ ထို့ကြောင့် သစ်တောမြေဧကေါင်း ထောင်ခန့်တွင် လယ်ယာမြေဧက ၁၀၀ ခန့်ပျက်စီးခဲ့ကြောင်း မကွေးမြို့ မြစ်ကွေ့ရော လူမှုကွန်ရက်အဖွဲ့ အထွေထွေအတွင်းရေးမှူးဦး အောင်ကျော်ကျော်ကပြောသည်။

"ဒေသခံတွေရဲ့ သဘောဆန္ဒကတော့ ရိက္ခာပြတ်လပ်မှု ပြေလည်စေဖို့ အစိုးရကသော်လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းတွေကသော်လည်းကောင်း ကူညီပေးဖို့ လိုလားလျက်ရှိပါတယ်။ ဒါ့အပြင် သဘာဝဓာတ်ငွေ့နဲ့ ရေနံရှာဖွေသွားတဲ့ တရုတ်ဆီနိုပက်ကုမ္ပဏီကို မြန်မာအစိုးရက တာဝန်ခံပြီး တရားစွဲဆို လျော်ကြေး၊ နစ်နာကြေးတောင်းဆိုတာတွေကို ပြုလုပ်ပေးဖို့ ဆန္ဒရှိခဲ့ကြပါတယ်။ အစိုးရဌာန အဆင့်ဆင့်နဲ့ လွှတ်တော်ကို တင်ပြပြီးဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ပြည်ပနိုင်ငံများမှ ကုန်းတွင်း ရေနံရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွားများအား ထိခိုက်မှု မရှိစေရန် လိုက်နာဆောင်ရွက်ရမည်ဟူ၍ စာချုပ်ချုပ်ဆိုရာတွင် ပါဝင်ပြီး နစ်နာကြေးတောင်းဆိုရာ၌ သက်ဆိုင်ရာအာဏာပိုင်များမှ တစ်ဆင့် ဝန်ကြီးဌာနကို ဆက်သွယ် တောင်းခံနိုင်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စွမ်းအင်ဝန်ကြီးဌာနနှင့် ပြည်ပကုန်းတွင်းရေနံရှာဖွေရေး ကုမ္ပဏီများ စာချုပ်ချုပ်ဆိုရာတွင် စမ်းသပ်တူးဖော်သည့်လုပ်ငန်းဖြစ်စေ၊တူးဖော်ထုတ်လုပ်နေသည့် လုပ်ငန်းဖြစ်စေ တူးဖော်လုပ်ကိုင်ပြီးပါက မူလစိုက်ပျိုးမြေဖြစ်အောင် လုပ်ဆောင်ပေးရမည့် စည်းကမ်းချက်များ ထည့်သွင်းစာချုပ်ချုပ်ဆိုထားကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၂ ခုနှစ် ဩဂုတ် ၃၀ ရက်စွဲဖြင့် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးလွန်းသီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံသို့လည်း ဒေသခံများ၏ လိုလားချက်များအား တင်ပြထားသည်။ ထို့ကြောင့် စက်တင်ဘာ ၉ ရက်က နေပြည်တော်မှ စေလွှတ်လိုက်သော စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့သည် ထီးလင်းမြို့နယ် အထက်ကျော်ကျေးရွာသို့ သွားရောက်စစ်ဆေးနေကြောင်းသတင်းရရှိသည်။

မိဂဒါဝုန် ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း
ဦးကျော်ဟိန်း ဦးစီးသည်
အိန္ဒိယ၊ နီပေါ ရှိသံဝေဇနိယ၊ အဋ္ဌမဟာ လေးဌာနသို့ (၁၂)ရက်နှင့် (၁၅)ရက် ဘုရားဖူးခရီးစဉ်များ ပို့ဆောင်ပေးနေပါသည်။ ဈေးနှုန်းချိုသာရမည်။ စိတ်တိုင်းကျစေရမည်။ ဒေသန္တရ/ ဘာသန္တရ ဗဟုသုတ ရစေရမည်။ မိသားစုအလိုက်၊ အုပ်စုအလိုက်၊ သီးခြားသွားလိုသူများအတွက် အထူးစီစဉ်ဆောင်ရွက်ပေးမည်။ ထွက်ခွာရမည့်ရက်-၅-၁၀-၂၀၁၂မှ၂၃-၅-၂၀၁၃အထိ နှစ်ပတ်တစ်ကြိမ်စေလွှတ်နေပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ယခင်နှစ်များက ဘုရားဖူးလိုက်ပါသော ဓမ္မမိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။
ဆက်သွယ်ရန်-အမှတ်(၁၃၇)၊ အနော်ရထာလမ်းနှင့် (၄၈)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁ ၂၉၃၇၅၃၊ ၂၉၆၄၈၇၊ ၊ ၂၉၄၁၉၉၊ ၀၉ ၅၀၀၃၂၂၃၊ ၀၉ ၄၉၂၅၅၅၉၃

## စာ-၁၊ တက္ကသိုလ်ဝင်ခွင့် သတ်မှတ်ပုံစံသစ်ပြောင်းရန်စီစဉ် မှ

ဘက်ချ်လာဘွဲ့တစ်ခုခု ရရှိပြီးသော်လည်း အခြားဘက်ချ်လာဘွဲ့သင်တန်း တက်ရောက်လိုပါက အခြားသတ်မှတ်ချက်များနှင့် ကိုက်ညီပြီး သက်ဆိုင်ရာ တက္ကသိုလ်၏ ဝင်ခွင့်စာမေးပွဲ အောင်မြင်ပါက လက်ခံရန်နှင့် ဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်များနှင့် အဝေးသင်တက္ကသိုလ်များသို့တက်ရောက်လိုသော ကျောင်းသားများသည် မိမိပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သတ်မှတ်ထားသော သက်ဆိုင်ရာတက္ကသိုလ်များသို့ တိုက်ရိုက်လျှောက်ထားကြရန် ယင်းစီမံကိန်း၏ အသေးစိတ်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်တွင်ဖော်ပြထားသည်။

"ဆေးသိပ္ပံနဲ့ နည်းပညာတက္ကသိုလ်၊ကောလိပ်တွေကတင်ပြခဲ့ဖူးတယ်။ ၂၀၀၈–၂၀၀၉လောက်မှာ။ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်မှာမပါဘဲ သီးခြားရွေးမယ်ပေါ့။ အဲ့ဒီမှာ ဘာအခက်အခဲတွေ့လဲဆိုတော့ ကျောင်းသားတွေအတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ဖို့က အချိန်ငါးလပဲရတယ်။ သူတို့အတွက် အဆင်ပြေတယ်ဆိုပေမယ့် သူတို့ဆီမှာ ကျောင်းဝင်ခွင့်မရဘဲ ပြုတ်လာတဲ့ ကျောင်းသားတွေ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်လာတဲ့အခါအခက်အခဲဖြစ်တယ်။ အဲ့ဒီအတွက် အဆင်မပြေဘဲမလုပ်သင့်ကြောင်းဆုံးဖြတ်ခဲ့တယ်။ အခု အခြေခံပညာ ၁၂ နှစ်နဲ့ဆို အဆင်ပြေနိုင်တယ်။ တက္ကသိုလ်ဝင်ခွင့်စိစစ်ဖို့အတွက် တစ်နှစ်လောက် အချိန်ရမယ်ဆိုရင်ပေါ့။ ကောင်းတဲ့အချက်က ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်တွေကို တကယ်တော်တဲ့ ကျောင်းသားတွေ၊ စိတ်ဝင်စားတဲ့ ကျောင်းသားတွေရောက်လာမယ်။ အခုလည်း ဆေးကျောင်းတက်ပြီး တဖြုတ်ဖြုတ်ကျနေတာတွေ ရှိနေတယ်လေ။ တက္ကသိုလ်ဝင်ခွင့် စိစစ်တဲ့စနစ်ပြောင်းမယ်ဆိုရင် ကိုယ်တကယ်ဝါသနာပါတဲ့ကျောင်းကို တက်ခွင့်ရလာနိုင်ပါတယ်။ ၂၀၁၄–၂၀၁၅ ပညာသင်နှစ်လောက်မှာ ပြောင်းဖြစ်ဖို့များတယ်။ အစိုးရကသူတို့ မပြောင်းခင်မှာ အပြီးလုပ်သွားဖို့ရှိတယ်"ဟု အနှစ်နှစ်ဆယ်ကြာ တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးတာဝန် ထမ်းဆောင်ခဲ့သော အငြိမ်းစားအရာရှိတစ်ဦးကပြောသည်။

တက္ကသိုလ်ဝင်ခွင့်စိစစ်ရေး ပြန်လည်ပြင်ဆင်မည့်လုပ်ငန်းစဉ်များကိုပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းမည့် တက္ကသိုလ်ပညာရေးဥပဒေနှင့်အညီအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အိပ်ချ်အိုင်ဗီရောဂါပိုး အမျိုးသားမှ အမျိုးသမီးသို့ ကူးစက်မှုများလာ

ဝတ်ရည်အောင်

ရန်ကုန်၊စက်တင်ဘာ-၂၈

ခုခံအားကျဆင်းမှု ရောဂါပိုးကူးစက်မှုတွင် အမျိုးသားများမှ အမျိုးသမီးများသို့ကူးစက်မှုသည်အခြားအန္တရာယ်ရှိသည့်အမူအကျင့်များရှိသည့် လူများအကြား ကူးစက်မှုများထက်များပြားလာကြောင်း သတင်းရရှိသည်။


မြန်မာနိုင်ငံတွင် တစ်နေ့လျှင် ခုခံအားကျဆင်းမှု ရောဂါပိုး ကူးစက်ခံရသူ ၂၇ဦးရှိပြီး ထိုလူဦးရေသည် တစ်နာရီလျှင် လူတစ်ယောက်ကျော်နှုန်းဖြင့် ကူးစက်နေခြင်းဖြစ်သည်။

"လူ ၁၀၀ အိပ်ချ်အိုင်ဗီဖြစ်ရင် ၃၀ ရာခိုင်နှုန်းက အမျိုးသားကနေ အမျိုးသမီးကို ကူးတာပဲ။ ကူးတဲ့အထဲမှာ အများဆုံးပဲ။ အရင်က ရောဂါကူးစက်မှု အများဆုံးဖြစ်ခဲ့တဲ့ မူးယစ်ဆေးအကြောထဲ ထိုးသွင်းတဲ့သူတွေထက်တောင် များနေသေးတယ်" ဟု Marie Stopes International မှ ဒေါက်တာစစ်နိုင်ကပြောသည်။

၂၀၁၀ ခုနှစ်တွင် အမျိုးသားမှ အမျိုးသမီးများသို့ ကူးစက်မှု ၃၄ ရာခိုင်နှုန်းမှ ယခုအနည်းငယ်ကျဆင်းလယသည်ဆိုသော်လည်းရောဂါကူးစက်မှုများတွင်မိမိ၏အဖော်အမျိုးသားမှ အမျိုးသမီးများသို့ ကူးစက်မှုများရှိနေဆဲပင်ဖြစ်သည်။

"လွန်ခဲ့တဲ့နှစ် ၂၀လောက်တုန်းက အိပ်ချ်အိုင်ဗီဆိုရင် အမျိုးသားတွေနဲ့ မူးယစ်ဆေးအကြောထဲသွင်းတဲ့ သူတွေလို့ ပြောလို့ရခဲ့ပေမယ့် အခုတော့ အိမ်ထောင်ရှင်မကြီးတွေလည်းပါလာပြီ"ဟု ဒေါက်တာစစ်နိုင်က ဆက်လက်ပြောသည်။

အမျိုးသမီးများသို့ထိုရောဂါပိုး ကူးစက်ရသည့်အကြောင်းများတွင်အမျိုးသားများက ရောဂါပိုးကူးစက်ခံထားရသူများနှင့် အကာအကွယ်မဲ့လိင်ဆက်ဆံခြင်းမှတစ်ဆင့်လည်းကောင်း၊ အချို့ မူးယစ်ဆေးအကြောတွင်းထိုးသွင်းခြင်းကြောင့်ရောဂါပိုးကူးစက်ခံရပြီးနောက် အမျိုးမျိုးသော နည်းလမ်းများဖြင့် အမျိုးသမီးများသို့ ထပ်မံကူးစက်နေကြောင်းသိရသည်။



မြန်မာအမျိုးသမီးများအတွက် တန်ဖိုးသတ်မှတ်ချက် အမျိုးမျိုးထဲတွင် အမျိုးသမီးတစ်ယောက်အနေဖြင့်မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်ပြီး မသိခြင်း၊ မပြောခြင်းကိုလည်းတန်ဖိုးတစ်ခုအနေဖြင့်ထည့်သွင်းထားသည့်အခါ အမျိုးသမီးများအတွက် မိမိလက်တွဲဖော်မှ ရောဂါများ မကူးစက်စေရန်ကာကွယ်ရမည့်အခွင့်အရေးများ ဆုံးရှုံးသွားပြီး ရောဂါပိုးများ ကူးစက်ခံနေရခြင်းဖြစ်ကြောင်း HIV ကာကွယ်ကုသရေးလုပ်ငန်းများဆောင်ရွက်နေသူများအပြင် ပညာရှင်များမှလည်း ထောက်ပြထားသည်။

"မျိုးဆက်ပွားကျန်းမာရေးနဲ့ပတ်သက်ပြီး လူတွေထဲမှာ ပြောမိရင်ကို ဆရာဝန်လည်းဖြစ်တဲ့ ကျွန်မတောင် အပျိုလေးမဟုတ်တဲ့အတိုင်းပဲ ဒါမျိုးတွေလည်း ပြောတယ်ဆိုတာမျိုးတွေ ရှိတယ်" ဟု အဆိုတော်ချစ်သုဝေက World Contraception Day အခမ်းအနားတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

"ကိုယ်နဲ့လိင်ဆက်ဆံတဲ့သူကရောဂါပိုးရှိမှန်း၊မရှိမှန်း ဘယ်သူမှမသိနိုင်ဘူး။ လူတိုင်းက ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ကိုယ့်ကိုယ်ကိုယ်မှာပဲတာဝန်ရှိတယ်လို့ထင်တယ်"ဟုအစိုးရမဟုတ်သည့်အဖွဲ့အစည်းများတွင်အလွတ်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သည့် အမျိုးသားတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

# အိမ်ထောင်ရှင်အမျိုးသမီးတစ်သန်းကျော် သားဆက်ခြားနည်းလမ်းများဝေးနေ

ဝတ်ရည်အောင်

ရန်ကုန်၊

စက်တင်ဘာ - ၂၆

ပြည်တွင်းတွင်ကိုယ်ဝန်ဆောင်နိုင်သည့် အသက်အရွယ်ရှိသည့် အိမ်ထောင်ရှင် အမျိုးသမီးတစ်သန်းကျော်သည် သားဆက်ခြားနည်းလမ်းများ အသုံးပြုမှုအား လက်လှမ်းမမီသေးကြောင်းပြုလုပ်ထားသည့်စစ်တမ်းများအရသိရသည်။

UNODC နှင့် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ပူးပေါင်းပြုလုပ်ထားသည့်စစ်တမ်းများအရ ပြည်တွင်းတွင်ကိုယ်ဝန်ဆောင်နိုင်သည့် အသက်အရွယ်ရှိသည့် အိမ်ထောင်ရှင်အမျိုးသမီး ခုနစ်သန်းခွဲ ခန့်ရှိကြောင်း World Contraception Day တွင် ဒေါက်တာစစ်နိုင်က ထည့်သွင်းပြောကြားသွားသည်။

ထိုလူဦးရေတစ်သန်းကျော်တွင် သားဆက်ခြားခြင်းအတွက် အလိုအပ်ဆုံးလည်းဖြစ်နေသည့် ကျေးလက်ဒေသရှိ အမျိုးသမီးများ လက်လှမ်းမမီသေးခြင်းဖြစ်ပြီး သားဆက်ခြားခြင်းသည် ဖြစ်ပွားမှုများပြားနေဆဲဖြစ်သည့်မိခင်နှင့်ကလေးသေဆုံးမှုနှုန်း ကျဆင်းရေးအပြင် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက်လည်း သက်ရောက်မှုရှိကြောင်း ကမ္ဘာ့သားဆက်ခြားနေ့အခမ်းအနားတွင် Marie Stopes International မှဌာနေကိုယ်စားလှယ်ဒေါက်တာစစ်နိုင်က ထည့်သွင်းပြောကြားခဲ့သည်။

"ပိုပြီး လိုအပ်တဲ့ကျေးလက်က ဒီဝန်ဆောင်မှုကိုမရနေကြဘူး။ ဝန်ဆောင်မှုမရတဲ့အခါကျတော့ ဆင်းရဲတွင်းက တက်လာဖို့ ပိုခက်ခဲတယ်။ ခန့်မှန်းခြေအားဖြင့် ဒီတစ်သန်းကျော်မှာဆိုရင် ၈၀ ရာခိုင်နှုန်းကျော်က ကျေးလက်က အမျိုးသမီးတွေ"ဟု ဒေါက်တာစစ်နိုင်ကပြောသည်။

ကိုယ်ဝန်ဆောင်မိခင် မီးဖွားရင်း သွေးလွန်ခြင်း၊ သားပျက်သားလျှောခြင်း၊ မမွေးဖွားနိုင်ခြင်း၊ ပိုးမွှားဝင်ခြင်း၊ ကိုယ်ဝန်ဆိပ်တက်ခြင်း စသည့်အကြောင်းရင်းများနှင့် ကလေးများတွင်လည်း လမစေ့ဘဲ မွေးဖွားခြင်း၊ အဆုတ်ရောင်ခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ဝမ်းပျက် ဝမ်းလျှောဖြစ်ခြင်း စသည့်အကြောင်းများကြောင့် သေဆုံးနေကြရသည်။

"ကျွန်မတို့ ရပ်ကွက်ထဲမှာတောင် ကလေးတွေတစ်ယောက်ပြီးတစ်ယောက်မွေးနေတဲ့မိသားစုတွေရှိနေတုန်းပဲ။ အဲဒါကို သားဆက်ခြားဖို့ ပြောတဲ့အခါကျရင် မတတ်နိုင်လို့၊ ဘယ်သူက မကြိုက်လို့ဆိုတာတွေ၊ ရေစက်ပါလို့ဆိုတာတွေနဲ့ သားဆက်မခြားတဲ့သူတွေလည်း အခုလို အချိန်ထိရှိနေကြတုန်းပဲ"ဟု ရွှေပြည်သာမြို့နယ်မှ ဒေါ်ညိုညိုကပြောသည်။

သားဆက်ခြားနည်းလမ်းများမှာလည်း အမျိုးမျိုးရှိပြီး နည်းပညာအခက်အခဲများလည်း မရှိသည့် စားဆေး၊ ထိုးဆေးများ ရက်ရှောင်နည်းများကဲ့သို့ နည်းလမ်းများအပြင် သားအိမ်တွင်းအကာအကွယ်ပစ္စည်းထည့်ခြင်း၊ လက်မောင်းအရေပြားအောက်ပစ္စည်းထည့်ထားခြင်း စသည့်နည်းလမ်းများကို အသုံးပြုနိုင်သည်။






# Regional

7DAY NEWS JOURNAL

Vol.11, No.30 • OCTOBER 4 , 2012


## မှိုရှာသူများ သားကောင်နှင့်မှားကာ တူးမီးသေနတ်ဖြင့် ပစ်ခတ်ခံရ

**စိုင်းလှုမင်း**

**ကောလင်း၊စက်တင်ဘာ-၂၉**

ချပ်သင်းဘေးမဲ့တောအတွင်း မှိုရှာရန် ထွက်ခွာလာစဉ် မိုးရွာသဖြင့် အင်ပင်အောက် ခိုနားနေသူများမှာ သားကောင်အမှတ်နှင့် တူးမီးသေနတ်ဖြင့် ပစ်ခတ်ခံရမှု စက်တင်ဘာ၁၆ ရက်က ဖြစ်ပွားခဲ့သည်။

ကောလင်းမြို့နယ် ဆပ်သွား ချောင်းကျေးရွာမှ ကိုမောင်စိုး၊ ကိုငွေမောင်၊မငွေခင်တို့သည်စက်တင်ဘာ၁၆ရက်ညနေ၃နာရီ ၁၅ မိနစ်အချိန်က ချပ်သင်းဘေးမဲ့တောအတွင်း မှိုရှာသွားခဲ့ရာ အင်ပင်အောက်တွင် မိုးခိုနေစဉ်တောထဲမှ ဓာတ်မီးတစ်လက် လှမ်းထိုးပြီး သေနတ်ပစ်ခတ်ခံရသည်။ ကိုငွေမောင် (၃၇)နှစ်သည်ဘယ်လက်မောင်းကျည်ဖောက်ထွက်ပြီး ဘယ်ရင်အုံထိမှန် ပေါက်ပြဲ ဒဏ်ရာဖြင့်လည်းကောင်း၊ မငွေခင်(၃၆)နှစ် ဘယ်ညာ လက်နှစ်ဖက်စလုံး ကျည်ဖောက်ထွက်ဒဏ်ရာနှစ်ချက် ရရှိခဲ့ကြောင်း သိရသည်။

သေနတ်ဖြင့် ပစ်ခတ်သူမှာ ကြေးအင်းရွာနေမောင်ရွှေနှင့် ဆင်းမကျေးရွာနေ သန်းဝင်းတို့ဖြစ်ပြီး သန်းဝင်းထံမှ ၎င်းကိုင်ဆောင်ပစ်ခတ်ခဲ့သော တူးမီးသေနတ်တစ်လက်အားချပ်သင်းဘေးမဲ့တောအတွင်း ဝှက်ထားသည်ကိုတွေ့ရှိခဲ့ပြီး မောင်ရွှေထံမှ ၎င်းကိုင်ဆောင်ပစ်ခတ်ခဲ့သော တူးမီးသေနတ်တစ်လက်ကို ဆင်းမကျေးရွာ အနောက်တောင်ဘက် ဝှက်ထားသည့်နေရာမှ သိမ်းဆည်းရမိခဲ့သည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ ကောလင်းရဲစခန်းမှ မောင်ရွှေ (၃၂)နှစ်၊ ကောလင်းမြို့နယ်၊ ကြေးအင်းကျေးရွာအား (ပ)အမှတ် ၃၄၅/ ၂၀၁၂လက်နက်၁၉(စ)ဖြင့်လည်းကောင်း၊ သန်းဝင်း(၂၄) နှစ်၊ ကောလင်းမြို့နယ်၊ ဆင်းမကျေးရွာအား (ပ)အမှတ် ၃၄၆/ ၂၀၁၂လက်နက်၁၉(စ)အရအမှုဖွင့်အရေးယူ၍ မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ရန် ဆောင်ရွက်နေကြောင်းသိရသည်။

## မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး ပြန်လည်စတင်သော်လည်း လုပ်ငန်းများ နှေးကွေးနေသေး

**မောင်ကံ**

**မောင်တော၊ စက်တင်ဘာ-၂၈**

ဇွန်လအတွင်း ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် မောင်တောနယ်စပ်ကုန်သွယ်ရေးမှ လုပ်ငန်းများ နှစ်လကျော်ခန့် ရပ်နားထားခဲ့ပြီး ဩဂုတ်လ ၂၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း ကုန်သွယ်မှုလုပ်ငန်းမှာနည်းနေကြောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကုန်သွယ်မှုလုပ်ငန်းက ဆူပူအကြမ်းဖက်မှုမဖြစ်ခင်ကလောက် ကုန်သည်တွေ အလုပ်လုပ်တာမျိုး မရှိသေးပါဘူး။ ပြီးတော့ မောင်တောက တင်ပို့ရတဲ့ အဓိကပို့ကုန်ရေငန်ပုစွန်နဲ့ ငါးခြောက်တွေက စစ်တွေကတစ်ဆင့်လာတာများတဲ့အတွက် စစ်တွေနယ်စပ်ကသာ ပို့လိုက်တယ်ဆိုရင် မောင်တောစခန်းက ပို့စရာကုန်က မရှိသလောက် နည်းသွားတယ်။ အဲဒီတော့ ကုန်သွယ်မှုဟာလည်း ကျလာတာပါပဲ"ဟု အထက်ပါအရာရှိက ပြောပြသည်။

မောင်တောနယ်စပ်မှ ပို့ကုန်တင်ပို့ရမှု နည်းနေသော်လည်း တစ်ဘက်မှသွင်း ကုန်တင်သွင်းမှုများ ပိုနေကြောင်းသိရသည်။ အများဆုံးတင်သွင်းရသည့် သွင်းကုန်မှာ ဘိလပ်မြေဖြစ်ပြီး ပွင့်လင်းရာသီတွင် အများဆုံး တင်သွင်းရသည့် ကုန်စည်တစ်မျိုးလည်း ဖြစ်သည်။

## နေပြည်တော်ဒေသ မိုးစပါးများ အပင်ကြီးထွားချိန် ရေပြတ်မှုကြုံ

**သန်းထူး**

**နေပြည်တော်၊**

**စက်တင်ဘာ - ၂၉**

တစ်နိုင်ငံလုံးအတွက် စံပြလယ်ယာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နေပြည်တော်တွင် ဆည်ရေသောက်လယ်များမှအပ အခြားမိုးကောင်းသောက်စပါးစိုက်ခင်းများတွင် အပင်ပွားချိန်၊ ကြီးထွားချိန်ဖြစ်သော ယခုအချိန်တွင် ရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း ဒေသခံလယ်သမားများက ပြောကြားသည်။

စပါးစိုက်ခင်း တစ်ဧကအတွက် ချေးငွေ ကျပ်ငါးသောင်း အထောက်အပံ့ကလွဲပြီး အခြားထောက်ပံ့မှုများ မရရှိသည့်ဒေသမျိုးစိုက် လယ်သမားများ အနေဖြင့် ဆည်ရေမရရှိသည့် အပြင် မိုးပြတ်ရေပြတ်ဖြစ်သော လက်ရှိအချိန်၌ နီးစပ်ရာမြစ်ချောင်းများမှလည်းကောင်း ရေတွင်းရေကန်များမှ ရေစုပ်စက်ဖြင့် ရေတင်ကာ စပါးအထွက်နှုန်း မထိခိုက်ရေးဆောင်ရွက်နေရကြောင်းလည်း သတင်းရရှိသည်။

"ကျွန်တော်တို့ကတော့ အရင်လို ကွင်းကလာတဲ့ ဆည်ရေသောက်ရလို့ ရေမပြတ်ပါဘူး။ ဒါပေမဲ့ တခြားလယ်တွေကတော့ ရေပြတ်ပြီး တချို့ဆို ပက်ကြားအက်နေပြီ"ဟု နေပြည်တော် ပျဉ်းမနားမြို့နယ်မှ လယ်သမားတစ်ဦးဖြစ်သူ ကိုမျိုးလင်းအောင်က ပြောသည်။ ၎င်းလုပ်ကိုင်သောလယ်များသည် ဝန်ကြီးဌာနမှ အပြည့်အဝပံ့ပိုးထားသော ပုလဲသွယ်စိုက်လယ်ကွင်းများနှင့် ဆက်စပ်လျက်ရှိသည့်အတွက် ရေရခြင်းဖြစ်ကြောင်း သိရသည်။

ပျဉ်းမနားမြို့မှ ဆန်စက်လုပ်ငန်းရှင်၊ စိုက်ပျိုးရေးဘွဲ့ရ ကိုနေစိုးကလည်း "အခု မိုးကပြတ်ပြီး လယ်တွေလည်း ရေပြတ်နေလို့ နီးစပ်ရာက ရေသွင်းတယ်ဆိုတာလည်း တစ်ဧကကို သောင်းနဲ့ချီကုန်တယ်။ နောက်ပြီး အများစုမှာ စက်မရှိဘူး။ ဒါကို ဒီအတိုင်းထားရင် သေချာတယ်၊ စပါးအထွက်နည်းတော့မယ်"ဟု ၎င်း၏အမြင်ကိုပြောသည်။

## မန္တလေးစက်မှုဇုန် ကားထုတ်လုပ်မှုအချို့ ရပ်ဆိုင်း



**စိုင်းသာအောင်**

**မန္တလေး၊**

**စက်တင်ဘာ - ၂၈**

မန္တလေးစက်မှုဇုန်(၂) မော်တော်ကားထုတ်လုပ်မှုလုပ်ငန်းများသည် နိုင်ငံတော်၏ ပြောင်းလဲလာသော ကားတင်သွင်းသည့် မူဝါဒများကြောင့် လိုက်ထရပ်ယာဉ်ထုတ်လုပ်မှုတစ်ခုသာရှိပြီး ကျန်မော်တော်ကားထုတ်လုပ်မှုများ ရပ်ဆိုင်းသွားကြောင်း စက်မှုဇုန်မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းရှင်များထံမှသိရသည်။

စက်မှုဇုန်(၂) မော်တော်ကားကြီးများ ထုတ်လုပ်သော ဦးကျော်စွာမိုး (KTS)မော်တော်ယာဉ်ထုတ်လုပ်ရေးက "ကျွန်တော်တို့လည်း အရင်က ဆယ်ဘီး၊ ၁၂ဘီးကုန်တင်ကားကြီးတွေ ထုတ်တာ အောင်မြင်ပါတယ်။ အခုတော့ တရုတ်ဘက်က နောက်တွဲယာဉ်တွေနဲ့ပဲ ကုန်တင်သယ်ပို့ လုပ်နေကြတော့ ဈေးကွက်အရ တွက်ခြေလည်း မကိုက်တော့ဘူး။ မှာတဲ့သူလည်း မရှိတဲ့အတွက် မော်တော်ယာဉ်၊ ကုန်ကားထုတ်လုပ်မှုတွေရပ်ဆိုင်းထားပါတယ်"ဟုပြောသည်။

ယခင် ဂျစ်ထုတ်လုပ်ရေး လုပ်ငန်းရှင်တစ်ဦးက "စက်မှုဇုန်ဂျစ်ကလည်း ဈေးကွက်ပျောက်သွားပြီး အရင် စက်မှုဇုန်ဂျစ် ဈေးကောင်းတုန်းက ကျပ်သိန်း ၁၂၀ ကနေ ကျပ်သိန်း ၁၇၅ သိန်းအထိ ဈေးပေါက်တယ်။ အခု စက်မှုဇုန်ဂျစ်က ကျပ်သိန်း ၄၀ ဝန်းကျင်ပဲဈေးရှိတယ်။ စူပါကက်စတမ်ထုတ်လုပ်မှုကလည်း မူမမှန်တဲ့အတွက် ရပ်ဆိုင်းသွားပါပြီ။ လိုက်ထရပ်ကတော့ ဈေးကွက်ဝင်နေသေးတော့ ထုတ်လုပ်မှုရှိနေပါသေးတယ်။ တချို့ မော်တော်ကားထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေ အလုပ်မဖြစ်တော့လို့ ရမည်းသင်း၊ သပိတ်ကျင်းမြို့နယ်တွေမှာ ရွှေသွားတူးနေကြပါတယ်"ဟု 7Day News သို့ပြောသည်။




7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားရရှိရေး ကန်ဒေါ်လာသန်း ၄၀၀ ကျော်ဖြင့် ဆောင်ရွက်ရန်ရှိ

**သန်းထူး**

**နေပြည်တော်၊ စက်တင်ဘာ - ၂၉**


ရခိုင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၆၀ ကျော် ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရန်အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၄၀၀ ကျော်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှသတင်းရရှိသည်။

စစ်တွေ၊ ကျောက်ဖြူနှင့် ပုဏ္ဏားကျွန်းမြို့နယ်များတွင်တည်ထောင်ဆောင်ရွက်မည့် အဆိုပါလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအား ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်မည်မဟုတ်ဘဲ ပုဂ္ဂလိကကုမ္ပဏီများက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းများတွင် စပါးခွံဓာတ်ငွေ့ဓာတ်အားပေးစက်နှင့် ဂျပန်နည်းပညာ Solar Farm ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်တပ်ဆင်ခြင်းများလည်းပါဝင်ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အား အဓိကထုတ်လုပ်မည့် စီမံကိန်းများမှာမူ ကျောက်ဖြူ ကမ်းလွန်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ မဂ္ဂါဝပ် ၂၀ နှင့် ကျောက်ဖြူ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ မဂ္ဂါဝပ် ၁၀၀ ဖြင့် အသီးသီး ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ထုတ်ပြန်သည်။

ကျောက်ဖြူ ကမ်းလွန်သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံအား ကန်ဒေါ်လာ သန်း ၂၁၀ ခန့်ဖြင့် Zeya & Associates ကုမ္ပဏီကလည်းကောင်း၊ ပုဏ္ဏားကျွန်း ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံအား ရိုးမပါဝါကုမ္ပဏီက ကန်ဒေါ်လာသန်း ၆၀ ခန့်ဖြင့်လည်းကောင်း၊ ကျောက်ဖြူ (100 MW) Gas Turbine Power Plant အား Hexa Int'l, Daewoo Int'l ကုမ္ပဏီက ဒေါ်လာသန်း ၁၂၀ ခန့်ဖြင့်လည်းကောင်း၊ Solar Farm ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်တပ်ဆင်ခြင်းကို Nile စက်မှုကုမ္ပဏီနှင့် မစ်ဆူမီရှီဆိုလာကုမ္ပဏီ (ဂျပန်)တို့က တစ်ယူနစ်လျှင် ၀ ဒသမ ၂၅ ဒေါ်လာနှုန်းဖြင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

အထက်ပါစီမံကိန်းများအတွက် နေပြည်တော်ရှိလျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် စက်တင်ဘာ ၂၁ရက်ကကျင်းပခဲ့သောပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ဆွေးနွေးပွဲ၌ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ယခုဘဏ္ဍာနှစ်အတွက် လိုငွေကျပ် ၂၈ ဒသမ ၂၁ ဘီလီယံရှိဟုဆို

**မောင်တာ**

**မန္တလေး၊ စက်တင်ဘာ- ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်အတွက် လိုငွေကျပ် ၂၈ ဒသမ ၂၁ ဘီလီယံရှိပြီး ဘဏ္ဍာနှစ်ကုန်တွင် ပေးဆပ်ရမည့် ကြွေးမြီပမာဏမှာ ကျပ် ခြောက်ဘီလီယံကျော် (ကျပ်သန်း၆၅၀၆) အထိ ရှိကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်က စက်တင်ဘာ ၂၈ ရက်တွင် ပထမအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးပြောကြားသည်။

“ဒီလိုငွေတွေဟာ တိုင်းဒေသကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်နဲ့ ဆောင်ရွက်လိုသော ဆန္ဒများနဲ့ အမြန်ဆောင်ရွက်ဖို့လိုအပ်နေတဲ့နေရာများမှာ အသုံးပြုဖို့ဆိုပြီး စိစိစစ်စစ်နဲ့ အားလုံးဆောင်ရွက်ပေးခဲ့ကြပြီး ဖြစ်ပါတယ်”ဟု ဦးရဲမြင့်က လွှတ်တော်ကိုယ်စားလှယ်များအား ပြောသည်။

လိုငွေကျပ် ၂၈ ဒသမ ၂၁ ဘီလီယံတွင် ၂၁ ဒသမ ၂၈ ဘီလီယံကို နိုင်ငံတော်မှ ထောက်ပံ့ပေးမည်ဖြစ်ပြီး ၆ ဒသမ ၃၈၅ ဘီလီယံကို ၄ ရာခိုင်နှုန်းအတိုးနှုန်းဖြင့် နိုင်ငံတော်မှ ချေးငွေအဖြစ် သတ်မှတ်ပေးထားကြောင်း ထို့ကြောင့် တစ်နှစ်အတွင်းပြန်ဆပ်ရမည့်ငွေကြေးမှာ ကျပ်သန်း ၆၅၀၆ ဖြစ်ကြောင်း ဦးရဲမြင့်က ရှင်းလင်းပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့နယ်မြေဒေသအတွင်း လိုအပ်ချက်များကို လွှတ်တော်အတွင်း ဆွေးနွေးတောင်းဆိုသဖြင့် ဆောင်ရွက်ပေးခဲ့သော လုပ်ငန်းများအတွက် ယခင်ဘဏ္ဍာနှစ်က ကျပ်၉ ဒသမ ၈၆၂ ဘီလီယံ သုံးစွဲခဲ့ပြီး ယခု ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေသော လုပ်ငန်းများ၏ ကုန်ကျငွေမှာ ၈ ဒသမ ၁၆၂ ဘီလီယံအထိရှိသည်ဟုဆိုသည်။ ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးမှုအတွက်လည်းယခင်ဘဏ္ဍာနှစ်က ဆည်ငယ်၊ကန်ငယ် ၁၉ ခု ငွေကျပ် ၃၆၆ ဒသမ ၅ သန်း ဆောင်ရွက်ဆဲ ဆည်ငယ်၊ ကန်ငယ် ၁၄ ခု ငွေကျပ် ၂၉၈ ဒသမ ၇ သန်း လာမည့် ဘဏ္ဍာနှစ်အတွက် ဆည်ငယ်၊ကန်ငယ် ၁၇ ခု ငွေကျပ် ၂၃၂ ဒသမ ၆ သန်း အကုန်ကျခံ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ တင်ပြတောင်းဆို၍ ငွေ ကျပ် ၃ ဒသမ ၉၅ သန်း အကုန်ကျခံကာ လမ်းဖောက်လုပ်ပေးခဲ့ကြောင်း ဦးရဲမြင့်က ရှင်းပြသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော စနစ်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့သည် ၎င်းတို့အစိုးရအဖွဲ့၏ ဘတ်ဂျက်ကို ကိုယ်တိုင် ရေးဆွဲ၍ ကိုယ်တိုင်အသုံးပြုရပြီး ဘတ်ဂျက်ငွေကို ကိုယ်တိုင်ရှာဖွေရခြင်း ဖြစ်သည်။

**TRADEMARK CAUTION**

WONG MENG SEAN Citizen of Indonesia at JL. KEMANG RAYA NO. 70, KEMANG, JAKARTA SELATAN 12710, INDONESIA is the Owner and Sole Proprietor of the following Trademark:-

The New Zealand International School

Reg: 4/10428/2012

In respect of : “Education services; circular library services, seminar library services, conference, education consultant, courses institute.”

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
Ph : 371990 4.Oct. 2012

# ချင်းအမျိုးသားတပ်ဦး တီးတိန်ရုံးဖွင့်ရာတွင် ဒေသခံများ ကန့်ကွက်မှုနှင့်ကြုံတွေ့

**အောင်နိုင်**

**တီးတိန်၊ စက်တင်ဘာ - ၁၉**

တီးတိန်မြို့တွင် ချင်းအမျိုးသားတပ်ဦး (CNF) ၏ဆက်ဆံရေးရုံးဖွင့်လှစ်ခြင်းကို ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ပွဲကို ဒေသခံများက စက်တင်ဘာ ၂၅ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

"ပြည်သူတွေကိုလည်း ရှင်းပြထားခြင်းမရှိဘူး။ မြို့ပေါ်မှာ ရုံးကိုဝုန်းခနဲလာဖွင့်တော့ ငြိမ်းချမ်းရေးကိုအကြောင်းပြပြီး ကိုယ်ကျိုးရှာမှာကို ပြည်သူတွေ စိုးရိမ်နေကြပြီ " ဟု ဆန္ဒထုတ်ဖော်သူများ၏ ပြောရေးဆိုခွင့်ရှိသူ ကိုမုံလက်က ပြောသည်။

ဆန္ဒထုတ်ဖော်ပွဲကို တရားဝင်ခွင့်ပြုချက်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဆန္ဒထုတ်ဖော်မှုကို မူလခွင့်ပြုချိန် တစ်နာရီမှ နှစ်နာရီအထိ သက်ဆိုင်ရာကအချိန် တိုးမြှင့်ပေးခဲ့ကြောင်းဒေသခံများကပြောသည်။

ချင်းအမျိုးသားတပ်ဦး၏ တာဝန်ရှိသူတစ်ဦးက ပါတီ၏ မူဝါဒကို ဦးစွာချပြထားလျှင် ကန့်ကွက်ကြမည် မဟုတ်ကြောင်း အချို့သော လူငယ်များအနေဖြင့် ၎င်းတို့အပေါ် နားလည်မှုနည်းနေ၍ ကန့်ကွက်ခြင်းဟုထင်ကြောင်း ပြန်လည်ပြောဆိုသည်။

"EC ရဲ့ဆုံးဖြတ်ချက်အတိုင်း ရုံးဖွင့်တာပါ။ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးချက် အမှတ်စဉ် သုံးမှာလည်း ဆက်ဆံရေးရုံးဖွင့်ဖို့လိုပါတယ်" ဟု ချင်းအမျိုးသားတပ်ဦး ဒုတိယတာဝန်ခံ ဦးမန်လိုင်းက ပြောသည်။

ချင်းအမျိုးသားတပ်ဦးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဒုဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးဦးအောင်မင်း ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့တို့သည် ၂၀၁၂ ခုနှစ် မေ ၇ ရက်တွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**ချင်းပြည်နယ်တွင်းတစ်နေရာ** ဓာတ်ပုံ - အေးသူစံ

# မန္တလေးမြို့တွင် ဒစ်ဂျစ်တယ်လျှပ်စစ်မီတာများ စတင်တပ်ဆင်

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ - ၂၈**

မန္တလေးမြို့တွင် ဒစ်ဂျစ်တယ်လျှပ်စစ်မီတာများကို မဟာအောင်မြေမြို့နယ်မှ စတင်တပ်ဆင်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ရုံးမှသိရသည်။ မန္တလေးတိုင်းဒေသကြီးလျှပ်စစ်ရုံးမှ တာဝန်ရှိသူတစ်ဦးက "မန္တလေးတိုင်းဒေသကြီး မန္တလေး မြို့မှာ မဟာအောင်မြေမြို့နယ်က စတင်တပ်ဆင်တာပါ။ တပ်ဆင်တာ နှစ်လအတွင်း ဒစ်ဂျစ်တယ်လျှပ်စစ်မီတာ ၃၅,၀၀၀ လောက်တပ်ပြီးပါပြီ။ ဒီစနစ်က နိုင်ငံတကာမှာ ကျင့်သုံးနေပါပြီ။ လျှပ်စစ်ဝန်ထမ်းကရော သုံးစွဲသူကပါ မသမာမှုမလုပ်နိုင်တော့ပါဘူး။ ဒစ်ဂျစ်တယ်လျှပ်စစ်မီတာတွေကို အိမ်တွေမှာ တပ်ဆင်မထားပါဘူး။ သူတို့သွယ်တန်းတဲ့လျှပ်စစ်တိုင်မှာ တပ်ဆင်ပေးတာပါ" ဟုပြောသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒစ်ဂျစ်တယ်လျှပ်စစ်မီတာများကိုနေပြည်တော်လယ်ဝေးတွင် ပထမဦးဆုံးတပ်ဆင်ပြီး ဒုတိယ မန္တလေးမြို့နှင့် မန္တလေးမြို့ပြီးပါက တောင်ကြီးမြို့တွင် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# ပြည်ကြီးတံခွန်ဈေး အဆင့်မြှင့်မည်

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ- ၂၉**

ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေးလမ်းဘေးရှိ ပြည်ကြီးတံခွန်ဈေးကို အဆင့်မြှင့်တင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မောင်းကပြောသည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး(အဌမနေ့)တွင် ပြည်ကြီးတံခွန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှ၏ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဘေးရှိ တံခွန်တိုင်ဈေးသည် မြို့နယ်အတွင်းရှိ အခြားသော ဈေးများထက် ပိုမိုစည်ကားသော ဈေးဖြစ်သည့်အတွက် အဆင့်မြင့်ဈေးအဖြစ် မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဝန်ကြီးက ဖြေကြားခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးက ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် တံခွန်တိုင်ဈေးကို ယခု အဆင့်မှ မြှင့်တင်၍ တိုက်ခန်းများနှင့်အတူ ဈေးဖွင့်လှစ်နိုင်ရန် ဆောက်လုပ်ရေး ကုမ္ပဏီများကို အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ကြောင်း ဖြေကြားသည်။ ဈေးအဆင့်မြှင့်တင် ဆောက်လုပ်မည်ဆိုပါက ယာယီဈေးနေရာကို ဈေးရောင်းကောင်းနိုင်မည့်နေရာ ရွေးပေးစေလိုကြောင်း၊ ဈေးအသစ်ဖြစ်သွားလျှင်လည်း နေရာပြန်လိုချင်ကြောင်း တံခွန်တိုင်ဈေးတွင် ဈေးရောင်းနေသူအချို့က ပြောကြားသည်။

တံခွန်တိုင်ဈေး ဈေးရုံးမှ တာဝန်ရှိသူတစ်ဦးက "ယာယီဈေးနေရာကို ဈေးရောင်းလို့ ကောင်းမယ့်နေရာ ရှာနေပါတယ်။ တည်ဆောက်မယ့် လုပ်ငန်းစဉ် အသေးစိတ်ကတော့ မသိရသေးပါဘူး" ဟု ပြောသည်။ တံခွန်တိုင်ဈေးတွင် ပလိပ်၊ စဥ့်ကိုင်၊ တောင်သမန်ဘက်မှ ဈေးသည်ဦးရေ ၇၀၀ ဝန်းကျင်ခန့်က သား၊ ငါးနှင့် အသီးအနှံများ လာရောက် ရောင်းချနေကြသည်။ တံခွန်တိုင်ဈေးကို နိုင်ငံခြားသား ခရီးသွားဧည့်သည်များလည်း လာရောက်လေ့လာလေ့ရှိကြောင်း ဈေးဥက္ကဋ္ဌဦးစန်းယုက ပြောသည်။

တံခွန်တိုင်ဈေးသည် ဆိုင်ခန်းပေါင်း ၅၀၀ ကျော်ရှိသည့် တစ်ထပ်ဈေးတစ်ခုဖြစ်ပြီး ပိတ်ရက်မရှိသည့် ဈေးတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**အယ်ဒီတာထံပေးစာ**

# ဟသ်ာတချစ်သူလမ်းကြားမှ စုံတွဲတစ်တွဲ အသတ်ခံရမှု ဖမ်းမိသတင်း ဖော်ပြချက်အပေါ် ကျန်ရစ်သူမိသားစု၏ ရှင်းတမ်း

**မိခင်ဒေါ်အေးချို**

၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်ထုတ် 7Day News ဂျာနယ်၊ အတွဲ(၁၁)အမှတ်(၂၇)၌ဖော်ပြပါရှိသည့် သတင်းထောက်ရွှေလရောင်၏ ဟသ်ာတချစ်သူလမ်းကြားမှ စုံတွဲတစ်စွဲ အသတ်ခံရမှု ဖမ်းမိ၊ မိုက်ဖော်မိုက်ဖက် သူငယ်ချင်းအား နာကြည်းချက်ဖြင့် လက်စားချေခြင်းဖြစ်ကြောင်း တရားခံဝန်ခံဆိုသည့် သတင်းဖော်ပြချက်မှာ အကြောင်းအချက် ခိုင်ခိုင်လုံလုံစုံစမ်းထောက်လှမ်းရယူခြင်းမဟုတ်သော ရေးသားဖော်ပြချက်များသာ ဖြစ်ပါသည်။

သတင်းပါ "တရားခံချမ်းမြေ့(ခ)သံချောင်းသည်ယခုအသတ်ခံရသူကျော်မင်းထွန်း၏ သူငယ်ချင်းတစ်ဦးဖြစ်ကြောင်း၊ ၂၀၀၂ ခုနှစ်က ချမ်းမြေ့(ခ)သံချောင်းနှင့် ကျော်မင်းထွန်းတို့ နှစ်ဦးသည် လုယက်မှုအတူကျူးလွန်ခဲ့ကာ ချမ်းမြေ့(ခ)သံချောင်းက ဖမ်းမိချိန်တွင် မိမိတစ်ဦးတည်း ကျူးလွန်ပါသည်ဟု ဝန်ခံပြီး ထောင်ဒဏ်ငါးနှစ် ကျခံခဲ့ဖူးကြောင်း၊ ထောင်ကျနေစဉ် ကျန်နေရစ်သည့် မိသားစုကိုစောင့်ရှောက်ပေးရန် ယခုအသတ်ခံရသူ ကျော်မင်းထွန်းအားမှာကြားခဲ့ပြီး" ဆိုသည်မှာ မှန်ကန်ခြင်းမရှိပါ။

၂၀၀၂ ခုနှစ် အခင်းဖြစ်နှင့် သက်ဆိုင်သူများမှာ ယနေ့ထက်တိုင် သက်ရှိထင်ရှားရှိနေပါသည်။ လုယက်မှုကျူးလွန်စဉ်က တရားလိုများ၏ ရွှေထည်ပစ္စည်းနှင့် အခြားပစ္စည်း အားလုံးကို တရားခံထံမှ သိမ်းဆည်းရမိခဲ့သည်မှာ အများသိပါသည်။

ယခုပြစ်မှုကျူးလွန်သူဟုဆိုသူ ကိုယ်တိုင်ဝန်ခံချက်ကြောင့် ပြစ်ဒဏ်ကျခံပြီးလည်းဖြစ်ပါသည်။ သတင်းထောက်ရေးသားသကဲ့သို့ မိုက်ဖော်မိုက်ဖက် သူငယ်ချင်းဆိုသည်မှာလည်း မှန်ကန်ခြင်းမရှိပါ။ ကွယ်လွန်သူသည် ပြစ်မှုကျူးလွန်သူနှင့် တစ်ရပ်တည်း နေထိုင်ကြသူများ မဟုတ်ပါ။ တစ်ရွာစီ၊ တစ်ရပ်ကွက်စီနေထိုင်ကြသူများဖြစ်ပါသည်။ ကိုကျော်မင်းထွန်းမှာ အခြေခံပညာအထက်တန်းကို ၂၀၀၀ ပြည့်နှစ်တွင် အောင်မြင်ပြီး ဟသ်ာတတက္ကသိုလ်၌ ပညာဆက်လက်သင်ယူကာ သိပ္ပံဘွဲ့ကို ၂၀၀၅ ခုနှစ်တွင် ရရှိအောင်မြင်ခဲ့သူတစ်ဦးဖြစ်ပါသည်။ အကျင့်စာရိတ္တကောင်းမွန်သူတစ်ဦးဖြစ်ပြီး ဟသ်ာတမြို့ မြန်မာ့မီးရထား(ဘူတာ)၌ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါသည်။

ထို့အပြင် လက်စွပ်၊ ဟန်းဖုန်းနှင့် ဓားတို့အားရေထဲတွင် လွှင့်ပစ်ခဲ့ကြောင်း ရေးသားထားပါသည်။ ရေဝတီသတင်းဂျာနယ်တွင် ကိုဌေး(ဟသ်ာတ)၏ရေးသားချက်၌ 'ချမ်းမြေ့(ခ)သံချောင်း၏ ပါးစပ်အတွင်းမှတစ်စုံတစ်ရာ ထွေးထုတ်လိုက်သည်ကိုတွေ့ရှိရသဖြင့် ရဲတပ်ဖွဲ့ဝင်များမှ စစ်ဆေးရာ သေဆုံးသူ ကျော်မင်းထွန်း၏ လက် စွပ်ကို ဖြုတ်ယူလာကြောင်း' ဟု ရေးသားဖော်ပြထားပြန်ပါသည်။

သတင်းထောက်နှစ်ဦး၏ ရေးသားဖော်ပြချက် ကွဲလွဲနေမှုကို ထောက်ရှုခြင်းဖြင့် သတင်းတစ်ခုကို မှန်မှန်ကန်ကန်ပြည့်စုံစွာ ဖော်ပြရေးသားခြင်းမဟုတ်ကြောင်း ထင်ရှားပါသည်။

သေဆုံးသူမှာရိုးသားပြီး မိဘကို လုပ်ကိုင်ကျွေးမွေးနေသူတစ်ဦးဖြစ်ပါသည်။ သတင်းကို တရားခံ၏ ရဲစခန်းထွက်ချက်အတိုင်း ရေးပြီး တရားလိုမိသားစုဘက်ကို မေးမြန်းရေးသားခြင်းမရှိ၍ သားဖြစ်သူ အသတ်ခံရသည့်အပြင် ကျန်ရစ်သူမိခင်နှင့် ညီမတို့မှာ အရှက်ရစရာဖြစ်ပါသည်။ အမှုမှန်မှာ ရာဇဝတ်မှုကျူးလွန်သူအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဖော်ထုတ်တရားစွဲတင်ပို့ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

ဒဂုံအရှေ့ပိုင်းနှင့် ဒဂုံတောင်ပိုင်းမြေကွက်များ ရင်းနှီးမြှုပ်နှံလိုသူများအတွက် (ပေ ၄၀×ပေ ၆၀)မြေတစ်ကွက်လျှင် ၁၀သိန်းမှ သိန်း ၃၅၀ အထိ စုံစမ်းနိုင်သည်။
ဦးကျော်ဝင်းစိန်(ဒီပဲယင်း)
ဇမ္ဗူသဂ်ဟအိမ်ခြံမြေ
ဖုန်း-၀၉-၇၃၂၃၄၉၄၅၊ ၀၉-၇၃၂၃၁၃၈၈

ကျိုးပေါင်းရောဂါ
စူးကိုက်၊ အတွင်းနာ၊ အကြောလိုက်၊ ထုံကျဉ်မှု ကုသပေးသည်။
ဆရာအိုင်ခင်ဇော်၊ ဆရာမဒေါ်အေးအေးသိန်း ဖုန်း-၀၉ ၇၃၀၁၅၂၁၅
အေးသစ္စာဆေးခန်း - ဂိုဒေါင်ကျော်ဘက် အင်းစိန်အဝေးပြေး ရန်ကုန်မြို့
ဆေးခန်းဖွင့်ချိန် - နံနက်(၉)နာရီမှ ညနေ(၆)နာရီ
သီတာမင်းဆေးခန်း - ဘုရင့်နောင်ဘက် J'DONUT ရှေ့ ရန်ကုန်မြို့
ဆေးခန်းဖွင့်ချိန် - ကြာသပတေး၊ သောကြာ၊ စနေနေ့လည်(၁)နာရီမှညနေ(၅)နာရီ။

သူနာပြုဆရာမ(၁)ဦးအလိုရှိသည်
မဟာစည်သာသနာ့ရိပ်သာရှိ ဆေးခန်းအတွက် သူနာပြုဆရာမတစ်ဦး အလိုရှိပါသဖြင့် လျှောက်ထားရန် ဖိတ်ခေါ်ပါသည်။
ရိပ်သာတွင် နေထိုင်ရန်စီစဉ်ပေးနိုင်ပါသည်။ အငြိမ်းစား သူနာပြုဆရာမများလည်း လျှောက်ထားနိုင်ပါသည်။ လျှောက်ထားလိုသူများသည် ကြော်ငြာသည့်နေ့မှ(၁၀)ရက်အတွင်း လူကိုယ်တိုင် အထောက်အထားစာရွက်စာတမ်းများဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။
လျှောက်ထားရန် -
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ အမှတ်(၁၆)သာသနာ့ရိပ်သာလမ်း၊
မဟာစည်သာသနာ့ရိပ်သာ၊ ဗဟန်း(ဟာမစ်တစ်)၊ ရန်ကုန်မြို့။
ဖုန်း-၅၄၁၉၇၁၊ ၅၄၅၉၁၈၊ ၀၉-၄၂၁၀၄၅၇၄၇ (နံနက် ၉း၀၀ နာရီမှ ညနေ ၄ နာရီအတွင်း)

7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# မန်းတိုင်းလွှတ်တော်ကိုယ်စားလှယ်များ ပြည်သူကြားထဲဆင်းရန် လွှတ်တော်ဥက္ကဋ္ဌ တိုက်တွန်း

**မောင်တာ**

**မန္တလေး၊ စက်တင်ဘာ- ၂၉**

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များကို ပြည်သူများနှင့် တွေ့ဆုံခြင်း မပျက်မကွက် ဆောင်ရွက်ကြရန်၊ ပြည်သူ့ဆန္ဒလိုအပ်ချက်များကို မှတ်သားဖြည့်ဆည်းပေးကြရန်နှင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းချက်များကို ပိုမိုကျေညက်အောင် လေ့လာပြီး ပြဋ္ဌာန်းချက်များနှင့် ကျင့်သုံးဆောင်ရွက်နိုင်ရေး ကြိုးစားကြရန် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမောင်က ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နောက်ဆုံးနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များကို တိုက်တွန်းပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ အခြေခံကျသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော မိမိတို့၏ ဒေသဆိုင်ရာ ပြည်သူများထံသို့ လွှတ်တော်အတွေ့အကြုံများ ဆွေးနွေးတင်ပြခြင်း၊ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို မပျက်မကွက် ဆောင်ရွက်ကြရန်နှင့် ထိုမှတစ်ဆင့် ပြည်သူ့ဆန္ဒလိုအပ်ချက်များကို နာယူမှတ်သား၍ ဖြည့်ဆည်းပေးကြရန် ဦးဝင်းမောင်က စက်တင်ဘာ ၂၈ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်က အချို့အချက်များတွင် လွှတ်တော်ကိုယ်စားလှယ်များမှာ ကန့်သတ်ချက်ကို ကျော်လွန်၍ ဆွေးနွေးမှုများရှိခဲ့ပြီး လွှတ်တော်၏ အဆင့်အတန်း လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များသည် မှားသည့်ဘက်သို့ ရောက်သွားနိုင်ကြောင်း ဆွေးနွေးသည်။

ယခင်နှစ်က မန္တလေးမြို့ ရပ်ကွက်တော်တော်များများ ရက်ရှည်ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များမှ လူထုသို့ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးမှု အားနည်းခြင်းကို ဝေဖန်မှုများ ရှိခဲ့ပြီး ယခု ကျူးကျော်ကိစ္စ၊ လယ်ယာမြေသိမ်းယူမှုများတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များမှ လူထုနှင့် ထိတွေ့မှု အားနည်းခဲ့သည်ဟု ဝေဖန်မှုများ ရှိနေသည်။

ပထမအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော်စတုတ္ထပုံမှန် အစည်းအဝေးကို စက်တင်ဘာ ၂၈ ရက်တွင် ရပ်နားခဲ့ပြီး အဆို ၁၂ ခု တင်သွင်း၍ ဆွေးနွေးဆုံးဖြတ်ခြင်း မေးခွန်း ၂၀၀ ကျော် မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခုနှင့် နည်းဥပဒေတစ်ခုကို လွှတ်တော်က အကြံပြုဆွေးနွေး အတည်ပြု ဆုံးဖြတ်နိုင်ခဲ့ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်ကပြောသည်။

# မြောက်ယမားချောင်းရေဘေးကြောက်၍ ပြောင်းရွှေ့နေသူများ သောက်သုံးရေအခက်ကြုံ



မြောက်ယမားချောင်း

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ - ၂၉**

မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ ရွှေပန်းခိုင် ကျေးရွာတွင် မိုးတွင်းကာလ မြောက်ယမားချောင်း ရေဘေးကြောက်ရွံ့၍ ဝါတွင်းကာလအတွင်းကျေးရွာသစ်သို့ ပြောင်းရွှေ့နေထိုင်သူများ သောက်သုံးရေအခက် ကြုံတွေ့ခဲ့ရကြောင်း ရွှေပန်းခိုင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဆန်းတင်က ပြောကြားခဲ့သည်။

"ပြီးခဲ့သည့်နှစ်က ရွာလုံးကျွတ်ရေမြုပ်သွားလို့ တစ်ရွာလုံး ရေဘေးသင့်ခဲ့တယ်။ ဒီနှစ်လည်း တောင်ကျချောင်းတွေ ရေယဉ်ရိုးတွေက ရေတွေဝင်လို့ ရွာထဲမှာ ပေါင်လယ်လောက်အထိ ရေရောက်ခဲ့တယ်။ ဝါတွင်းမှာ အိုးအိမ်အသိုက်အမြုံမပြောင်းရဘူးလို့ အယူအဆတွေရှိပေမယ့် ရေဘေးကြောက်လို့ ပြောင်းရွှေ့တဲ့ အိမ် (၂၀) နီးပါးရှိတယ်" ဟု အုပ်ချုပ်ရေးမှူး ဦးဆန်းတင်က ပြောကြားခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်သီတင်းကျွတ်လပြည့်ကျော် (၇) ရက်နေ့တွင် မြောက်ယမားချောင်းရေမြင့်တက်မှုကြောင့် ရွှေပန်းခိုင်ကျေးရွာအတွင်း ရေစီးဖြင့် လဲပြိုသွားသော နေအိမ်တစ်ခုတွင်ပိတ်မိ၍ မိသားစုဝင် လူငါးဦးသေဆုံးခဲ့ရသည့် ဖြစ်ရပ်အားကိုယ်တိုင်ကြုံတွေ့ခဲ့ရပြီး နှစ်စဉ် မြောက်ယမားချောင်းရေဘေးကြုံတွေ့ရမည်စိုးရိမ်သဖြင့် ရေဘေးလွတ်ရာကုန်းမြင့်သို့ ပထမဆုံး ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း ဦးဆန်းတင်က ဆက်လက်ပြောကြားခဲ့သည်။

# ဆားတင်ပို့မှုရပ်ဆိုင်းထားရာမှ ဘင်္ဂလားဒေ့ရှ်သို့ တန်ချိန်တစ်သောင်းတင်ပို့မည်

**မောင်ကံ**

**မောင်တော၊စက်တင်ဘာ- ၂၈**

လွန်ခဲ့သည့် ၂၀၀၅ ခုနှစ်ခန့်မှ တင်ပို့မှုရပ်ဆိုင်းထားသည့် ဆားများကို စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ယခုလ ဒုတိယပတ်တွင် စတင်တင်ပို့နိုင်ခဲ့ကြောင်း စစ်တွေမြို့မှ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်နေသူများက ပြောကြားသည်။

လက်ရှိစစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်သို့ဆားတန်ချိန် ၃,၀၀၀ ကျော်တင်ပို့ထားပြီး တစ်ပိဿာလျှင် ၆၀ ကျပ်ဈေးဖြင့်တင်ပို့ခြင်း ဖြစ်ကြောင်း သိရသည်။ နောက်ထပ်တန်ချိန် ၇,၀၀၀ ကိုလည်း ဆက်လက်တင်ပို့သွားမည်ဖြစ်ပြီး စုစုပေါင်းတန်ချိန် ၁၀,၀၀၀ ကို ယခုနှစ်တွင် တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း ဆိုသည်။

ရခိုင်ပြည်နယ်သည် နေလှန်းဆားကို အများအပြား ထုတ်လုပ်နိုင်သော်လည်း ဈေးကွက်မရှိသည့်အတွက် ဆားကွင်းလုပ်ကိုင်သူများမှာ ဆားထုတ်လုပ်ခြင်းလုပ်ငန်းများ စွန့်လွှတ်လာကြကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်း နေလှန်းဆား အများအပြားထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ရခိုင်ဒေသ၏ ဆားဈေးကွက်မှာ မရေမရာဖြစ်နေသည်။

**TRADEMARK CAUTION**

Wix Filtration Corp LLC, a company incorporated in Delaware USA at 1 Wix way, Gastonia, north Carolina 28054 USA is the Owner and Sole Proprietor of the following Trademark:-

**WIX**

**Reg: 4/9290/2012**

In respect of : " Automobile replacement parts; filters (for machines and engines), filter cartridges, filter apparatus and equipment (machinery and engines), all sorts of filters and filter cartridges, including vehicles, apparatus for locomotion by land, air or water, oil filters, air filters, fuel filters, coolant filters, transmission filters, hydraulic filters for engines, air pollution devices for engines and machinery."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 4.Oct.2012

**SHINE Construction Co.,Ltd.**
(Member of Shine Group of Companies)

၁။ အောက်ဖော်ပြပါလုပ်ငန်းများအတွက်ကျွမ်းကျင်Subကန်ထရိုက်တာ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများအလိုရှိသည်–

(က) သံချည်၊ သံကွေးလုပ်ငန်း
(ခ) လက်သမားလုပ်ငန်း
(ဂ) ပန်းရံလုပ်ငန်း
(ဃ) ဆေးလုပ်ငန်း(အတွင်း/အပြင်)
(င) ရေ၊မီးလုပ်ငန်း

၂။ လျှောက်လွှာများကို ၁၀– ၁၀– ၂၀၁၂ရက်နေ့နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

အထက်ဖော်ပြပါလုပ်ငန်းများအား လုပ်ကိုင်ရန်လျှောက်ထားလိုသူများသည် မိမိတို့လုပ်ငန်းနှင့်ပတ်သက်ပြီး ပစ္စည်း၊ လက်ခဈေးနှုန်း(သို့)လက်ခဈေးနှုန်းများကိုဖော်ပြပါအချက်များနှင့်အတူ ဓါတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ထောက်ခံစာနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍တစ်ပါတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ–အမှတ်( ၂၉ )၊ မြေညီထပ်၊ ဂျီးဖြူကွန်ဒို၊ ဂျီးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
**(အောင်ဆန်းကွင်း အထူးတန်းရှေ့)**
**Tel: 01-385340 ~ 4, Ext;225,235**

**အထူးကျေးဇူးတင်ရှိခြင်း**

(၉-၉-၂၀၁၂)တနင်္ဂနွေနေ့တွင် ***"အဘအောင်မင်းခေါင်"*** ၏ ထွက်ပွဲ၊ အောင်ပွဲ၊ ပူဇော်ပွဲကို လုထောင်သောင်းများစွာအောင်မြင်စည်ကားအောင်အဖက်ဖက်မှ ဝိုင်းဝန်းကူညီပါရမီဖြည့်ကြသော ဆရာလေး၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များအားငှင်း။ ဦးအောင်ထွန်း+ဒေါ်ခင်ခင်ထွေး(ရွှေသရဖူဗျော်ရည်)မိသားစု၊ ကိုစိုး (Comfort Inn)မိသားစု၊ အောင်စတိုး(မ/ဥက္ကလာ)မိသားစုနှင့် ထိုင်းနိုင်ငံဗန်ကောက်မြို့မှဒါယိကာမကြီး ဒေါ်အုန်းငွေကိုငှင်း၊ မြန်မာ လေကြောင်းမှဦးကျော်စိုး မိသားစုနှင့် တပည့်များအားငှင်း၊ ရုပ်ရှင် အနုပညာရှင်များအားငှင်း၊ ဘုရင့်နောင်မှ ဦးကျော်သန်း နှင့်အဖွဲ့အားငှင်း၊ ဆရာလေး၏ တပည့်သားသမီးများအားငှင်း၊ စန္ဒာရားဦးငွေစိုး၊ စန္ဒရား ဦးတင်ဝင်းလှိုင်၊ ဦးရန်ပိုင်စိုး၊ ရှာစားကျော်စိန်လှမြိုင်၊ ရှာစားကျော်မြစည်သူနှင့်ဟီးဝိုင်းအဖွဲ့သားများအားငှင်း၊ အသံဖမ်းဦးတင်ထွဋ်နှင့် အဖွဲ့သားများအားငှင်း၊ ငွေသဇင်မင်းယဲဆီသန့်နှင့်အဆိုတော်အဖွဲ့သားများအားငှင်း၊ အလှူပွဲကြီးပြီးဆုံး သည်အထိ အစစအရာရာဝိုင်းဝန်းကူညီကြသော တပည့်များအားငှင်း၊ အနယ်နယ် အရပ်ရပ်မှ လာရောက်ကြသော ရပ်နီးရပ်ဝေးမှဒါယကာဒါယိကာမအပေါင်း အားငှင်း၊ ပန်းအလှအလှူရှင် ဒေါ်တင်တင်အေး(ညောင်ပင်လေးဈေး)မိသားစုအားငှင်း၊ ထိုင်း၊စင်္ကာပူ၊ ဂျပန်၊ နယူးဇီလန်၊ ဟောင်ကောင်၊ ဩစတြေးလျ၊ အမေရိကန်နိုင်ငံတို့မှ တကူးတကလာရောက်ပူဇော်ကြသော ဒါယကာ၊ ဒါယိကာမများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

("အဘ"အား လူများ၍မဖူးလိုက်ရဘဲပြန်သွားကြသော အဘ၏ သား သမီး များအားအထူးတောင်းပန်အပ်ပါသည်။)

**ယောက်ကော်ဆရာလေးအမှာညီအစ်မနှင့် တပည့် သားသမီးများ**
အမှတ်(၃၄)၊ ဝေဠုဝန်လမ်း၊ သယ်န်းကျွန်း၊ ဖုန်း -၀၁-၅၇၁၆၆၈

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိပ်ခေါင်းရောဂါကုသခြင်း**

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ–အမှတ်(၅၅)၊ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်–၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း–၀၉ ၄၀၁ ၅၈၅၉၄၅

# ထိုင်းသို့ အလုပ်သမားစေလွှတ်ခွင့်ရသော အေဂျင်စီများ လိုင်စင်ကြေး ကျပ်သိန်း ၅၀ သွင်းရမည်

**အေးမြတ်သူ**

**ရန်ကုန်၊စက်တင်ဘာ - ၂၉**

ထိုင်းနိုင်ငံသို့ မြန်မာလုပ်သား တရားဝင်စေလွှတ်ရန်ရွေးချယ်ထားသောအေဂျင်စီ ၄၉ ခုသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား ကျပ်သိန်း ၅၀ ဖြင့်စာချုပ်ချုပ်ဆိုရမည်ဖြစ်ကြောင်း နေပြည်တော်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

ရွေးချယ်ထားသောအေဂျင်စီများအနေဖြင့် ယခုနှစ်အောက်တိုဘာလအတွင်း လုပ်ငန်းလိုင်စင်ရရှိမည်ဖြစ်ရာ လုပ်ငန်းလိုင်စင်နှင့်ပတ်သက်၍ထိုင်း-မြန်မာနှစ်နိုင်ငံ အစည်းအဝေး ပြုလုပ်ပြီးနောက် ထုတ်ပေးမည်ဖြစ်ကာ ထိုင်းနိုင်ငံဘက်က အစည်းအဝေးရက် ရွှေ့ဆိုင်းမှုကြောင့် နှစ်လနီးပါး ခန့်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

“အခု အေဂျင်စီ ၄၉ ခုကို တော့တရားဝင်အေဂျင်စီအနေနဲ့ ကြေညာထားတယ်။ လုပ်ငန်းမပြောင်းဘူးဆိုတော့ဆက်လုပ်ပေ့ါ။ လိုင်စင်ရဖို့ ကြာနေတာကထိုင်းဘက်က ရက်ရွှေ့နေလို့ ကြာနေတာ” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ထို့ပြင် ထိုင်းနိုင်ငံသို့ ယခင်မြဝတီနယ်စပ်မှ စေလွှတ်ရန် ကျန်ရှိနေသေးသည့် မြန်မာလုပ်သားများကိုလည်း ယခု အစီအစဉ်သစ်မစတင်မီအပြီး ပို့ဆောင်လျက်ရှိရာ Today Top Star Trainning Center မှ အလုပ်သမား ၁၀၀ ခန့်ကို စက်တင်ဘာလ ၂၈ ရက်တွင် ထိုင်းနိုင်ငံ I.S.A Value ငါးသေတ္တာစက်ရုံမှ ထိုင်းလုပ်ငန်းရှင်ကိုယ်တိုင် လာရောက်ခေါ်ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

“မူလ အဟောင်းတုန်းက ခေါ်ဖို့ကျန်တာတွေကို အစီအစဉ်သစ်မတိုင်ခင်စပ်ကြား အပြီးလုပ်ပေးနေတာ” ဟု ၎င်းကပြောကြားသည်။

ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်သူများအနေဖြင့် ဝန်ဆောင်ခအဖြစ် အေဂျင်စီအား ကျပ်တစ်သိန်းပေးရမည်ဖြစ်ပြီး ထိုင်းနိုင်ငံဘက်မှ ကုန်ကျစရိတ် ဘတ်တစ်သောင်းအတွက် အလုပ်ရှင်အား အရစ်ကျပေးချေသွားရမည်ဖြစ်သည်။

# အွန်လိုင်းမှ အလုပ်ရှာနိုင်တဲ့ အခမဲ့ ဝက်ဘ်ဆိုက်

**နိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ - ၂၇**

အလုပ်ရှာဖွေသူများ၊ အလုပ်ခန့်ထားမည့် လုပ်ငန်းရှင်များအတွက် အလုပ်အကိုင်များ လွယ်ကူစွာရှာဖွေနိုင်ရန် အခမဲ့အကျိုးဆောင်ပေးသည့် ဝက်ဘ်ဆိုက် www.work.com.mm အား လွှင့်တင်ထားသည်။

အလုပ်ရှာဖွေနေသူများအနေဖြင့် ၎င်းတို့၏ကိုယ်ရေးရာဇဝင်အချက်အလက်များကို ပေးပို့ထားနိုင်ပြီး ဝန်ထမ်းအလိုရှိသော လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လိုအပ်သော ဝန်ထမ်းနေရာများအား အခမဲ့ကြော်ငြာနိုင်ကြောင်း အဆိုပါဝက်ဘ်ဆိုက်မှ မန်နေဂျာဦးသူရဟန်က ပြောသည်။

“လုပ်ငန်းရှင်ဘက်ကရော၊ အလုပ်သမားဘက်ကရော ဘာဝန်ဆောင်ခမှ ပေးစရာမလိုပါဘူး။ အခမဲ့ဝန်ဆောင်မှုပေးတာပါ။ အလုပ်လက်မဲ့နှုန်း လျော့ကျအောင်လည်း ရည်ရွယ်ပါတယ်” ဟု ဦးသူရဟန်က ဆိုသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် Samsung, Golden Myanmar Airlines, DKSH, Unilever အစရှိသော ပြည်တွင်းပြည်ပကုမ္ပဏီကြီးများမှ အလုပ်နေရာပေါင်း ၃,၀၀၀ ကျော်တင်ထားပေးသည်။ သို့သော် ဧပြီလမှ စတင်လွှင့်သော ထိုဝက်ဘ်ဆိုက်ကိုသုံး၍ အလုပ်ရှာဖွေသူ၊ အလုပ်ရသူနည်းသေးသည်။ အဆိုပါဝက်ဘ်ဆိုက်သည် ဂျာမနီနိုင်ငံအခြေစိုက်ဖြစ်သည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
၁။ Computer မ (၁) ဦး
(Excel ကျွမ်းကျင်သူ)
၂။ Sale & Marketing Staff ကျား/မ (၄) ဦး (ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိရမည်)
၃။ Project Engineer ကျား/မ (၃) ဦး ( B.E (EP) သို့ AGTI ဘွဲ့ရ)
၄။ Office Staff မ (၁) ဦး (ဘွဲ့ရ)
Silver Tiger Co.,Ltd
အမှတ် - G (၄၊၅၊၆)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း။ (ကြော်ငြာပါသည့်နေ့မှ (၁၅) ရက်အတွင်း)

---

**ဝန်ထမ်းအလိုရှိသည်**
Sale & Drive
Sale & Marketing
အမှတ် (၁၃)၊ လှသိင်္ဂီလမ်းနှင့် ဦးဘိုးလှိုင်လမ်းထောင့်၊ စက်မှုဇုန် (၃)၊ ရွှေပြည်သာမြို့နယ်။
**ဖုန်း - ၀၁-၆၁၈၅၃၅၊ ၀၉၄၂၀၁၂၄၈၁၁**

---

**ဝန်ထမ်းအလိုရှိသည်**
Thanlwin Dragon Co.,Ltd
1. DeputyChief Engineer (1)M
2. Service Engineer (3) M
3. Accountant (1) F/M
4. Office Staff (1) F
5. Marketing Staff (3) M/F
အမှတ် ၃၉/ ၄၁၊ စန္ဒာမြိုင်စင်တာ၊ အခန်း (၈) အေ၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်။
**ဖုန်း - ၀၁-၅၁၀၃၁၁၊ ၀၁၅၀၃၃၀၇**
Ext: 235

---

**ဝန်ထမ်းအလိုရှိသည်**
Nibban Electric & Electronics
1. Admin Officer (1) M
2. Sales Executive (3) M/F
3. Accountant/ Auditor (2) F
4. Bill Collector (2) F
5. Purchaser (2) F
6. Store Keeper (3) M/F
7. Driver (3) M
အမှတ် (၁၆၄)၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်။ **ဖုန်း - ၃၈၉၅၂၃၊ ၃၈၄၇၃၀**

---

**ဝန်ထမ်းအလိုရှိသည်**
DOZO FASHION
၁။ Marketing Staff မ(၁) ဦး
၂။ Office Staff မ (၁) ဦး
Fashion နှင့်ပတ်သက်၍ စိတ်ဝင်စားမှုရှိပြီး ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
**ဖုန်း - ၀၉၇၃၀၃၄၈၇၇**

---

**ဝန်ထမ်းအလိုရှိသည်**
King Group Construction Co.,Ltd
Site Engineer BE (Civil) (2) M
Welder (3) M
Manager (2) F/M
Secretary (1) F
No C-66, Pa Tauk War (9) Street, FMI City, Hlaing Thar Yar Tsp.
**Ph: 095095512**

---

**ဝန်ထမ်းအလိုရှိသည်**
Study Abroad Information Center
Office Secretary
(Age 28 to 35 years)
Education Counselor
(Age 21 to 25 years)
Marketing Assistant
(Age 18 to 25 years)
တိုက်(အေ)၊ ၁၁ လွှာ၊ အခန်း (၁၁၀၃)၊ ဒိုင်းမွန်းကွန်ဒို၊ (မေတ္တာဦးဆေးခန်းအနီး)၊ပြည်လမ်း၊ ရန်ကုန်မြို့။
**ဖုန်း - ၀၁-၅၂၃၉၃၁၊ (ext : ၂၁၁၃)**

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်းကျွမ်းကျင် ကျား (၂) ဦး အသက် (၃၅ နှစ်) အထက်၊ လစာကောင်းကောင်းပေးမည်။ ကုမ္ပဏီသူဌေးကားမောင်းရန်နှင့် ကုမ္ပဏီကားမောင်းရန်။
**ဖုန်း - ၀၁-၅၁၄၃၂၄၊ ၅၂၄၆၁၁**

---

**ဝန်ထမ်းအလိုရှိသည်**
ရွှေဒဂ္ဂီသွားဆေးခန်းတွင် ကွန်ပျူတာကျွမ်းကျင် မ (၃) ဦး
(internet, website ကျွမ်းကျင်သူ)
ညနေ (၅) နာရီနောက်ပိုင်း SSC (ရွှေဂုံတိုင်ဆေးရုံ) ရှိသွားဆေးခန်းတွင် လျှောက်ထားနိုင်သည်။

---

**ဝန်ထမ်းအလိုရှိသည်**
ဆိုင်အကူဝန်ထမ်း ကျား (၁) ဦး
(လစာ လေးသောင်းကျပ်မှ စတင်ရရှိမည်) **ဖုန်း - ၀၉၇၃၀၁၀၁၄၄**

---

**ဝန်ထမ်းအလိုရှိသည်**
စက်ဆွဲ၊ ခေါင်းလျှော်၊ လက်သည်းပုံဖော်၊ ကျွမ်းကျင် မ (၁) ဦး
(စားနေငြိမ်းလခ တစ်သိန်း)
**ဖုန်း - ၀၉၄၅၀၀၁၅၇၈၈**

---

**ဝန်ထမ်းအလိုရှိသည်**
Receptionst မ (၁) ဦး
Admin Assistant မ (၃) ဦး
ဖုန်း - ၀၁-၆၅၇၈၃၀၊ ၀၁-၆၅၇၈၃၁
အောက်တိုဘာလ ၃၁ ရက်၊ နောက်ဆုံးထားလျှောက်ထားရန်။ တနင်္လာ-စနေနေ့ (နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း)

---

**ဝန်ထမ်းအလိုရှိသည်**
Sales & Marketing ကျား/မ(၁)ဦး
Sales & Marketing Executive ကျား/မ (၆) ဦး
Service Technician (Leader) ကျား (၁) ဦး
Assistant Technician (Helper) ကျား (၃) ဦး
(ခရီးသွားလာနိုင်သူဖြစ်ရမည်)
အမှတ် (၇၄)၊ ၅လွှာ (ဘယ်)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်။
**ဖုန်း - ၂၉၃၅၇၄**

---

**ဝန်ထမ်းအလိုရှိသည်**
Nice Style Travel & Tours Co.,Ltd
Accountant ကျား/မ (၁) ဦး
Ticketing Staff မ (၂) ဦး
Ticketing Assistant မ (၃) ဦး
Tour Oeprator မ (၃) ဦး
သန့်ရှင်းရေးဝန်ထမ်း ကျား/မ (၂) ဦး
No.355, Room (105), Shine Condo, Theinbyu Road, Mingalartaungnyunt Township.
**Ph:+95-1-399299, 399322**

---

**ဝန်ထမ်းအလိုရှိသည်**
၉ တန်း၊ ၁၀ တန်း ကျောင်းသူ/သားများအား အုပ်ချုပ်ရန်အဆောင်မှူးတစ်ဦးနှင့်အဆောင်မှူး ဆရာမတစ်ဦး အလိုရှိသည်။
အမှတ် (၃၁)၊ တန်းမြင့်ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန် မြို့နယ်။
**ဖုန်း - ၀၉-၅၀-၆၁၃၈၆**

---

**ဝန်ထမ်းအလိုရှိသည်**
Dusit Inya Lake Hotel (Compound)
1.Account Admin (1) Post
2. Chief Accountant (for Mandalay) (1) Post
3. Accountant (For Mandalay) (1) Post
4. Driver (2) Post
5. Programmer (for Yangon) (1) Post
6. Premix Supervisor (for Ywar Thar Gyi) (1) Post
7. Junior Asst. Production Supervisor (for Beeder Farm-Hmawbi) (2) Post
8. Techincal Sales (3) Post
No.37, Kaba Aye Pogoda Road, Mayangone Township, Yangon.
**Ph: 01-652536**

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်းအလိုရှိသည် (၅) ဦး
(တယ်လီဖုန်းဆိုင်တွင် တာဝန်ထမ်းဆောင်ရန်)
(၇၉) လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်။ ရန်ကုန်။
**ဖုန်း - ၀၉၇၃၀၀၃၆၇၁**

---

**ဝန်ထမ်းအလိုရှိသည်**
အင်တာနက်ဆိုင်ဝန်ထမ်းအလိုရှိသည် (၅) ဦး
ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။ (ကျောက်မြောင်း၊ တာမွေ) နေထိုင်သူဦးစားပေးမည်။
**ဖုန်း - ၀၉၇၃၀၄၃၈၆၈**

---

**ဝန်ထမ်းအလိုရှိသည်**
Cashier မ(၃)ဦး
Waiter (၅) ဦး
ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၅) ဦး
ညစောင့် ကျား (၁) ဦး
ဆိပ်ကမ်းစားသောက်ဆိုင်
အမှတ် (၆၄၇)၊ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်။ ရန်ကုန်မြို့။

---

**ဝန်ထမ်းအလိုရှိသည်**
Sulzer 14 စက်ယက္ကန်းကိုကောင်းမွန်စွာထိန်းကျောင်းကိုင်တွယ်နိုင်သော အမျိုးသား (၁၀) ဦး။ နိုင်ငံတော်ပိုင် စက်ရုံထွက်ဝန်ထမ်းအား ဦးစားပေးမည်။
**ဖုန်း - ၀၉၅၅၀၂၃၄၄**

---

**ဝန်ထမ်းအလိုရှိသည်**
အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ကျွမ်းကျင်စွာ ပြုပြင်နိုင်သူများ လျှောက်ထားနိုင်သည်။
No. 178 ၊ ဗဟိုလမ်း၊ ၁ ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
**ဖုန်း - ၀၉-၅၀၉၅၉၁၆**

---

**ဝန်ထမ်းအလိုရှိသည်**
တရုတ်-မြန်မာစကားပြန်(ကျွမ်းကျင်) ကျား/မ (၁) ဦး
အမှတ် ၂၂၁၊ ဦးအောင်သူလမ်း၊ စက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်။
**ဖုန်း - ၀၉၄၂၀၁၆၄၅၁၄**

---

**ဝန်ထမ်းအလိုရှိသည်**
John Engineering & Construction Co.,Ltd
Sale Engineer (civil) ကျား (၁၀) ဦး
လုပ်သက်အတွေ့အကြုံ အနည်းဆုံး (၂) နှစ်။ **ဖုန်း- ၀၁-၅၄၉၁၆၂**

---

**ဝန်ထမ်းအလိုရှိသည်**
တက္ကဆီယာဉ်မောင်းအလိုရှိသည်။
mdl 2007-1300 CC
**ဖုန်း- ၀၉၈၅၆၉၀၆၄**

---

**ဝန်ထမ်းအလိုရှိသည်**
နိုင်ငံတကာအဆင့်မီ ပညာသင်ကြားရေး Eureka ကျောင်းမှ အင်္ဂလိပ်ဆရာ၊ ဆရာမ (၂) ဦး
(နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း)
**ဖုန်း - ၀၉၄၃၁၀၅၃၁၄**

---

**ဝန်ထမ်းအလိုရှိသည်**
Korean Red Ginsng ဖြန့်ချိရန်
Marketing Manager မ(၁) ဦး
အရောင်း မ (၂) ဦး (Multi Level Marketing အတွေ့အကြုံရှိသူဦးစားပေးမည်)
အမှတ် (၅၉ D4)၊ သီရိမာလာလမ်း၊ ၇ မိုင်ခွဲ၊ ရန်ကုန်။
**ဖုန်း - ၆၆၂၉၆၅**

---

**ဝန်ထမ်းအလိုရှိသည်**
1. Sale & Drive
2. Marketing
ဆပ်ပြာနှင့် ခေါင်းလျှော်ရည်လုပ်ငန်း အတွေ့အကြုံရှိပြီး ကျွမ်းကျင်ရမည်။
**ဖုန်း - ၀၁-၆၈၁၅၃၅**
အမှတ် (၁၃)၊ ဦးဖိုးလှိုင်လမ်းနှင့် လှသိင်္ဂီလမ်းထောင့်၊ စက်မှုဇုန် (၃)၊ ရွှေပြည်သာမြို့နယ်။

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။




Marketed & Distributed by: THUKHA DANA

Head Office - No.84, 12th Street, Lanmadaw Township, Yangon. Ph : 01- 215151, 215252, 215454.
Mandalay - No.141, 34th Street, Between (78th & 79th) Street, Mandalay. Ph : 02-69377, 69388, 69363.




MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.

1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th & 79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

# Education

7 DAY NEWS JOURNAL

Vol.11, No.30 • OCTOBER 4 , 2012


## တက္ကသိုလ်များတွင် ဒီရေတောဘာသာရပ်သင်ကြားပါက ဂျပန်တက္ကသိုလ်သုံးခုကူညီရန်စိတ်ဝင်စား

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၉**

ဂျပန်တက္ကသိုလ်သုံးခုက ကမ်းရိုးတန်းဒေသများရှိ တက္ကသိုလ်များတွင် ဒီရေတောဘာသာရပ်အသစ်ထည့်သွင်းသင်ကြားပါက ကူညီဆောင်ရွက်ပေးရန် စိတ်ဝင်စားလျက်ရှိကြောင်း သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းကပြောသည်။

"စိတ်ဝင်စားနေတယ်။ သူတို့က ဌာနဆိုင်ရာနဲ့ မကျွမ်းဝင်တော့ အသင်းကကြားခံပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအပြင် ပညာရေးဝန်ကြီးဌာနနဲ့လည်း ချိတ်ဆက်ပေးရမှာပေါ့"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယခုလက်ရှိတွင် ချိတ်ဆက်မှုအဆင့်ထိမရောက်သေးကြောင်း၊ စိတ်ဝင်စားဆွေးနွေးသည့်အဆင့်သာရှိကြောင်း၊ ယင်းတက္ကသိုလ်သုံးခုမှာ ယိုကိုဟားမား၊ စကူးဗားနှင့် ကျိုတိုတက္ကသိုလ်တို့ဖြစ်ပြီး သင်ကြားခွင့်ရမည်ဆိုပါက ကမ်းရိုးတန်းဒေသ ဒီရေတောများရှိသည့် ပုသိမ်၊ မော်လမြိုင်၊ မြိတ်၊ စစ်တွေတက္ကသိုလ်များတွင် သင်ကြားပေးရန်စီစဉ်ထားကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"အဲဒီလို သတင်းတွေကတော့ကြားနေရတယ်။ တရားဝင်လာပြောတာတော့ မရှိသေးပါဘူး။ အရင်တုန်းကတော့ ကျိုတိုတက္ကသိုလ်က သုတေသနလာလုပ်ဖူးတယ်"ဟု ရေဆင်းတက္ကသိုလ်မှ ပါမောက္ခတစ်ဦးကပြောသည်။

လက်ရှိတွင် ဒီရေတောဘာသာရပ်ကို ဘာသာရပ်တစ်ခုအနေဖြင့် သီးသန့်သင်ကြားနေခြင်းမရှိသော်လည်း အဏ္ဏဝါသိပ္ပံတက္ကသိုလ်တွင် ကမ်းရိုးတန်းစီမံခန့်ခွဲမှုဘာသာရပ်၌ ဒီရေတော၏ဂေဟဗေဒစနစ်ကို သင်ခန်းစာအဖြစ် ထည့်သွင်းသင်ကြားပေးနေကြောင်း၊ တက္ကသိုလ်တွင် လာရောက်သင်ကြားမည့် တရားဝင်ကမ်းလှမ်းမှုများ မရှိသေးသော်လည်း လာရောက်ပူးပေါင်းသင်ကြားမည်ဆိုပါက ကြိုဆိုကြောင်း မော်လမြိုင်အဏ္ဏဝါသိပ္ပံတက္ကသိုလ်မှ ပါမောက္ခတစ်ဦးကပြောသည်။

သစ်တောပညာရပ်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆက်စပ်သည့်ဘာသာရပ်များကို နေပြည်တော်ရေဆင်းတက္ကသိုလ်မှ သင်ကြားပေးလျက်ရှိပြီး တစ်နှစ်လျှင် သင်တန်းသားဦးရေ ၅၀ နှင့် မဟာသိပ္ပံ(ဘွဲ့လွန်) သင်တန်းများ သင်ကြားပေးလျက်ရှိသည်။ ကမ်းရိုးတန်းစီမံခန့်ခွဲမှု ဘာသာရပ်များသင်ကြားသော အဏ္ဏဝါသိပ္ပံတက္ကသိုလ်များတွင် တစ်နှစ်လျှင် သင်တန်းသားဦးရေ ၁၀၀ ခေါ်ယူ သင်ကြားပေးလျက်ရှိသည်။

## အခြေခံပညာအဆင့် ကျောင်းဝင်အသက် ခြောက်နှစ်သို့ပြောင်းလဲ၍ ပညာသင်နှစ်တိုးမြှင့်ရန် စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ- ၂၆**



ဓာတ်ပုံ-ဇေယျာလွင်(ဖိုင်)

အခြေခံပညာသင်ယူမည့်ကလေးငယ်များ၏ ကျောင်းဝင်အသက်ကို ခြောက်နှစ်သို့ ပြောင်းလဲသတ်မှတ်၍ ပညာသင်နှစ်ကို တိုးမြှင့်သတ်မှတ်သွားရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

အခြေခံပညာအဆင့်ကျောင်းဝင်အသက်၊ ပညာသင်ကာလတို့နှင့်စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲရန် စီစဉ်လျက်ရှိပြီး ကျောင်းဝင်အသက်ကို ခြောက်နှစ်သို့ ပြောင်းလဲ၍ အခြေခံပညာရေးဖွဲ့စည်းမှုပုံစံကို ၅း၄း၃ (သို့မဟုတ်) ၆း၃း၃ ပုံစံသို့ ပြောင်းလဲသတ်မှတ်ရန် အမျိုးသားအဆင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက တင်ပြခဲ့ကြသည်။

"အခုကျင့်သုံးနေတာက ၅း၄း၂ ပုံစံဖြစ်ပါတယ်။ အောက်ခြေအဆင့်မှာ ပညာသင်နှစ်တိုးမယ်ဆိုရင်တော့ ကျောင်းသားဦးရေလည်း များတယ်။ ကျောင်းလည်း များတဲ့အတွက် ငွေကြေးကုန်ကျမှု ပိုများမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် အပေါ်ပိုင်းမှာ ပညာသင်နှစ်တိုးဖို့ ဆွေးနွေးနေကြပါတယ်။ အခု ကျောင်းဝင်အသက်က ငါးနှစ်ကနေ ခြောက်နှစ်ကို ပြောင်းဖို့လည်း စီစဉ်နေပါတယ်"ဟု ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

မြန်မာနိုင်ငံ ပညာရေးတွင် ကျောင်းဝင်အသက်ငါးနှစ်နှင့် အခြေခံပညာသင်ကာလ ၁၁ နှစ်ဖြင့် ကျင့်သုံးဆောင်ရွက်နေပြီး အာဆီယံနိုင်ငံများတွင် ကျောင်းဝင်အသက် ခြောက်နှစ်နှင့် အခြေခံပညာသင်ကာလ ၁၂ နှစ် ကျင့်သုံးဆောင်ရွက်သည်။

"အစ်မ သမီးကို ခြောက်နှစ်အတိမှာ ကျောင်းစထားခဲ့တယ်။ သိသာတာက ခြောက်နှစ်မှာထားတဲ့အတွက် စာပိုလိုက်နိုင်တယ်။ အတန်းထဲမှာလည်းတော်တယ်။ ခြောက်နှစ်မှာ စထားတဲ့အတွက် ထူးခြားတာက ကျောင်းမကြောက်တော့ဘူး။ အိမ်မှာတော့ တစ်နှစ် ပိုထိန်းလိုက်ရတာပေါ့။ ကျောင်းမှာတော့ ပိုအဆင်ပြေသွားတယ်။ အခု အငယ်သားလေးက အသက်ငါးနှစ်ရှိပြီ။ လာမယ့်နှစ် ကျောင်းစထားပါမယ်။ ကျွန်မကတော့ ခြောက်နှစ်မှာ ကျောင်းစထားတာကို ပိုအဆင်ပြေမယ်လို့ထင်ပါတယ်"ဟု ကွမ်းခြံကုန်းမြို့မှ တတိယတန်းကျောင်းသူတစ်ဦး၏ မိခင်ဖြစ်သူကဆိုသည်။

ပညာရေးဝန်ကြီးဌာနသည် ပညာသင်နှစ်ပြောင်းလဲသတ်မှတ်မည့်ပုံစံနှင့်အညီတိုးချဲ့မည့်အတန်းများအတွက် စာသင်ဆောင်၊ စာသင်ခန်း၊ ပရိဘောဂများ၊ ဆရာ၊ ဆရာမ အင်အား ဖြည့်ဆည်းရန်လိုအပ်သော ကျောင်းများကို စာရင်းကောက်ယူမည်ဖြစ်သည်။

ထို့အပြင် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် သင်ယူပြီးမြောက်မှု အရည်အသွေးထိန်းသိမ်းမြှင့်တင်မှု အစီအစဉ်အနေဖြင့် စတုတ္ထတန်းကို ကျောင်းမိသားစုအဆင့်(သို့မဟုတ်) မြို့နယ်၊ အဋ္ဌမတန်းကို မြို့နယ် (သို့မဟုတ်) ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စသည်ဖြင့် တာဝန်ယူစစ်ဆေးရန် တင်ပြထားကြောင်းသိရသည်။

## ပညာရေးမူဝါဒတွေ ချမှတ်တဲ့နေရာမှာ သင်ရိုးညွှန်းတမ်းတွေရေးဆွဲတဲ့နေရာမှာ အားလုံးပါဝင်နိုင်ဖို့ အခွင့်အလမ်းဖွင့်ပေးဖို့လိုတယ်လို့ မြင်ပါတယ်

### ပညာရေးသုတေသီတစ်ဦးနှင့် တွေ့ဆုံခြင်း



**နေလင်းထွန်း**

ပြည်ပရောက် မြန်မာနိုင်ငံသားများကို ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုခဲ့ရာ ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေသော မောက္ခပညာရေးမဂ္ဂဇင်း၊ အယ်ဒီတာချုပ်နှင့် ပညာရေးသုတေသီ ဦးသိန်းနိုင်လည်း ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် တစ်စိတ်တစ်ပိုင်း ပါဝင်ဆောင်ရွက်ခွင့်ရရှိရန် မျှော်လင့်နေသော ဦးသိန်းနိုင်နှင့် မြန်မာ့ပညာရေးအကြောင်း ၎င်း၏အမြင်များကို တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ် ဖော်ပြလိုက်ပါသည်။

**ဘဝနောက်ခံအကျဉ်းကို ပြောပြပေးပါ။**

၁၉၈၈ တုန်းက ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂရဲ့ စည်းရုံးရေးမှူးအနေနဲ့ တာဝန်ယူခဲ့တယ်။ ၈၈အရေးတော်ပုံကာလ နောက်ပိုင်း စစ်တပ်က အာဏာသိမ်းပြီးတော့ ထိုင်း-မြန်မာနယ်စပ်ကိုကျွန်တော်ထွက်ခွာလာခဲ့တယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရေစီတပ်ဦးကို ရောက်ရှိခဲ့ပြီး ပညာရေးလုပ်ငန်းတွေမှာ အဓိကပါဝင်လုပ်ကိုင်ခဲ့ပါတယ်။ စာသင်ကျောင်းတွေထောင်ခဲ့တယ်။ ၁၉၉၅ မှာ ဩစတြေးလျအစိုးရပေးတဲ့ နယ်စပ်ရောက်ကျောင်းသားတွေအတွက် ပညာသင်ဆုရရှိခဲ့တယ်။ တောထဲကနေ ဩစတြေးလျနိုင်ငံမှာ သွားရောက်ပညာသင်ဖို့ ဖြစ်လာခဲ့တယ်။ ပညာရေးဘွဲ့ကိုပဲ တက်ရောက်ခဲ့ပါတယ်။ ၂၀၀၃ မှာ ထိုင်း- မြန်မာ နယ်စပ်ကို ပြန်လာခဲ့တယ်။ အဲဒီမှာ သုတေသနတွေလုပ်ပြီးတော့ ပညာရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

**ထိုင်း-မြန်မာနယ်စပ်မှာ သင်ရိုးညွှန်းတမ်းနဲ့ ပတ်သက်ပြီး ဆောင်ရွက်ခဲ့တာကို သိချင်ပါတယ်။**

ထိုင်း-မြန်မာနယ်စပ်မှာသင်ရိုးညွှန်းတမ်း သင်တန်းတွေလည်း ဖွင့်လှစ်ခဲ့တယ်။ တိုင်းရင်းသားပညာရေးဌာနတွေနဲ့ အဓိကလက်တွဲပြီးတော့ သင်ရိုးညွှန်းတမ်းစံနှုန်းများ အညွှန်းဘောင်တစ်ခုကိုလည်း ပြုစုနိုင်ခဲ့တယ်။ အထူးသဖြင့် ခေတ်မီတဲ့ ပညာရေးစနစ်မှာ သင်ရိုးညွှန်းတမ်းက အဓိကကျတယ်။ မြန်မာပြည်ပညာရေးအတွက် ပြုပြင်ပြောင်းလဲသင့်တဲ့ အချက်တွေ ထည့်သွင်းစဉ်းစားထားတဲ့ သင်ကြားနည်းစနစ်တွေ မိတ်ဆက်ထားတယ်။ စာမေးပွဲစနစ် ပြောင်းလဲရမယ့် အကြံပြုချက်တွေပါတယ်။ အကြောင်းအရာပိုင်းဖြည့်စွက်ထားတာလည်းရှိတယ်။

စာ(၂၂)သို့


edutrust SINGAPORE | SGS | UKAS

Curtin Singapore

FOR YOUR JOURNEY TO CURTIN

Merit Scholarships Available

Curtin Seminar (Mandalay)
10:00am ~ 12:00pm
6th October 2012 (Saturday)
Sabai Phyu Room, Hotel Mandalay

Curtin Seminar (Yangon)
10:00am ~ 12:00pm
7th October 2012 (Sunday)
Ruby Room #2, Parkroyal Hotel

AT&S Co., Ltd.
Building 5, Room 4, MICT Park,
Hlaing Universities Campus, Yangon.
Tel: 652288, 521125, 09 50 62171

Postgraduate Programs
- Graduate Diploma in International Business
- Master of International Business
- Master of Science (Project Management)
- Master of Accounting

Undergraduate Programs
- Accounting
- Accounting & Finance
- Banking & Finance
- Finance & Marketing
- International Business
- Management & HR Management
- Management & Marketing
- Marketing
- Marketing & Advertising
- Marketing & Public Relations
- Logistics & Supply Chain Management
- Mass Communication
- Arts and Creative Industries

Curtin Singapore

7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

## စာ- ၂၁၊ ပညာရေးသုတေသီတစ်ဦးနှင့် တွေ့ဆုံခြင်း မှ

မြန်မာ့ပညာရေးက နှစ်လေးဆယ်အတွင်း သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှု အားနည်းခဲ့တယ်။ ပြောင်းလဲဖို့လိုအပ်နေသေးတယ်။ ဒီမိုကရေစီလူ့အဖွဲ့အစည်း တည်ဆောက်တဲ့နေရာမှာ သင်ရိုးညွှန်းတမ်းက လမ်းကြောင်းဖောက်ပေးရမယ့် တာဝန်ရှိတယ်။ စာသင်ခန်းထဲမှာရှိတဲ့ငယ်ရွယ်တဲ့ကလေးတွေရဲ့ အသိပညာစွမ်းရည်နဲ့ အမြင်သဘောထားပိုင်းဆိုင်ရာတွေကိုဒီမိုကရေစီ ယဉ်ကျေးမှု ပျိုးထောင်ပေးနိုင်ဖို့ အရေးကြီးပါတယ်။

**အနှစ်နှစ်ဆယ်ကျော်ကြာမှ ဒီကို ပြန်ရောက်လာတာဆိုတော့ ဘာတွေကွဲပြားနေပြီလို့ မြင်လဲ။**

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်နဲ့ နှိုင်းယှဉ်ရင် ကျွန်တော်တို့နဲ့ မတူတဲ့ ခေတ်ကို ဒီနေ့လူငယ်တွေ ဖြတ်သန်းနေရတယ်။ ရွေးချယ်စရာ အခွင့်အလမ်း မျှော်လင့်ချက်ရောင်ခြည်သန်းလာတဲ့ သဘောပေါ့။ လွတ်လပ်လာတဲ့ခေတ်ကို ပြန်ရောက်လာတယ်။ ဒါပေမဲ့ လူငယ်တွေ မွန်းကျပ်နေတယ်လို့ မြင်မိတယ်။ ပညာရေးပိုင်းမှာ အရင်ကထက် ပိုကြိုးစားဖို့ လိုတာကို တွေ့ရတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင်ပဲ ကျွန်တော်တို့နောက်ကျကျန်နေတယ်။ ခါးပြတ်ကျန်နေခဲ့တာ တွေ့ရတယ်။ ပညာရေးတန်ဖိုးတွေကို အများကြီး ပြန်မြှင့်တင်ဖို့ လိုတာပေါ့။ အရေအတွက်အရရော၊ အရည်အသွေးအရပါပေါ့။ ကလေးတွေ ကျောင်းစာသင်ခန်းထဲ မရောက်တာ အများကြီးရှိနေသေးတယ်။ ပညာရေးအဟောသိကံ မဖြစ်ဖို့ပေါ့။ နောက်ပြီး အရည်အသွေးပိုင်း တိုးတက်ဖို့လည်း လိုအပ်ပါတယ်။ လွန်ခဲ့တဲ့ ၂၄ နှစ်တိုင်းပြည်က ထွက်သွားစဉ်ကာလ ကျွန်တော်တို့ရဲ့ ခေတ်ကာလနောက်ခံအခြေအနေဟာ ဒီနေ့နဲ့ မတူတော့ဘူး။ ဒါပေမဲ့ အဲဒီတုန်းက မြန်မာနိုင်ငံဟာ ပညာခေတ်မှာ နောက်အများကြီး မကျခဲ့ပါဘူး။ ၂၄ နှစ်တာကို ကျော်လာခဲ့တော့ ကျွန်တော်တို့ နိုင်ငံဟာ တော်တော်လေးကို ပြတ်ကျန်ခဲ့တာ တွေ့ရတယ်။ ပညာရေးဆိုတဲ့ အဓိပ္ပာယ်က ပိုကျဉ်းမြောင်းသွားသလားပေါ့။ အဲဒီအတွက် လူငယ်တွေ ရရှိလိုက်တဲ့ အသိပညာတွေဟာ တစ်ဦးချင်းအတွက် ပဲဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်းအတွက်ပဲဖြစ်ဖြစ် ရှင်သန်မှုအတွက်၊ ဘဝရပ်တည်မှုအတွက် မလုံလောက်မှာကို စိုးရိမ်ပါတယ်။ ဘာလို့လဲဆိုတော့ ခေတ်ရဲ့ တောင်းဆိုမှုကို လိုက်ပါဖြည့်ဆည်းပေးတဲ့ ပညာရေးကို မရသေးဘူးလို့ ကျွန်တော်ထင်ပါတယ်။ မြန်မာနိုင်ငံက ကလေးငယ်တွေ လေ့လာသင်ယူနေရတဲ့ ပညာရေးဟာ ကိုယ့်ရပ်ရွာဒေသမှာ ဆက်လက် ရှင်သန်နေထိုင်နိုင်တဲ့ ပညာရေးဖြစ်ဖို့ တည်ဆောက်ပေးရမယ်။ ကျောင်းသားတွေရဲ့ ပညာရေးအပေါ် အမြင်သဘောထား၊ ဆရာ၊ ဆရာမတွေရဲ့ ပညာရေးဆိုင်ရာ တာဝန်ဝတ္တရား၊ တန်ဖိုးတွေ ဆုံးရှုံးသွားတယ်လို့ ခံစားမိတယ်။ ဒါတွေကို ပြန်လည်မြှင့်တင်ဖို့ အခု ကာလက အခွင့်အလမ်းတွေ ရှိနေပါပြီ။

**မြန်မာ့ပညာရေးမှာ အဓိကလိုအပ်ချက်က ဘာဖြစ်နေတယ်လို့ သုံးသပ်မိပါသလဲ။**

ပညာရေးအသုံးစရိတ်ကို အများကြီးမြှင့်တင်ပေးဖို့ လိုအပ်နေတယ်။ အရည်အသွေးနဲ့ အရေအတွက်ကိုမြှင့်တင်ချင်ရင်ပေါ့။ ကျွန်တော်တို့ဆီမှာက အရည်အသွေးရော၊ အရေအတွက်ပါ ပြဿနာဖြစ်နေတယ်ပေါ့ဗျာ။ တစ်ပြိုင်နက်တည်း ကိုင်တွယ်ရမှာဖြစ်တော့ ပညာရေးအသုံးစရိတ် လိုအပ်နေတယ်။ ပညာရေးအသုံးစရိတ်ကိုမြှင့်တင်တဲ့နေရာမှာ နည်းလမ်းတွေ ရှာဖွေဖို့ လိုအပ်တယ်။ နိုင်ငံတော်အစိုးရအဖွဲ့အစည်း အနေနဲ့တင်ပဲ လုံလောက်မှုရှိချင်မှ ရှိမယ်။ နိုင်ငံတကာအကူအညီ၊ ရပ်ရွာလူထုနဲ့ ပညာရေးအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေရဲ့ အင်အားကို ယူဖို့လိုပါလိမ့်မယ်။ လုပ်ပိုင်ခွင့်တွေ ပေးရမယ်။ ပုဂ္ဂလိကလွတ်လပ်ခွင့်တွေ ပေးဖို့လည်း လိုပါလိမ့်မယ်။ ဟိုတလောက အိန္ဒိယနိုင်ငံရဲ့ လွှတ်တော်မှာ ဥပဒေအဆိုပြုချက်က ဆင်းရဲသားကလေး ၂၅ ရာခိုင်နှုန်းကို ပုဂ္ဂလိကကျောင်းတွေ ဖွင့်တဲ့နေရာမှာ အခမဲ့ပညာ သင်ခွင့်ပေးရမယ်ဆိုတဲ့ မူဝါဒတွေလည်း ကျွန်တော်တို့ဆီမှာ စဉ်းစားဖို့လိုတယ်။ အတုယူသင့်တယ်။ လက်တင်အမေရိကဖြစ်တဲ့ မက္ကဆီကိုနိုင်ငံမှာ ဂျီဒီပီရဲ့ ၁၅ ရာခိုင်နှုန်းကို ပညာရေးအတွက် ထားတယ်။ နိုင်ငံတော်ရဲ့ ပညာရေးအသုံးစရိတ်ကိုမြှင့်တင်ပေးရင် အရေအတွက်ပြဿနာရော၊ အရည်အသွေးပြဿနာရော ဒီနှစ်အပိုင်းအခြားအတွင်းမှာပဲ တိုးတက်လာဖို့ ရှိတယ်။

**မြန်မာ့ပညာရေးရဲ့ အဓိက အားနည်းချက်ကို ထောက်ပြပေးပါ။**

မြန်မာ့ပညာရေးရဲ့ အားနည်းချက်ထဲမှာ အဓိက ထောက်ပြချင်တဲ့အချက်က မူဝါဒပိုင်းဆိုင်ရာ အကျပ်အတည်းတွေ ရှိနေသေးတယ်။ အစိုးရအနေနဲ့ မူကိုကိုင်ထားပြီးတော့ ပုဂ္ဂလိကလွတ်လပ်ခွင့်ပေးလိုက်ရင် အရည်အသွေး တိုးတက်လာမယ်။ နိုင်ငံတကာအဆင့် မီလာမယ်ပေါ့။ နောက်တစ်ချက်က စာသင်ခန်းထဲမှာ စွမ်းရည်အမျိုးမျိုးအတွက် ပညာရေးစနစ်ဖြစ်ဖို့လိုနေတယ်။ လူသားဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရှင်တွေ ထောက်ပြထားတဲ့ စွမ်းရည်ကိုးမျိုးဆိုတာရှိတယ်။ နိုင်ငံတော်နဲ့ ရပ်ရွာဖွံ့ဖြိုးတိုးတက်ဖို့ အတွက်လည်း စွမ်းရည်အမျိုးမျိုး လိုအပ်တယ်။ ဒါပေမဲ့ မြန်မာ့ပညာရေးက အဲဒါကို အသိအမှတ်ပြုပြီးတော့ စာသင်ခန်းတွင်း ကျင့်သုံးနိုင်မှု မရှိသေးဘူး။ အဲဒီတော့ ကလေးအချို့ မွေးရာပါစွမ်းရည်အရ စာသင်ခန်းမှာ ခွဲခြားဆက်ဆံခံနေရတယ်။ ဒါက ကလေးတစ်ယောက်ချင်းစီ နစ်နာတာမဟုတ်ဘဲနဲ့မြန်မာ့လူ့အဖွဲ့အစည်းရဲ့ နစ်နာချက်ပါ။ နောက် အလုပ်အကိုင်အတွက်ကို ဦးတည်တဲ့ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်တွေ၊ လူ့ဂုဏ်သိက္ခာနဲ့အညီ ရှင်သန်နိုင်ဖို့ ပညာရေးစနစ်က ပြင်ဆင်ပေးနိုင်ရမယ်။ ဒီဘွဲ့ရရင် ဒီအလုပ်ကို လုပ်နိုင်ရမယ်။ ဒါမျိုးတွေပေါ့။ စာသင်ခန်းတွေနဲ့ လုပ်ငန်းခွင် ဆက်စပ်မှုက လုံးဝကို ပြတ်လပ်နေတာ တွေ့ရတယ်။

**မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲရေးအတွက် အကြံပြုချင်တာ ရှိရင် ပြောပြပေးပါ။**

ဒီမိုကရေစီပညာရေးကို ကျင့်သုံးတော့မယ့် လမ်းကြောင်းအရဘာကိုဦးတည်မှာလဲ။ နောင် ၁၀ နှစ်၊ အနှစ် ၂၀ မှာ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ မျှော်မှန်းချက်အပေါ်မှာ လိုက်ပါပြောင်းလဲဖို့ လိုအပ်နေတယ်။ ပညာရေးမူဝါဒတွေ ချမှတ်တဲ့နေရာမှာ သင်ရိုးညွှန်းတမ်းတွေ ရေးဆွဲတဲ့နေရာမှာ အားလုံးပါဝင်နိုင်ဖို့ အခွင့်အလမ်းဖွင့်ပေးဖို့လိုတယ်လို့မြင်ပါတယ်။ ပညာရေးက ကျယ်ပြန့်တယ်။ နက်ရှိုင်းတယ်။ အားလုံးရဲ့ ကံကြမ္မာတွေနဲ့လည်း တိုက်ရိုက်သက်ဆိုင်နေတယ်။ အနာဂတ်ရော၊ ပစ္စုပ္ပန်နဲ့ပါ ဆက်စပ်နေတော့ အားလုံးပါဝင်နိုင်တဲ့ အခွင့်အလမ်းပေးဖို့လိုတယ်။ လူမှုအဖွဲ့အစည်းတွေ၊ ရပ်ရွာလူထုတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ ပညာရှင်တွေနဲ့ အစိုးရတို့အားလုံး ပူးပေါင်းလုပ်မှရမှာပါ။ အဲဒီအတွက် နည်းလမ်းရှာစေချင်တယ်။ ပြုပြင်ပြောင်းလဲရေး လုပ်တဲ့အခါမှာ လူထုရဲ့ ပညာရေးဆန္ဒကို နားထောင်စေလိုတယ်။ တိုင်းရင်းသားဆိုရင်လည်း တိုင်းရင်းသားတွေရဲ့ ပညာရေးဆန္ဒ၊ ဒါဟာ ပညာရေးမူဝါဒဖြစ်သင့်တယ်။

**အချိန်ပေး ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

the SUN INSTITUTE

APPLICATION FORM များအား www.thesuninstitutemyanmar.org မှ download လုပ်ယူ၍ office@thesuninstitutemyanmar.org သို့ e-mail မှတစ်ဆင့်ပေးပို့လျှောက်ထားနိုင်သည်။

**Basic Business Operations**

ပြောင်းလဲလာသော နိုင်ငံ၏ မူဝါဒများ နှင့် အညီ ပေါ်ပေါက်လာသော အလုပ်အကိုင်အခွင့်လမ်းသစ်များတွင် ပါဝင်လိုသူ၊ ပြောင်းလဲလာသော လုပ်ငန်းခွင်မူဝါဒသစ်များ နှင့် ထိတွေ့မှုရယူလိုသူ၊ အလုပ်အကိုင်အတွေ့အကြုံရယူလိုသူ များနှင့် လုပ်ငန်းခွင်သဘောသဘာဝများကို စာတွေ့လက်တွေ့လေ့လာလိုသူများအတွက် The SUN Institute မှ Basic Business Operations & Practical Works သင်တန်းများကို ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ လုပ်ငန်းခွင်တွင်အမှန်တကယ်လိုအပ်မည့် အသိပညာများ၊ သတင်းအချက်အလက် စုစည်းမှု အတတ်ပညာများ၊ လုပ်ငန်းတို့၏ သဘောသဘာဝများ ကို အလုပ်အကိုင် သစ်ရှာဖွေနေသူများ နှင့် မိမိလုပ်ကိုင်ရာ လုပ်ငန်းခွင်တွင်ပိုမို၍ အရည်အသွေးပြည့်ဝသောသူ တစ်ဦးဖြစ်လိုသူများအတွက် စာတွေ့လေ့လာသင်ယူမှု တစ်လ နှင့် လက်တွေ့လုပ်ကိုင်မှု လုပ်ငန်းခွင်အတွေ့အကြုံ (Internship) နှစ်လ ဖြင့်စုစုပေါင်း သုံးလသင်တန်းများပို့ချပေးသွားမည်ဖြစ်သည်။

စာတွေ့သင်ကြားမှုတွင် ပါဝင်မည့် ဘာသာရပ်များ -

| | | |
|---|---|---|
| (1) Team Building | (8) Career Development | (15) Time Management |
| (2) Selling Over the Phone | (9) How to deal with difficult people | (16) Note Taking Skills |
| (3) Negotiation Skills | (10) Logistics Management | (17) Mind Mapping |
| (4) Meeting ...Skills | (11) Office Administration Skills | (18) English Speaking Classes (Everyday) |
| (5) Listening (gathering info.) | (12) Information Gathering Skills | (19) Decision Making |
| (6) Custom Care | (13) How to Approach the Customer | (20) ICT |
| (7) Goal Setting | (14) Motivation | (21) Seminars |

**သင်တန်းအတန်းချိန်နှင့် လုပ်ငန်းခွင်ဝင်မှု Attendance ၈၅% ပြည့်မီသူများကိုသာ Certificate ပေးအပ်သွားမည်ဖြစ်သည်။**

စာတွေ့သင်ကြားမှုကာလ - (၇၂) နာရီ/(၁)လ　　လုပ်ငန်းခွင်အတွေ့အကြုံ - (၂) လ
သင်တန်းသားလက်ခံမှုဦးရေ - (၅၀) ဦး
သင်တန်းလက်ခံမှုနောက်ဆုံးရက်(Deadline) - **၁၁.၁၀.၂၀၁၂**　　သင်တန်းစတင်ဖွင့်လှစ်မည့်ရက် - **၁၆.၁၀.၂၀၁၂**
သင်တန်းကြေး - ၃၀,၀၀၀ ကျပ်
အတန်းချိန် - အင်္ဂါ ၊ ဗုဒ္ဓဟူး ၊ ကြာသပတေး - မနက် (၁၀) မှ ညနေ (၅) နာရီ

ဆက်သွယ်ရန်လိပ်စာ – ရသာကွန်ဒို(အမှတ်–၄၈၅၊၄၆၀)၊အခန်း–ဃ၊၄–လွှာ(သုံးပန်လုလက်ဖက်ရည်ဆိုင်အနီး)၊မဟာဗန္ဓုလလမ်းနှင့်၃၁–လမ်းထောင့်၊ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၀၁ ၃၈၉၂၀၉၊ ၀၉ ၂၀၄ ၄၁၃၇၊ ၀၉ ၄၂၁ ၀၂၆၀၃၄၊ ၀၉ ၅၁၃ ၉၉၆၇၊ ၀၉ ၇၃၂ ၁၁ ၇၄၉။

## E-Lite Tech ပုဂ္ဂလိက ဆက်သွယ်ရေး အော်ပရေတာလုပ်ငန်း လျှောက်ထားရန် စီစဉ်

**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

ထူးကုမ္ပဏီခွဲ တစ်ခုဖြစ်သော E-Lite Tech ကုမ္ပဏီက ဆက်သွယ်ရေးကော်ပိုရေးရှင်းလက်အောက်တွင် ဖြစ်လာမည့် ပုဂ္ဂလိက ဆယ်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ဝင်ရောက်လျှောက်ထားရန်စီစဉ်နေသည်ဟု ယင်းကုမ္ပဏီမှသတင်းရရှိသည်။

ဆက်သွယ်ရေး ကော်ပိုရေးရှင်း၏ လက်အောက်တွင် တည်ထောင်ခွင့်ရရှိမည့် ပုဂ္ဂလိက အော်ပရေတာလေးခု၌ လစ်လပ်နေသော အော်ပရေတာနေရာအတွက် E-Lite Tech ကဝင်ရောက်လျှောက်ထားမည်ဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး E-Lite Tech ကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးစိုင်းခင်မောင်အေးက "အီလိုက်ကုမ္ပဏီအနေနဲ့ ဆက်သွယ်ရေးအော်ပရေတာအတွက် ဝင်လျှောက်ထားဖို့လုပ်နေတယ်ဆိုတာမှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ အဓိကစောင့်ကြည့်နေတာ ဆက်သွယ်ရေးဥပဒေသစ်ပါ။ အစိုးရက ပြဋ္ဌာန်းမယ့် ဆက်သွယ်ရေးဥပဒေကိုကြည့်ပြီးတော့ ကျွန်တော်တို့ရဲ့ လုပ်ငန်းကို သင့်တော်သလိုစီစဉ်မှာပါ။ အခုချိန်မှာတော့ ကျွန်တော်တို့ဘက်က အဆင်သင့်ရှိတယ်" ဟု 7Day News သို့ ပြောသည်။

ဆက်သွယ်ရေး ကဏ္ဍတွင် ဈေးကွက်ဝေစုကို အများအပြား ရရှိထားသည့် ထိုကုမ္ပဏီအနေဖြင့် ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသွားပါက မိုဘိုင်းလုပ်ငန်းကို ဦးဆုံးလုပ်ကိုင်

**စာ(၂၄)သို့**

## iPhone 5 မြေပုံစနစ် ချို့ယွင်းမှုများအတွက် အက်ပဲလ်အမှုဆောင်အရာရှိချုပ် တောင်းပန်

**ဆန်ဖရန်စစ္စကို၊ စက်တင်ဘာ- ၂၉**

ယခင်ရက်သတ္တပတ်က စတင်ရောင်းချခဲ့သော iPhone 5 တွင်ပါဝင်သည့် မြေပုံစနစ်၌ ချို့ယွင်းချက်များရှိနေခြင်းအတွက် အက်ပဲလ်ကုမ္ပဏီက ၎င်း၏ဖောက်သည်များအား ဝမ်းနည်းကြောင်း ပြောကြားလိုက်သည်။

မြေပုံရှာဖွေသည့် အက်ပလီကေးရှင်းအသစ်တွင် ရှာဖွေမှုများအား မှားယွင်းဖော်ပြခြင်း၊ မြေပုံများပေါ် မလာခြင်း၊ မြို့ကြီး မြို့ငယ်များကို နေရာမှား၍ ဖော်ပြခြင်း၊ နေရာဒေသများ၏ စာလုံးပေါင်းမှားယွင်းနေခြင်းများ ရှိနေသည်ဟု ဝေဖန်မှုအများအပြားပေါ် ထွက်လာပြီးနောက် အက်ပဲလ်ကပြန်လည်တောင်းပန်ခဲ့ခြင်းဖြစ်သည်။

အက်ပဲလ်အမှုဆောင်အရာရှိချုပ် မစ္စတာ တင်မ်ကွတ်၏ ထုတ်ပြန်ချက်တွင် "အက်ပဲလ်ကုမ္ပဏီမှာ ကျွန်တော်တို့ရဲ့ ဖောက်သည်တွေအတွက် အကောင်းဆုံးတွေ့ကြုံခံစားမှုတွေပေးနိုင်တဲ့ ကမ္ဘာ့အဆင့်မီထုတ်ကုန်များ ထုတ်လုပ်ဖို့ရာ ကြိုးစားအားထုတ်ကြပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ် မြေပုံအသစ်တွေ ဖော်ထုတ်ခဲ့တဲ့ နေရာမှာ ကျွန်တော်တို့ရဲ့ စိတ်ပိုင်းဖြတ်ထားမှု လျော့နည်းခဲ့ပါတယ်" ဟု ဖော်ပြသည်။

"ဒီအတွက် ကျွန်တော်တို့ရဲ့ ဖောက်သည်တွေကို စိတ်ပျက်စရာတွေဖြစ်စေခဲ့တဲ့အတွက် ကျွန်တော်တို့ အနူးအညွတ်တောင်းပန်ပါတယ်။ မြေပုံတွေ ပိုကောင်းလာအောင် ကျွန်တော်တို့ လုပ်နိုင်တာမှန်သမျှ လုပ်ဆောင်နေပါတယ်"ဟု အက်ပဲလ်အမှုဆောင်အရာရှိချုပ်၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

*—Ref:Sky.news*









## သင်ပုန်းကွန်ပျူတာဈေးကွက်ထဲ Intel ထိုးဖောက်လာ

**ဆန်ဖရန်စစ္စကို၊ စက်တင်ဘာ - ၂၉**

စားပွဲတင်ကွန်ပျူတာများဈေးကွက်တွင် ပရိုဆက်ဆာအများအပြားဆက်တိုက်ထုတ်လုပ်၍ PC ဈေးကွက်စိုးမိုးထားသူ Intel ကုမ္ပဏီသည် Clover Trail ဟုခေါ်သော ၎င်း၏နောက်ဆုံးထုတ် ပရိုဆက်ဆာ (Processor) ဖြင့် သင်ပုန်းကွန်ပျူတာဈေးကွက်ကိုလွှမ်းမိုးရန်ကြိုးစားလာသည်။

ARM စနစ်လွှမ်းမိုးထားသောဈေးကွက်တွင် Clover Trail (Atom 22760) ချပ်စ်များဖြင့် ထိုးဖောက်နိုင်မည်ဟု အင်တဲလ်က ယုံကြည်နေပြီး လာမည့်အောက်တိုဘာလကုန် Window 8 စနစ်သုံး ကွန်ပျူတာများတွင် ယင်းအင်တဲလ်ချပ်စ်အသစ်များ ပါဝင်လာမည်ဖြစ်သည်။

Clover Trail ချပ်စ်များသည် window 8 သင်ပုန်းကွန်ပျူတာများတွင် ဘက်ထရီသုံးစွဲမှုလျှော့ချပေးနိုင်ပြီး HD ဗီဒီယိုအပြည့်အဝပံ့ပိုးပေးမည်ဖြစ်သည်။

မိုက်ကရိုဆော့ဖ်ကုမ္ပဏီကလည်း အင်တဲလ်အခြေခံ Windows 8 သင်ပုန်းကွန်ပျူတာနှင့် ARM အခြေခံသင်ပုန်းကွန်ပျူတာများဟူ၍ နှစ်မျိုးထုတ်လုပ်သွားမည်ဖြစ်သည်။ window 8 နည်းပညာပစ္စည်းများမှာ လက်ရှိ windows စနစ်သုံးပစ္စည်းများနှင့် အလွယ်တကူပြောင်းလဲအသုံးပြုနိုင်သည်။ Windows 7 လုပ်ဆောင်ချက်များနှင့် ချိတ်ဆက်နိုင်သလို ကင်မရာ၊ ပရင်တာအစရှိသော ပစ္စည်းကိရိယာများနှင့်လည်း အဆင်သင့်ချိတ်ဆက်သုံးစွဲနိုင်သည်။

*—Ref: Computerworld*






**အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်**

အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို INTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းမှာ **01-703625, 09-73085653**

**PRARAM 9 HOSPITAL**

**(BANGKOK, THAILAND)**

World Class Medical Services Accredited by JCI (USA)

**အောက်တိုဘာလအထူးအစီအစဉ်အနေဖြင့်**

**20% Discdount for Plastic Surgery**

ပရာရမ်နိုင်းဆေးရုံ သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ပုဂ္ဂလိက ဆေးရုံများအနက် ကျောက်ကပ်အစားထိုးခွဲစိတ် ကုသမှုအရေအတွက်အများဆုံးနှင့် အောင်မြင်မှု ရာခိုင်နှုန်းအမြင့်မားဆုံး ဆေးရုံတစ်ရုံဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်များ ရရှိထားပြီး မြန်မာနိုင်ငံရှိ ကျောက်ကပ်လူနာအများဆုံး ကျောက်ကပ်အစားထိုး ခွဲစိတ်မှုပြုလုပ်သော ဂုဏ်သရေရှိ ဆေးရုံတစ်ရုံဖြစ်ပါသည်။

မြန်မာပြည်ရုံးခွဲ ◆ အမှတ် (၂၅)၊ အခန်း (၄၀၇)၊ Yuzana Business Tower ၊ မွေစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၁ ၅၀၅၆၈၈ ၊ ၀၉ ၇၃၁ ၄၆၉၈၈ ၊ ၀၉ ၅၁၃ ၆၅၅၄ ၊ E-mail : knl.praram9@gmail.com

JISHUGAKKAN TOKYO JAPAN

**JMJC**

ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ Jishugakkan(JSG)မှ ကျောင်းအုပ်ကြီး Mr Yamaguchi Yoshiharu ကိုယ်တိုင်လာရောက်၍ ပညာရေးဆွေးနွေးပွဲ ( Seminar ) ပြုလုပ်မည်ဖြစ်ပါသည်။

- JMJC ကျောင်း၏ထူးခြားချက်မှာ တိုကျိုမြို့ရှိ Jishugakkan Japanese Language School, (JSG)မှ တိုက်ရိုက်လာရောက်ဖွင့်လှစ်သော ကျောင်းဖြစ်ပြီးချိုသာသောဈေးနှုန်းနှင့်အတူဝန်ဆောင်မှုပေးနေပါသည်။
- မြန်နိုင်ငံမှ ကျောင်းသား/ကျောင်းသူများကို 2006 April မှစ၍ ယနေ့တိုင် ၁၃၄ ဦးသည် ဂျပန်နိုင်ငံသို့ သွားရောက်ပညာသင်ယူပြီးဖြစ်ပါသည်။
- JYJC(Yangon) နှင့် JMJC(Mandalay) ကျောင်းများမှ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Jishugakkan(JSG) ကျောင်းသို့ (၁)နှစ်လျှင် (၄)ကြိမ် လျှောက်ထားနိုင်ပါသည်။

PROMOTION များလည်းရှိပါသည်။

**ကျင်းပမည့်အချိန်နှင့်နေရာ**

(I) 6-10-2012 (10:00 - 12 : 00)am
MCC, Computer Center, 71st, Bet; 27th & 28th St, Chan Aye Thar Zan Township, Mandalay .

(II) 7-10-2012 (10:00-12:00)am
Swan Hotel , Coner of 26th & 68th Street, Chan Aye TharZan Township, Mandalay.

**စုံစမ်းရန်**

Main Office(YGN)JYJC : 01-504268,09-43139339
Branch Office (MDY JMJC : 02-31858,09-402533803,
MCC Computer Center, 71st street,between 27th x 28th
Chan Aye TharZan Township, Mandalay

## စာ(၂၃) - E-Lite Tech ပုဂ္ဂလိက ဆက်သွယ်ရေး အော်ပရေတာလုပ်ငန်း လျှောက်ထားရန် စီစဉ် မှ

သွားမည်ဖြစ်ပြီး အခြားသော ဆက်သွယ်ရေးလုပ်ငန်းများကိုပါ လုပ်ကိုင်ခွင့်ရရှိပါက တိုးချဲ့လုပ်ကိုင်သွားမည်ဟု သိရသည်။

ယခုလက်ရှိအချိန်တွင်ဆက်သွယ်ရေးကော်ပိုရေးရှင်းမှတစ်ဆင့် ပြန်လည်ဖွဲ့စည်းထားသော မြန်မာတယ်လီကွန်းကုမ္ပဏီနှင့်ယခင်ကတည်းကရှိပြီးဖြစ်သော ရတနာပုံတယ်လီပို့ကုမ္ပဏီတို့က အော်ပရေတာလုပ်ငန်းများ လုပ်ကိုင်ခွင့်ကို အလိုအလျောက်ရရှိပြီး ဖြစ်သည်။

ကျန်ရှိနေသေးသော လစ်လပ်အော်ပရေတာနှစ်ခုကို မည်သည့်ကုမ္ပဏီက ရရှိမည်ဆိုသည်ကိုမသိရှိရသေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ပြောကြားခဲ့သည်။

ထို့အပြင် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က ရန်ကုန်မြို့၊ လှိုင်တက္ကသိုလ်နယ်မြေအတွင်းပြုလုပ်ခဲ့သည့်အိုင်စီတီဆိုင်ရာအခမ်းအနားတစ်ခုတွင် ကျန်ရှိနေသေးသည့် ပုဂ္ဂလိက အော်ပရေတာနှစ်ခုသည် ပြည်ပနိုင်ငံများမှ ဖြစ်နိုင်ခြေများကြောင်း တရားဝင်ပြောကြားထားခဲ့သေးသည်။

"အစိုးရပိုင်းကတော့ ပြည်ပနိုင်ငံကဖြစ်ဖို့များတယ်ပြောနေတယ်။ လက်တွေ့မှာက ပြည်တွင်းကပဲ ဈေးကွက်ကို ချုပ်ကိုင်ထားတဲ့ အစိုးရရဲ့ လက်ဝေခံကုမ္ပဏီတွေကလျှောက်ဖို့ပြင်ဆင်နေကြတယ်။ အစိုးရလုပ်သင့်တာက ကျန်တဲ့နှစ်နေရာကိုနိုင်ငံခြားကုမ္ပဏီတွေကိုပဲလျှောက်ခွင့်ပေးလိုက်ရမှာ။ ခရိုနီကုမ္ပဏီတွေကိုလည်း နိုင်ငံခြားနဲ့အပြိုင် လျှောက်ခွင့်ပေးမယ်ဆို အဖြေကသေချာနေပြီပဲ"ဟုစင်ကာပူနိုင်ငံတွင်နေထိုင်သည့် မြန်မာနိုင်ငံသား Developer တစ်ဦးက သူ၏အမြင်ကိုပြောသည်။

ပြည်တွင်း၊ ပြည်ပရှိ ကျွမ်းကျင်ကွန်ပျူတာပညာရှင်နှင့် လုပ်ငန်းရှင်အများစုက ဆက်သွယ်ရေးမှ ကျန်ရှိနေသေးသည့် ကော်ပိုရေးရှင်နှစ်ခုသည် အစိုးရနှင့်နီးစပ်သော ကုမ္ပဏီကြီးများသာ လုပ်ခွင့်ရရန် ရာခိုင်နှုန်းကပိုများနေသည်ဟု ခန့်မှန်းနေကြသည်။

## ၂၀၁၃ ဆီးဂိမ်းတွင် Video Conferencing စနစ်အတွက် Huawei က ဒေါ်လာသုံးသန်းကူညီမည်ဟုဆို

**နိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

တရုတ်နိုင်ငံအခြေစိုက် ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သော Huawei ကုမ္ပဏီက ၂၀၁၃ တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလအတွင်း Video Conferencing စနစ်အတွက် အမေရိကန်ဒေါ်လာသုံးသန်းခန့် အကူအညီပေးသွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ မြန်မာနိုင်ငံအခြေစိုက် ရုံးခွဲမှ ပြင်ပဆက်သွယ်ရေးဌာန၏ တာဝန်ရှိသူတစ်ဦးဖြစ်သည့် Mr. Yang cheng က 7Day News သို့ပြောသည်။

တရုတ်ကုမ္ပဏီဘက်ကမူ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင်နည်းပညာပိုင်းဆိုင်ရာကိုသာ အဓိကရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ဆက်သွယ်ရေးကော်ပိုရေးရှင်းလက်အောက်မှ တယ်လီဖုန်းအော်ပရေတာအနေဖြင့်မူ လုပ်ကိုင်ဆောင်ရွက်သွားရန်မရှိကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဘက်ကမူ မကြာမီ ကျင်းပတော့မည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအမီ ပြည်တွင်း၏ မိုဘိုင်းဖုန်းဆက်သွယ်ရေးများပိုမိုကောင်းမွန်စေရန် ဆောင်ရွက်သွားမည်ဟု တာဝန်ရှိသူများကဆိုထားသည်။

ထို့အပြင် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲမှုကဏ္ဍတွင် ပြည်တွင်းဆက်သွယ်ရေးစနစ်ကို 3G နှင့် 4G ကွန်ရက်များအထိ မြှင့်တင်သွားရန်ရှိနေကြောင်း ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အဆိုပါဝန်ကြီးဌာန၏ အင်ဂျင်နီယာချုပ်တစ်ဦးကပြောသည်။








7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012






# ရခိုင်အရေး ဆွေးနွေးအဖြေရှာ

ကျော်ဝင်း

ယခုရက်ပိုင်း စာရေးသူ စာမရေးဖြစ်ပါ။ စာပင် ဟုတ်ဟုတ်ငြားငြားမဖတ်ဖြစ်ပါ။ သို့သော် တန်ပါသည်။ မိတ်ဆွေများ၏ကျေးဇူးကြောင့် ရခိုင်အရေးဆွေးနွေးအဖြေရှာကြသော အလုပ်ရုံဆွေးနွေးပွဲနှစ်ခုကို ဆက်တိုက်ဆိုသလို တက်ခွင့်ရသောကြောင့် ဖြစ်ပါသည်။ ရန်ကုန်နှင့် နေပြည်တော်တို့တွင် ကျင်းပခဲ့သော ဆွေးနွေးပွဲများဖြစ်သည်။ အဆိုပါ ဆွေး နွေးပွဲနှစ်ခုတွင် စာရေးသူ တင်ပြခွင့်ရခဲ့သော ထင်မြင်ချက်များကို စုစည်းပြီး ယခုစာစုကို ရေးသားဖော်ပြလိုက်ပါသည်။

## ၁။ နိုင်ငံတကာ အဆက်အစပ် (International Context)

အားလုံး သိကြသည့်အတိုင်း ကျွန်တော်တို့မျက်စိအောက်မှာပင်ကမ္ဘာကြီးမှာ ၂၀ ရာစုကို ကျော်ပြီး ၂၁ ရာစုထဲသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ ပညာရှင်အများက ကုန်လွန်သွားခဲ့ပြီဖြစ်သော ၂၀ ရာစုကို အမေရိကန်ရာစုဟူ၍လည်းကောင်း၊ အိုင်ဒီအိုလိုဂျီရာစုဟူ၍လည်းကောင်း ဝိဂြိုဟ်ပြုခဲ့ကြသည်များရှိသည်။ မနည်းလှသော သာဓကများကို ထောက်ပြပြီးသကာလ ယခုရောက်ရှိနေသော ၂၁ ရာစုကိုလည်း အာရှရာစုဟူ၍လည်းကောင်း'အမှတ်အသား သရုပ်ရာစု' (Century of Identity) ဟူ၍လည်းကောင်း သတ်မှတ်ဖွင့်ဆိုကြသည်များကို တွေ့နေရသည်။ ဤတွင် ကျွန်တော်တို့တစ်တွေမှာ ရာစုခေတ်အလှည့်အပြောင်းကာလကြီးကို မျက်မှောက်ပြုနေရပါလားဟု ဆင်ခြင်မိရပါတော့သည်။

### (က)အပြိုင်အရွှေ့ (Parallel Shift)

ဆိုခဲ့ပါ အလှည့်အပြောင်းကာလကြီးတွင် အပြိုင်ဖြစ်ပေါ်နေသော အရွှေ့နှစ်ရပ်၊ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသည်။ ကမ္ဘာ့စီးပွားရေးချိန်ခွင်လျှာ အနောက်မှ အရှေ့သို့ ရွှေ့လာခြင်းနှင့် အိုင်ဒီအိုလိုဂျီမှ အမှတ်အသားသရုပ်သို့ ရွှေ့လာခြင်းတို့ဖြစ်သည်။

ပထမအရွှေ့ (အနောက်မှ အရှေ့)ကို ခြေရာခံကြည့်လိုကလျှင် အာရှဒေသ၏ အံ့မခန်းစီးပွားရေး(Asian Miracle, ၁၉၇၀ နှင့် ၈၀ ပြည့်လွန်နှစ်များ)၊ တရုတ်နှင့် အိန္ဒိယတို့ အင်အားကြီးမားလာခြင်း (၁၉၉၀ ပြည့် လွန်နှစ်များ)နှင့် မကြာသေးခင်ကမှ ကြုံလိုက်ရသော Great Recession ခေါ် ကမ္ဘာလုံးချီ ဘဏ္ဍာရေးအကျပ် (၂၀၀၇/၀၈) တို့ကိုတွေ့ပါလိမ့်မည်။ ဒုတိယအရွှေ့ (အိုင်ဒီအိုလိုဂျီမှ အမှတ်အသားသရုပ်) ကိုပြန်ကြည့်လိုက်လျှင်လည်း ဘာလင်တံတိုင်းပြိုကျရာမှ ဂလိုဘယ်လိုက်ဇေးရှင်း အရှိန်ရလာခြင်း (၁၉၉၈)၊ ဘော်လကန်စစ်ပွဲများမှသည် ဘော်လကန်နိုက်ဇေးရှင်းခေါ် အစိတ်စိတ်၊ အမြွှာမြွှာပြိုကွဲခြင်း(၁၉၉၀ ပြည့်လွန်နှစ်များ)၊ နယူးယောက်မျှော်စင်ညီနောင်ဖြိုချခံရခြင်းနှင့် ကမ္ဘာလုံးအတိုင်းအတာ အကြမ်းဖက်ဝါဒ (၂၀၀၁) စသည်များကို ခြေရာခံမိပါလိမ့်မည်။

ယခင် ၂၀ ရာစု တစ်နည်းစစ်အေးခေတ်ကဆိုလျှင် ကျွန်တော်တို့တစ်တွေမှာ 'ငါတို့ ဘယ်သူလဲ'(Who are We?)ဆိုသော မေးခွန်းကို မေးစရာအကြောင်းမရှိ။ 'ဘယ်ဘက်ကရပ်မလဲ' (Which Side We Stand?) ဆိုသည်ကိုသာ ဆုံးဖြတ်ဖို့ရှိသည်။ သို့တိုင် ပြည်ထောင်စုများ ပြိုကွဲလာသော၊ နယ်နိမိတ်များ မှုန်ဝါးလာသော မျက်မှောက် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးတွင်ကား ဤသို့ မဟုတ်လေတော့။ ငါတို့ဘယ်သူလဲဆိုသော မေးခွန်းသည်ပင် နိုင်ငံတိုင်း လူမှုအုပ်စုတိုင်းအတွက် စိန်ခေါ်ချက်တစ်ခုလို ဖြစ်လာသော အမှတ်သားသရုပ်ဆိုင်ရာ ပုစ္ဆာကြီးဖြစ်လာရတော့သည်။

### (ခ)အပြိုင်ချဉ်းကပ်မှု (Parallel Approach)

ဆိုခဲ့ပြီးသည့်အတိုင်း ရာစုသစ်အကူးအပြောင်းတွင် အပြိုင်အရွှေ့နှစ်ခုပေါ်ထွက်လာရာ ချဉ်းကပ်စဉ်းစားပုံတွင်လည်း မူကွဲနှစ်ရပ်ပေါ်လာသည်။ 'လူအခြေပြုချဉ်းကပ်နည်း' (Humanbase Approach) နှင့် 'နိုင်ငံအခြေပြုချဉ်းကပ်နည်း' (Nation-base Approach)တို့ဖြစ်သည်။

လူအခြေပြုချဉ်းကပ်လာ၊ လူမျိုး၊ အသားအရောင် ကိုးကွယ်သည့်ဘာသာ မည်သို့ပင် ကွဲပြားခြားနားပါစေ 'လူသည် လူပင်ဖြစ်သည်ဆိုသော ပရမတ္ထအမြင်ကို ဗဟိုပြုစဉ်းစားသည်။ သို့နှင့်အမျှ လူ့ဂုဏ်သိက္ခာ၊ လူ့လုံခြုံရေး၊ လူ့အခွင့်အရေးစသော အထိုင်များပေါ်မှ ရပ်ခံသည်။ 'လောကလုံးသဘောဆောင်သည့် နှုန်းခံများ' (Universal Norms)ပေါ်အခြေခံသည်ဖြစ်၍ 'လောကလုံးအမြင် (သို့မဟုတ်) စံအခြေပြုအမြင်' (Universalist, Normative Perspective) ဟု ဆိုနိုင်ပါလိမ့်မည်။

သို့နှင့်တိုင် တကယ့်လက်တွေ့တွင်လူသည်'အမျိုးသားနိုင်ငံများ'(Nation States) အဖြစ်စုစည်းနေထိုင်ကြသည်ဖြစ်ရာ တိုင်းပြည်လူမျိုးစသော ပညတ်များကို အကုန်အစင် ဖယ်ရှားလို့ရသေးသည်တော့ မဟုတ်ပါချေ။ သို့အတွက် 'နိုင်ငံအခြေပြုချဉ်းကပ်နည်း'ဆိုသော ဒုတိယပုံစံသဘာဝကျစွာ ပေါ်ထွက်လာရခြင်းဖြစ်ပါသည်။ ဤနည်းက အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားလုံခြုံရေး၊ အမျိုးသားအမှတ်အသား သရုပ်စသည်များအပေါ် ရပခံသည်။'တကယ့်အရှိ'(Reality)ကို အခြေခံသည်ဖြစ်၍'လက်တွေ့ အခြေပြုအမြင်' (Pragmatic Perspective)ဟု ဆိုနိုင်ပါလိမ့်မည်။

အဆိုပါချဉ်းကပ်ပုံနှစ်ရပ်၏ အားပြိုင်မှုကို နယ်ပယ်အားလုံးနီးပါးလောက်တွင် မြင်တွေ့နေရရာ အထင်ရှားဆုံး ဖြစ်ဖွယ်ရှိသည်မှာ ကုလသမဂ္ဂအဖွဲ့ကြီးကိုယ်တိုင်ပင် ဖြစ်တော့သည်။

### (ဂ)၁၇ နှင့် ၂၁ ရာစု (17th and 21st Century)

အမှန်စင်စစ် ကုလသမဂ္ဂပဋိညာဉ်စာတမ်းများမှာ ၁၆၄၈ ခုနှစ်က ချုပ်ဆိုခဲ့သော ဝက်စဖေးလီးယားစာချုပ်အပေါ် အခြေခံထားခြင်း ဖြစ်သည်။ ဝက်စဖေးလီးယားစာအုပ်မှာ ဥရောပအမျိုးသားနိုင်ငံများကြား နှစ်ပေါင်းသုံးဆယ်ကြာ စစ်မက်ယှဉ်ပြိုင်တိုက်ခိုက်ကြပြီးနောက် စစ်ပန်းရာမှ ထွက်ပေါ်လာသော ကြားအဖြေပင်ဖြစ်သည်။ ထိုစဉ်ကာလ (၁၇ ရာစု)၏ တက္ခနိုလိုဂျီနှင့် ၎င်း၏ လူမှုအကျိုးဆက်ကို စကားရပ်နှစ်ခုဖြင့် ဖော်ပြနိုင်သည်ဟု ဆိုပါသည်။ 'သိပ်ဝေး'(Far away) ဆိုသည်နှင့် 'ငါတို့ဘာမှမသိ' (We Know Nothing)ဆိုသောစကားရပ်များဖြစ်သည်။ သို့အတွက် 'မိမိသက်ဆိုင်ရာ တိုင်းပြည်ကို မိမိတို့စိတ်ကြိုက်အုပ်ချုပ်'ဆိုသော အများညီအမြင်သို့ရောက်လာခဲ့ခြင်း ဖြစ်သည်။

သို့နှင့်အမျှ ဝက်စဖေးလီးယားပုံစံ၏ အခြေခံယူနစ်မှာ 'အမျိုးသားနိုင်ငံများ'ဖြစ်လာသည်။ အခြေခံမှုများမှာ 'အချုပ်အခြာအာဏာ' (Sovereignty)၊ 'ပြည်တွင်းရေးမစွက်ဖက်ရေး' (Non-intervention) နှင့် 'အင်အားချိန်ခွင်လျှာအယူအဆ'(Balance of Power) တို့ဖြစ်လာသည်။ ဆိုရလျှင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာ ဤမူများကို အမွေခံထားခြင်းပင်ဖြစ်သည်။ သို့နှင့်တိုင် ယနေ့၂၁ရာစုအင်တာနက်ခေတ်မှာ မြင်းနှင့်သတင်းပို့ရသော ၂၁ ရာစုနှင့် ဘယ်လိုမှမတူနိုင်တော့ပြီ။ မျက်မှောက်ခေတ် တက္ခနိုလိုဂျီနှင့် လူမှုအကျိုးဆက်ကို ဖော်ပြသော စကားရပ်နှစ်ခုမှာ 'ချက်ချင်း'(instant) ဆိုသည်နှင့် 'ငါတို့အကုန်သိ' (We Know Everything)ဖြစ်လာသည်။

ဤအပြောင်းအလဲက ဝက်စဖေးလီးယားမှုများကို အခြေမှကိုင်လှုပ်လာသည်။ ဤအချက်ကို ထောက်ပြပြီး ၁၉၉၅၊ ကုလသမဂ္ဂရွှေရတုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၀ ပြည့်နှစ် ထောင်စုသစ် ထိပ်သီးဆွေးနွေးပွဲတွင် နောက်တစ်ကြိမ်၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ပြန်စဉ်းစားကြဖို့ အဆိုပြုသည်များရှိလာသည်။ နိုင်ငံအခြေပြုစဉ်းစားနည်းမှလူ့အခြေပြုစဉ်းစားနည်းသို့ပြောင်းလဲဖို့ဖြစ်သည်။ သို့တိုင်အောင် အပြည့်အဝအောင်မြင်ခဲ့သည်တော့မဟုတ်ပါ။ 'လူလူချင်း စာနာထောက်ထားမှုနှင့်ယှဉ်သော' (Humanitarian)ဆိုသည့် ရှေ့ဆက်ပါအယူအဆများကိုမူဖြည့်စွက်ထည့်သွင်းနိုင်ခဲ့ပါသည်။ 'လူလူချင်း စာနာထောက်ထားမှုနှင့်ယှဉ်သော အကူအညီ'၊ 'လူလူချင်း စာနာထောက်ထားမှုနှင့်ယှဉ်သော စွက်ဖက်မှု'စသဖြင့် (ဤအချက်ကိုတော့ 'နောက်ဆုံးအားထားရာ' Last Resort အဖြစ်သာ သဘောယူခဲ့ကြသည်။)

ဤတွင် ပြောလိုသည်မှာ ကုလသမဂ္ဂအဖွဲ့ကြီးကိုယ်တိုင်သည်ပင် ဆိုခဲ့ပါချဉ်းကပ်နည်းနှစ်ရပ် (လူ့အခြေပြုနှင့် နိုင်ငံအခြေပြု)ကို ချိန်ခွင်လျှာမျှ စဉ်းစားရသည်ဆိုသောအချက်ဖြစ်ပါသည်။ ယနေ့ ရခိုင်အရေးတွင်လည်း ဤအတိုင်း စဉ်းစားကြည့်မြင်သင့်သည်ဟု သဘောရပါသည်။ လူ့အခြေပြုချဉ်းကပ်နည်းတစ်ခုတည်းကို အားပြုလွန်းလျှင် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမှတ်အသားသရုပ်ကို ထိခိုက်နိုင်စရာရှိသည်။ တစ်ပြိုင်နက်တည်းမှာပင် နိုင်ငံအခြေပြုချဉ်းကပ်နည်း သက်သက်ဆိုပြန်လျှင်လည်း လူ့အခွင့်အရေးဘက်မှ လျော်ကန်သင့်မြတ်မှုရှိမည်မဟုတ်ပါချေ။

## ၂။ မြန်မာနိုင်ငံအဆက်အစပ် (MYANMA CONTEXT)

ယနေ့ မြန်မာနိုင်ငံမှာ သိမ်မွေ့သည်နှင့်အမျှ ရှုပ်ထွေးသော၊ ခက်ခဲသည်နှင့်အမျှနက်ရှိုင်းသော စိန်ခေါ်ချက်နှစ်ရပ်ကို တစ်ပြိုင်နက်တည်း ရင်ဆိုင်ရလျက်ရှိနေသည်။ 'နိုင်ငံတည်ဆောက်ရေး' (State Building)နှင့်'အမျိုးသားတည်ဆောက်ရေး' (Nation Building) တို့ဖြစ်ပါသည်။ ဤသည်ပင် မြန်မာ့ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၏ အခက်ခဲဆုံးအပိုင်းဖြစ်ဖွယ်ရှိသည်။

### (က) နိုင်ငံတည်ဆောက်ရေး (State Building)

နိုင်ငံတည်ဆောက်ရေး ဆိုသည်မှာ လူ့အဖွဲ့အစည်းတစ်ရပ်တွင် စုပေါင်းဘဝ တတ်နိုင်သမျှဖြစ်ပေါ်လာစေရန် တရားဝင်အင်စတီကျူးရှင်းများ တည်ဆောက်ရသည့်ဖြစ်စဉ်ဖြစ်သည်။

အစဉ်အလာအရ ဗြိတိသျှကိုလိုနီဖြစ်ခဲ့ဖူးသောနိုင်ငံများတွင် နိုင်ငံတည်ဆောက်ရေး အားကောင်းလေ့ရှိသည်ဟုဆိုကြသည်များရှိသည်။ သို့နှင့်တိုင် ဗြိတိသျှအိန္ဒိယအင်ပါယာ၏ ပြည်နယ်တစ်ခုအဖြစ်သာ ကာလတာရှည်ရပ်တည်ခဲ့သော မြန်မာနိုင်ငံအတွက်မူ အဆိုပါအားကောင်းချက်ကို အပြည့်အဝရခဲ့သည်ဟုဆိုနိုင်လိမ့်မည်မဟုတ်ပါ။ မည်သို့ပင်ရှိစေ လွတ်လပ်သော မြန်မာနိုင်ငံအနေနှင့်ဗြိတိသျှကိုလိုနီအမွေဟုဆိုနိုင်သော နိုင်ငံတည်ဆောက်ရေးဆိုင်ရာ အင်စတီကျူးရှင်းများနှင့်ဗျူရိုကရေစီကို အထိုက်အသင့်လက်ခံရရှိခဲ့ပါသည်။ သို့တစေ အဆိုပါအင်စတီကျူးရှင်းများကို ဆက်လက်ထိန်းသိမ်းနိုင်စွမ်းနှင့် ဗျူရိုကရေစီကို ဆက်လက်ဖြည့်ဆည်းပေးရမည့် ပညာရေးအားနည်းမှုများကြောင့် မြန်မာနိုင်ငံတည်ဆောက်ရေးမှာ တဖြည်းဖြည်း ပွန်းပြတ်၊ပြတ်သလိုဖြစ်ခဲ့ရသည်။ သည်လိုနှင့် နောက်ဆုံး ၁၉၆၂ နောက်ပိုင်းသို့ ရောက်သောအခါ ယိုယွင်းရုံမျှမက ပြိုလဲသည်ထိဖြစ်ခဲ့ရသည်။

ပြောရလျှင် မြန်မာနိုင်ငံတည်ဆောက်ရေးစိန်ခေါ်ချက်မှာ နှစ်ပေါင်း ၅၀ ကျော် ဝေဒနာခံစားနေခဲ့ရသော နာတာရှည်လူမမာကြီးလိုဖြစ်နေပါတော့သည်။ ယနေ့မြန်မာခေါင်းဆောင်များအနေနှင့် နိုင်ငံရေးအရ စိတ်အားထက်သန်မှု အပြည့်ရှိကြသော်လည်း လက်တွေ့အကောင်အထည်ဖော်ရမည့်ပညာပိုင်းဆိုင်ရာ၊ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံပိုင်းတွင်မူ အကြီးအကျယ် လစ်ဟာလျက်ရှိနေသည်။ ဆိုရလျှင် မြန်မာနိုင်ငံတည်ဆောက်ရေးမှာ ယခုမှ တာထွက်ခါစ အလွန်နုနယ်သေးသောအနေအထားဟု ဆိုရပါလိမ့်မယ်။

### (ခ)အမျိုးသားတည်ဆောက်ရေး (Nation Building)

အမျိုးသားတည်ဆောက်ရေးဆိုရာတွင် မျှဝေလက်ခံထားသော သမိုင်း၊ ယဉ်ကျေးမှုဓလေ့၊ တန်ဖိုး၊ ဘာသာစကားနှင့် အမှတ်အသားသရုပ်တို့ဖြင့် စုစည်းပုံဖော်ကြရသည့်သဘောဖြစ်သည်။ တစ်နည်းဆိုရလျှင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ဥမကွဲသိုက်မပျက် စုစည်းနေထိုင်ကြမည့် ပြည်ထောင်စုကြီးအဖြစ်တည်ဆောက်ကြရမည့်ဖြစ်စဉ်ဖြစ်သည်။ ကံမကောင်း အကြောင်းမလှစွာပင် ဤတာဝန်ကို ဒီမိုကရက်တစ်နည်းလမ်းတကျ မဖြေရှင်းနိုင်ရာမှာ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးနှင့်အတူပြည်တွင်းစစ်ကြီးနှင့်ရင်ဆိုင်ခဲ့ရသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်တော့သည်။ မြန်မာ့ပြည်တွင်းစစ်သက်တမ်းမှာ နှစ်ပေါင်း ၆၀ နီးပါးဖြစ်ရာ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး စစ်ပွဲတစ်ပွဲဟု ဆိုရပါလိမ့်မည်။

ယခုအခါ တိုင်းရင်းသားလူမျိုး လက်နက်ကိုင် ၁၁ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲနိုင်ပြီဖြစ်သည့်တိုင် အရေးကြီးသော 'ကချင်လွတ်လပ်ရေးအဖွဲ့'(KIO)နှင့်မူ စစ်ရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေဆဲရှိသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရပြီးသော အဖွဲ့များနှင့်လည်း နိုင်ငံရေးအရ ဆက်လက်ညှိနှိုင်းဆွေးနွေးကြရဦးမည်ဖြစ်ရာ အချိန်မရွေး သေနတ်သံပြန်ထွက်လာနိုင်သည့်အနေအထားဟုဆိုရပါလိမ့်မည်။ ဆိုရလျှင် တည်ငြိမ်ခိုင်မာသောငြိမ်းချမ်းရေးရဖို့ဆိုလျှင် ဆက်လက်လုံးပန်းအားထုတ်ကြရဦးမည်ဖြစ်ပါသည်။

သို့အတွက် မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးရော အမျိုးသားတည်ဆောက်ရေးသည်ပါ အလွန်အကဲဆတ်သည့်အနေအထားတွင်ရှိနေဆဲဟူ၍သာ ဆိုရလိမ့်မည်ဖြစ်ပါသည်။

### (ဂ) ရခိုင်အရေး (Sectarian Violence In Rakhine State)

ဤမျှ အရေးကြီးသည့် အခြေအနေမှာပင် နုနယ်သေးသော မြန်မာ့ဒီမိုကရေစီရေးအတွက် အလွန်ပြင်းထန်သော ရိုက်ချက်တစ်ခုနှင့် ရင်ဆိုင်လိုက်ရသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော လူမှုအုပ်စု(ကွန်မြူနတီ)နှစ်ခုကြား ဂိုဏ်းဂဏအကြမ်းဖက်မှုများဖြစ်သည်။ အမှန်စင်စစ် ဤကိစ္စမှာ ရှောင်တခင်ဖြစ်ပေါ်လာသည်တော့မဟုတ်ပါ။ သမိုင်းနှင့်ဆိုင်သလို ပထဝီနိုင်ငံရေးအဆက်အစပ်များနှင့်လည်း ပတ်သက်နိုင်ပါသည်။ သို့ဖြစ်လင့်ကစား သမိုင်းဇာစ်မြစ်များကို တူးဖော်ရသည်မှာ အငြင်းပွားဖွယ်ရာများစွာ ရှိနိုင်သည်ဖြစ်ရာ ယခုလို သွေးပူနေချိန်မျိုးတွင် သဟဇာတဖြစ်ရေးထက် အာဃာတပွားစရာ ပိုများလိမ့်မည်ထင်သည်။ ဤသို့ဆိုသည်နှင့် သမိုင်းကို ရာဇဝင်ထဲမှာ ထားလိုက်ဖို့ဆိုလိုသည်မဟုတ်ပါ။ ပြဿနာ၏ဇာစ်မြစ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ဆွေးနွေးအဖြေရှာကြရမည်သာဖြစ်ပါသည်။ သို့တစေ ယခုလောလောဆယ်တော့မဟုတ်။ ပြန်လည်သွေးအေးသည့်အခြေအနေတွင် တည်ငြိမ်သောစိတ်နှလုံးဖြင့် ညှိနှိုင်းဆွေးနွေးကြသည်က ပို၍လျော်ကန်သင့်မြတ်လိမ့်မည်ဟု သဘောရပါသည်။

စာရေးသူအမြင်၊ ရခိုင်အရေးမှာ သမိုင်းဇာစ်မြစ်သာမက ပထဝီနိုင်ငံရေးဆက်စပ်အခြေအနေများနှင့်လည်း နက်နက်ရှိုင်းရှိုင်းပတ်သက်လေမည်လားစဉ်းစားမိသည်။ အထူးသဖြင့် 'ထိစပ်နယ်မြေ' (Border Land) ပြဿနာကို ထည့်သွင်းစဉ်းစားသင့်သည်ဟု ထင်သည်။

စာ(၄၀) သို့


7DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# ရန်ကုန်မြို့တော် အတိတ် ယနေ့နှင့် အနာဂတ်

ဒေါက်တာကျော်လတ်

**ရန်ကုန်မြို့ကို ၆ ရာစုနှစ်က မွန်ဘုရင်များ တည်ထောင်သွားကြောင်း၊ ၁၇၅၅ ခုနှစ်တွင် အလောင်းဘုရား ထပ်မံတည်ဆောက်၍ ရန်ကုန်ဟုအမည်ပေးခဲ့ကြောင်း စသည်တို့မှာ မိမိတို့ သမိုင်းမှတ်တမ်းများတွင် တွေ့ရှိရပေသည်။**


ထို့နောက် ၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ပြီးဆုံးပြီးနောက် အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံ၏ မြို့တော်အဖြစ် ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့တော်ကို ပြန်လည်စီမံကိန်းရေးဆွဲ၍ တည်ထောင်ခဲ့ကြပြန်လေသည်။ ထိုသည်တို့မှာ မြို့ပြအဖြစ် တည်ဆောက်ခဲ့ခြင်းတို့နှင့်ပတ်သက်သော မှတ်တမ်းများသာဖြစ်ပေသည်။ သို့ပါသော်လည်း ရွှေတိဂုံစေတီတော်ကုန်းတော် သိင်္ဂုတ္တရကုန်းပတ်ဝန်းကျင်တစ်ဝိုက်၊ ဆူးလေစေတီတော်နှင့် ဗိုလ်တထောင်စေတီတော် ပတ်ဝန်းကျင်တစ်ဝိုက်တို့တွင်မူ လူနေရပ်ကွက်များမှာ ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့ပေမည်။ ရန်ကုန်မြို့ ပတ်ဝန်းကျင်တွင် ယခုတွေ့ရှိရသည့် ရှေးဘုရားများနှင့် ဆင်းတုတော်များမှာ ပုဂံခေတ် ၁၁ ရာစုနှစ်များက ဖြစ်ခဲ့ဟန်တူပြီး မိမိတို့ သမားရိုးကျမှတ်တမ်းများအရ မြတ်စွာဘုရားလက်ထက်ကပင် ရွှေတိဂုံစေတီတွင် ဆံတော်များနှင့်ဌာပနာခဲ့သည်ဟု ပါရှိဖော်ပြထားသည်။




**၁၈၅၂ ခုနှစ်မတိုင်မီ ရန်ကုန်မြို့မြေပုံ**

အလောင်းဘုရားလက်ထက်က ယခု ဆူးလေစေတီတော်သည် မိုးတွင်းအခါ ရေများ ပတ်လည်ဝိုင်း၍ ကျွန်းကဲ့သို့သော နေရာအမြင့်တွင် တည်ရှိခဲ့သည်။ အလောင်းဘုရားသည် ထိုဆူးလေစေတီတော်၏တောင်ဘက် ယခုကုန်သည်လမ်းခန့်တွင် ရှိသော နေရာမှ မြစ်ကမ်းနားအထိ သစ်တပ်မြို့ရိုး တည်ဆောက်ခဲ့သည်။ ၁၈၅၂ ခုနှစ်တွင် မြို့ပြပုံစံများ ရေးဆွဲခဲ့၍ ၁၈၅၃ ခုနှစ် ပတ်ဝန်းကျင်တွင် တည်ဆောက်ခဲ့ကြရာတွင် အရေးကြီးဆုံးလမ်းမကြီးဖြစ်သည့် Dalhousie လမ်း (မဟာဗန္ဓုလလမ်း)နှင့် ဆူးလေဘုရားလမ်းတို့ကို ဆူးလေစေတီတော်ကို ဦးတိုက်၍ တည်ဆောက်ခဲ့ကြသည်။ မြို့ပြပုံစံ ရေးဆွဲခဲ့သော Alexander Fraser ဆိုသူ အင်ဂျင်နီယာသည် ယဉ်ကျေးသမှုဖြင့် ဆူးလေစေတီတော်ပတ်ဝန်းကျင်တွင် စေတီတော်ထက် ပိုမိုမြင့်မားသောအဆောက်အအုံများမတည်ဆောက်ခဲ့ပေ။

အင်္ဂလိပ်တို့ ၁၉ ရာစုနှစ်တွင် တည်ဆောက်သွားသော ရန်ကုန်မြို့မှာ ယခု မြို့ထဲခေါ် ဗိုလ်ချုပ်လမ်း (Montgomerie St.) နှင့် ကမ်းနားလမ်းတို့အကြားကို Commercial Area ဟု သတ်မှတ်ခဲ့ကြပြီး အတွင်းဝန်များရုံး၊ သိမ်ကြီးဈေး၊ ရုပ်ရှင်ရုံ စသည့် လူအများသုံးရန်၊ သွားလာရန် အဆောက်အအုံများကို နေရာချထားခဲ့ကြသည်။ ထိုစဉ်က မြို့ပြင်ဟု ဆိုနိုင်သော ဗိုလ်ချုပ်ပန်းခြံ၊ (Dalhousie Park) တိရစ္ဆာန်ဥယျာဉ်၊ (Victoria Park) ကန်တော်မင်္ဂလာပန်းခြံ၊ (Cantonment Garden) စသည်တို့ကို Green Zone ခေါ် စိမ်းလန်းစိုပြည်ရေးနေရာများအဖြစ် သတ်မှတ်ကြ၍ ထိုစဉ်အခါက ရန်ကုန်မြို့သည် Green City of Asia ဟု ကျော်ကြားခဲ့သည်။ ထိုစဉ်အခါက ယခု ရှင်စောပုလမ်း၊ ကန်တော်ကလေး အစရှိသောနေရာများအထိသာ ရန်ကုန်မြို့၏ မြောက်ပိုင်းအစွန်းပိုင်းဟု သတ်မှတ်ခဲ့ကြ၍ ရှင်စောပုလမ်းကို Boundary Road ဟုခေါ်ခဲ့၍ ရန်ကုန်မြို့သည် ၁၉၀၀ ပြည့်နှစ်ခန့်တွင် ၂၈ စတုရန်းမိုင်သာ ရှိခဲ့သည်။ မြို့ပြတည်ဆောက်ပုံစနစ်မှာ အင်္ဂလိပ်တို့ ယင်းတို့၏ ကိုလိုနီများတွင် တည်ဆောက်ခဲ့သော Grid Pattern ခေါ် လေးထောင့်ကွက်ပုံစံဖြစ်ခဲ့ပြီး ယင်းတို့၏ ကိုလိုနီဖြစ်ခဲ့သော အမေရိကန်ပြည်ရှိ Washington, New York, Philedephia စသောမြို့များ၏ ပုံသဏ္ဌာန်နှင့် ခပ်ဆင်ဆင်တူခဲ့သည်။





**၁၈၅၅ ခုနှစ်နောက်ပိုင်း Fraser-Plan အရ ပေါ်ပေါက်လာသော ရန်ကုန်မြို့**

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ မကြာခင် ၁၉၄၈ ခုနှစ်တွင် မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီး ဆိုးရွားသော ပြည်တွင်းစစ်နှင့် ကြုံကြရသည်။ ပြည်တွင်းစစ်ကြောင့် ကျေးလက်ဒေသများ မငြိမ်မသက်ကြ၍ ကျေးလက်ဒေသများမှ လူပေါင်းများစွာ ရန်ကုန်မြို့သို့ လာရောက်ခိုလှုံခဲ့ကြရသည်။ ထို ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း ယခု တော်လှန်ရေးပန်းခြံ၊ ရွှေတိဂုံစေတီတော်ပတ်ဝန်းကျင် စသောနေရာများတွင် ဆင်းရဲသူ၊ ဆင်းရဲသားများ တဲအိမ်ကလေးများဆောက်လုပ်၍ ကျပ်တည်းစွာ နေထိုင်ခဲ့ကြရသည်။ ရန်ကုန်မြို့လူဦးရေမှာ ၁၉၄၀ ပြည့်နှစ်တွင် ငါးသိန်းခန့်မှ ၁၉၅၀ ပြည့်နှစ်တွင် ၁ ဒသမ ၃ သန်းအထိ တိုးပွားခဲ့သည်။ ၁၉၅၉ ခုနှစ်နောက်ပိုင်း သာကေတ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပမြို့တို့ကို အသစ်ချဲ့တည်ဆောက်ပြီး ဘောက်ထော်၊ ရန်ကင်း စသောနေရာများကိုလည်း ရန်ကုန်မြို့ဧရိယာထဲသို့ ပါဝင်ထည့်သွင်းခဲ့သဖြင့် ၁၉၆၂ ခုနှစ်ခန့်တွင် မြို့ဧရိယာမှာ ၈၀ စတုရန်းမိုင်ခန့်သို့ ကျယ်ပြန့်သွားသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ရွှေပြည်သာ၊ လှိုင်သာယာ၊ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့ စသည်တို့ကို တိုးချဲ့တည်ဆောက်ခဲ့ကြ၍ ယခုအခါ ရန်ကုန်မြို့၏ ဧရိယာမှာ ၃၀၆ စတုရန်းမိုင်အထိ ကျယ်ပြန့်လာသည်။

ထိုသို့ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်ခန့်အတွင်း များစွာ တိုးချဲ့ခဲ့ကြသော်လည်း အဓိကလိုအပ်ချက်ဖြစ်သော လမ်းများ၊ ရေပေးရေးစနစ်များနှင့် လျှပ်စစ်လိုင်းများသာ တိုးချဲ့ဆောက်လုပ်ခဲ့ကြ၍ အများပြည်သူတို့နှင့် မြို့သာယာရေးအတွက် ပန်းခြံများ၊ ဥယျာဉ်များ၊ ကလေးကစားကွင်းများ စသည်တို့မှာ လုံလောက်မှု မရှိခဲ့ပေ။ တိုးချဲ့ခဲ့သော မြို့သစ်များ တည်ဆောက်ခဲ့ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဆင်းရဲသားများနှင့် မချမ်းသာသော ဝန်ထမ်းတို့ကို နေရာချထားရန်ဖြစ်ခဲ့၍ တိုးချဲ့မြို့သစ်များတွင် အများစုသောမြေကွက်များမှာ ပေ ၄၀ × ပေ ၆၀ နှင့်သာ စီမံခဲ့ပြီး ထိုမြို့သစ်များတွင် စနစ်တကျ ခိုင်ခံ့သော ရေမြောင်းများ၊ မိလ္လာစနစ်များလည်း မရှိခဲ့ပါ၍ ယခုအခါ ထိုမြို့သစ်များ၏ များစွာသော နေရာတို့တွင် ရေကြီးခြင်း၊ မြောင်းပိတ်ဆို့၍ လျှံထွက်ခြင်းစသော ပြဿနာများနှင့် ရင်ဆိုင်နေရပေသည်။

ရန်ကုန်မြို့သည် ၁၉၆၀ ခန့်တွင် စတုရန်းမိုင် ၈၀ ခန့်မှ ယနေ့ ၃၀၆ စတုရန်းမိုင်အထိ တိုးချဲ့ခဲ့သော်လည်း ရန်ကုန်မြို့ လူဦးရေသည် နှစ်စဉ် ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်နှင့်တိုးပွားလျက်ရှိရာလက်ရှိ လူဦးရေငါးသန်းကို အခြေခံပါလျှင် နှစ်စဉ် လူပေါင်း ၁ ဒသမ ၂၅ သိန်းခန့် တိုးပွားလျက်ရှိပါသည်။ ရန်ကုန်မြို့၏ အနာဂတ်လူဦးရေမှာ အတိအကျမျှော်မှန်း၍မရဘဲ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် နိုင်ငံတော်၏ မြို့ပြဖွံ့ဖြိုးမှုမူဝါဒပေါ်တွင် မူတည်ပေမည်။

ရန်ကုန်မြို့ လူဦးရေသည် ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် နှစ်စဉ် တိုးပွားပါလျှင် ၂၀၅၀ ပြည့်နှစ်တွင် ၁၃ သန်းကျော်ခန့်အထိ တိုးပွားနိုင်ပြီး ၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် တိုးပွားပါလျှင် ထို ၂၀၅၀ ပြည့်နှစ်တွင် ၁၈ သန်းခန့်အထိ ရှိနိုင်ပါသည်။ နိုင်ငံတော်အဝန်း အခြားမြို့ပြများကိုလည်း ဖွံ့ဖြိုးစေရန် ဆောင်ရွက်သင့်ပါသည်။ ထိုတိုးပွားလျက်ရှိသောလူဦးရေအတွက် လူနေရပ်ကွက်များ၊ အလုပ်အကိုင်အတွက် စက်ရုံ၊ အလုပ်ရုံများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဈေးဆိုင်များ စသည်တို့အတွက် လက်ရှိမြို့ဧရိယာကို ထပ်မံတိုးချဲ့ရပေဦးမည်။ ထိုသို့ မြို့တိုးချဲ့သည့်အခါ ဝင်ငွေနိမ့်မိသားစုများအတွက် အိမ်ရာများအပြင် ဝင်ငွေအလယ်အလတ်ရှိသူများ၊ ဝင်ငွေမြင့်သူများအတွက်ပါ မြေကွက်များ အိမ်ရာစီမံကိန်းများနှင့် ပူးတွဲအကောင်အထည်ဖော်ကြရပေမည်။ ထို့အပြင် နောက်တိုးချဲ့မြို့များတွင် စနစ်တကျ လမ်းများ၊ ရေထုတ်စနစ်များ၊ မိလ္လာစနစ်များ၊ ပန်းခြံများ၊ ကျောင်း၊ ဆေးရုံ အစရှိသည်တို့ပါဝင်သော အဆင့်မြင့်မြို့ကွက်များ ဖြစ်သင့်ပေသည်။ သို့မှသာ ရန်ကုန်မြို့၏ အဆင့်မြင့်ရပ်ကွက်များတွင် မြေဈေး၊ အိမ်ဈေး လွန်စွာကြီးမြင့်လျက်ရှိသော ပြဿနာကိုတစ်နည်းတစ်ဖုံလျှော့ချရာရောက်ပေမည်။




**ရန်ကုန်မြို့ လူဦးရေခန့်မှန်းချက်**

ရန်ကုန်မြို့၏ အခြားအရေးကြီးသော ပြဿနာ တစ်ရပ်မှာ သမိုင်းနောက်ခံ အခြေအနေတို့ကြောင့် မိမိတို့မြို့၏တောင်ပိုင်းတွင်ရှိသော မြို့ထဲခေါ် စီးပွားရေးဇုန်တွင် အထူးဈေးဆိုင်အမျိုးမျိုးနှင့် ကုန်တိုက်ကြီးများ၊ ရုပ်ရှင်ရုံများ စသည့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ၏ အများစုမှာစုပေါင်း၍တည်ရှိနေသည်။ ထိုသို့ စီးပွားရေးဆိုင်ရာအဆောက်အအုံများ စုဝေးနေသည့်အတွက်လည်း လူများ နေထိုင်ခြင်းကို ဆွဲဆောင်သဖြင့် ထို (CBD) ခေါ် စီးပွားရေးဗဟိုနေရာတွင် လူနေသိပ်သည်းမှုမြင့်မား၍ အလုပ်အကိုင်အခွင့်အလမ်းများ၏ စုဝေးရာ နေရာလည်းဖြစ်သည်။ ထိုသည်ကို အကြောင်းပြု၍ နေ့စဉ် ရန်ကုန်မြို့ထဲသို့ ဦးတည်သွားသော ယာဉ်များနှင့် ခရီးသည်များကြောင့် ရန်ကုန်မြို့၏ အဓိကလမ်းမကြီးများတွင် မကြာမကြာပိတ်ဆို့နေရသည်။ မြို့ထဲတွင် သွားလာလှုပ်ရှားရန် ကျပ်တည်းကြရသည်။ ထိုပြဿနာမှာ Land-use Pattern ခေါ် မြေအသုံးချမှုပုံစံကြောင့်ဖြစ်၍ ယင်းကို ပြင်ဆင်ရမည်ဖြစ်သည်။ ပြင်ဆင်ရန်နည်းလမ်းမှာ ယခုလက်ရှိ CBD ကဲ့သို့သော အထူးဆိုင်များ၊ ရုပ်ရှင်ရုံများ၊ ဈေးများ၊ ဟိုတယ်များ ပါဝင်သော ဒုတိယစီးပွားရေးဇုန်တစ်ရပ်ကိုဖော်ထုတ်ရန် လိုအပ်လျက်ရှိသည်။ ထိုလုပ်ငန်းရပ်ကိုလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စတင်ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တွင် နှစ်စဉ် တိုးပွားလျက်ရှိသော လူဦးရေ ၁ ဒသမ ၂၅ သိန်းခန့်အတွက် Affordable Housing ခေါ် အများပြည်သူလက်လှမ်းမီသော အိမ်ရာများ ပေါ်ပေါက်ရန်လည်း ပုံမှန် ဆက်လက်ဆောင်ရွက်ခြင်းနှင့်အတူ Housing Financing System ခေါ် အိမ်ရာကဏ္ဍအတွက် ငွေပေးချေမှုစနစ်တစ်ရပ်ကိုလည်း အမြန်ဆုံးဖော်ထုတ်သင့်ပေသည်။

ယခုအခါ ရန်ကုန်မြို့တွင် လူဦးရေငါးသန်းခန့်ရှိပြီး ရေပေးဝေရေးစနစ်၊ ရေမြောင်းများစနစ်၊ အများသုံးသယ်ယူပို့ဆောင်ရေးစနစ်၊ ယာဉ်ကြောပိတ်ဆို့မှု စသည့်ပြဿနာများစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်မှာ အများအသိပင်ဖြစ်ပေသည်။

*စာ(၃၁) သို့*

7DAY NEWS JOURNAL

Current Affairs

Vol.11, No.30 • OCTOBER 4 , 2012

# လယ်သမားများအခက် ဥပဒေနဲ့ ဖြေရှင်းပေးနိုင်မှာလား

ပြည်သိမ်း၊ အောင်နိုင်

## လယ်ယာမြေနည်းဥပဒေသစ်မထွက်မီက ဖြစ်ပွားခဲ့သော လယ်မြေသိမ်းဆည်းမှုများကို ယခုဥပဒေသစ်က မဖြေရှင်းနိုင်ပေ

"ဒီစာအုပ်က ကျွန်တော်တို့ရဲ့မျှော်လင့်ချက်ပဲ။ ဒါကိုရဖို့ မိတ္တူဆွဲ၊ စာအုပ်ချုပ်တာ ရှစ်ထောင်လောက်ကုန်တယ်"ဟု သံလျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာမှ လယ်သမားကြီးဦးသောင်းမြင့်က လယ်ယာမြေနည်းဥပဒေစာအုပ်ကိုပြ၍ ပြောသည်။

၂၀၁၂ ခုနှစ် ဩဂုတ်လ ၃၁ ရက် နေ့စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် ၂/ ၂၀၁၂ ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က လက်မှတ်ထိုးထုတ်ပြန်ခဲ့သည်။ ဥပဒေတွင် အခန်း ၁၃ ခန်းပါဝင်သည်။ ၎င်းတို့ထဲတွင် လယ်သမားများ အဓိကမျှော်လင့်နေသည်မှာ အခန်း(၅)နှင့် အခန်း(၈)တို့ပင်ဖြစ်သည်။ အခန်း (၅ ) မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ငှားရမ်းခြင်း၊ ပေါင်နှံခြင်းဖြစ်ပြီး အခန်း(၈) မှာ လယ်ယာမြေသိမ်းဆည်းမှုကြောင့် ရရှိမည့်နစ်နာကြေးနှင့် လျော်ကြေးကိစ္စတို့ ဖြစ်သည်။



ဓာတ်ပုံ-ဧရာဝတီ(အောင်ပြည့်ဖြိုး)

သံလျင်မြို့နယ်ရှိ လယ်ယာမြေအတော်များများကို တစ်ချိန်က စက်မှုဇုန်စီမံကိန်း၊ စစ်တပ်၏ စီမံကိန်းများအတွက် လယ်မြေများစွာသိမ်းယူမှုခံခဲ့ရသည်။ စက်မှုဇုန်အတွက် သိမ်းသည့်လယ်မြေများအတွက် လျော်ကြေးအဖြစ် တစ်ဧကကို ကျပ်နှစ်သောင်းပေးခဲ့သည်။ စစ်တပ်စီမံကိန်းအတွက် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် တောင်သူတစ်ဦး ပေ ၄၀× ပေ ၆၀ မြေတစ်ကွက်နှင့် ပြောင်းရွှေ့စရိတ် ကျပ်ငါးထောင်သာပေးခဲ့ကြောင်း အလွမ်းဆွတ်ကျေးရွာမှ လယ်သမားဦးကျော်လှိုင်ကဆိုသည်။

"အရင်အစိုးရလက်ထက်မှာ ကျွန်တော်တို့က မပြောရဲဘူး။ သူတို့လုပ်သမျှကို ငြိမ်ပြီးခံခဲ့ရတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။ ထို့ကြောင့် လယ်သမားများသည် ယခု ထုတ်ပြန်သည့်လယ်ယာမြေနည်းဥပဒေကို လွန်စွာအားကိုးနေကြသည်။ လယ်ယာမြေနည်းဥပဒေတွင် နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ လယ်ယာမြေသိမ်းယူခံရလျှင် မူလ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူကို နစ်နာကြေးနှင့် လျော်ကြေးကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟုဖော်ပြထားသည်။ လယ်ယာမြေဥပဒေနှင့် အညီ အခြားနည်းလမ်းဖြင့် အသုံးပြုခွင့်ရပြီးနောက် ခြောက်လအတွင်း စတင်အသုံးမပြုခြင်းကြောင့်သော်လည်းကောင်း လုပ်ငန်းပြီးစီးခြင်းမရှိမှုကြောင့်သော်လည်းကောင်း လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပြန်လည်သိမ်းယူခံရမည်ဟုဆိုသည်။

သိမ်းယူသည့်မြေအတွက် လျော်ကြေးပေးရာတွင်လည်း ရေရှည်အမျိုးသားရေး အကျိုးစီးပွားအလို့ငှာ အကျိုးအမြတ်ဖြစ်ထွန်းမှုမရှိသော တည်ဆောက်ရေးလုပ်ငန်းနှင့် နိုင်ငံတော်လုံခြုံရေးအတွက် အသုံးပြုလျှင် အသိမ်းခံရသည့်လယ်ယာမြေအတွက် ဒေသကာလပေါက်ဈေးဖြင့် တွက်သောတန်ဖိုးပေးရမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် အကျိုးဖြစ်ထွန်းနိုင်သော စီးပွားရေးလုပ်ငန်းများကို အသုံးပြုမှုဆိုလျှင် နစ်နာခြင်းမရှိစေရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဖွဲ့စည်းပေးသော လျော်ကြေးငွေသတ်မှတ်ရေးအဖွဲ့က စီးပွားရေးလုပ်ငန်းအမျိုးအစားပေါ် မူတည်၍ ဆုံးဖြတ်သည့်ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သောတန်ဖိုးအောက် မနိမ့်သည့် ငွေကြေးပမာဏတိုးပေးရမည်ဟုပါရှိသည်။

"ဒီဥပဒေက ဘယ်လောက်ထိ သက်ဝင်ဆောင်ရွက်နိုင်မလဲဆိုတာကိုစောင့်ကြည့်ရမှာပဲ"ဟု ဦးသောင်းမြင့်ကဆိုသည်။

သို့သော် ယခု နည်းဥပဒေသည် လယ်သမားများ မျှော်လင့်ထားမှုနှင့်မူကွဲပြားနေသည်။ ယင်းနည်းဥပဒေသည် ယခင်က ဖြစ်ပေါ်ခဲ့သည့် လယ်သိမ်းမှုများကို မည်သို့မျှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပေ။ နည်းဥပဒေ စတင်အတည်ဖြစ်သည့် ဩဂုတ်လ ၃၁ ရက်နောက်ပိုင်း ဖြစ်ပေါ်သော သိမ်းယူမှုများနှင့်သာ အကျုံးဝင်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်ဝင်းကပြောကြားသည်။

"လောလောဆယ် ကော်မရှင်က ရှင်းနေတာ ဧရာဝတီတိုင်းတစ်ခုတည်းက မြို့နယ်ငါးခုမှာတင် အမှု ၁၀၀ ကျော်တယ်"ဟု လယ်ယာမြေစုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဦးသိန်းထွန်းက ဆိုသည်။ လက်ရှိဖြေရှင်းပေးနေရမှုများသည် ကုမ္ပဏီများနှင့် လယ်သမားများကြားဖြစ်နေသည့် လယ်ယာပဋိပက္ခများသာ အဓိကများနေကြောင်း သိရသည်။

ယခင်က လယ်ယာမြေသိမ်းဆည်းခံရမှုများနှင့်ပတ်သက်၍ ၁၉၈၈ မှ လက်ရှိ ၂၀၁၂ခုနှစ် နည်းဥပဒေ မထွက်ခင်အချိန်ထိ ဖြစ်ခဲ့မှုများကို လယ်ယာမြေစုံစမ်းစစ်ဆေးရေးကော်မရှင်ကသာ အဓိကကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။ ယခင်က လယ်ယာမြေသိမ်းယူမှုနှင့်ပတ်သက်ပြီး လယ်ယာမြေသိမ်းသည့်ဥပဒေနှင့် ညီ၊ မညီ၊ သိမ်းယူထားသောမြေကို ရည်ညွှန်းပါ စီမံကိန်းလုပ်ကိုင်ခြင်းရှိ၊ မရှိ၊ သင့်တင့်သည့် လျော်ကြေးပေးခြင်းရှိ၊ မရှိ၊ သိမ်းဆည်းမိန့်မထွက်ဘဲ နိုင့်ထက်စီးနင်းပြုလုပ်ခဲ့ခြင်း အခြေအနေမျိုးရှိ၊ မရှိ၊ ရွှေ့ပြောင်းခံရသူများမှာလည်း သင့်တင့်မျှတသည့်နေရာအစားပြန်ရရှိမှု ရှိ၊ မရှိ စသည်တို့ကို စစ်ဆေးနေသည်။

"ဒီနည်းဥပဒေက တောင်သူလယ်သမားတွေနဲ့ပတ်သက်ပြီး အခွင့်အရေးကာကွယ်တဲ့ဥပဒေ မဟုတ်ဘူး။ လက်ရှိလယ်ယာမြေအငြင်းပွားမှုပြဿနာတွေနဲ့ပတ်သက်ပြီး ရှေ့သွားမယ့် လယ်ယာမြေမူဝါဒသဘောပါ"ဟု ဦးမောင်မောင်ဝင်းကဆိုသည်။

ယခု နည်းဥပဒေအရဆိုလျှင် မြို့ပြစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်လည်း မြေလွတ်မြေရိုင်းများကို စည်းကမ်းမဲ့သိမ်းယူမရပေ။ နိုင်ငံအကျိုးအတွက် သိမ်းမည်ဆိုလျှင်ပင် အသိမ်းခံရသူအတွက် ထိုက်တန်သည့်လျော်ကြေးကိုပေးရမည်။ သီးနှံများ စိုက်ပျိုးထားလျှင်လည်း ကာလပေါက်ဈေးအတိုင်း လျော်ကြေးပေးရမည်ဟုပါရှိသည်။

လယ်ယာမြေသိမ်းခံရမှုနှင့်ပတ်သက်၍ သမ္မတဦးသိန်းစိန်၏ အစိုးရသစ်လက်ထက် တစ်နှစ်ခွဲကာလတွင် များပြားစွာထွက်ပေါ်ခဲ့သည်။ ဒေသတစ်ခုနှစ်ခုမှစတင်ပြီး တစ်နိုင်ငံလုံး ပျံ့နှံ့စွာထွက်ပေါ်လာသည့် ယင်းအသံများကို မီဒီယာများမှလည်း ကြားသိရသည်။ လွှတ်တော်တွင်လည်းကြားခဲ့ရသည်။ မြေမဲ့၊ ယာမဲ့ဘဝမျိုးစုံကိုလည်း ပုံသဏ္ဌာန်မျိုးစုံနှင့်မြင်တွေ့ခဲ့ရသည်။ သို့သော် ယနေ့အထိ ပြေလည်အောင် အဖြေမရှာနိုင်သေးပေ။ ထို့ကြောင့် သိမ်းဆည်းခံလယ်သမားများက နည်းဥပဒေကို ဖြေရှင်းစရာနည်းလမ်းများဖြစ်လေမလား မျှော်လင့်ခဲ့ကြသည်။

"မြန်မာနိုင်ငံရဲ့ အခြေခံက လယ်ယာစိုက်ပျိုးရေးဖြစ်တယ်။ ဒီကဏ္ဍကို ဖွံ့ဖြိုးအောင်လုပ်တာနဲ့အမျှ တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်လာမယ်။ လယ်ယာလုပ်ငန်းကိုမှီခိုနေတဲ့လူတွေရဲ့ဝင်ငွေလည်း နှစ်ဆ၊ သုံးဆတိုးလာမယ်"ဟု နိုင်ငံတော်သမ္မတဦးသိန်းစိန်က နယူးယောက်မြို့ အာရှအသင်း (Asia Society) ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားရာတွင်ထည့်သွင်းပြောကြားခဲ့သည်။

လူတစ်ဦးချင်းဝင်ငွေတိုးတက်မှုအပြင် တိုင်းပြည်၏ အစားအစာဖူလုံရေးအတွက်လည်း အရေးပါနေသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ လူဦးရေသည် သန်း ၆၀ ဝန်းကျင်မှ ၂၀၅၀ ပြည့်နှစ်တွင် သန်း ၁၀၀ နီးပါးအထိရှိလာနိုင်သည်။ ယင်းလူဦးရေအတွက် လုံလောက်သောအစားအစာရရန် မျှော်လင့်ပြီးလယ်ယာကဏ္ဍကိုဖွံ့ဖြိုးအောင် လုပ်ကိုင်ရန်လိုသည်။

သို့သော် ယနေ့ကာလတွင် လယ်သမားများ အခက်အခဲများစွာရှိသည်။ ငွေကြေးအရင်းအနှီးနည်းပါးခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ သီးနှံများတွင် ဖျက်ပိုးမျိုးစုံကြောင့် လေလွင့်ဆုံးရှုံးမှုများပြားခြင်း၊ သီးနှံများ ရောင်းချရာတွင်လည်း ဈေးကောင်းမရခြင်းတို့က တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးမှုအတွက် အဓိကအတားအဆီးဖြစ်နေသည်။

ယခင်နှစ်က ရာသီဥတုကြောင့် သီးနှံပျက်စီးဆုံးရှုံးခြင်း၊ ဈေးကွက်တွင် ဈေးကောင်းမရခဲ့ခြင်းတို့က ယခုနှစ်တွင် ယူထားသည့်အကြွေးငွေကိုပြန်မဆပ်နိုင်သူ ဒေသတိုင်းတွင် များစွာရှိခဲ့သည်။ လယ်ယာမြေနည်းဥပဒေထွက်ပေါ်လာချိန်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုအစိုးရဘဏ်(သို့မဟုတ်)အစိုးရက သတ်မှတ်ထားသောဘဏ်တစ်ခုခုတွင် ပေါင်နှံနိုင်သည်ဟုပါရှိသည်။

"လောလောဆယ်တော့ လယ်သမားတွေကကိုယ့်လယ်ကိုယ်တိုင်းနေကြတယ်။ မြေစာရင်းရုံးမှာ ပိုင်ဆိုင်ခွင့်လုပ်ဖို့အတွက်ပါ" ဟု ပန်းတနော် ဆန်စပါးအသင်းဥက္ကဋ္ဌဦးစိန်ဝင်းက ဆိုသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေပေါ်၌ စိုက်ပျိုးထုတ်လုပ်နိုင်ရန် အရင်းအနှီးရရှိရေးအတွက် ပေါင်နှံနိုင်သည်။ သို့သော် ပုဂ္ဂလိကဘဏ်များတွင် ပေါင်နှံ၍မရပါ။ ပုဂ္ဂလိကဘဏ်များတွင် ပေါင်နှံခွင့်ပေးလျှင် လုပ်ငန်းမှာပါပိုမိုတွင်ကျယ်ပြီး သမ္မတမျှော်လင့်နေသည့် ရည်မှန်းချက်များကို သွားရာလမ်းခရီးမှာ ပိုမိုလွယ်ကူလာနိုင်သည်။

"ဘယ်ဘဏ်မှာပဲဖြစ်ဖြစ် ပေါင်နှံခွင့်ရဖို့လိုတယ်။ ကျေးလက်ဘဏ်ခွဲတွေ ဖွင့်ပေးရင်ပိုကောင်းတယ်"ဟုမြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း သုတေသနဌာန ဦးဆောင်သူ ဒေါက်တာစိုးထွန်းကဆိုသည်။

ယခု နည်းဥပဒေမှာ လယ်သမားများ လယ်လုပ်ပိုင်ခွင့်အတွက် အာမခံရရှိသည့်အခြေအနေမျိုးဖြစ်သည်။ ယခင်က လယ်သမားသည် လယ်လုပ်သူအဆင့်သာရှိပြီး နည်းဥပဒေအရဆိုလျှင် မှတ်ပုံတင်ထား၍ ပိုင်ဆိုင်ခွင့်ပိုရလာမည်ဖြစ်သည်။ လယ်ယာမြေသိမ်းဆည်းမှုနှင့် ပတ်သက်၍ ယခင်က သီးစားခ၏ အဆ ၂၀ ကိုပေးလျော်နိုင်လျှင် သိမ်းနိုင်သည်။ သို့သော် ဥပဒေက မည်သို့ဆိုစေကာမူ လယ်သမားနှင့် သိမ်းယူသူနှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်ကြသည်။

"ဒီနည်းဥပဒေရဲ့ အားသာချက်က ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်ရှိတာတွေပေါ့။ အားနည်းချက်က လျှုဒါန်းခွင့်မပါတာပါ"ဟု တောင်သူလယ်သမားသမဂ္ဂဖြစ်မြောက်ရေးတာဝန်ခံ မစုစုနွေးက ပြောသည်။

နည်းဥပဒေတွင် အားနည်းချက်၊ အားသာချက်များ မည်သို့ပင်ရှိသော်လည်း လယ်သမားများက များစွာမျှော်လင့်နေကြသည်။ မိမိတို့ဆုံးရှုံးခဲ့သည့် လယ်ယာမြေများ လိုအပ်နေသည့် အရင်းအနှီး စသည်တို့ကို လယ်ယာမြေနည်းဥပဒေကကူညီဆောင်ရွက်ပေးနိုင်မည်ဟုထင်နေကြသည်။ "လယ်သမားတွေက အရင်က လယ်လုပ်ဖို့မိုးမျှော်ရတယ်။ အခုတော့ စုံစမ်းစစ်ဆေးရေးကော်မရှင်ကိုမျှော်နေရတယ်။ ဥပဒေက ရှိပြီဆိုတော့ ဖြေရှင်းဖို့"ဟု လယ်သမားကြီး ဦးသောင်းမြင့်က သူ၏ မျှော်လင့်ချက်ကို ပြောရင်းနှင့် အေးမြနေသည့် ရေနွေးတစ်ခွက်ကို မော့သောက်လိုက်သည်။ ။

## တက္ကသိုလ်ဝင်ခွင့် အင်္ဂလိပ်စာရမှတ် ၆၀ ကျော်ပြီး စုစုပေါင်းရမှတ် ၄၀၀ အထက်ရှိသူများ B.A (Tourism) လျှောက်ထားနိုင်

နေလင်းထွန်း

ရန်ကုန်၊ စက်တင်ဘာ- ၂၉

ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှု B.A(Tourism) ဘွဲ့အတွက် အင်္ဂလိပ်စာဘာသာရပ်၌ အနည်းဆုံးအမှတ် ၆၀ ရရှိထားပြီး ရမှတ် ၄၀၀ နှင့် အထက်ရရှိထားသူများသည် ရန်ကုန်မြို့ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ တိုက်ရိုက်လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

ထို့အပြင် ယခုနှစ် ကျောင်းဝင်ခွင့်အတွက် စီးပွားရေးစီမံခန့်ခွဲမှု (BBM)နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အင်္ဂလိပ်စာ B.A (EPP)ဘွဲ့တို့အတွက် တက္ကသိုလ်ဝင်စာမေးပွဲရမှတ် ၄၄၀ နှင့်အထက် ရရှိထားသူများ လျှောက်ထားနိုင်ကြောင်း ကြေညာထားသည်။ ၂၀၁၂တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သော ကျောင်းသားများသည် အဆိုပါကောလိပ်၌ သတ်မှတ်လျှောက်လွှာပုံစံများထုတ်ယူ၍ အောက်တိုဘာလ ၁၁ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုဘွဲ့တို့အတွက် ကျောင်းသား ၁၀၀ ဦးစီနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အင်္ဂလိပ်စာဘွဲ့အတွက် ကျောင်းသား ၅၀ ဦး လက်ခံသင်ကြားမည်ဖြစ်ပြီး အချိန်ပြည့်လေးနှစ် တက်ရောက် ပညာသင်ကြားရမည်ဖြစ်သည်။ စီးပွားရေးစီမံခန့်ခွဲမှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အင်္ဂလိပ်စာဘွဲ့တို့အတွက် ယခင်နှစ်ကထက် သင်တန်းသား တိုးမြှင့်ခေါ်ယူခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုဘွဲ့ကို ယခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.30 · OCTOBER 4 , 2012

# မြန်မာပြည်၏ တိုးတက်မှုနေ့ရက်များ

**သာရန်ဒန်ဘရာဒီရေးသား၍ ကျော်မျိုး ဘာသာပြန်ဆိုသည်**

**"ဒီကို မရောက်ဖူးတဲ့သူတွေနဲ့ ကျွန်တော်စကားပြောကြည့်တော့ သူတို့က ဒီနေရာကိုလမ်းတစ်လျှောက်တင့်ကားတွေ သွားလာနေတဲ့စစ်ပွဲဇုန်တစ်ခုလို ပြောကြတယ်။ သူတို့ဒီကိုလာကြည့်သင့်ပါတယ်" ဟု အီတာလျံစီးပွားရေး အတိုင်ပင်ခံ ပညာရှင်တစ်ဦးဖြစ်သူ အလတ်စီ ယိုပိုလတ်စ်ထရီကပြော သည်။ ၎င်းသည် မကြာသေးမီက မြန်မာပြည်၏အကြီးဆုံးနှင့် စီးပွားရေး ဗဟိုချက်ဖြစ်သောမြို့တော်ရန်ကုန်သို့အလည်ရောက်ရှိလာခဲ့သူဖြစ်သည်။ မစ္စတာအလက်စီယို ပြောသော "သူတို့" ဆိုသည်မှာ ယခုအခါ ပွင့်လင်း လာသော မြန်မာသို့ အလျှင်အမြန်ဝင်ရောက်လာနေကြသည့် နိုင်ငံခြား ရင်းနှီး မြှုပ်နှံသူများပင်ဖြစ်သည်။**



**ရန်ကုန်မြို့ လူစည်ကားရာ လှည်းတန်းဈေးအနီး ညမြင်ကွင်း**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ယခုအခါ ရန်ကုန်မြို့တော်ရှိ ဟိုတယ်များတွင် နေ့စဉ်လာရောက်တည်းခိုနေကြပြီး ရိုးရာလုံချည်ပုဆိုးကို ဝတ်ဆင်ထားသောပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့်ဖက်စပ်လုပ်ငန်းများလုပ်ကိုင်ရေး၊ မြေငှားရမ်းခွင့်ရရေး၊ အမြတ်အစွန်းခွဲဝေရယူရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ဆွေးနွေးနေကြလေပြီ။

မြန်မာသည် နှစ်ပေါင်းများစွာကပင် နိုင်ငံရေးအကျဉ်းသားများ၊ ဆန္ဒပြသူများကို သုတ်သင်မှု၊ တိုင်းရင်းသားလူနည်းစုများကို အကြမ်းဖက်မှုတို့ဖြင့် ထင်ရှားခဲ့ရသည်။ သို့သော် ယနေ့တွင်မူ မြန်မာသည် ပြုပြင်ပြောင်းလဲရေးများစတင်ခဲ့ပြီးနောက် ကမ္ဘာ၏နောက်ဆုံးကျန်ရှိနေသော မတို့မထိရသေးသော အပျိုစင်ဈေးကွက်များ World's Last Virgin Markets ထဲမှ တစ်ခုဖြစ်လာခဲ့ပြီ။ မြန်မာတွင်အားသာချက်မှာ ကျွန်းသစ်၊ ရေနံ၊ ဓာတ်ငွေ့နှင့်ရွှေကဲ့သို့သဘာဝသယံဇာတများ ပေါကြွယ်ဝခြင်း၊ တရုတ်နှင့် အိန္ဒိယကဲ့သို့ ကြီးမားသောဈေးကွက်ကြီးများအကြား တည်ရှိနေခြင်းတို့ ဖြစ်သည်။ အမေရိကန်ကုမ္ပဏီများဖြစ်သော ချက်ဗရွန်၊ ကိုကာကိုလာ၊ Procter & Gamble၊ Google နှင့် General Electric တို့မှကိုယ်စားလှယ်များသည်လည်း မြန်မာသို့ပြီးခဲ့သည့် လအတွင်း လာရောက်ခဲ့ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများလည်း အစိုးရကိုယ်စားလှယ်များ၏မျှော်လင့်ချက်အပြည့်ဖြင့် တင်ပြနေမှုများကို စီးပွားရေးဆွေးနွေးပွဲများစွာ၌တက်ရောက်နားထောင်နေကြသည်ကို တွေ့နိုင်သည်။ သို့သော်ကတ္တီပါလွှမ်းသော ရန်ကုန်၏ဟိုတယ်များရှိ ခန်းမဆောင်များထဲမှ ဆွေးနွေးပွဲများမှာ မျှော်မှန်းချက်ဟောကိန်းများကို အတည်ပြုရန်အတွက် မလွယ်ကူလှသေးပါ။

အသက် ၄၀ အရွယ် တက္ကစီကားဒရိုင်ဘာ တစ်ဦးဖြစ်သူ သူကြီးက ၎င်း၏ တက္ကစီကားသည် မြန်မာပြည်နှင့်မရင်းနှီးသေးသောသူများအတွက် တိုင်းပြည်ရပ်တည်နေရပုံနှင့် ပတ်သက်၍ အမြင်ကောင်းပေးသင့်ကြောင်း ပြောသည်။ မြန်မာ၏ ပုံစံကျတက္ကစီယာဉ်အများစုမှာ ဆယ်စုနှစ် သုံးစုခန့် သက်တမ်းရှိသော ဆီဒင်ကားများဖြစ်ပြီး ကားဘော်ဒီများမှာသံချေးများပင် တက်နေသည်။ သူကြီးတစ်ယောက် ၎င်း၏တက္ကစီကို မြို့တော်၏ လမ်းများပေါ် မောင်းနှင်သွားသောအခါ ၎င်း၏လက်များက စတီယာရင်ကိုတင်းကျပ်စွာဆုပ်ကိုင်မောင်းနှင်နေရပါသည်။ ၎င်း၏ တက္ကစီရပ်နားထားရာအနီး ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင်ဆယ်ကျော်သက်မိန်းကလေးများ အပါအဝင် အလုပ်သမားများမှာ တစ်နေ့ဝင်ငွေနှစ်ဒေါ်လာခန့် ရရှိပြီးနောက် မိသားစုထံပြန်ရန် အဆာပြေအနေဖြင့် ကွမ်းယာအဆက်မပြတ်ဝါးစားကာ အလုပ်လုပ်နေကြသည်။

ထို့ကြောင့် မြန်မာ၏ စီးပွားရေးအဖွင့်တွင် ပါဝင်ရန် စိတ်အားထက်သန်နေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြေပေါ်ခြေချမိသည်နှင့် အဖြစ်မှန်များနှင့် တွေ့ကြုံရဖွယ်ရှိနေပါသည်။ ပစ်စလတ်ခတ်အခြေခံအဆောက်အအုံများနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍကဏ္ဍတိုင်းပြည်အား အာရှ၏ ဒုတိယအဆင်းရဲဆုံးနိုင်ငံအဖြစ် စစ်ဒဏ်ခံခဲ့ရသော အာဖဂန် နောက်တွင် တည်ရှိစေခဲ့သည်။ မြန်မာသည် နှစ်များစွာစိုးမိုးခံရသော စစ်အုပ်ချုပ်ရေးပြီးနောက် ၂၀၁၁ တွင် စစ်တပ်ကျောထောက်နောက်ခံပြုအရပ်သားတစ်ပိုင်း အစိုးရတက်လာပြီးနောက် နိုင်ငံရေးအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများဖွဲ့စည်းခွင့်၊ မီဒီယာလွတ်လပ်ခွင့်တို့အပေါ် ထိန်းချုပ်ထားခဲ့မှုများဖြေလျှော့လာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ အတိုက်အခံပါတီမှာ ရွေးကောက်ပွဲဝင်ခဲ့ပြီး သူမကိုယ်တိုင်လည်း လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာခဲ့သည်။

**စာ(၂၉)သို့**



စာ-၂၈ မှအဆက်...

ဤဖြစ်ထွန်းတိုးတက်မှုများက အနောက်နိုင်ငံများနှင့် မြန်မာတို့ကြား သံတမန် ဆက်သွယ်ရေးပြန်ပွင့်လာမှု၊ ပိတ်ဆို့အရေးယူမှုအများစု ရုပ်သိမ်းပေးမှုတို့ကို ဖြစ်ပေါ်စေခဲ့သည်။ သို့သော် မြန်မာသည် ၎င်း၏အသစ်ဖြစ်လာသော အခြေအနေနှင့် ရှင်သန်နိုင်စွမ်းရှိပါ့မလားဆိုသည့် အပေါ် ပူပန်မှုများရှိနေပါသည်။

"ဒါက ရုတ်တရက်ကြီးဖြစ်လာတာဗျ။ ကျွန်တော်တို့မှာ ဒီလျင်မြန်လွန်းလှတဲ့အပြောင်းအလဲတွေကို ကိုင်တွယ်နိုင်တဲ့ စွမ်းဆောင်ရည်မရှိပါဘူး။ မြန်မာဟာ လွှမ်းမိုးခံရတော့မှာပဲ" ဟုမြန်မာကုန်သည်ကြီးများအသင်း ဒုဥက္ကဋ္ဌ ဦးမောင်မောင်လေးက ပြောပါသည်။ ၎င်းသည်မြန်မာ၌ လူသားအရင်းအမြစ်များချို့တဲ့မှုကို ပူပန်နေပုံရသည်။

မြန်မာပြည်၏ အကြီးဆုံးဘဏ်တစ်ခုဖြစ်သော ကမ္ဘောဇဘဏ် ဒုဥက္ကဋ္ဌ ဦးသန်းလွင်ကလည်း "ကျွန်တော်တို့က နှစ်ပေါင်း ၅၀ လောက် နောက်ကျခဲ့တာပါ။ ကျွန်တော်တို့လိုအပ်နေတာ နည်းပညာ၊ ကျွမ်းကျင်မှုအရည်အချင်း၊ အခြေခံအဆောက်အအုံတွေပါ။ အမှန်ကတော့ ကျွန်တော်တို့အားလုံးကိုလိုအပ်နေတာပါပဲ" ဟုပြောသည်။ ဦးသန်းလွင်က ၎င်းတို့၏ဘဏ်သည် ပြောင်းလဲမှုများကို အလျင်အမြန် လိုက်နိုင်ရန် နိုင်ငံတကာကုမ္ပဏီတစ်ခုကိုငှားရမ်းပြီး ၎င်း၏လုပ်ငန်းအတွက် ထောက်ပံ့ပို့ဆောင်ရေးစီမံမှု အပိုင်းကို အဆင့်မြှင့်တင်ရန် ကြိုးစားနေကြောင်း ပြောသည်။ ၎င်းက မြန်မာ၏ အစိုးရအဖွဲ့အစည်းများနှင့် ဗဟိုဘဏ်ကဲ့သို့သော နေရာ၌ပင် ညွှန်ကြားလုပ်ကိုင်နေသူ ဝန်ထမ်းများမှာ ဘဏ္ဍာရေးနှင့် စီးပွားရေးပညာဆိုင်ရာအသိပညာ၊ လေ့ကျင့်သင်ကြားထားမှု သိပ်မရှိသည့် စစ်တပ်အရာရှိဟောင်းများသာ ဖြစ်နေကြောင်း အသိအမှတ်ပြုပြောကြားပါသည်။

မြန်မာ၏နှစ်ပေါင်းငါးဆယ်ကြာစီးပွားရေးအရ မရွေ့မလျားဘဲတန့်ရပ်နေခဲ့မှုကို ယနေ့အခါတွင်ဆွဲကိုင်လှုပ်ရန် လိုအပ်နေပါမည်။ သမ္မတဦးသိန်းစိန်နှင့်၎င်း၏ အစိုးရအဖွဲ့သည်၎င်းတို့ယခင်က လူများထက် အတိတ်ကအမှားအယွင်းများကို အသိအမှတ်ပြုကာ အနာဂတ်အတွက် စီမံကိန်းများကို လက်ခံရန်ဆန္ဒရှိနေကြပါသည်။ ဤနည်းဗျူဟာမှာ အောင်မြင်မှုလက္ခဏာဖြစ်သည်။ မကြာသေးမီကပင် ပါရမီစွမ်းအင်အုပ်စု၏စီအီးအိုဖြစ်သူဦးကံထွန်းက ၎င်း၏ နိုင်ငံတကာနှင့် စီးပွားရေးကွန်ရက်ဖွဲ့ရန် ကြိုးပမ်းမှုများကို ယခင်က အေးတိအေးစက်တုံ့ပြန်ခံခဲ့ရကြောင်း ပြောပါသည်။

"ကျွန်တော်က ကျွန်တော် မြန်မာပြည်ကပါ။ ခင်ဗျားတို့နဲ့ ဖက်စပ်လုပ်ငန်းတွေ လုပ်ချင်ပါတယ်လို့ ပြောလိုက်တာနဲ့ ဘယ်သူကမှ ကျွန်တော့်ကို လှည့်မကြည့်ခဲ့ကြဘူးဗျ" ဟု ဦးကံထွန်းကပြောသည်။ သို့သော် ၎င်းသည် ယခုအခါ မြန်မာ၏ ဖွံ့စည်းတည်ရှိလာပုံအသစ်ကို ယုံကြည်မှုဖြင့် ၎င်းနှင့် ပူးပေါင်းဆောင်ရွက်ရန် လာရောက် ဆွေးနွေးနေသော အမေရိကန်နှင့် ဥရောပ ကုမ္ပဏီများစွာကို တွေ့နေရပြီဟု ပြောပါသည်။


ပြီးခဲ့သောမေလက စ၍ အမေရိကန်ပြည်ထောင်စုသည် မြန်မာအပေါ် ပိတ်ဆို့တားဆီးမှုများနှင့်ပတ်သက်၍ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းနှင့် ခရိုနီသူဌေးအချို့မှလွဲ၍ ဖြေလျှော့ပေးခဲ့သည်။ နှစ်ပေါင်း၅၀ အတွင်းမြန်မာသို့ပထမဆုံးလာရောက်ခဲ့သော ကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်ကလည်း အမေရိကန်သည် စီးပွားရေးအရ ပြန်လည်ထိတွေ့ဆက်ဆံမှု၏အကျိုးအမြတ်များကို လူနည်းစုတွင်မဟုတ်ဘဲ ကျယ်ပြန့်သည့်ပြည်သူများထံသို့စီးဆင်းစေချင်ကြောင်း ပြောခဲ့သည်။

ဤအချက်မှာ မြန်မာ့အရေးလေ့လာခဲ့သော ဩစတြေးလျ စီးပွားရေးပညာရှင် ရှောင်တန်နယ်ကစိုးရိမ်သော အချက်ဖြစ်သည်။ ၎င်းက ယနေ့ဖြစ်ပေါ်နေသော အကောင်းမြင်မှုအစပျိုးလာခြင်းသည် မကြာမီပျောက်ကွယ်သွားမည်ကို စိုးရိမ်နေသည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးအောင်လုပ်ချင်သောဆန္ဒမှာ စစ်အစိုးရ၏ အာဏာလွှဲပြောင်းခဲ့မှု၏ နောက်ကွယ်တွင်ရှိနေကြောင်း၊ သို့သော်စစ်တပ်နှင့် ၎င်း၏ ခရိုနီများမှာ နိုင်ငံ၏အရေးပါသော ကဏ္ဍများတွင် ချုပ်ကိုင်ထားဆဲဖြစ်ကြောင်း အဆိုပါပညာရှင်ကဆိုသည်။ ခရိုနီများ၏ စီးပွားရေးအခွင့်ထူးများမှာ အားနည်းပျောက်ကွယ်သွားရန် ဆယ်စုနှစ်များစွာကြာဦးမည်ဟု ၎င်းက ဆိုသည်။ မစ္စတာရှောင်တန်နယ်ကယခုအ ပြောင်းအလဲသည် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်ဆီမသွားဘဲ စစ်တပ်နှင့်အတူ လက်တစ်ဆုပ်စာ လူနည်းစုက ချုပ်ကိုင်ထားသော Oligarchy အုပ်ချုပ်ရေးပုံစံ ပြောင်းသွားမည်ကို စိုးရိမ်နေသည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်းလျင်မြန်စွာဝင်ရောက်လာနေသောရင်းနှီးမြှုပ်နှံမှုများသည် မှားယွင်းသော လက်များထဲသို့ စီးဆင်းသွားမည်ကို စိုးရိမ်ကြောင်း သတိပေးထားသည်။ သူမသည် ဇွန်လက ဘန်ကောက်တွင်ကျင်းပခဲ့သော စီးပွားရေးဖိုရမ်၌ "မြန်မာမှာရင်းနှီးမြှုပ်နှံချင်သူတွေအနေနဲ့ ကျေးဇူးပြုပြီးသတိထားကြပါ။ အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုဥပဒေတွေမှာတောင်မှ ဒီဥပဒေတွေကို တရားမျှတစွာ စောင့်ကြည့်ကြီးကြပ်နိုင်စွမ်းရှိတဲ့ လွတ်လပ်၊ သန့်ရှင်းတဲ့ တရားရုံးတွေမရှိရင် ဘာပဲဖြစ်ဖြစ် အသုံးဝင်မယ်မဟုတ်ပါဘူး" ဟု ပြောခဲ့သည်။

> **"နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ယခုအခါ ရန်ကုန်မြို့တော်ရှိ ဟိုတယ်များတွင် နေ့စဉ် လာရောက်တည်းခိုနေကြပြီး ရိုးရာလုံချည်ပုဆိုးကို ဝတ်ဆင်ထားသော ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်ရေး၊ မြေငှားရမ်းခွင့်ရရေး၊ အမြတ်အစွန်းခွဲဝေရယူရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ဆွေးနွေးနေကြလေပြီ။**

ကုန်သည်ကြီးများအသင်းမှဦးမောင်မောင်လေးက "ဟုတ်ပါတယ်။ ရှုပ်ထွေးမှုနဲ့ လေကိုဆန်ပြီး တိုးထွက်နေရမှုတွေရှိနေပေမယ့် ကျွန်တော်တို့ ကျော်လွှားနိုင်မှာပါ" ဟုပြောပါသည်။ ဤသည်မှာ ရိုးရှင်းလွန်းသော ဟောကိန်းတစ်ရပ်ပေလား။ ပြိုလဲပျက်စီးလွန်းခဲ့ပြီဟု ကာလရှည်ကြာစွာမှတ်ယူခံခဲ့ရသော တိုင်းပြည်ဖြစ်သည့် မြန်မာတွင်ဟုတ်ကောင်းဟုတ်ပါမည်။ မြန်မာသည် တစ်နှစ်တည်းနှင့်ပင်ကွဲပြားခြားနားမှုကို ပြသခဲ့သည်။ ပြီးတော့ယနေ့ အပြောင်းအလဲသည် အလွန်လျင်မြန်သောနှုန်းထား ဖြင့်တင်ကြိုခန့်မှန်းခဲ့ခြင်း ဖြစ်ပါသည်။ ရန်ကုန်မြို့ကြီးကို အပေါ်စီးမှ မြင်ရသော မိုးထိတိုက်ပေါ်ရှိ ရုံးခန်းမှ ကြည့်ရင်းဘဏ်လုပ်ငန်း ရှင်ဦးသန်းလွင် ပြောနေပါသည်။ "နောက်ခြောက်လလောက်မှာခင်ဗျားလာကြည့်ရင် တကယ်ကို ပြောင်းလဲနေမှာပါ" ဟု ရုံးခန်းပေါ်မှနေ၍ အနီးအနားရှိ အဆောက်အအုံများကို ကြည့်ရှုရင်း ၎င်းက ပြောပါသည်။


**—Ref: Boom Days in Burma by Brendan Brady, Newsweek. 17th Sept ကို ဆီလျော်အောင်ပြန်ဆိုသည်။**






# ခေါင်းမြီးခြုံအိပ်နေ တစ်ရေးနိုးတော့ ပရိုမိုးရှင်း

မောင်သာချို



(တစ်)

လွန်ခဲ့သော အနှစ်နှစ်ဆယ်ဝန်းကျင်လောက်က ဖြစ်ပါ၏။ တမာနံ့သင်းသည့် အညာတက္ကသိုလ် ကျောင်းကလေးထဲ၌ ကျွန်တော်ရှိနေခဲ့စဉ် တစ်နေ့ အမှုထမ်းအရာထမ်းတို့၏ လောကသဘာဝအတိုင်း ပရိုမိုးရှင်း(Promotion) ဟူသည့် ကျွက်ကျွက်ညံစီသည့် အသံများနှင့်အတူ ကွန်ဂရက်ကျူလေးရှင်း (Congratulation) လုပ်သံများပါ ထပ်မံပေါင်းစပ်လျက် တက္ကသိုလ်ဆရာ၊ ဆရာမ အဝန်းအဝိုင်းကလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ဖူးပါသည်။

ဟုတ်ပါသည်။ ရာထူးတစ်ဆင့်တိုးတိုင်း ကျွန်တော်တို့ သုံးနှုန်းနေကျ ပရိုမိုးရှင်း (Promotion) ပဲ ဖြစ်ပါသည်။ ရာထူးတိုးတော့ ဂုဏ်ပြုခြင်း၊ ကွန်ဂရက်ကျူလေးရှင်း (Congratulation) လုပ်ခြင်းတွေလည်း ရှိလာခဲ့ပေသပေါ့။ နည်းပြတွေ သရုပ်ပြတွေက လက်ထောက်ကထိကဖြစ်၊ လက်ထောက်ကထိကတွေက ကထိကဖြစ်၊ ကထိကတွေက တွဲဖက်ပါမောက္ခဖြစ် စသည် စသည်။

ဤ၌ ဝါရင့်ဆရာကြီးတစ်ယောက် လှမ်းပြောလိုက်သော စကားကြောင့် ဆရာ၊ ဆရာမများ အားလုံး ဝါးခနဲ ရယ်မောလိုက်ကြပုံကို ယနေ့တိုင် ကျွန်တော်အမှတ်ရနေမိပါသေးသည်။

"ခင်ဗျားတို့ ဘာမှမလုပ်ဘဲ
ခေါင်းမြီးခြုံပြီးအိပ်နေ
အချိန်တန်ရင် နှိုးပြီးလာပြော
လိမ့်မယ်. . . ပရိုမိုးရှင်းလို့"
ဟူ၏။

သည်တုန်းက ကျွန်တော်လည်း ရယ်ခဲ့ပါသည်။ နောက်တော့ ကျွန်တော် မရယ်ဖြစ်တော့။ ရယ်လည်းမရယ်ချင်တော့။ ရယ်စရာ အချက်အလက်ဟူ၍လည်း မမှတ်ထင်တော့။ မောစရာကြီးပါ။

(နှစ်)

ကျွန်တော်တို့နိုင်ငံ၌ အခြားအခြားသော လောကတွေမှာတော့ဖြင့် မည်သို့ရှိလေသည်မသိ။ ပညာရေးလောက၊ အထူးသဖြင့် တက္ကသိုလ်ပညာရေး လောကမှာကတော့ ရာထူးဆိုသည်မှာ အချိန်ပဲဖြစ်ပါသည်။ Time Scale ဟု ကျွန်တော်တို့ လွယ်လွယ်ခေါ်နေသော စနစ်ပင်ဖြစ်ပါ၏။ မည်သူမဆို လုပ်သက်ခုနစ်နှစ်ပြည့်လေသောအခါ နည်းပြသရုပ်ပြမှသည် လက်ထောက်ကထိကသို့ ရာထူးတက်သွားကြစမြဲ။ နောက်ထပ် လုပ်သက်ငါးနှစ်ပြည့်ပြန်သောအခါ လက်ထောက်ကထိကမှသည် ကထိကသို့ ရာထူးတက်သွားကြစမြဲ။ ပြဿနာတစ်စုံတစ်ရာမရှိပါက မည်သူမဆိုလှည်းနေလှေအောင်း မြင်းဇောင်းမကျန် တစ်ဆင့်မှ တစ်ဆင့်သို့ တက်သွားကြစတမ်း။ ဉာဏ်တွေ ပညာတွေ သုတေသနလုပ်ဆောင်ချက်တွေနှင့် လားလားမှမဆိုင်၊ တစိုးတစိမှ မပတ်သက်။ ထို့ကြောင့် ဂုဏ်ပြုလောက်၊ ကွန်ဂရက်ကျူလေးရှင်း (Congratulation) လုပ်လောက်သော ရာထူးတက်ခြင်း ပရိုမိုးရှင်း (Promotion)ဖြစ်ခြင်းမှ ဟုတ်ပါလေစ။

ယင်းကို ရည်ညွှန်းကာ မိတ်ဆွေဆရာကြီးက ခေါင်းမြီးခြုံပြီး အိပ်နေလည်း အချိန်တန်တော့ ရာထူးက တက်မြဲဟု ဆိုလိုက်ခြင်း ဖြစ်ပါသည်။

မြန်မာ့ ပညာရေးလောကနှင့်အတူ တက္ကသိုလ် ပညာရေးလောက အသူတစ်ရာ ချောက်ထဲသို့ ပြုတ်ကျခဲ့ရခြင်း အကြောင်းပေါင်းများစွာထဲ၌ ထို Time Scale နှင့် ရာထူးအနိမ့်အမြင့်ကို ဆုံးဖြတ်ခြင်းကလည်း အချက်တစ်ချက်အဖြစ် ပါဝင်နေပါသည်။

(သုံး)

ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော နိုင်ငံများရှိကမ္ဘာကျော်တက္ကသိုလ်ကြီးများတွင် တက္ကသိုလ် ဆရာ၊ ဆရာမတစ်ယောက်၏ ရာထူးအနိမ့်အမြင့်ကို ဘယ်သောအခါတွင်မှ အချိန်နှင့် မတိုင်းပါ။ အရည်အသွေးနှင့်ပဲ တိုင်းတာဆုံးဖြတ်ပါသည်။ သူ့ဘာသာရပ်အတွက် သူဘယ်လောက် အလုပ်လုပ်သလဲ၊ ဘာသာရပ်ဆိုင်ရာ သုတေသန ဘယ်လောက်လုပ်သလဲ၊ စာတမ်းတွေ ဘယ်လောက်ရေးသလဲ၊ ဘာသာရပ်ထဲမှာ ဘယ်လောက် မွေ့လျော်လို့ ဘယ်လောက်ထည့်သွင်းပါဝင် (Contribution) သလဲ စသည့် ပညာအခြေခံအကြောင်းတရားများကို ကြည့်ကာ ရာထူးနှင့်တကွ ခေါ်ယူခန့်ထားကြခြင်း ဖြစ်ပါသည်။

ပညာကို အခြေခံကာ ရာထူးပေးသော စနစ်ဖြစ်သည့်အတွက် ပညာအခြေခံကောင်းသောလူ နေရာရသည်။ ပညာချွန်မွန်သူ နေရာရသည့် ထိုဘာသာရပ် ဖွံ့ဖြိုးသည်။ ဘယ်နှနှစ်ကြာရင် လက်ထောက်ကထိက ဖြစ်မယ်လို့ ကထိကဖြစ်မယ်တို့ ဆိုတာမျိုးတွေကို ထိုဂုဏ်သိက္ခာကြီးသော တက္ကသိုလ်ကြီးတွေမှာ ဘယ်သောအခါတွင်မှ မလုပ်။

သူတို့ဆီ၌ ဒါမျိုးမရပါ။ ဆရာတစ်ယောက်ကို အလုပ်စခန့်ကတည်းက တက္ကသိုလ်က စာချုပ်နှင့်ခန့်ခြင်း ဖြစ်ပါသည်။ တချို့ တက္ကသိုလ်တွေက နှစ်နှစ်၊ တချို့က သုံးနှစ် စသည်။ စတင်ခန့်ထားကတည်းက ကထိကပါမောက္ခ စသည်ဖြင့် ခေါ်ယူခန့်ထား လ,စာ ညှိနှိုင်းကာ ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ထို ဆရာ၊ဆရာမ ဘာသာရပ်နှင့်ပတ်သက်၍ မည်မျှအလုပ်လုပ်သလဲ မလုပ်ဘူးလဲကိုကြည့်ကာ သတ်မှတ်ချိန်ကုန်ဆုံးပြီးနောက် ဆက်လက်ခန့်ထားသင့်၊ မခန့်ထားသင့် ဆုံးဖြတ်ကြခြင်း ဖြစ်ပါသည်။

(လေး)

ပြင်ပကနေ ရောက်ရောက်လာတတ်ကြသည့် တက္ကသိုလ်နယ်ပယ်က ပုဂ္ဂိုလ်များ ကျွန်တော်တို့၏ တက္ကသိုလ်လောကကို အံ့သြကြတာတစ်ခု ရှိပါသေးသည်။

လူတစ်ယောက်က ရာထူးတစ်ခုမှာ အကြာကြီး နေနေတတ်တာမျိုး ဖြစ်ပါသည်။ ဥပမာ ကထိကတစ်ယောက်၊ ပါမောက္ခတစ်ယောက်သည် ပြစ်မှုတစ်စုံတရာ မကျူးလွန်မချင်း ဘယ်တော့မှ မပြုတ်ဘဲ တာဝန်ထမ်းဆောင်နေတာမျိုး ဖြစ်ပါသည်။

သူတို့ဆီ၌ ဒါမျိုးမရပါ။ ဆရာတစ်ယောက်ကို အလုပ်စခန့်ကတည်းက တက္ကသိုလ်က စာချုပ်နှင့်ခန့်ခြင်း ဖြစ်ပါသည်။ တချို့ တက္ကသိုလ်တွေက နှစ်နှစ်၊ တချို့က သုံးနှစ်စသည်။ စတင်ခန့်ထားကတည်းက ကထိကပါမောက္ခ စသည်ဖြင့် ခေါ်ယူခန့်ထား လ,စာ ညှိနှိုင်းကာ ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ထိုဆရာ၊ ဆရာမ ဘာသာရပ်နှင့် ပတ်သက်၍ မည်မျှအလုပ်လုပ်သလဲ မလုပ်ဘူးလဲကို ကြည့်ကာ သတ်မှတ်ချိန်ကုန်ဆုံးပြီးနောက် ဆက်လက်ခန့်ထားသင့်၊ မခန့်ထားသင့် ဆုံးဖြတ်ကြခြင်းဖြစ်ပါသည်။ ဘာသာရပ်နှင့်ပတ်သက်၍ အလုပ်ကိုချွန်ချွန်မွန်မွန်လုပ်ကြောင်းစိတ်ကျေနပ်လျှင် ထိုတက္ကသိုလ်က ဆရာ၊ ဆရာမကို အချိန်မစေ့မီကတည်းက ကြိုတင်ကမ်းလှမ်း (Offer)မြဲဖြစ်ပါသည်။ နောက်ထပ် စာသင်နှစ် (သို့) Semester ဘယ်နှခု ဆက်သင်ပေးပါ လစာကမည်မျှစသည်။ အော်ဖာ (Offer) မလုပ်တော့ဘူး။ မကမ်းလှမ်းတော့ဘူးဟုဆိုလျှင် စာချုပ်သက်တမ်းကုန်လျှင် နားပေတော့။ အခြားတက္ကသိုလ်တစ်ခုခုသို့ ပြောင်းလျှောက်လိုသော် လျှောက်ပေတော့။ ဆိုလိုသည်မှာ မကြိုးစားသူ မနိုးကြားသူအတွက် ထာဝရရာထူးရှိမနေပါဘူးဟူသည့်သဘော။

သို့ဖြစ်ရာ ဆရာ၊ ဆရာမ တစ်ယောက်ကို အလုပ်ခန့်ခြင်း၊ မခန့်ခြင်း၊ ရာထူးပေးခြင်း၊ မပေးခြင်း ဆိုသည်မှာ တက္ကသိုလ်၏ သဘော။ တက္ကသိုလ်တစ်ခု၏ လွတ်လပ်စွာ စီမံခန့်ခွဲခွင့် (Autonomy) ၌ တစ်ခုအပါအဝင်ဖြစ်သော Staff Autonomy ဆရာ၊ ဆရာမဝန်ထမ်းကို မိမိတက္ကသိုလ်ကသာ မိမိစိတ်ကြိုက် စီမံခန့်ခွဲနိုင်သည့် သဘောပင်ဖြစ်ပါသည်။

သည်လိုလုပ်လိုက်သည့်အတွက် ဘာဖြစ်သလဲဟု မေးအံ့။ ခို၍မရ။ ကပ်၍မရ။ မှေးနေ၍မရ။ မှိန်းနေ၍မရ။ ဖြီး၍မရ။ ဖြန်း၍မရ။ အာဏာရှင်စတိုင်လ်နှင့် ဒါအမြဲတမ်း ငါ့ထိုင်ခုံလုပ်ထား၍မရ။

တစ်ယောက်က တစ်နေရာကနေ အသံပေးဖူးပါသည်။ ကိုယ့်ဘာသာကိုယ် လွတ်လပ်စွာ စီမံခန့်ခွဲတော့ ဝန်ထမ်းခန့်တာ၊ ရာထူးတိုးပေးတာ၊ ဖြုတ်ပယ်တာတွေမှာ မျက်နှာလိုက်တာမျိုး ရှိမလာနိုင်ဘူးလားတဲ့။

မရှိနိုင်ပါ။ ရှိခဲ့လျှင်လည်း ထိုဌာန ထိုတက္ကသိုလ် မချွန်သော မမွန်သောကိုယ့်လူများနှင့် မောင်းနှင်နေသည့်အတွက် ကြာလေလေ နာမည်ပျက်လေလေနှင့် နောက်ဆုံးတစ်နေ့ ဆိတ်သုဉ်းရမည်သာ။

ပညာရေးကိုပြင်ရာ၌ကျောင်းသားနှင့် သင်ရိုးကိုသာ ပြင်ရုံမဟုတ်ဘဲ ဆရာ၊ ဆရာမ (Staff)ကိုပါပြင်မှ ရနိုင်ပါသည်။

စာချုပ်နှင့် နှစ်ကန့်သတ်ကာ ခန့်အပ်ခြင်း၊ ဆက်ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း၊ လုပ်သက်ကို အခြေခံ၍ ရာထူးမပေးဘဲစွမ်းဆောင်ရည်ဖြင့် ရာထူးပေးခြင်းတို့သည် ကမ္ဘာသုံးဖြစ်ရာ ထိုလမ်းအတိုင်း မသွားဘဲနှင့်တော့ အားကောင်းမောင်းသန် ပညာရေးလောက ဖြစ်ပေါ်လာရန် အကြောင်းမမြင်ပါလေ။ ။

## စာ – ၂၆၊ ရန်ကုန်မြို့တော် အတိတ် ယနေ့နှင့် အနာဂတ် မှ

ထိုကိစ္စများနှင့်ပတ်သက်၍ အများပြည်သူတို့၏ မျက်စိနှင့်နားဟုခေါ် ဆိုနိုင်သောမီဒီယာများက စာရေးသူကိုထိုကိစ္စဘာကြောင့်ဖြစ်ရသလဲ၊ဘယ်လိုလုပ်နေတာလဲစသည်ဖြင့် မကြာမကြာ မေးကြပါသည်။ မြို့ပြဒေသကြီးတစ်ရပ်ဆိုသည်မှာ လူများနေထိုင်သည့် ရပ်ကွက်များအလုပ်အကိုင်အတွက်စက်မှုဇုန်များ၊ ကုန်စည်ဖြန့်ဖြူးရေးအတွက် ဈေးများ၊ ရေပေးရေးစနစ်များ၊ လူများစွန့်ပစ်သည့်အမှိုက်သိမ်း စနစ်များ စသည့်စနစ်များ စုပေါင်းပါဝင်နေပြီး ထိုစနစ်ပေါင်းစုံတို့မှာလည်း တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေကြပေသည်။ ဤပြဿနာများမှာ ရေရှည်၊ ရေတိုစီမံကိန်းများရေးဆွဲ၍ ဖြေရှင်းကြရပေမည်။

ထို့အတွက် အချိန်၊ လူအင်အား၊ ငွေအင်အား စသည်တို့ လိုအပ်ပေသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာ စီမံကိန်းမရှိ၊ တတ်သိသူပညာရှင်များကိုလည်း မတိုင်ပင်နှင့် လျစ်လျူရှုထားခဲ့သည်မှာ ကြာခဲ့ပေသည်။ ထိုသည်တို့ကိုပြင်ဆင်ရန် အဓိကအရေးကြီးဆုံးမှာ (၁) အများပြည်သူအကျိုးကိုရှေးရှု၍ (၂) ဘက်ပေါင်းစုံမှ လေ့လာ၍ (၃) ဖြေရှင်းရန်စိတ်ဓာတ်နှင့် ဆုံးဖြတ်ချက် (Will and Determination) ရှိရန် လိုအပ်ပေသည်။ ထို့ (Will and Determination) ရှိသောစနစ်သို့ မိမိတို့တိုင်းပြည် ကူးပြောင်းနေပြီဟုယူဆပါ၍ စာရေးသူမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို လာရောက်ကူညီနေခြင်း ဖြစ်ပါသည်။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည့်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနိုး သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ အေးမြတ်သူ၊ ကြူကြူဟာန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချို့နွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဒ္ဓိပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006



# တက္ကသိုလ်ထဲမှ အမှိုက်များ

**လွင်ချန်ဖြိုး(နတ်မောက်)**

တက္ကသိုလ်ထဲတွင် အမှိုက်များရှိပါသည်။ အမှိုက်များကို ဖြစ်ပေါ်စေသူများမှာတက္ကသိုလ်ထဲရှိကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများသာ ဖြစ်ပါသည်။ သို့ရာတွင် ထိုအမှိုက်များသည်စုစုစည်းစည်းမရှိ၊ အများအားဖြင့်စနစ်တကျစွန့်ပစ်မှုမရှိ။ အမှိုက်များမှာ ကျောင်းဖွင့်ရက်တိုင်းတွင် ရှိသည်။ နေ့စဉ်နှင့်အမျှ အမှိုက်အသစ်အသစ်များကို စွန့်ပစ်နေကြသည်။ အမှိုက်များသည် နေရာတိုင်းတွင်ရှိသည်။ စား သောက်ဆိုင်များ၏ အနီးဝန်းကျင်တွင်လည်းရှိသည်။ လမ်းမများ၏ ဘေးဝဲယာတွင်လည်း ရှိသည်။ စာသင်ဆောင်များပတ်ချာလည်တွင်လည်း ရှိသည်။ စာသင်ခန်းမများ အတွင်း၌လည်းရှိသည်။ ထိုအမှိုက်များကိုသိမ်းဆည်းရှင်းလင်းရန်အတွက် စီမံခန့်ခွဲကြရသည်။ သန့်ရှင်းရေးဝန်ထမ်းများနှင့် လုပ်အားများအသုံးပြုကြရသည်။ လုပ်အားခများသုံးစွဲကြရသည်။ အမှိုက်များအတွက် အချိန်များပေးကြရသည်။

အမှန်စင်စစ် အထက်ပါအချက်အားလုံးသည် တစ်ဦးချင်းစီ၏ အသိစိတ်ရှိစွာ တာဝန်ကျေမှုများဖြင့် လွယ်လင့်တကူ ဖြေရှင်းနိုင်သောကိစ္စရပ်များဖြစ်ပါသည်။ အမှိုက်များကို ကြုံသလိုစည်းမဲ့ကမ်းမဲ့ မစွန့်ပစ်ဘဲ အမှိုက်စွန့်ပစ်ရန် နေရာနှင့် အမှိုက်ပုံးများတွင်သာ ဂရုတစိုက်စွန့်ပစ်ခြင်းအားဖြင့်စုစုစည်းစည်းရှိစေပါသည်။ စနစ်တကျဖြစ်စေပါသည်။

ပညာတတ်အသိုင်းအဝိုင်းဟု ယူဆသတ်မှတ်ထားကြသော လူပုဂ္ဂိုလ်များစုဝေးရာ အသိုက်အဝန်းရှိအမှိုက်များအားလုံးသည် အမှန်စင်စစ် တန်ဖိုးမရှိတော့သော အသုံးမဝင်တော့သော ပြန်လည်အသုံးချ၍ မရတော့သော အမှိုက်များမဟုတ်နိုင်ပါ။ သူ့နေရာနှင့်သူတစ်ဖန် အသုံးပြု၍ ရသော ပြန်လည်ပြုပြင်၍ ရသော နောက်ဆုံးအဆင့် အမှိုက်အဖြစ်သို့မရောက်ရှိသေးသောအရာများ များစွာပါဝင်နေသည်ကို သတိပြုကြရပါမည်။

လူသားများ၏ ပေါ့တန်စွာ အမှိုက်စွန့်ပစ်မှုများကြောင့် ပတ်ဝန်းကျင်လှပသာယာစိုပြည်မှုကို ယုတ်လျော့စေပါသည်။ မြေဆီမြေနှစ်များကိုအရည်အသွေး ကျဆင်းစေပါသည်။ မြစ်၊ ချောင်း၊ အင်းအိုင်များနှင့် မြေအောက်ရေထုကို ညစ်ညမ်းစေပါသည်။ ထိုစွန့်ပစ်မှုများတွင် ပါဝင်သည့်မလိုလားအပ်သော ဓာတ်ပစ္စည်းများ၏ အရည်ပျော်စိမ့်ဝင်မှုပျောက်ပျက်မသွားနိုင်သော ပစ္စည်းများ၏ အစိုင်အခဲဖြစ်သော ကြွင်းကျန်ဖြစ်တည်မှုများကြောင့် စိုက်ပျိုးမြေများ၊ သီးနှံစားသောက်ကုန်များမှ တစ်ဆင့်ဂေဟစနစ်ကို များစွာချို့ယွင်းပြောင်းလဲစေမည်ဖြစ်ပါသည်။ ကျန်းမာရေးအတွက် များစွာအန္တရာယ်ဖြစ်စေနိုင်ပါသည်။

စာရေးသူသည် တက္ကသိုလ်ဆရာတစ်ဦး ဖြစ်နေသောကြောင့်သာ တက္ကသိုလ်နှင့် ဆက်စပ်ပတ်သက်နေသည့် အမှိုက်များအကြောင်းကိုဦးစားပေးပြောပြနေမိခြင်းဖြစ်ပါသည်။ စာရေးသူတို့ အားလုံး၏ နေအိမ်၊ လမ်းမ၊ ကျေး ရွာ၊ ရုံး၊ ကျောင်း၊ အဖွဲ့အစည်း၊ ရပ်ကွက်၊ မြို့ရွာ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ စသည့်နေရာတိုင်းနီးပါးတွင် အမှိုက်များကိုတွေ့မြင်နိုင်ပါသည်။ မြို့ကြီးများ ပေါ် တွင်လည်း မထူးပါ။ မြို့ကြီးသားများလည်း အမှိုက်ကိုစည်းမဲ့ကမ်းမဲ့ စွန့်သူ၊ ကွမ်းတံတွေး တွေ့ရာနေရာထွေးသူ များပါသည်။ အမှိုက်ကို စနစ်တကျ စွန့်ပစ်လိုသူများအတွက်လည်း အမှိုက်ပုံးမရှိမှုက ပြဿနာကလည်းကြီး တက္ကသိုလ်ကြီးတစ်ခုရှိစာသင်ဆောင်တစ်ခုတွင် သန့်ရှင်းရေးတာဝန်ထမ်းဆောင်နေရသော ဝန်ထမ်းတစ်ဦးကပြောပြပါသည်။ နေ့စဉ်ကျောင်းဆင်းချိန်ဆိုလျှင် ထိုစာသင်ဆောင်၊ စာသင်ခန်းမအတွင်း အပြင်နေရာများမှ ဘူးခွံမျိုးစုံ အလုံးရေ (၅၀)မှ (၁၀၀)ဝန်းကျင်အထိရရှိကြောင်း၊ ဘူးခွံတစ်ခုအား ပြန်လည်ရောင်းချလျှင် ငါးကျပ်မှ သုံးဆယ်ကျပ်အထိရရှိကြောင်း၊ ရေးလက်စမင် မကုန်သေးသော ဘောပင်များ၊ အသုံးပြု၍ ရသေးသော ခဲတံများ၊ ပေတံများနှင့် အခြားအမှိုက်များဖြစ်သည့် အိတ်ခွံအမျိုးမျိုး၊

စာ(၃၅) သို့

# အိတ်ဖွင့် ဒိုင်ယာရီ

**နော်(ကျောက်တိုင်)**

နေ့လယ်က ရွာမှာ အစည်းအဝေးလုပ်တော့ အဖေ သွားတက်ရတယ်။ တခြားကိစ္စမဟုတ်ဘူး။ ထုံးစံအတိုင်း ကိုယ်ထူကိုယ်ထ ဆေးရုံအတွက် ငွေကောက်တယ်တဲ့။ ဒီတစ်ကြိမ် ကျွန်တော်တို့ မိသားစုထည့်ဝင်လှူဒါန်းဖို့ ရှစ်သောင်းကျတယ်တဲ့။ တစ်ပြားမှ မထည့်နိုင်ဘဲ အဖေပြန်လာခဲ့ရတယ်။

အိမ်ရောက်တော့ မိသားစု ထမင်းဝိုင်းမှာ အားလုံး စိတ်မကောင်းကြဘူး။ ဒီငွေ ဘယ်က ရမလဲပေ့ါ။ တွေးကြည့်ရုံနဲ့ ထမင်းစားမကောင်းတော့ဘူး။ အားလုံးကလည်း အသံတွေ တိတ်လို့။

ရှေ့ဘဝ ဒါနပါရမီတွေ နည်းခဲ့လို့လား မသိဘူး။ ကျွန်တော်တို့မှာ သူများတွေထက် ငွေရှာခက်တယ်။ ထိုင်း၊ မလေး၊ စင်ကာပူ၊ ကိုရီးယားလည်း မသွားနိုင်တော့ လက်ထဲငွေမြဲတယ်ဆိုတာ သိပ်မရှိဘူး။

ကျွန်တော်က ကျောင်းလေးရှေ့မှာ စာရေးကိရိယာနဲ့ မုန့်ပဲသရေစာ ကလေးတွေ ရောင်းတယ်။ ဒါပေမဲ့ ဆိုင်ကြီးမဟုတ်။ ငါးကျပ်၊ တစ်ဆယ် အမြတ်လေးတွေစုရတာဆိုတော့ တစ်နေ့ ဘယ်လောက်ရမှာလဲ။ ဒါလေးနဲ့ မိသားစု မီးဖိုချောင်ကို ထိန်းနေရတယ်။ အပိုဝင်ငွေမရှိဘူး။ ဈေးကုန်လေး အဆက်မပြတ်မှာနိုင်ဖို့ တောင် ကြိုးစားနေရတဲ့ဘဝ။

အဖေနဲ့ အမေက တောင်သူမို့ စပါးဝမ်းစာတော့ လောက်ငပါတယ်။ နှမ်းခင်းကျယ်ပေမယ့် အဆင်မပြေဘူး။ နှမ်းဆိုတာ ရာသီဥတုပေါ် မှီခိုနေရတာမို့ ဒီနှစ်လျှော်တယ်။ မိုးလုပ်ပုံကလည်း ကြည့်ဦးလေ။ ရွာသင့်တဲ့ အချိန်တစ်ပေါက်မှ မကျ။ မလိုတဲ့ အချိန်မှ တဝေါဝေါဆိုတော့ အားလုံးပစ်လိုက်ရတာပဲ။

မိုးလင်းက မိုးချုပ် တကုပ်ကုပ်နဲ့ အမေ့မှာပေါင်းသင် ပေါင်းလိုက်လုပ်လိုက်ရတာ။ ဆီစားလေးမှ မနည်းရရတယ်။

ပင်ပင်ပန်းပန်း အင်အားစိုက်ထုတ်ရသလောက် ထိုက်ထိုက်တန်တန် အကျိုးမရှိတဲ့ ဘဝမှာ တောင်သူတွေ ရှေ့ဆုံးကဖြစ်မယ်ထင်တယ်။

ဒါကြောင့် ကိုယ်ထူကိုယ်ထ ဆေးရုံအတွက်ငွေခွဲတမ်းကောက်တဲ့အခါ အားလုံး ရင်မောကြရတယ်။

ဆေးရုံ ဆိုတာကလည်း တော်ရုံတန်ရုံငွေကြေးပမာဏနဲ့ ပြီးတဲ့ ကိစ္စမျိုးမှမဟုတ်။ သိန်းထောင်ချီနေတဲ့ အလုပ်မျိုးဆိုတော့ ထမ်းထားရတဲ့ ပခုံးတွေ မသက်သာဘူး။

မနှစ်က တစ်သိန်းကျတယ်။ အဖေရက်ထားတဲ့ သက်ငယ်တွေ ရောင်းပေးလိုက်ရတာ အိမ်အမိုး မလုံဖြစ်သွားတယ်။ ဒါပေမဲ့ဖြစ်ပါတယ်။ အများရှေ့မှာ တောင်းသမျှ ပေးနိုင်ဖို့ လုံတဲ့ဘေး ရွှေ့နေလိုက်ရုံပေ့ါ။

စားရတာရော ဘာထူးလဲ။ တစ်ခါတစ်ရံအသားဟင်းကလေး ဝယ်စားချင်တာတောင် တုန်တုန်ချည့်ချည့်ဖြစ်ရတယ်။ ဖြစ်သလိုနဲ့ ထမင်းဝိုင်းသိမ်းခဲ့ရတဲ့ ဘဝတွေလေ။ ခပ်ရိုင်းရိုင်းပြောရရင်တော့ မငတ်ရုံပေ့ါ။

စားရတဲ့အခါ ချို့ချို့။ နေရတဲ့အခါ ရို့ရို့။ ပေးစရာတွေကျတောင်းသလောက်ပေးပဲ။ ဆရာဇော်ဂျီရဲ့ 'တို့တိုင်းပြည်' ကဗျာဟာ ကျွန်တော်တို့အတွက် သစ္စာတစ်ခုဖြစ်နေသေးတယ်။ မြင်သာမြင်ရမစားရတဲ့ ဘဝတွေလေ။

ကိုယ့်အရပ် ကိုယ့်ဒေသ ဖွံ့ဖြိုးဖို့ဆိုပေမယ့် တစ်ခါတစ်ရံ ရင်ထဲချဉ်စိတ်ပေါက်မိတယ်။

"သူကြီးဘုရား ရွာသားကောင်းမှု" ခေါင်းစဉ်အောက်မှာ ထမ်းထားရတဲ့ ပခုံးတွေလေးလံလွန်းပါတယ်။

ဒီအချိန်မှာ ပုဂံခေတ် ဘုရားတည်ကြတဲ့ ဘုရင်တွေအကြောင်းကို တွေးနေဖြစ်တယ်။ ဘုရားတည်ကြတာချင်း တူပေမယ့် သမိုင်းစာမျက်နှာပေါ် တင်ကျန်ပုံချင်း မတူကြဘူး။

အနော်ရထာ၊ ကျန်စစ်သားတို့ ဘုရားတည်တဲ့အခါ ပြည်သူပြည်သားတွေ ဝမ်းမြောက်ကြတယ်။ နတ်သိကြားတွေ သာခုခေါ်ကြတယ်။ နရပတိစည်သူတို့ ဘုရားတည်တဲ့အခါ ပြည်သူတွေ ဒုက္ခရောက်ကြတယ်။ စိုးရိမ်သောက စိတ်တွေနဲ့ နေ့ပေါင်းများစွာ ကျော်ဖြတ်ခဲ့ကြရတယ်။

လောကကြီးမှာ ရည်ရွယ်ချက် ကောင်းပေမယ့် လုပ်ရပ်တွေ မနိုင်မနင်းဖြစ်ရင် နီးစပ်ရာဝန်းကျင်ကိုကျွမ်းမြည့်လောင်မြိုက်စေပါတယ်။ အထူးသဖြင့် အပြုံးတွေကို ထမ်းပေးထားရတဲ့ ပခုံးတွေမှာ ပိုလောင်တယ်။ အဲဒီလိုလောင်ရင် အများအတွက်ဆိုတဲ့ ပရစိတ်က မဖြူစင်တော့ဘူး။ ဖော့ပြီး ပြောမယ်ဆိုရင်တော့ ခရမ်းရောင်သန်းသွားတယ်။

ဒါကြောင့် ချောတိုင်အပေါ် အလံတက်နုတ်သူတွေလည်း ပြုံးနိုင်၊ အောက်ကနေ တောင့်ခံပေးထားရတဲ့ ပခုံးပိုင်ရှင်တွေလည်း ပြုံးနိုင်၊ ကြည့်ရ၊ မြင်ရသူတွေ အားလုံးလည်း ပြုံးနိုင်ရွှင်နိုင်ကြမယ့် ရည်ရွယ်ချက်နဲ့ လုပ်ရပ်တွေကိုပဲ တောင့်တမျှော်လင့်နေမိပါတယ်။ ။

Business
7DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012


ပိုလ်ချုပ်ဈေးရှိ ချည်ထည်အရောင်းဆိုင် တစ်ဆိုင်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ဒေါ်အောင်ဆန်းစုကြည်ကြောင့် ချည်ထည်ဈေးကွက် သွက်လက်လာ

**အေးသူစံ၊ ခိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

ယခုနှစ်အတွင်း ဒေါ်အောင်ဆန်းစုကြည်၏ပြည်ပခရီးစဉ်များတွင် ဝတ်ဆင်ခဲ့သည့် မြန်မာ့ရိုးရာ ချည်ထည်ဝတ်စုံများကြောင့် ချည်ထည်အဝတ်အထည်နှင့် ဒီဇိုင်းများကို ပြည်ပခရီးသွားဧည့်သည်အများစု ယခင်ကထက် ပိုမိုစိတ်ဝင်စားဝယ်ယူလာကြကြောင်း ဗိုလ်ချုပ်အောင်ဆန်းဈေးမှ ချည်ထည်ဆိုင်များက ပြောသည်။

"ဒေါ်အောင်ဆန်းစုကြည်ဝတ်တဲ့ဒီဇိုင်းတွေရှိလားလို့ တကူးတကမေးမြန်းပြီးလာဝယ်တဲ့ နိုင်ငံခြားသားဧည့်သည်တွေ ဒီနှစ်ထဲများလာတယ်။ လူကြီးရော လူငယ်တွေပါကြိုက်ကြတယ်။ ဝယ်ပြီးရင် ချက်ချင်းချုပ်ပြီး ဝတ်လို့ရအောင် စောင့်ယူသွားကြတာများတယ်"ဟုဗိုလ်ချုပ်အောင်ဆန်းဈေး၊ အရှေ့ဘက်တန်းရှိ အောင်မြင့်မိုရ် အထည်ဆိုင်မှ ဒေါ်အေးအေးနွယ်က ပြောသည်။

မြန်မာ့ရိုးရာချည်ထည်များကို နိုင်ငံခြားသားဧည့်သည်များသာမကပြည်တွင်းမှလူငယ်အမျိုးသမီးများပါ ဝယ်ယူမှုမြင့်တက်လာကြောင်း၊ အထူးသဖြင့် တက္ကသိုလ်တက်ရောက်နေသောကျောင်းသူအများစုက ဦးစားပေးဝယ်ယူလာကြကြောင်း သိရသည်။

စာ(၃၄)သို့

# ကမ္ဘာ့ထိပ်တန်း ဘိလပ်မြေစက်ရုံပစ္စည်းရောင်းချသော ဒိန်းမတ်ကုမ္ပဏီ မြန်မာနိုင်ငံ ပြန်ဝင်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ - ၂၆**

၁၉၃၅ တွင် တည်ဆောက်ခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံး ဘိလပ်မြေစက်ရုံဖြစ်သော သရက်ဘိလပ်မြေစက်ရုံကို ဆောက်လုပ်ခဲ့သော ဒိန်းမတ်နိုင်ငံမှ F.L Smidth ကုမ္ပဏီသည် မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကမ္ဘာ့ထိပ်တန်း ဘိလပ်မြေစက်ရုံပစ္စည်းများ တီထွင်ထုတ်လုပ်ရောင်းချသောကုမ္ပဏီသည် မြန်မာနိုင်ငံ၏ပွင့်လင်းလာမှုအခြေအနေများကြောင့် ၎င်း၏ထုတ်ကုန်များကို ပြန်လည်မိတ်ဆက်ရန် အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ဟောပြောပွဲပြုလုပ်သွားမည်ဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ အခြေအနေတွေကြောင့် ပြန်ဝင်လာပါပြီ။ အရင်တုန်းက စီးပွားရေးပိတ်ဆို့မှုကြောင့် လာလို့လည်း မရဘူးလေ။ အခုဆိုရင် F.L Smidth ရဲ့ နည်းပညာတွေက အရမ်းကိုတိုးတက်သွားပြီ။ ကမ္ဘာပေါ်မှာ အကြီးဆုံးဖြစ်တဲ့ တစ်နေ့ကို တန်ချိန်တစ်သောင်းနှစ်ထောင်ထွက်တဲ့ဘိလပ်မြေစက်ရုံကို F.L Smidth က လုပ်ပေးတည် သွားပါတယ်။ F.L Smidth ရဲ့ ဒီနေ့ ပြောင်းလဲနေတဲ့အခြေအနေတွေကို မြန်မာ့ဘိလပ်မြေလောကကိုပြန်မိတ်ဆက်ဖို့ပြန်လာပြီ။

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၄ | ၈၆၃ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၄ | ၈၆၃ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၆ | ၇၀၈ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၀၂ | ၁၁၂၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၁၅ | ၂၇. ၂၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၀ | ၁၃၂ | ကျပ် |

၂၀၁၂ စက်တင်ဘာ ၂၉ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၈၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၇၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၇. ၉၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၈၄၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၈၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၃. ၀၇ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၈၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၅၆၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၇၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၆၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၁ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၃၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၂၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၈၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၁၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၇၃. ၉၀၀ |
| ရေနံစိမ်း | စည် | ၁၁၂. ၃၉၀ |
| ငွေ | ၁ အောင်စ | ၃၄. ၅၇၇ |
| ကြေးနီ | ပေါင် | ၃၇၅. ၈၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၃၂၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ စက်တင်ဘာ ၂၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

Model 1579
DIGITAL SCALE
PROFESSIONAL-MINI
ကျပ်၊ပဲ၊ရွေးစနစ်ပါရှိပါသည်။




-မြန်မာယူနစ်များဖြစ်သော
MG1, MG2, MGT, TCL, Y2, ct ပါဝင်ပါသည်။
- အနည်းဆုံး ရွေး(၁)စိတ် မှ (၁၂) ကျပ်သား (၆) ရွေးအထိ ချိန်တွယ်နိုင်ပါသည်။
- အလေးချိန် 200g x 0.01g
- အပြာရောင်နောက်ခံ (Blue backlight display)
- Adjustable auto power off function
- Low battery Indicator
- (CR2032x2) Lithium batteries included

(ကွန်ပါဘူး၊ 200g စံအလေးတုံးနှင့် ဘက်ထရီအပို (၂) ခုပါဝင်ပါသည်။)

တာနီးတား
ရွှေချိန်စက်

TANITA®
Capacity 200g
Graduation 0.01g
Made in Japan

Hot Line – ၀၉.၄၃၀.၂၂၂.၂၅ ၀၉.၉၁.၀၀၀.၇၅၃၊ ၀၉.၅၅.၂၂.၁၂၃ ၊ ၀၉.၇၃၀.၁၇၀.၇၃၊ ၀၉.၅၀၂.၁၁.၄၄


7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

## စာ(၃၃) - ကမ္ဘာ့ထိပ်တန်း ဘိလပ်မြေစက်ရုံပစ္စည်းရောင်းချသော ဒိန်းမတ်ကုမ္ပဏီ မြန်မာနိုင်ငံ ပြန်ဝင်မည် မှ

အောက်တိုဘာ ၁၀ ရက် ဆီဒိုးနားဟိုတယ်မှာ ဟောပြောပွဲလုပ်မယ်။ ဘိလပ်မြေစက်ရုံတည် ထောင်ခွင့်ရထားတဲ့သူတွေကိုပါ ဖိတ်ပြီး ရှင်းပြရမယ်။ သူတို့ စက်ကတော့ ရှင်းရှင်းပြောရရင် တရုတ်စက်နဲ့တော့ ဘာမှမဆိုင်ဘူး။ အရည်အသွေးချင်းမတူသလို ဈေးနှုန်းကလည်း မြင့်လိမ့်မယ်။ တော်ရုံတန်ရုံမတတ်နိုင်ဘူးဖြစ်လိမ့်မယ်။ အဲဒီတော့ ဘဏ္ဍာရေးနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်သင့်တယ်ဆိုတာပါ သူတို့က အကြံပြုလိမ့်မယ်။ ဒီအတိုင်းဆို သူတို့ပစ္စည်းဝယ်နိုင်ဖို့ မလွယ်ဘူးလေ” ဟု ဘိလပ်မြေထုတ်လုပ်မှုဆိုင်ရာ အကြံပေးပညာရှင်ဖြစ်သော ဦးစိုးနိုင်ကပြောသည်။

F.L Smidth ကုမ္ပဏီ တည်ဆောက်ပေးခဲ့သော သရက်ဘိလပ်မြေစက်ရုံမှ ထုတ်လုပ်သည့် မြင်းခေါင်းတံဆိပ် ဘိလပ်မြေများမှာ နာမည်ကျော်ကြားခဲ့ပြီး စင်ကာပူနိုင်ငံ၏ ချန်ဂီလေဆိပ်သည် မြန်မာနိုင်ငံ၏ မြင်းခေါင်းတံဆိပ် ဘိလပ်မြေကို အသုံးပြုတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

“F.L Smidth ကုမ္ပဏီနဲ့ လွန်ခဲ့တဲ့ ၁၅နှစ်လောက်က ကျွန်တော် အဆက်အသွယ်ရှိခဲ့တယ်။ သက်တမ်းကုန်နေပြီဖြစ်တဲ့ သရက်ဘိလပ်မြေစက်ရုံကို မွမ်းမံပြင်ဆင်ဖို့အတွက်ပါ။ သရက်ကိုသွားပြီး ကူညီဖို့ဆွေးနွေးခဲ့ကြတယ်။ ဒါပေမဲ့ အဲဒီခေတ်က ပေါ်လစီကြောင့် ငြင်းဆိုခံခဲ့ရတယ်။ အခုက တစ်ကျော့ပြန်ဝင်လာတာပေါ့”ဟု ဘိလပ်မြေစက်ရုံ တည်ဆောက်ရန် စီစဉ်နေသည့် ကချင်အထူးဒေသ (၁)ရှိ ကုမ္ပဏီတစ်ခု၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူကပြောသည်။



သရက်ဘိလပ်မြေစက်ရုံကို တည်ဆောက်ပြီးစ ၁၉၃၅ခုနှစ်က တွေ့ရစဉ်




## စာ(၃၃) - ဒေါ်အောင်ဆန်းစုကြည်ကြောင့် ချည်ထည်ဈေးကွက်သွက်လက်လာ မှ

“ဒါဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီဇိုင်းလို့ ပြောရောင်းတာနဲ့ကို ဟုတ်ဟုတ်၊ မဟုတ်ဟုတ် စိတ်ဝင်တစားနဲ့ကို ဝယ်သွားကြတယ်။ တချို့ နိုင်ငံခြားသားတွေက ဒေါ်အောင်ဆန်းစုကြည်ဝတ်တဲ့ ဒီဇိုင်းတွေကို ဖုန်းနဲ့ဓာတ်ပုံရိုက်ယူလာပြပြီး ဝယ်ကြတာလည်းရှိတယ်။ ဒီနှစ်ထဲမှာ ညှော်အဝင်များတာလည်းပါတော့ ချည်ထည်တွေ တော်တော်လေး ရောင်းရတယ်” ဟုဗိုလ်ချုပ်အောင်ဆန်းဈေးစီရုံရှိ ချည်ထည်ဆိုင်တစ်ဆိုင်မှ အရောင်း တာဝန်ခံတစ်ဦးက ပြောသည်။ အချို့ နိုင်ငံခြားသားများမှာမူ ဒေါ်အောင်ဆန်းစုကြည်၏ ပြည်ပခရီးစဉ်ဓာတ်ပုံများကို အင်တာနက်မှ ရယူပြီး ပုံပါအဆင်ဒီဇိုင်းများကို လာရောက်ရှာဖွေဝယ်ယူကြကြောင်း သတင်းရရှိသည်။

အနောက်နိုင်ငံများမှ နိုင်ငံခြားသား ညှော်သည်အများစုမှာ ဝတ်ဆင်ရန်ချည်ထည်များကို ဦးစားပေးဝယ်ယူကြပြီး အရောင်တောက်သော တိုင်းရင်းသားဝတ်စုံအချို့နှင့် ရိုးရာဂျပ်ခုတ်ထည်များကိုလက်ဆောင်ပေးရန် ဝယ်ယူကြကြောင်း ဗိုလ်ချုပ်အောင်ဆန်းဈေး၊ စီရုံရှိ Ct Chin-NAGA ဆိုင်မှ တာဝန်ခံက ပြောသည်။

မြန်မာ့ရိုးရာအဝတ်အထည်ကို နိုင်ငံတကာမှ ၂၀၁၀ ခုနှစ်နောက်ပိုင်း ပိုမိုစိတ်ဝင်စားလာခြင်းမှာ ဒီမိုကရေစီ ခေါင်းဆောင်တစ်ဦးအဖြစ် အသိအမှတ်ပြုထားခြင်းခံရသည့် ဒေါ်အောင်ဆန်းစုကြည်၏ တစ်စိုက်မတ်မတ်ဝတ်ဆင်မှုကြောင့်ဖြစ်ကြောင်း ညှော်လမ်းညွှန် အချို့က သုံးသပ်ပြောကြားသည်။

“ဗိုလ်ချုပ်အောင်ဆန်းဈေးကိုရောက်တာနဲ့ ရိုးရာဝတ်စုံတွေကြည့်တယ်။ ဒေါ်စုဒီဇိုင်းတွေဆိုရင် ဝယ်တယ်။ သူတို့နိုင်ငံ ပြန်ရောက်ရင် ဒါဒေါ်အောင်ဆန်းစုကြည်ဝတ်တဲ့ ဒီဇိုင်းဆိုပြီး အမှတ်တရ ပြန်ပြချင်တာ”ဟု စပိန်ညှော်လမ်းညွှန်တစ်ဦးက ပြောသည်။

“အခု ဒေါ်အောင်ဆန်းစုကြည်က မြန်မာ့ရိုးရာဝတ်စုံကို ကမ္ဘာကို ထိုးဖောက်နိုင်ပြီ။ အဲဒီလိုပဲ မြန်မာ့ရိုးရာ အစားအစာတွေကိုလည်း ကမ္ဘာကို ထိုးဖောက်သင့်တယ်။ ကိုရီးယားဆိုရင် သူတို့ ရိုးရာအစားအစာကို ကမ္ဘာအနှံ့ ထိုးဖောက်နိုင်တာတွေ့ရတယ်” ဟု အသက် ၅၀ အရွယ် အိမ်ရှင် မဒေါ်မြင့်မြင့်သန်းက ပြောသည်။

**TRADEMARK CAUTION**

REPSOL, S.A. a company incorporated in Spain, at Méndez Álvaro, 44, 28045 Madrid Spain is the Owner and Sole Proprietor of the following Trademark:-

**Reg.No.4/10244/2012**

In respect of : “Int'l Class 4: “Industrial oils and greases; lubricants; dust absorbing, wetting and binding compositions; fuels (including motor spirit) and illuminants; candles and wicks for lighting. Fuels and non chemical additives for fuels”.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 4. Oct. 2012

7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# Commodity Watch

## အိန္ဒိယက ဝယ်ယူမှုလျော့၍ ပဲဈေးနှင့် အရောင်းအဝယ်ကျဆင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၂၈**

နိုင်ငံခြားမှ ဝယ်ယူမှုလျော့နည်း၍ ပဲဈေးကွက်တွင် ဈေးနှုန်းရော၊ အရောင်းအဝယ်ပါ ကျဆင်းနေကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးကွက်မှ သတင်းရရှိသည်။

"ဒီရက်ပိုင်းတွေမှာ အလုပ်မဖြစ်တာများတယ်။ အရောင်းအဝယ်လုပ်တာနည်းတယ်။ ဝယ်လက်သိပ်မရှိတော့ ဈေးကွက်က မသွက်ဘူး။ စောင့်ကြည့်နေကြတဲ့ သဘောပဲ" ဟု ဘုရင့်နောင် ကုန်စည်ဒိုင်ပဲဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသူ တစ်ဦးက ပြောသည်။

မတ်ပဲဈေးနှုန်းသည် တစ်တပ်အတွင်း၌ပင် တစ်တန်လျှင် ၅၀,၀၀၀ ကျပ်ဝန်းကျင်အထိ ဈေးနှုန်းများကျဆင်းနေသည်။

ပြီးခဲ့သည့် တစ်ပတ်အတွင်း ကမတ်ပဲ RC မှာ တစ်တန်လျှင် ၅၄၀,၀၀၀ ကျပ်ဝန်းကျင် ရှိနေရာမှ ၄၉၀,၀၀၀ ကျပ်သို့လည်းကောင်း၊ SQRC မတ်ပဲမှာ ၅၅၀,၀၀၀ ကျပ်မှ ၅၂၀,၀၀၀ သို့လည်းကောင်းကျဆင်းနေသည်။ ထို့အတူ ပဲစင်းငုံဈေးနှုန်းမှာလည်း တစ်တန်လျှင် ၆၃၀,၀၀၀ ကျပ်မှ ၅၉၀,၀၀၀ ကျပ်ထိ ကျဆင်းလာသည်။ သို့သော် ခရမ်းရွှေဝါ ပဲတီစိမ်းမှာ အရောင်းအဝယ် နည်းသော်လည်း ပိဿာ ၆၀ လျှင် ကျပ် ၇၅,၀၀၀ ဖြင့် ဈေးငြိမ်နေသည်။

ပဲဈေးကျခြင်းသည် အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံဘက်တွင်လည်း ပဲပေါ်ရာသီဖြစ်သည့်အပြင် ယင်းနိုင်ငံ၌ပင် ပဲညှံ့များထွက်ကာ ဈေးကျဆင်းနေသဖြင့် ပြည်တွင်းဝယ်လက်ဈေးနှုန်းများကိုလည်း ဈေးလျှော့ဝယ်လာခြင်းကြောင့် ဖြစ်သည်ဟု ပဲကုန်သည်များက ပြောသည်။

ထို့ကြောင့် ဈေးတက်မှန်း ဝယ်ထားကာ လှောင်ထားသည့် ပဲကုန်သည်များအနေဖြင့် အရှုံးများနေကြောင်း ပဲကုန်သည်များကပြောကြားသည်။

လက်ရှိ ဈေးကွက်အနေအထားအရ ပဲဈေးနှုန်းမှာ ဆက်လက်ကျဆင်းနိုင်ကြောင်း ပဲကုန်သည်များက ဆိုသည်။

## ၈(၃၂) တက္ကသိုလ်ထဲမှ အမှိုက်များ မှ

စားကြွင်းစားကျန်များ၊ အသုံးအဆောင်ပစ္စည်းများကို နေ့စဉ်ပင်လိုက်လံကောက်ယူသိမ်းဆည်းကြရကြောင်း၊ အမှိုက်ပုံးများ ထားပေးထားသော်လည်း ထိုအမှိုက်ပုံးများထဲသို့ စနစ်တကျ စွန့်ပစ်သောကျောင်းသား၊ ကျောင်းသူသည် မရှိသလောက် နည်းပါးကြောင်း၊ အမှိုက်၏တန်ဖိုး၊ အမှိုက်၏ အန္တရာယ်ကို နားမလည်ကြကြောင်း ဆိုပါသည်။

"ရွာတွေ၊ ရပ်ကွက်တွေရဲ့ ကျက်သရေဆောင် ဖြစ်ရမယ့် လမ်းမတွေ၊ အဝင်ဝတွေမှာ အမှိုက်ပုံတွေက ဆီးကြိုနေမှာကို အများအပြား မြင်တွေ့နိုင်ပါတယ်။ အမှိုက်ပုံတွေကြောင့်အနံ့အသက် မကောင်းတဲ့နေရာမှာ နေထိုင်ကြရတဲ့ လူဦးရေကို တိုင်းတာကြည့်ရင်နည်းမှာမဟုတ်ပါဘူး။ ကလေးတွေဆိုရင်လည်း မူလတန်းနဲ့ အခြေခံပညာအဆင့်မှာ နေ့အလိုက်သန့်ရှင်းရေး အသင်းတွေဖွဲ့ပေးထားပြီး အမှိုက်သိမ်းကြရတယ်။ သူတို့မှာ အမှိုက်ကို လှည်းကျင်းသန့်ရှင်းရမယ်ဆိုတဲ့ အသိစိတ်လေးတော့ ရသွားကြတယ်။ ဒါပေမဲ့ အဲဒီအမှိုက်တွေကို ဘယ်နေရာမှာ၊ ဘယ်လိုစနစ်တကျ စွန့်ပစ်ရမယ်ဆိုတာမျိုး၊ အမှိုက်နဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာမျိုးတွေကိုတော့ သေချာလေ့ကျင့်သင်ကြားပို့ချပေးတာ မရှိကြဘူး။ တက္ကသိုလ်အဆင့်လည်း ရောက်သွားရော လူငယ်အရွယ်တွေဖြစ်သွားတဲ့ ကလေးတွေဟာ သူတို့မှာရှိပြီးသား အသိစိတ်လေးတောင် ပျောက်ကုန်ကြတယ်။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေထားတဲ့ အဆောင်တွေမှာဆိုရင်လည်း အမှိုက်အဖြစ် မစွန့်ပစ်သင့်သေးဘဲ စွန့်ပစ်ခံလိုက်ရတဲ့ပစ္စည်းတွေဆိုနည်းတာမဟုတ်ပါဘူး။ အရာရာကို ငွေနဲ့ အချိန်မရွေး လွယ်လွယ်ကူကူ ဝယ်လို့ရတယ်ပဲသူတို့ထင်နေကြတယ်"ဟု တက္ကသိုလ်ကျောင်းသားများထားသော ပုဂ္ဂလိကအဆောင်ပိုင်ရှင်တစ်ဦးက ပြောပြပါသည်။

စစ်ကိုင်းမြို့နယ် အတွင်းရှိ ရွာကြီးတစ်ရွာတွင် ရွာသူရွာသားအားလုံး၏ ပူးပေါင်းပါဝင်ညီညွတ်မှု အသိတရားကိုယ်စီဖြင့် ကျေးရွာအတွင်းနှင့် အနီးဝန်းကျင်၌ စည်းကမ်းမဲ့ လွှင့်ပစ်ထားသော စွန့်ပစ်အမှိုက်ဟူ၍ တစ်စမျှပင်မရှိကြောင်း၊ စိမ်းလန်းသာယာသော ပတ်ဝန်းကျင်အဖြစ် ရောက်ရှိအောင် ဝိုင်းဝန်းထိန်းသိမ်းတည်ဆောက်လျက်ရှိကြောင်း ထိုရွာမှ တပည့်တစ်ဦးက ပြောပြပါသည်။ ထိုသို့ အမှိုက်ထိန်းသိမ်းစွန့်ပစ်မှုနှင့် ပတ်သက်၍ စနစ်တကျ လေ့ကျင့်နေထိုင်ခဲ့ရသော မိသားစုများ၊ ပတ်ဝန်းကျင်များမှလူငယ်များသည် အမှိုက်ကို စွန့်ချင်သလိုစွန့်၊ပစ်ချင်သလိုပစ်နေကြသည့် လူသားအများစု ကျင်လည်ရာကျောင်းများ၊ တက္ကသိုလ်များ၊ မြို့ကြီးများသို့ ရောက်ရှိသွားပါက အများကဲ့သို့ ပြန်ဖြစ်သွားမှာကိုပင် စိုးရိမ်ရသော အနေအထားရှိပါသည်။

ထို့ကြောင့် 'တက္ကသိုလ်ထဲမှ အမှိုက်များ'ဆိုသည်မှာ စည်းမဲ့ကမ်းမဲ့ အမှိုက်လိုသလို စွန့်ပစ်သော သက်ရှိလူသားများကို ရည်ညွှန်းရမှာလား၊ အမှိုက်ဟု စာရေးသူတို့ သတ်မှတ်စွန့်ပစ်ထားသော သက်မဲ့များကို ရည်ညွှန်းရမှာလား ဟူ၍ အပြန်ပြန်အလှန်လှန် မေးခွန်းထုတ်နေမိပါတော့သည်။ ။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy S3 | 530,000 |
| Galaxy S2 | 380,000 |
| Galaxy S Plus | 280,000 |
| Galaxy Note | 475,000 |
| Galaxy Ace | 175,000 |
| Galaxy Mini | 120,000 |
| Galaxy Gio | 140,000 |
| Galaxy Y | 115,000 |

**Today's Mobile, Best More Smart Mobile, Mobile Country ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။**

### Sony Ericsson

| Model | Price |
|---|---|
| Ericsson Arc S | 249,000 |
| Ericsson Neo | 219,000 |
| Ericsson $X_8$ | 115,000 |

### iPhone

| Model | Price |
|---|---|
| iPhone 4S (64 GB) | 740,000 |
| iPhone 4S (32 GB) | 680,000 |
| iPhone 4S (16 GB) | 585,000 |
| iPhone 4 (16 GB) | 515,000 |
| iPhone 4 (32 GB) | 555,000 |

### Huawei

| Model | Price |
|---|---|
| U 8825 (GSM) | 160,000 |
| U 8812 (GSM) (black) | 115,000 |
| U 8812 (GSM) (white) | 120,000 |
| U 8812 (GSM) | 140,000 |
| U 8818 (GSM) | 135,000 |
| U 8860 (GSM) | 215,000 |
| U 8825 (GSM) | 140,000 |
| C 8655 (GSM) | 85,000 |

**စက်တင်ဘာ(၂၉)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 205,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 85,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| LG | DV808 | 21,000 |
| EVD (AEK) | 8TMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 195,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 190,000 |

**အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ** Capital **နှင့်** OK **မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၆၀-၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၃၂၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂၉) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၉၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၅၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၅,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ ဝန်းကျင် |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၄၅၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၇,၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၂,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၅၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၃,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၀၀၀-၃၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |

**စက်တင်ဘာ(၂၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက် ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Sep(23) | 3,550 | 3,950 | 4,000 | 4,000 |
| Sep(24) | 3,550 | 3,950 | 4,000 | 4,000 |
| Sep(25) | 3,550 | 3,950 | 4,000 | 4,000 |
| Sep(26) | 3,550 | 3,950 | 4,000 | 4,000 |
| Sep(27) | 3,550 | 3,950 | 4,000 | 4,000 |
| Sep(28) | 3,550 | 3,950 | 4,000 | 4,000 |
| Sep(29) | 3,550 | 3,950 | 4,000 | 4,000 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| Model | Price |
|---|---|
| **Acer** | |
| Intel Core i7-3517U, 4GB DDR3,256 GB SSD, HD,13.3" | 1384,700 |
| Intel Core i5-3210M, 4GB DDR3,750 HDD, 2GB VGA,15.6" | 632,100 |
| Intel Core i3-M2367, 4GB DDR3,500 HDD, HD,14" | 518,700 |
| Intel DualCoreB987, 2GB DDR3,500 HDD, HD,14" | 388,800 |
| Intel DualCoreB967, 2GB DDR3,320 HDD, HD,11.6" | 290,100 |
| **msi** | |
| Intel Core i7 2.3GHz, 8GB DDR3, 750HDD,2GB VGA,15.6" | 1030,500 |
| Intel Core i5 2.5GHz, 4GB DDR3, 500HDD,2GB VGA, 14" | 588,300 |
| Intel Core i3 2.1GHz, 2GB DDR3, 640 HDD,1GB VGA, 14" | 518,700 |
| Intel Pentium 2.1GHz, 2GB DDR3, 500 HDD,1GBVGA, 14" | 423,400 |
| **hp** | |
| Intel Core i7 2.3GHz 8GB DDR3,750 HDD, 2GB VGA,15.6" | 1056,500 |
| Intel Core i5 2.4GHz 8GB DDR3,750HDD,1GB VGA,14.5" | 788,000 |
| Intel Core i3 2.3GHz 4GB DDR3,500 HDD, HD, 15.6" | 437,300 |

7DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

သမိုင်း၏ အအောင်မြင်ဆုံးသောစီးပွားရေးပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်များတွင် လိမ္မာပါးနပ်သော နိုင်ငံအများအပြားသည် အခြားနိုင်ငံများ၏ ပေါ်လစီအောင်မြင်မှုများမှ သင်ယူလေ့လာပြီး မိမိတို့နိုင်ငံ၏ အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ခဲ့ကြပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသမိုင်းရှည်ကြီးတွင် ၁၈ ရာစုဗြိတိန်နိုင်ငံက ဟော်လန်နိုင်ငံမှ သင်ယူလေ့လာခဲ့သည်။ ၁၉ ရာစုနှစ်အစောပိုင်းတွင် ပရပ်ရှားက ဗြိတိန်နှင့် ပြင်သစ်တို့ထံမှ သင်ယူခဲ့သည်။ ၁၉ ရာစုနှစ်လယ် မေဂျီဘုရင်လက်ထက် ဂျပန်နိုင်ငံမှာ ဂျာမနီနိုင်ငံမှ သင်ယူလေ့လာခဲ့သည်။ ဒုတိယကမ္ဘာစစ်ခေတ်လွန် ဥရောပက အမေရိကန်နိုင်ငံထံမှ သင်ယူခဲ့သည်။ တိန့်ရှောင်ဖိန်လက်ထက် တရုတ်က ဂျပန်တို့ထံမှ သင်ယူခဲ့သည်။



# ကြီးပွားရေးသော့ချက်များ ရှာဖွေခြင်း

**ကြည်နေဝင်းမင်း**

တိုင်းပြုပြည်ပြုအဖွဲ့အစည်း ပုံစံများကို အတုခိုးခြင်း၊ ဆန်းသစ်သောပြုပြင်ပြောင်းလဲမှု ဖော်ဆောင်ခြင်း၊ အောင်မြင်သောစီးပွားရေးအဖွဲ့အစည်းများ ထူထောင်ခြင်းများ လုပ်ဆောင်ရုံသာမက နောက်ဆုံးပေါ် နည်းပညာများ ကမ္ဘာတစ်ဝန်းပျံ့နှံ့လာလျက်ရှိရာ ယင်းအခြေအနေများက ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးခဲ့သည်။ ယနေ့အချိန်အခါတွင်လည်း နောက်ထပ်နိုင်ငံအများအပြားကသာ အခြားနိုင်ငံများ၏ အောင်မြင်မှုများမှ အချိန်ယူသင်ကြားမည်ဆိုပါက ယင်းကဲ့သို့သော ပေါ်လစီရေးရာကြားဝင်ပေါင်းစပ်ပေးနိုင်သော အခွင့်အလမ်းကောင်းများ များစွာရှိသည်။

ဥပမာအားဖြင့် လတ်တလောတွင် နိုင်ငံအများအပြား၌အလုပ်အကိုင် အကျပ်အတည်းကိုစရင်ဆိုင်နေရသော်လည်း အရင်းရှင်ကမ္ဘာမှ အချို့နိုင်ငံများတွင် အခြေအနေကောင်းပါသည်။ ဂျာမနီ၊ နယ်သာလန်နှင့် စကင်ဒီနေဗီးယားနိုင်ငံများ အပါအဝင် ဥရောပမြောက်ပိုင်းနိုင်ငံများတွင် အခြေအနေကောင်းပါသည်။ ယခုနှစ်နွေရာသီကဂျာမနီနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၅ ဒသမ ၅ ရာခိုင်နှုန်းဝန်းကျင်သာ ရှိသည်။ လူငယ်အလုပ်လက်မဲ့နှုန်းများမှာလည်း ၈ ရာခိုင်နှုန်းခန့်သာရှိရာ အခြားဝင်ငွေမြင့်နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အလုပ်လက်မဲ့နှုန်း နည်းပါးနေခြင်းဖြစ်သည်။

ထိုသို့ဖြစ်အောင် ဥရောပမြောက်ပိုင်းသားများ မည်သို့လုပ်ဆောင်ခဲ့ကြပါသနည်း။ ယင်းနိုင်ငံများအားလုံးတွင် လွတ်လပ်တက်ကြွသော အလုပ်သမားပေါ်လစီများရှိပါသည်။ ပြောင်းလွယ်ပြင်လွယ်အလုပ်ချိန်ရှိသည်။ ကျောင်းတက်ရင်း အလုပ်သင်ဝင်လုပ်နိုင်သော အစီအစဉ်များ၊ အလုပ်အတွက် လေးလေးနက်နက်လေ့ကျင့်သင်ကြားပေးခြင်းများ၊ လူမှန်နေရာမှန် ရောက်ရှိစေနိုင်သော ပေါ်လစီများ ရှိသည်။

ထို့အတူပင် ဘတ်ဂျက်အကျပ်အတည်း လုံးလည်ချာလည်လိုက်နေသော ခေတ်တွင် ဂျာမနီ၊ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံတို့မှာ ဝင်ငွေနှင့် ထွက်ငွေညီမျှသော ဘတ်ဂျက်များကို ထိန်းသိမ်းထားနိုင်သည်။ ဘတ်ဂျက်မျှခြေညီမျှရေးဦးစားပေး ရေးဆွဲထားသော စည်းမျဉ်းများကို ထိုနိုင်ငံသုံးနိုင်ငံစလုံးက လိုက်နာကြသည်။ ထိုနိုင်ငံသုံးနိုင်ငံစလုံးမှာပင် ခံစားခွင့်များအတွက် သုံးစွဲရသော ငွေကြေးပမာဏကို သတိထားကြသည်။ သက်ကြီးပင်စင်ယူသောအရွယ်ကို အနည်းဆုံး ၆၅ နှစ်ဟုသတ်မှတ်ထားသည်။ ယင်းသို့သတ်မှတ်ထားခြင်းကြောင့် အသက် ၆၀ (သို့မဟုတ်) ထို့ထက်လျော့၍ ပင်စင်ယူသည့်အရွယ်သတ်မှတ်ထားသော ပြင်သစ်နှင့် ဂရိနိုင်ငံများမှာထက် ကုန်ကျစရိတ်နည်းပါးသည်။ ယင်းနိုင်ငံများတွင် ပင်စင်သက်လျှော့ချထား၍ ကုန်ကျစရိတ်များ အဆမတန်မြင့်မားနေပါသည်။

ကျန်းမာရေးကုန်ကျစရိတ်များတစ်နေ့တခြား တက်လာနေသော ခေတ်မှာပင် ကနေဒါနိုင်ငံ၊ အနောက်ဥရောပနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှာ နိုင်ငံ၏ စုစုပေါင်းကျန်းမာရေးကုန်ကျစရိတ်ကို ဂျီဒီပီ၏ ၁၂ ရာခိုင်နှုန်းခန့်တွင်သာ ထိန်းထားသည်။ ကျန်းမာရေးနှင့်ပတ်သက်၍လည်း အကောင်းဆုံးရလဒ်များရရှိပါသည်။ တစ်ဖက်တွင် အမေရိကန်နိုင်ငံ၌ ကျန်းမာရေးကုန်ကျစရိတ်များကို ဂျီဒီပီ၏ ၁၈ ရာခိုင်နှုန်းအထိ သုံးစွဲနေသော်လည်း သာမန်ရှက်ကြမ်းရေကျိုရလဒ်များသာ ထွက်ပေါ်ခဲ့သည်။ အမြတ်ငွေရရှိရေးကိုသာ အဓိကထားသော အမေရိကန်ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကြောင့်တစ်နှစ်လျှင် ကန်ဒေါ်လာ ၇၅၀ ဘီလီယံ (ဂျီဒီပီ၏ ၅ ရာခိုင်နှုန်း) မှာ အလဟဿဖြစ်နေရကြောင်း အမေရိကန်ကျန်းမာရေးအင်စတီကျူ့ဒ်ကပြုလုပ်သည့်စစ်တမ်းတွင် တွေ့ရှိခဲ့သည်။

ရေနံဈေးနှုန်းများ တစ်ဟုန်ထိုးတိုးတက်နေသောခေတ်မှာပင် နိုင်ငံအချို့မှာ စွမ်းအင်ထိရောက်စွာ သုံးစွဲမှုတွင် အမှန်တကယ် ထူးခြားအောင် လုပ်ဆောင်နိုင်ကြသည်။ ဖွံ့ဖြိုးပြီး OECD နိုင်ငံ အများအပြားတွင် ဂျီဒီပီ၏ ကန်ဒေါ်လာ ၁,၀၀၀ ကုန်ကျတိုင်း ရေနံ ၁၆၀ ကီလိုဂရမ်နှင့် ညီမျှသော စွမ်းအင်ကို အသုံးပြုကြသည်။ သို့သော်စွမ်းအင်ချွေတာသော ဆွစ်ဇာလန်နိုင်ငံတွင် ဂျီဒီပီဒေါ်လာ ၁,၀၀၀ ကုန်ကျတိုင်း ရေနံ ၁၀၀ ကီလိုဂရမ်ညီမျှသောစွမ်းအင်သာ သုံးစွဲသည်။ ဒိန်းမတ်နိုင်ငံတွင် ၁၁၀ ကီလိုဂရမ်သုံးစွဲပြီး အမေရိကန်နိုင်ငံတွင်မူ ၁၉၀ ကီလိုဂရမ် သုံးစွဲရပါသည်။

ရာသီဥတုပြောင်းလဲနေသောခေတ်တွင် နိုင်ငံအများအပြားက ကာဗွန်ထွက်ရှိမှုနည်းသောစီးပွားရေးစနစ်သို့ မည်သို့ပြောင်းလဲနိုင်သည်ကို သရုပ်ပြနေကြသည်။ ပျမ်းမျှအားဖြင့် ချမ်းသာသော နိုင်ငံကြီးများတွင် ရေနံတစ်ကီလိုဂရမ်သုံးစွဲတိုင်း ကာဗွန်ဒိုင်အောက်ဆိုက် ၂ ဒသမ ၃ ကီလိုဂရမ်ထုတ်လွှတ်သည်။ သို့သော် ပြင်သစ်နိုင်ငံတွင် တန်ဖိုးနည်းနျူကလီးယား စွမ်းအင်ကို ထိရောက်စွာ အသုံးချနိုင်သောကြောင့် ကာဗွန်ဒိုင်အောက်ဆိုက် ၁ ဒသမ ၄ ကီလိုဂရမ်သာ ထုတ်လွှတ်သည်။

ရေအားလျှပ်စစ်ကို ထိရောက်စွာ သုံးစွဲသော ဆွီဒင်နိုင်ငံတွင် ရေနံတစ်ကီလိုဂရမ်၌ ကာဗွန် ၀ ဒသမ ၉ ကီလိုဂရမ်သာ ထုတ်လွှတ်သည်။ ဂျာမနီနိုင်ငံတွင် နိုင်ငံရေးအကြောင်းပြချက်များကြောင့် ပြည်တွင်း၌ နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်ရသော်ငြားလည်း ပြင်သစ်နိုင်ငံ၏ နျူစက်ရုံများမှနေ၍ စွမ်းအင်ဆက်လက်တင်သွင်းသုံးစွဲသွားရမည်သာ ဖြစ်သည်။

နည်းပညာပိုင်းဆိုင်ရာ ပြိုင်ဆိုင်မှုများ ပြင်းထန်နေသော ခေတ်တွင်ပုဂ္ဂလိကပိုင်းနှင့် အစိုးရပိုင်းပူးပေါင်း၍ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး လုပ်ဆောင်နိုင်သော နိုင်ငံများက အခြားနိုင်ငံများကို ကျော်တက်သွားမည်ဖြစ်သည်။ မကြာသေးမီက အင်္ဂါဂြိုဟ်လေ့လာရေးအောင်မြင်မှုများနှင့် မျိုးဗီဇနည်းပညာများဖြင့် အမေရိကန်နိုင်ငံမှာ ထွန်းတောက်နေဆဲဖြစ်သည်။ သို့သော် ဘတ်ဂျက်ဖြတ်တောက်မှုများက အမေရိကန်ကို တုံ့ဆိုင်းနေစေသည်။ ထိုအတောအတွင်း ဆွီဒင်၊ တောင်ကိုရီးယားစသော နိုင်ငံများတွင် R&D လုပ်ငန်းများအတွက် ဂျီဒီပီ၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့် သုံးစွဲရင်းစီးပွားရေးအရထွန်းတောက်လာသည်။ ကမ္ဘာ့ R&D ဦးဆောင်နိုင်ငံမှာ အစ္စရေးဖြစ်ပြီး ဂျီဒီပီ၏ ၄ ဒသမ ၇ ရာခိုင်နှုန်းကို သုံးစွဲသည်။

မညီမျှမှုများ တိုးပွားလာနေသော ခေတ်မှာပင် နိုင်ငံအချို့ကဆင်းရဲချမ်းသာကွာဟမှုနှင့် ဝင်ငွေမညီမျှမှုများကို ကျဉ်းမြောင်းအောင်လုပ်ဆောင်နိုင်ခဲ့ကြသည်။ မကြာသေးမီကပင် ဤနယ်ပယ်၌ ဘရာဇီးမှာရှေ့ပြေးနိုင်ငံ ဖြစ်လာသည်။ အစိုးရပညာရေးစနစ်ကို သိသိသာသာချဲ့ထွင်ခဲ့သလို ဆင်းရဲနွမ်းပါးမှုကိုလည်း စနစ်တကျအစီအစဉ်များ ချမှတ်၍ ကိုင်တွယ်ခဲ့သည်။ အကျိုးဆက်အားဖြင့် ဘရာဇီးနိုင်ငံတွင် ဝင်ငွေမညီမျှမှုများ နည်းပါးလာပါသည်။

သောကဗျာပါဒများ လွှမ်းကဲနေသော ခေတ်တွင် ဘူတန်နိုင်ငံသည် "ပျော်ရွှင်မှု" ဆိုသောစကားလုံး၏ အဓိပ္ပာယ်နှင့် သဘောသဘာဝကိုပင် မေးခွန်းထုတ်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးပေါင်းစည်းမှုနှင့် သဘာဝပတ်ဝန်းကျင်အား ရေရှည်ထိန်းသိမ်းနိုင်မှုများနှင့် ကိုက်ညီသော စနစ်တစ်ရပ်ပေါ်ထွက်လာရန် စုစုပေါင်းအမျိုးသားထုတ်ကုန်(GDP) တိုးတက်မှုထက် စုစုပေါင်းအမျိုးသားပျော်ရွှင်မှု (GNH) ကိုလိုက်စားမည်ဟုကြေညာခြင်းဖြင့်ကမ္ဘာကြီးကိုအံ့အားသင့်စေခဲ့သည်။ သို့သော်ယခုအခါတွင် အခြားသော နိုင်ငံများက(ဗြိတိန်လည်းပါသည်) ၎င်းတို့နိုင်ငံသားများ၏ ပျော်ရွှင်ကျေနပ်မှုကို တိုင်းတာရာ၌ ဘူတန်နိုင်ငံ၏ လမ်းစဉ်ကို လိုက်နေကြပါသည်။

ကမ္ဘာပေါ်တွင် မိမိတို့၏ ဘဝအပေါ် ပျော်ရွှင်ကျေနပ်မှုအရှိဆုံးနိုင်ငံများမှာ ဒိန်းမတ်၊ ဖင်လန်၊ နော်ဝေးတို့ဖြစ်ကြပါသည်။ သို့သော်ကော်စတာရီကာကဲ့သို့ နိုင်ငံများမှာလည်း ပျော်ရွှင်မှုဇယားထိပ်နားတွင် ပါဝင်သည်။ သေချာသည်ကတော့ ပျော်ရွှင်မှုအရှိဆုံးဆိုသော နိုင်ငံများသည် တန်းတူညီမျှမှု၊ စည်းလုံးမှု၊ ဒီမိုကရေစီစံအရတာဝန်ခံနိုင်မှု၊ သဘာဝပတ်ဝန်းကျင်ရေရှည်ထိန်းသိမ်းနိုင်မှုနှင့်အစိုးရအခြေခံအဆောက်အအုံများ၊ အဖွဲ့အစည်းများခိုင်မာမှုကိုတန်ဖိုးထားကြသည်။

ဂျာမနီအလုပ်သမားပေါ်လစီ၊ ဆွီဒင်ပင်စင်စနစ်၊ ပြင်သစ်၏ကာဗွန်နည်းပါးစွမ်းအင်၊ ကနေဒါကျန်းမာရေးစောင့်ရှောက်မှု၊ ဆွစ်ဇာလန်၏ စွမ်းအင်ချွေတာမှု၊ အမေရိကန်သိပ္ပံပညာ၊ ဘရာဇီးဆင်းရဲမွဲတေမှု လျှော့ချရေး၊ ကော်စတာရီကာနိုင်ငံ၏ အပူပိုင်းသစ်တောထိန်းသိမ်းမှုများ ပေါင်းစပ်လိုက်လျှင် စံပြနိုင်ငံတစ်နိုင်ငံရလာပါမည်။

မှန်ပါသည်။ လက်တွေ့ကမ္ဘာတွင် နိုင်ငံအများစုမှာ ယင်းကဲ့သို့သော ပျော်ရွှင်ချမ်းမြေ့မှုရုတ်တရက်မရနိုင်ပါ။ သို့သော် နိုင်ငံခြားတိုင်းပြည်များမှ ပေါ်လစီအောင်မြင်မှုများကို မျက်စိဖွင့်၊ နားစွင့်ထားခြင်းအားဖြင့် ကျွန်ုပ်တို့ ၏အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို အမှန်တကယ်မြှင့်တင်နိုင်ပါလိမ့်မည်။

*—Ref: Finding the Keys to National Property, By; Jeffery D.Sachs*

**TRADEMARK CAUTION**
Affinia Group Inc. a company incorporated in Delaware USA at 1101 Technology Drive, Suite 100, Ann Arbor, Michigan 48108 USA is the Owner and Sole Proprietor of the following Trademarks:-

Reg: 4/9279/2012

AFFINIA

Reg: 4/9291/2012

In respect of : " Automobile replacement parts; filters (for machines and engines), filter cartridges, filter apparatus and equipment (machinery and engines), all sorts of filters and filter cartridges, including vehicles, apparatus for locomotion by land, air or water, oil filters, air filters, fuel filters, coolant filters, transmission filters, hydraulic filters for engines, air pollution devices for engines and machinery."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 4.Oct.2012



သင့်ခရီးစဉ်အတွက် ကမ္ဘာ့အကောင်းဆုံး
လေကြောင်းလိုင်းနဲ့ ပျံသန်းလိုက်ကြပါစို့။
၂၀၁၂ အောက်တိုဘာလ (၃)ရက်မှ စတင်၍
တစ်ပတ်လျှင် (၃)ကြိမ် ပျံသန်းပါတော့မယ်။
ကာတာလေကြောင်းက ရန်ကုန်မြို့မှ ကမ္ဘာအနှံ့ နေရာပေါင်း
၁၀၀ကျော်သို့ ပျံသန်းပို့ ဆောင်ပေးပါမယ်။
နိုင်ငံတကာ အစားအသောက်များပါဝင်တဲ့ ကြယ်ငါးပွင့်အဆင့်မီ
တည်ခင်းဧည့်ခံမှုနဲ့ ဆုရိုး မြှင့်ခြင်းခံရတဲ့ ဧည့်ဝတ်ပျူငှာမှုများကသင့်ကို
စောင့်ကြိုနေပါတယ်၊ ရွေးချယ်စရာ အမျိုးအစားထောင်ကျော်ရှိတဲ့ခရီးစဉ်တွင်း
ဖျော်ဖြေမှုများနဲ့ သစ်လွင်သောလေယာဉ်များပေါ်မှာသင့်ရဲ့ခရီးစဉ်ကို ကျေနပ်မှု
အပြည့်ပေးစွမ်းမယ့် ကမ္ဘာ့အကောင်းဆုံးလေကြောင်းလိုင်း ဖြစ်ပါတယ်၊
(Skytrax World Airline Awards - Airline of the Year 2011 & 2012).
AIRLINE OF THE YEAR SKYTRAX 2011
AIRLINE OF THE YEAR SKYTRAX 2012
Award-winning hospitality.
A 5-star dining experience.
Over 1000 entertainment choices.
The Premium Terminal in Doha.
QATAR AIRWAYS القطرية
qatarairways.com

7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# 7DAY BOOK REVIEW


## ယောဂီဘာလုပ်နေ(အရှင်ဉာဏဝရ-သာပေါင်း)



သေတတ်ပြီလား၊ သေပြီးနောက်ဝယ်၊ မီးတစ်ပွင့်ရဲ့စွမ်းအား၊ လူငယ်များအတွက် စိတ်ဓာတ်အားမာန်အစရှိသည့် ဓမ္မစာစုများရေးသားခဲ့သော အရှင်ဉာဏဝရ(သာပေါင်း)၏ဝိပဿနာတရားနှင့် ပတ်သက်သည့် စာအုပ်ဖြစ်သည်။ စိတ်ကူးယဉ်တဲ့ယောဂီ၊ အတွေးလွန်တဲ့ ယောဂီ၊ ဆင်ခြေများတဲ့ ယောဂီ၊ စိုးရိမ်ကြီးတဲ့ယောဂီ၊ ကိစ္စများတဲ့ ယောဂီ၊ အတင်းပြောတဲ့ယောဂီ စသည်ဖြင့် အခန်းများခွဲကာ ပြောဟန်အရေးအသားဖြင့် ပေါ့ပေါ့ပါးပါး ဟောကြားထားသော တရားတော်များဖြစ်၍ ဝိပဿနာတရားအားထုတ်နေကြသည့်၊ အားထုတ်လိုကြသည့် ပုဂ္ဂိုလ်များ ဖတ်ရှုသင့်ပါသည်။


စာအုပ်တစ်နေရာတွင် အမှုကိစ္စမများရခြင်း၊ မလိုဘဲစကားပြောခြင်း၊ ဣန္ဒြေသိက္ခာစောင့်စည်းခြင်း၊ အအိပ်အနေနိုးကြားမှုရှိခြင်း၊ အစားအသောက်အတိုင်းရှည်ကိုသိမြင်ခြင်း၊ တစ်ဦးတည်းနေတတ်ခြင်း စသည့် ယောဂီကျင့်ဝတ်ခြောက်ပါးကို ဖော်ပြထားပါသည်။ အသိစွမ်းအားစာပေက တန်ဖိုး ၁,ဝဝဝ ကျပ်ဖြင့် ဖြန့်ချိသည်။

## ရွှေအိုရောင် ပင်မရေစီး(ဒဂုန်တာရာ)



ယခုအခါ အသက်ကိုးဆယ့်လေးနှစ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာပြီး စာရေးသက်နှစ်ပေါင်း ခုနစ်ဆယ်ကျော်ခဲ့ပြီဖြစ်သော စာရေးဆရာ၊ ကဗျာဆရာကြီးဒဂုန်တာရာ၏ အသစ်ထွက်ရှိလာသည့်စာအုပ်ဖြစ်သည်။ စာအုပ်တွင် ဒဂုန်တာရာရေးသားခဲ့သော ကဗျာ၊ စာပေဝေဖန်ရေး၊ ရသစာတမ်း၊ ဆောင်းပါး၊ ရုပ်ပုံလွှာ စသည်ဖြင့် အကြောင်းအရာမျိုးစုံပါဝင်ပြီး စာပဒေသာဟု ခေါ် ဆိုနိုင်သည့်စာအုပ်မျိုးဖြစ်သည်။ ယင်းသို့သော စာပေပုံသဏ္ဍာန်မျိုးစုံကို ပြဇာတ်၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးဟူ၍ ခွဲခြားထားပြီး စာရေးသူတစ်ဦး(ဝါ)ခေတ်ကိုဖြတ်သန်းနေသူတစ်ဦး၏ ထင်မြင်ချက်များနှင့် ခံစားချက်စုစည်းမှုဟုလည်း ဆိုနိုင်သည်။ ဤကဲ့သို့ စာပေပုံသဏ္ဍာန်မျိုးစုံဖြင့် တစ်ပေါင်းတစ်စည်းတည်းတင်ဆက်ထားသော အကြောင်းအရာစုံကို သိရှိခံစားရသောအခါ စာရေးသူ၏ မွေ့လျော်ဖွယ်ကောင်းသော နှလုံးဟဒယကိုလည်း ကူးစက်ထိတွေ့စေပါသည်။ ယခုစာအုပ်သည် သမိုင်းခေတ်များ၊ သမိုင်းအဖြစ်အပျက်များကို စာပေအနုပညာဖြင့် မော်ကွန်းတင်ထားသော သမိုင်း၏ သက်ရှိရုပ်ကြွင်းတစ်ခုမှ စိမ့်ကျလာသည့် ဆေးရောင်စုံစုတ်ချက်များဟုဆိုလျှင်လည်း မှားမည်မဟုတ်ချေ။ The Key စာအုပ်တိုက်က တန်ဖိုး ၃,ဝဝဝ ကျပ်ဖြင့် ဖြန့်ချိသည်။

## ပြောင်းရဲဖို့လိုသည်(ဦးတင်ဦး-ကျူရှင်)




တစ်သက်လုံးနေချင်သလိုနေခဲ့ပြီး ဘဝအအတွေ့အကြုံတနင့်တပိုးကြီးရကာမှ အသက်ခြောက်ဆယ်ကျော်မှ စာရေးသည်ဆိုသော စာရေးဆရာတစ်ဦး၏ စာနယ်ဇင်းများတွင် ဖော်ပြခဲ့သည့် ဆောင်းပါးစုစည်းမှု စာအုပ်ဖြစ်သည်။ ဦးတင်ဦး (ကျူရှင်) ၏ ရေးဟန်အတိုင်း ဖတ်ခဲ့ဖူးသော စာများ၊ တွေးခဲ့ဖူးသော စိတ်ကူးစိတ်သန်းများ၊ နိုင်ငံတကာမှ အဆိုအမိန့် အကိုးအကားလေးများဖြင့် တို့ထိရေးသားထားရာ စိတ်ဝင်တစား ဖတ်ရမည့်စာစုများလည်းဖြစ်သည်။ အပိုပိုးသော်လည်း သုခတစ်မျိုးထင်ဆောင်းပါး၌ "အစ်ကိုလိုခင်သည့်သူတစ်ဦးသည် မြေးအကြီးကောင် မိန်းမယူလောက်သည့်အရွယ်ရောက်မှ ဒုက္ခပိုလေးကျောမှပိုးဖို့ပြင်တော့ သူ့မယားကြီးနှင့်တကွ သားသမီးများကပါ သူ့အားတရားဟောနားချဖို့ အပူကပ်ကြသည်။ အတန်တန်တား၊ တောင်းပန်နေသော်လည်း မရ။ သုခဟုပင်ထင်ကာ အပိုပိုး၍ သယ်လေသည်။ နောင်မယားငယ်က ပယ်ရှားကာ ကန်ထုတ်လေမှ မယားကြီးနှင့် သားသမီးတွေထံ ပြန်ကပ်သည်" ဟူ၍ ရေးသားထားသည်။ ဇွန်ပွင့်စာအုပ်တိုက်က တန်ဖိုး ၁,၂ဝဝ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ဟစ်ဟော့ပ်ဂီတ ဘယ်အချိန်က ပေါ်ပေါက်လာသလဲ

ဟစ်ဟော့ပ်ဂီတဟုခေါ်သော ဂီတသည် အမေရိကန်နိုင်ငံတွင် ၁၉၇ဝ ပြည့်နှစ်များမှ စတင်၍ လမ်းဘေးအနုပညာရပ် Street art တစ်မျိုးအဖြစ် အာဖရိကန်-အမေရိကန်ဆယ်ကျော်သက်များကြား ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုစဉ်က ရက်ပ်သီဆိုမှုဟုခေါ်သည့် ကာရန်မိသောစာသားများကို စည်းချက်ကျကျ သီဆိုပြီး လိင်၊ အကြမ်းဖက်မှုနှင့် လူမှုရေးနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများကိုဖွဲ့နွဲ့စပ်ဆိုလေ့ရှိသည်။

၁၉၈ဝ နှစ်များတွင် Beastie Boys နှင့် အမျိုးသမီးရက်ပ်အဖွဲ့ဖြစ်သော Salt-n-Pepa တို့လူကြိုက်များခဲ့သည်။ ၁၉၉ဝ နှစ်များတွင်မူ ရိုးရှင်းသည့်စာသားများအပေါ် အခြေခံသော ခေတ်ဟောင်းစတိုင် Old-School-Style ရက်ပ်ဂီတမှ The Notorious BIG၊ စခုဒေါ့ဂ်၊ တူးပက်ကဲ့သို့သော ခေတ်သစ်စတိုင် New-School- Style ဟစ်ဟော့ပ်ပုံစံများ ပေါ်ထွက်လာသည်။ ခေတ်သစ်ဟစ်ဟော့ပ်စတိုင်မှာ ဆိုသံပိုကျယ်လောင်ပြီး ရှုပ်ထွေးသောစာသားများဖြင့် ဖွဲ့စပ်လေ့ရှိသည်။

အီမီနမ်မှာ လူမည်းများလွှမ်းမိုးသော ဟစ်ဟော့ပ်လောက၏ရှားပါးသော လူဖြူရက်ပ်ပါတစ် ဦးဖြစ်လာသည်။ ယနေ့တွင်မူ လူဒါခရစ်၊ 50 cents၊ Jay-Z ကဲ့သို့ သောနာမည်ကျော် ဟစ်ဟော့ပ်ဂီတပညာရှင်များသည် လူကြိုက်အများဆုံးအယ်လ်ဘမ်များ စာရင်းတွင် ဟစ်ဟော့ပ်ဂီတနှင့်အတူ ရပ်တည်နေကြသည်။ ယနေ့အခါဟစ်ဟော့ပ်ဂီတမှာ ကမ္ဘာတစ်ဝန်းပြန့်နေပါပြီ။ ဟစ်ဟော့ပ်ဂီတတွင် အဓိကဟန်အစိတ်အပိုင်းလေးခုအဖြစ် ရက်ပ်စာသားရွတ်ခြင်း၊ ဒီဂျေဖွင့်ကာ တီးလုံးတီးခြင်း DJing၊ ဘရိတ်ဒန့်စ်အကကခြင်း၊ ဂရာဖီတီပန်းချီခေါ် နံရံတွင်ဆေးမှုတ်ပန်းချီ ဆွဲခြင်းတို့ပါဝင်သည်ဟု ပေါလ်အက်ဒဝပ်၏ How to Rap ဂီတပညာစာအုပ်တွင် ဖော်ပြထားသည်။

—Ref: Plasticlittleraps/ Wiki

# တစ်ပတ်တာကံကြမ္မာ

အောက်တိုဘာ ၃ရက်မှ ၉ ရက် အထိ

စံဇာဂါဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂ဝ)

သတိရှိရမည်။ ပေါ်ပေါက်လာသော ပြဿနာ အခက်အခဲများကို မည်မျှသေးငယ်သည်ဖြစ်စေ ပြေပျောက်သွားအောင် လက်ငင်းအတုယူဆောင်ရွက်ပါ။ ပြဿနာမမွေးသင့်။ ရန်မမွေးသင့်။ အရာရာ လက်ငင်းစနစ်ကျင့်သုံးပါ။ အချိန်ဆွဲ၍ အခွင့်အရေးများ လက်လွှတ်တတ်သည်။ မှန်းသည်နှင့် လက်တွေ့ကွာဟပြီးမှ လိုရာပြည့်စုံမည်။ ပျို့ရွယ်သူများအဖို့ သံယောဇဉ်ရှိသူနှင့် စကားအခြေတင် ပြောရမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အခွင့်ကောင်းများ ရရှိမည်။ လိုရာပြည့်စုံမည်။ ကြန့်ကြာနေသည်များ ပြန်လည်ရရှိမည်။ အခြေအနေအားလုံးသည် အလွယ်တကူ တွက်ဆ၍ မရ။ အိုးအိမ်နေရာ ထိုင်ခင်းကိစ္စများ ပြောဆိုအောင်မြင်မည်။ နာမည်ကောင်းရမည်။ မိမိနှင့် တွဲဖက်ဆောင်ရွက်လိုသူများမည်။ အလွန်စန်းပွင့်မည်။ တံဆိပ်သစ်၊ ပစ္စည်းသစ်များ ဖြန့်ချိ၍ ကောင်းသောရက်ဖြစ်သည်။ ငွေကြေးကံကောင်းမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အထူးကောင်းသည်။ ရည်ရွယ်ချက်အောင်မည်။ စိတ်ကူးရည်မှန်းချက်သစ်များ အကောင်အထည်ဖော်နိုင်မည်။ ငွေကြေးကိစ္စများ လုပ်ငန်းများ တိုးတက်မည်။ ဆက်ဆံရသော ဝန်းကျင်တွင် အပြောင်းအလဲရှိမည်။ ဥစ္စာဓနတိုးတက်မည်။ မိမိလိုလားချက်များအား အကောင်အထည်ဖော်၍ ကောင်းသည်။ နေရာထိုင်ခင်းကိစ္စ စကားပြောရမည်။ မိသားစုတွင် ငွေပစ္စည်းများပြန်ရမည်။ မိတ်ဆွေကောင်း တိုးပွားမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ဘက်စုံတိုးတက်မည်။ အရာရာ အဆင်ပြေမည်။ မိမိကိုယ်ပိုင် စွမ်းရည်များ အသုံးချ၍ ကောင်းမည်။ ပြဿနာကင်းစွာ လိုရာဆောင်ရွက်နိုင်မည်။ ငွေဝင်မည်။ ထီကံစမ်း၍ ကောင်းသည်။ စိတ်ကူးကောင်းနှင့် လိုရာ ဆောင်ရွက်အောင်မြင်မည်။ ယခုရက်ပိုင်းအတွင်း အိပ်မက်မက်လျှင် တွေးလျှင် ထင်လျှင် မှန်တတ်သည်။ ထူးခြားသော အာရုံရနှင့် နိမိတ်ကောင်းများ ရရှိမည်။ ဘာသာစကား လေ့လာအောင်မြင်မည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

နှောင့်နှေးနေသည့် ပိတ်နေသည့် လမ်းကြောင်းများ ပြန်ပွင့်မည်။ တစ်ပါးသူ အလျှုမင်္ဂလာကိစ္စများ ဝင်ရောက်ကူညီပေးရမည်။ မိတ်ဆွေပတ်ဝန်းကျင်သစ်များ ဆက်ဆံရမည်။ မိမိပေါ့ဆထား၍ မကြေမညက်ဖြစ်နေသော ကိစ္စများ အဆင်ပြေအောင် ဆောင်ရွက်နိုင်သောအနေအထားရှိသည်။ အတတ် ပညာသစ်များ လေ့လာရန်ပေါ်မည်။ ဦးတည်ချက်လမ်းကြောင်း ပြောင်းလဲစေရန် ဖြစ်ရပ်ကြုံ မည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အရာရာ သတိနှင့်ယှဉ်၍ ဆောင်ရွက်ပါ။ ခက်ခဲသော အနေအထားများ ဦးတည်ရာလမ်းကြောင်းတွင်ကြုံမည်။ စိတ်နှင့် ခန္ဓာကွာဟနေမည်။ လက်တွေ့ဆောင်ရွက်ရသော လမ်းကြောင်းများတွင် ခက်ခက်ခဲခဲ ဆောင်ရွက်နေရသော အနေအထားရှိမည်။ တစ်ပါးသူက ကတိစကားကို မတည်၍ စိတ်ရှုပ်စရာများ ကြုံမည်။ သူတစ်ပါး ပဋိပက္ခများ လိုက်လံဖြေရှင်းပေးရမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ကွဲကွာနေသော သူများနှင့်ပြန်လည်ဆုံစည်းမည်။ မဖြစ်နိုင်တော့ဟု အဆုံးသတ်ထားသော ဇာတ်လမ်းများ ပြန်လည်ဆက်ရန်ကြုံမည်။ နေရာသစ် အိုးအိမ်သစ်ပြောင်းလဲရမည်။ ကျဉ်းကျပ်နေသော အနေအထားမှ လွတ်လပ်မှုကို ရရှိမည်။ မှန်ကန်သော ဘဝပေးအခြေအနေနှင့် အဆုံးအဖြတ်မှန်ကန်မှုကြောင့် ဘဝပြောင်းလဲတိုးတက်မည်။ အတိတ်ကာလမှ ကောင်းသော စေတနာအကျိုးခံစားရမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

သူတစ်ပါး အတွင်းပဋိပက္ခများ လိုက်လံဖြေရှင်းပေးရမည်။ လူလိမ်ခံရသော ကိစ္စများ၊ အကြွေးတောင်းသော ကိစ္စများတွင် လိုက်ခံကူညီပေးရမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ ပညာနှင့်ပတ်သက်၍ အချိန်ပေးရမည်။ အားနာ၍ ငွေချေးပါက ဆုံးတတ်သည်။ စက်ပစ္စည်းအပျက်အစီးများမည်။ တစ်စစ ပတ်ဝန်းကျင်နှင့် ကင်းကွာလာမည်။ မိသားစုအပေါ် ငဲ့ညှာမှုကြောင့် အခွင့်အရေးများ ဆုံးရှုံးမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ပညာလုပ်ငန်း နှစ်မျိုးတွဲ၍ တိုးတက်မည်။ ကိုယ်ရေးကိုယ်တာ ကိစ္စသာမက တစ်ပါးသူအရေးကိစ္စများ ဆောင်ရွက်ရမည်။ အနစ်နာခံမှု၊ အန္တတာခံမှုသည် မိမိအတွက် ထူးခြားသော ကောင်းကျိုးပေးမည်။ အကျိုးပေးသော အိမ်ထောင်ရေး ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ခြံ၊ ကား၊ အခန်း အလဲအလှယ်အပြောင်းအလဲများ စနစ်တကျ ဆောင်ရွက်နိုင်မည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂ဝ)

တစ်ပါးသူ မဖြစ်နိုင်ဟု ယူဆထားသော ကိစ္စတစ်ခုအား မဖြစ်မနေ လုပ်ကိုင်အောင်မြင်မည်။ စွန့်စားလိုသော အရာများ လုပ်ကိုင်အောင်မြင်မည်။ ရိုးသားခြင်း၊ စိတ်နှလုံးကောင်းခြင်း၊ ကောက်ကျစ်စဉ်းလဲမှု မရှိခြင်း၊ တစ်ပါးသူ၏ အကျိုးကို သယ်ပိုးဆောင်ရွက် ကူညီတတ်ခြင်း၊ ကိုယ်ကျိုးမငဲ့ခြင်း စသည့် မိမိအရည်အသွေးကောင်းများ၏ ကောင်းသောအကျိုးပြုမှုကို ရရှိမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လူယုံထား၍ မရ။ တစ်ပါးသူကိုယုံကြည်မိ၍ မိမိတွင် စိတ်အနှောင့်အယှက် ဖြစ်ရမည်။ ပစ္စည်းပျောက်မှုများမည်။ စကားကတိ မတည်သောသူများနှင့် တွေ့မည်။ စီမံကိန်းချ၍ လုပ်ငန်းများလုပ်၍ မရ။ မိမိကကူညီသူများကပင် မိမိအား ဒုက္ခပေးမည်။ ရန်မုန်းများမည်။ မှားမှန်းသိလျက် အမှားကို ဆက် တိုက်လုပ်နေသောသူများနှင့်တွေ့မည်။ မိတ်ဆွေများ ဒုက္ခပေးမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂ဝ)

အိမ်တွင်း မိသားစုအတွင်း အလုပ်မရှိသူ အလုပ်ရ၍ အလုပ်ရှိသူ ထပ်ဆင့်လုပ်ငန်းတိုးတက်မည်။ တစ်ပါးသူ မမြင်မတွေ့နိုင်သော ရှုထောင့်မှ သုံးသပ်၍ ပြောင်မြောက်စွာဖြင့် ပြဿနာများ အဖြေရှာပြီး တိုးတက်မှုအလုံးစုံအား ဖန်တီးနိုင်မည်။ ထူးခြားသော ရပိုင်ခွင့်များပြန်ရမည်။ လုပ်ငန်းရည်ရွယ်ချက်များ အောင်မြင်မည်။ မိမိဘက်မှ ရပ်တည်မှုကောင်းများရမည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

## စာ(၂၅) ရခိုင်အရေး ဆွေးနွေးအဖြေရှာ မှ

**(ဃ) ထိစပ်နယ်မြေ**
**(Borderland)**

'ထိစပ်နယ်မြေ' ဆိုသည်မှာ သာမန်နယ်စပ်ဒေသသက်သက်မျှမဟုတ်ပါ။ အိမ်နီးချင်းနိုင်ငံနှစ်ခုကြားတွင်ရှိပြီး ပိုင်ဆိုင်မှုအကြိမ်ကြိမ် အပြောင်းအလဲရှိသောနယ်မြေများဖြစ်သည်။ သို့နှင့်အမျှ လူမျိုးရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဓလေ့မျိုးစုံတို့ရောယှက်နေတတ်သလို 'အမျိုးသားရေးသစ္စာခံမှု' (National Loyalty) အမျိုးမျိုးရှိသော လူများလည်း ရှိနေတတ်သည်။ ဆိုရလျှင် တင်းမာမှုမျိုးစုံ အချိန်မရွေး ပေါ်ထွက်နိုင်သည့် အနေအထားမျိုးဖြစ်ပါသည်။

'နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့သမားရိုးကျရွှေ့ပြောင်းနေထိုင်မှု' (Coventional Immigration) နှင့် ထိစပ်နယ်မြေအတွင်း လူရွှေ့ပြောင်းနေထိုင်မှုများမှာ သဘောသဘာဝချင်း တူကြသည်မဟုတ်ပါ။ သာမန် ရွှေ့ပြောင်းနေထိုင်သူများမှာ အမိမြေကို အပြီးတိုင်ကျောခိုင်းပြီး နယ်မြေသစ်တွင် သဟဇာတဖြစ်အောင်နေကြရသည့်သဘောရှိသည်။ ပြဿနာမရှိ။ ထိစပ်နယ်မြေအတွင်း အခြေချနေထိုင်ကြသူများမှာ အမိမြေနှင့် လုံးဝအဆက်ပြတ်သွားသည်မဟုတ်။ အမိမြေနှင့် မူလအသိုင်းအဝိုင်းဟောင်းကို ဆွဲဆန့်လိုက်သည့်သဘောပင်ရှိသည်။ ထို့ထက် နိုင်ငံနယ်နိမိတ်များမှာ နိုင်ငံရေးကိုသာ ကိုယ်စားပြုနိုင်ပြီး စီးပွားရေး၊ ယဉ်ကျေးမှုရေးတို့ကို ကိုယ်စားပြုနိုင်သည်မဟုတ်။ သို့နှင့်အမျှ သစ္စာခံမှုမှာ ထွေပြားနိုင်သလို အပြောင်းအလဲလည်း များနိုင်ပေသည်။

ပြင်သစ်နှင့် ဂျာမနီကြားရှိ အဲလဆက်နှင့် လော်ရိန်းဒေသ (ဒုတိယကမ္ဘာစစ်ဖြစ်ပွားစေသည့် လတ်တလော အကြောင်းရင်းတစ်ခု)၊ အိန္ဒိယနှင့် ပါကစ္စတန်ကြားရှိ ကက်ရှမီးယားဒေသ (ဤနေရာတွင် နှစ်နိုင်ငံနယ်စပ်စစ်ပွဲဖြစ်ခဲ့)၊ ဆားဘီးယားနှင့် အယ်လ်ဘေးနီးယားကြားရှိ ကိုဆိုဗိုဒေသ (ကိုဆိုဗိုစစ်ပွဲ၏ စစ်တလင်း)တို့မှာ ပြဿနာများစွာ တက်ခဲ့ဖူးသော ထိစပ်နယ်မြေများဖြစ်သည်။ အလားတူ ယူကေနှင့် အိုင်ယာလန်ကြားရှိ မြောက်ပိုင်းအိုင်ယာလန်၊ ယူအက်စ်မက္ကဆီကိုနယ်နိမိတ်တစ်လျှောက်တို့မှာလည်း အချိန်မရွေးဆိုသလို မီးခိုးအူနေသော ထိစပ်နယ်မြေများပင်ဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်၊ မောင်တောဒေသမှာ ဆိုခဲ့ပါ ထိစပ်နယ်မြေလက္ခဏာများရှိနေသည်ဖြစ်ရာ ပြဿနာ၏ ဇာစ်မြစ်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားဖို့လိုလိမ့်မည်ထင်ပါသည်။ အကျော်ဒေးယျ အနာဂတ္တိဆရာတစ်ဦးဖြစ်သူ ဂျော့ဖရိုင်းမင်းက အဆိုပါ ထိစပ်နယ်မြေများကို 'ပထဝီနိုင်ငံရေးအန္တရာယ်လမ်းကြောင်းများ' (Geopolitical Fault Lines) အဖြစ်သတ်မှတ်သည်။

**၃။ ဘာလုပ်ကြမည်နည်း**
**(What is to be done?)**

ပြဿနာမှာ နက်ရှိုင်းထွေပြားသော ဇာစ်မြစ်မျိုးစုံရှိနိုင်သည်ဖြစ်ရာ နေ့ချင်းညချင်း အပြီးသတ်ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ပါချေ။ ဤသို့တပြီကား- ဘာလုပ်ကြမည်နည်း။ ဤနေရာတွင် ကျမ်းမြတ်ကိုရာမ်၏ သင်ကြားချက်အချို့ကို အကိုးအကားပြုလိုပါသည်။ ယခုလို--


"မည်သူပင်ဖြစ်စေ အပြစ်မဲ့သူကို သတ်လျှင် လူသားတစ်ရပ်လုံးကို သတ်ဖြတ်ခြင်းမည်ပေ၏"။

"မည်သူပင်ဖြစ်စေ လူတစ်ယောက်ကိုကယ်တင်လျှင်လူသားတစ်ရပ်လုံးကို ကယ်တင်ရာ မည်ပေ၏"။ ကျွန်တော်တို့ အနေဖြင့် ကျမ်းမြတ်ကိုရာမ်၏ အထက်ပါမိန့်မှာချက်အတိုင်းပုံသဏ္ဍာန်မျိုးစုံ သတ်ဖြတ်မှုများကို ချက်ချင်းရပ်တန့်ရပါလိမ့်မည်။ ပုံသဏ္ဍာန်မျိုးစုံ ကယ်ဆယ်ရေးလုပ်ငန်းများကို တစ်ခဲနက်ဆောင်ရွက်ကြရပါလိမ့်မည်။ အမုန်းမီးပွားများဖြင့် ပူလောင်တင်းမာနေကြသော လူမှုအုပ်စုနှစ်ခုကို ပြန်လည်ရင်ကြားစေ့ပေးရပါလိမ့်မည်။ အာဃာတ အနေအထားကို သဟဇာတအခြေဆိုက်အောင် ဝိုင်းဝန်းကြိုးပမ်းကြရပါလိမ့်မည်။ ဤသည်သာ ဘာသာတရားမျိုးစုံက ကောင်းချီးပေးကြမည့် နတ်လူသာဓုခေါ်စေမည့် အပြုအမူဖြစ်ပါသည်။

**(က) ရင်ကြားစေ့ရေးနှင့် သဟဇာတမျှရေး**
**(Reconciliation and Harmony)**

ကိုလံဘီယာ၊ ဆိုမာလီယာ နှစ်ကာရာဂွါ၊မြောက်အိုင်ယာလန် စသည့်ဒေသများ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများကို ဦးဆောင်ခဲ့သည့် ဂျွန်ပေါလ်လီဒါအက်ချ်၏အလိုအရပြန်လည်ရင်ကြားစေ့ရေးဆိုသည်မှာ မှန်ကန်မှုနှင့်စာနာမှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့ပေါင်းစုံရာဟုဆိုပါသည်။ (Reconciliation is the place where 'Truth' and 'Mercy', 'Justic' and 'peace', met.) ပုံနှင့် ယှဉ်တွဲ စဉ်းစားဖို့ဖြစ်သည်။

ဤသို့သော ပြန်လည်ရင်




ကြားစေ့နိုင်မည့် အခြေအနေရပြီဆိုလျှင် 'လူမှုသဟဇာတမျှရေး' (social harmony)သို့ အသေအချာဦးတည်နိုင်ပါလိမ့်မည်။ ဤနေရာတွင် လူသားထုအတွက် ကံကောင်းလှသည်မှာ အစ္စလာမ်၊ ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာ စသော ကမ္ဘာ့ဘာသာတရားတိုင်းတွင် လူမှုသဟဇာတမျှရေးသို့ ဦးတည်စေသည့် 'အပြုသဘောဆောင်သော မျှဝေတန်ဖိုးများ' (positive shared values) ရှိနေခြင်းပင်ဖြစ်သည်။ ဤသည်တို့မှာ 'ခန္တီ' (tolerance)၊ 'မေတ္တာ' (love/kindness)၊ 'ကရုဏာ' (honesty) နှင့် 'အနာဂတ်မျိုးဆက်များအတွက် ကောင်းရာကောင်းကြောင်း' (welfare of future generation) တို့ဖြစ်ပါသည်။

ခန္တီဆိုသည်မှာ ဆန့်ကျင်ဘက်ရပ်ခံမှုများကို ခွင့်ပြုနိုင်လောက်သော ရင့်ကျက်မှုကိုဆိုလိုရင်းဖြစ်သည်။ မေတ္တာမှာ 'အရှုံးအနိုင် အဖြေထွက်စေသော ဆက်ဆံရေး' (zero-sum)မဟုတ်။ 'နှစ်ဖက် အနိုင်ရစေမည့်ဆက်ဆံရေး' (win-win)မျိုးဖြစ်သည်။ ကရုဏာဆိုသည်မှာ ဒုက္ခရောက်နေသူများအပေါ် စာနာစိတ်ဖြင့် ကူညီလိုမှုကိုဆိုလိုသည်။ ရိုးသားမှုကား လူမှုဆက်ဆံရေးအားလုံးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ပင်။ အနာဂတ်မျိုးဆက်များအတွက် ကောင်းရာကောင်းကြောင်းဆိုသည်မှာ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းကာကွယ်ဖို့ဖြစ်သည်။ ဤသို့သော အပြုသဘောဆောင်သည့် မျှဝေဖန်ဖိုးများကို သာ လက်ခံကျင့်သုံးနိုင်ပြီဆိုလျှင် မည်သို့သောပြဿနာမျိုးပင်ဖြစ်စေ ထက်ဝက်မက ဖြေရှင်းပြီးသား ရောက်ပါလိမ့်မည်။

**(ခ) လတ်တလောမှ ရေရှည်သို့**
**(From currnet to long-term)**

ရန်ကုန်နှင့် နေပြည်တော်တွင် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲများအတွင်း နှစ်ဖက်လူမှုအုပ်စုများ၏ စိတ်ခံစားမှုနှင့်စိုးရိမ်မကင်းဖြစ်ရမှုများကို အထိုက်အသင့် ဆဝါးခွင့်ရခဲ့ရာ စာရေးသူအတွက်တော့ 'အမြတ်'ပင်ဖြစ်သည်။ ရခိုင်တိုင်းရင်းသားများက မိမိတို့၏ အမှတ်အသားသရုပ်နှင့် နယ်မြေလုံခြုံရေးအတွက် စိုးရိမ်မကင်းဖြစ်နေကြဟန်ရှိသည်။ အလွန်သဘာဝကျသောစိုးရိမ်မှုဟုသဘောရပါသည်။ 'နိုင်ငံသားဖြစ်မှုအခွင့်အရေး'(right to citizenship) ဆိုသော တစ်ဖက်အုပ်စုမှ မိတ်ဆွေများ၏ ဆန္ဒကိုလည်း ကြားနာခွင့်ရခဲ့ပါသည်။

ဤကိစ္စနှင့်ပတ်သက်လျှင် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရေရှည်ဆွေးနွေးအဖြေရှာကြရမည်ထင်ပါသည်။ ဤနေရာတွင် ၁၉၈၂ နိုင်ငံသားဖြစ်မှုဥပဒေအပေါ် ဝေဖန်ကြသည်များလည်းရှိသည်။ တည်ဆဲဥပဒေတစ်ရပ်ကို ပြင်ဆင်ဖို့ဆိုသည်မှာ ဒီမိုကရက်တစ်လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်လမ်းကြောင်းမှ သွားကြရမည်ဖြစ်ရာ ကာလတစ်ခု အချိန်ယူကြရပါလိမ့်မည်။ 'လူမျိုးစုအခွင့်အရေး'(ethnic right)ဆိုလျှင်ကား ပို၍ အချိန်ယူရဦးမည့်သဘောရှိမည် ထင်သည်။ ဤပြဿနာမှာ ရခိုင်ပြည်နယ်အရေး သက်သက်မျှမဟုတ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ခုလုံး၏ 'စုပေါင်းအမှတ်အသားသရုပ်'နှင့် တိုက်ရိုက်ဆက်စပ်နေသည်ကို သတိချပ်ကြဖို့လိုပါလိမ့်မည်။

ပဋိပက္ခသဘောဆောင်နေသော လူမှုအုပ်စုနှစ်ရပ်လုံး၏ ယခုလောလောဆယ် တူညီသောဆန္ဒသည်ကား လုံခြုံရေးနှင့် အသက်ဆက်ရှင်သန်ရေးဟု နားလည်ရပါသည်။ ဤသည်ပင် နှစ်ဖက်လုံး၏ 'ဘုံတူညီချက်' (common ground)ဖြစ်လေရာ ဤနေရာမှ အစပြုကြရလိမ့်မည်ဟု သဘောရပါသည်။ တူတာ တွဲလုပ်ရင်း မတူညီမှုများကို ညှိနှိုင်းအဖြေရှာကြခြင်းသည်ပင် ဒီမိုကရေစီ၏ အလှတစ်ပါးမဟုတ်ပါလော။

**နိဂုံး**
**(Conclusion)**

ယခုစာစုကို ဒီမိုကရက်တိုင်ဇေးရှင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ပညာလောကမှ သိမှတ်လက်ခံထားသော ပညာရှင်တစ်ဦးဖြစ်သူ တောမတ်ကရိုသာ၏စကားဖြင့် နိဂုံးချုပ်လိုပါသည်။ (ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီတစ်လအလိုလောက်က ကရိုသာကိုယ်တိုင် မြန်မာနိုင်ငံသို့ ရောက်ခဲ့ဖူးသည်။) သူက စိန်ခေါ်ချက်များဖြင့် ပြည့်လျှမ်းနေသော မြန်မာ့ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို ထင်သာမြင်သာရှိသော ဥပမာဖြင့် ယခုလို သုံးသပ်ဖော်ပြခဲ့သည်။

"သွားရမယ့်ခရီးက တစ်ဖက်တစ်ချက်မှာ ချောက်ကမ်းပါးကြီးတွေရှိနေတဲ့၊ တံတားအို၊ တံတားကျဉ်း။ မောင်းလာရတဲ့ကားက ချိုးချိုးကျနေတဲ့ ကားအိုကားဟောင်း၊ ဒီကြားထဲ ကားပေါ်ပါလာတဲ့ခရီးသည်တွေက အချင်းချင်းရန်ဖြစ်နေကြတာ. . . "စသဖြင့်။ ဤမျှအခြေအနေဆိုးလှသောခရီးကို ဤလိုယိုယွင်းနေသော ကားကြီးဖြင့် ဤသို့ရန်ဖြစ်နေကြသော ခရီးသည်များတင်ဆောင်မောင်းနှင်နေရသော ဒရိုင်ဘာထိုင်ခုံထက်မှ အစိုးရ၏ အခက်အခဲကို အလွယ်တကူပင် မှန်းဆနိုင်ပါလိမ့်မည်။ မောင်းနှင်နေသောကားကြီး အင်ဂျင်ကောင်းဖို့၊ ရှော့ဘားပြင်ဖို့ အထူးအရေးကြီးသလို (နိုင်ငံတည်ဆောက်ရေး) ရှေ့ဆက်ရမည့် ခရီးဖြစ်သည့် တံတားအိုကြီး လုံခြုံစိတ်ချရဖို့ (အမျိုးသားတည်ဆောက်ရေး)လည်း အထူးအရေးကြီးသည်။ ဤလုပ်ငန်းတာဝန်နှစ်ရပ်ကို အောင်မြင်စွာ ထမ်းဆောင်ဖို့ဆိုလျှင် ကားပေါ်တွင်ပါလာသောခရီးသည်အားလုံး (နိုင်ငံသားဖြစ်စေ၊ နိုင်ငံသားမဟုတ်သည်ဖြစ်စေ တိုင်းရင်းသားဖြစ်စေ၊ တိုင်းရင်းသားမဟုတ်သည်ဖြစ်စေ) ရန်ဖြစ်နေလို့ မဖြစ်ပါ။ ညီညွတ်သင့်မြတ်ပါမှ ရှေ့ခရီးအန္တရာယ်ကင်းပါလိမ့်မည်။

ဤသို့သော အရပ်ရပ်အခြေအနေကို ထောက်ချင့်ပြီးသကာလ မြန်မာ့ဒီမိုကရေစီရေးကို ဖူးလေးရာ ဖရုံမဆင့်စေဘဲ နားလည်မှုအပြည့်ဖြင့် ဝိုင်းဝန်းကူညီအားဖြည့်ပေးကြဖို့ မိတ်ဆွေအားလုံး (အထူးသဖြင့်နိုင်ငံတကာအသိုင်းအဝိုင်း) ကို မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**စာပြီးနေ့**
**၂၈၊ စက်တင်ဘာ၊ ၂၀၁၂**

## JOKE

### တရုတ်စာလုံးလှလှလေးရဲ့ အဓိပ္ပာယ်

မေရီတစ်ယောက် တရုတ်စားသောက်ဆိုင်တစ်ဆိုင်မှ မီနူးစာရွက်ပေါ်တွင် တွေ့ရသော တရုတ်လက်ရေးလှစာလုံးလေးကို သဘောကျသွားပြီးယင်းစာလုံးလေးများကိုပုံဖော်၍ သူမ၏ဆွယ်တာအင်္ကျီလေးပေါ်တွင် လက်ဖြင့် လပေါင်းများစွာ ဇာပန်းထိုးလိုက်သည်။

ယင်းနောက်ၚင်းဆွယ်တာအင်္ကျီလေးအားဝတ်ဆင်၍ပါတီပွဲတစ်ခုသို့တက်ရောက်ပါသည်။ ဤတွင်သူမလိုပါတီပွဲသို့တက်ရောက်လာသော တရုတ်လူမျိုးဆရာဝန်ကြီးတစ်ဦးက ဤစာလုံးလေးများကို မည်သည့်နေရာက ရရှိကြောင်းမေးမြန်းရာ စားသောက်ဆိုင်မီနူးစာရွက်မှရရှိကြောင်း မေရီက ပြောလိုက်သည်။

"အဲဒီစာလုံးတွေရဲ့ အဓိပ္ပာယ်ကိုသိလား" ဟု ဆရာဝန်ကြီးကမေးရာ "ကျွန်မအဓိပ္ပာယ်မသိပါဘူးရှင်။ ဒါနဲ့ ဘာရေးထားတာလဲရှင့်" ဟု မေရီက မေးမြန်းရာ ဆရာဝန်ကြီးက "ဈေးပေါတယ်။ ဒါပေမဲ့ကောင်းတယ်" ဟု ရေးသားထားကြောင်း ပြန်ပြောပါသည်။

### ချစ်စရာကောင်းလိုက်တာ

အဒမ်တို့လင်မယားနှစ်ယောက်သည် ၎င်းတို့မွေးကင်းစကလေးငယ်အား ကလေးဆရာဝန်ထံသွားပြသည်။ ကလေးကိုဆေးကုသပေးပြီးနောက် ကလေးဆရာဝန်က "မင်းတို့ကလေးကတကယ့်ကို ချစ်စရာလေး" ဟုပြောလိုက်သည်။ ဤတွင် အဒမ်က ပြုံးလိုက်ရင်း "ဆရာကြီး မိဘတိုင်းကို အဲလိုပြောတာပဲ မဟုတ်လား" ဟုပြောရာ ဆရာဝန်ကြီးက "မဟုတ်ပါဘူးကွယ်။ ကလေးကတကယ်ချစ်စရာကောင်းလို့ပြောတာပါ" ဟု ဆိုသည်။

အဒမ်ကလည်း "ဒါဆို တခြားကလေးမိဘတွေကို ဆရာကြီး ဘယ်လိုပြောလဲ" ဟုမေးမြန်းရာ ဆရာဝန်ကြီးက "ဟယ် ကလေးလေးက အမေနဲ့တူလိုက်တာ ဒါမှမဟုတ် အဖေနဲ့တူလိုက်တာလို့ပဲ ပြောလိုက်တာပေါ့ကွယ်" ဟု ဆိုပါတော့သည်။

## စာ(၄၁) ရွှေတူးဖော်မှုကြောင့် ပျက်စီးသွားသော လယ်မြေများအတွက် တရားစွဲနေစဉ် ရွှေတူးခွင့်ပြု မှ

ထိုကိစ္စတွင် ရွှေကုမ္ပဏီများနှင့် ပတ်သက်သည်ဟု ထင်ကြေးပေးခံရသော ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဆန်းလွင်က ယင်းကုမ္ပဏီများနှင့်ပတ်သက်မှုမရှိကြောင်းငြင်းဆိုလိုက်ပြီး ဒေသခံလယ်သမားများ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ ဖြစ်စေရန် ဖိအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဆန်းလွင်က ပြောကြားသည်။

"စုံစမ်းစစ်ဆေးရေးဖွဲ့လိုက်တယ်။ ကျွန်တော့်အနေနဲ့ လုပ်ကိုင်ခွင့်ပေးလို့ မရသလို တားမြစ် ပိုင်ခွင့်လည်း မရှိပါဘူး။ လယ်သမားတွေရော၊ ကုမ္ပဏီတွေရော အဆင်ပြေအောင် ညှိပေးမယ်။ ဥပဒေနဲ့အညီ ထိန်းကျောင်းပေးသွားမှာပါ"ဟု ၎င်းပုဂ္ဂိုလ်က ပြောသည်။

ရွှေကုမ္ပဏီများသည် ယခင်က တောင်ပေါ်တွင် တူးဖော်ရာမှ ယခုအခါ လယ်ယာမြေများနှင့် နီးကပ်သော မြေပြန့်ဒေသများတွင် တူးဖော်မှုများ ပြုလုပ်လာကြကြောင်း၊ ထိုသို့ တူးဖော်ရာတွင် လုပ်ကွက်အမှတ်များ ဖော်ပြပြီး တူးဖော်ခြင်းမရှိကြောင်း ဒေသခံများက ပြောသည်။

ယင်းကုမ္ပဏီများသည် သတ္တုတွင်းဝန်ကြီးဌာနက ခွင့်ပြုချက်ရယူပြီး အင်းအဟောင်းတွင် တူးဖော်နေသော ကုမ္ပဏီများဖြစ်ကြောင်း၊ လယ်ယာမြေပေါ်တွင် တူးဖော်သည့်ကုမ္ပဏီများ မဟုတ်ကြောင်း၊ တောင်သူများ နစ်နာကြေးအတွက် ကုမ္ပဏီများနှင့်တိုင်ပင်ပြီး လျော်ကြေးပေးရန် ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်နေကြောင်း မြို့နယ်သတ္တုတွင်းဌာနမှ တာဝန်ခံဦးတင်အောင်လင်းက ပြောသည်။

"အခုအမှုရင်ဆိုင်နေရတယ်။ တရားရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ လယ်ယာမြေပျက်စီးမှုကို လျော်ကြေးပေးဖို့ သတ္တုတွင်းနဲ့ ကုမ္ပဏီပူးပေါင်းလုပ်ဆောင်နေပါတယ်"ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

ယင်းဒေသတွင် ရွှေတူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်သော ကုမ္ပဏီများထဲမှ တရားစွဲခံရသည့် ကုမ္ပဏီခြောက်ခုမှာ ရွှေတောင်ကြား၊ ငွေဝင်းထွန်း၊ ရွှေဝေဒီ၊ ငုဝါလင်း၊ အောင်တိုင်စံ၊ ဆန်းထွဋ်ဝင်းကုမ္ပဏီတို့ဖြစ်ကြသည်။ အမှုရင်ဆိုင်ရသောကုမ္ပဏီများအနက် ဆန်းထွဋ်ဝင်းကုမ္ပဏီနှင့်ရွှေတောင်ကြားကုမ္ပဏီကို ဆက်သွယ်မေးရာ ကုမ္ပဏီက မသိရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ဆန်းထွဋ်ဝင်းကုမ္ပဏီသို့စက်တင်ဘာ ၂၉ ရက် ညနေ ၄ နာရီတွင် ဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာ ကုမ္ပဏီလုပ်ငန်းရှင်မရှိ၍ မဖြေကြားနိုင်ပါကြောင်း ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

# Environment

7Day News Journal

Vol.11, No.30 • OCTOBER 4 , 2012

# ရွှေတူးဖော်မှုကြောင့် ပျက်စီးသွားသော လယ်မြေများအတွက် တရားစွဲနေစဉ် ရွှေတူးခွင့်ပြု

**အိဖြူမွန်၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊**

**စက်တင်ဘာ-၂၄**

ဟုမ္မလင်းမြို့နယ်တွင် ရွှေတူးဖော်ရေး လုပ်ငန်းများကြောင့် ပျက်စီးနေသောလယ်မြေဧက၃၀၀ကျော်အတွက် နစ်နာဆုံးရှုံးမှုများကို တရားစွဲဆိုနေစဉ်အတွင်း တူးဖော်ရေး လုပ်ငန်းများ ယာယီရပ်နားပေးရန် တောင်းဆိုရာ တရားရုံးမှ ပယ်ချလိုက်သဖြင့် တောင်သူများအဆင်မပြေဖြစ်နေကြောင်း ဒေသခံလယ်သမားများက ပြောကြားသည်။

ရွှေတူးဖော်ရာမှ စည်းကမ်းမဲ့စွန့်ပစ်မြေစာ စွန့်ပစ်မှုများ၊ ရွှေကျင်ရာတွင် ဖြုန်းဆိုင်းအသီးသီးမှ စီးကျလာသော စွန့်ပစ်မြေစေးအရည်များနှင့် သဲမြေကြမ်းများဝင်ရောက်နေပြီး ယခုနှစ်နွေရာသီတွင် စပါးများ စိုက်ပျိုးရန် ခက်ခဲကြောင်း၊ ထို့ကြောင့် တူးဖော်ရေးလုပ်ငန်းများ ရပ်နားပေးရန်တောင်းဆိုခြင်းဖြစ်ကြောင်း လယ်သမားများက ပြောသည်။

ဟုမ္မလင်းမြို့နယ် ဝေဖလာအင်း၊ လက်ကောက်သံ၊ ဝေ့လုံနောက်ကပ်သာ ကျေးရွာအနီးတွင် တူးဖော်နေသော ကုမ္ပဏီခြောက်ခုမှ စွန့်ပစ်သော မြေစာများ လယ်ကွက်များထဲသို့ စီးဝင်ပြီး လယ်မြေများ သဲဖုံးကာပျက်စီးခဲ့ကြောင်း၊ ထို့ကြောင့်လယ်သမားများက ပျက်စီးခဲ့သော လယ်မြေများအတွက် လျော်ကြေးတောင်းဆိုရန် ဟုမ္မလင်းမြို့နယ် တရားရုံးတွင် ပုဒ်မ ၈၇၊ ၈၈၊ ၈၉ ဖြင့် တရားစွဲခဲ့သည်။



ဓာတ်ပုံ-အိဖြူမွန်

*ရွှေတူးဖော်ရေးလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသောလုပ်ငန်းများအနက်မှ တစ်ခုဖြစ်သည်*
*ကချင်ပြည်နယ်မှ ရွှေတူးဖော်ရေးလုပ်ငန်းခွင်တစ်ခုကိုတွေ့ရစဉ်*

ထိုသို့တရားစွဲနေစဉ်အတွင်း လုပ်ငန်းများ ရပ်နားထားရန် တောင်းဆိုမှုအပေါ် တရားရုံးက ပယ်ချလိုက်သောကြောင့် လယ်မြေများ ပိုမိုပျက်စီးမည်ကို စိုးရိမ်နေကြောင်း လယ်ခြောက်ဧကတွင် သုံးဧကပျက်စီးခဲ့ကြောင်း လယ်သမားတစ်ဦးက ပြောသည်။

“အဆင်မပြေဘူး။ အဲလို မရပ်ထားရင် လယ်တွေ တောက်လျှောက်အကုန် ပျက်ကုန်မယ်။ တခြား လယ်သမားတွေလည်း အဆင်မပြေဘူး။ ပျက်စီးတာတွေရှိတယ်”ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

ယာယီရပ်နားပေးရန်တောင်းဆိုမည့် ဆန္ဒဖော်ထုတ်ခွင့်ကိုလယ်သမားများက ခွင့်ပြုမိန့်တောင်းဆိုရာတွင်လည်း အချက်အလက်မပြည့်စုံ၍ ငြင်းဆိုလိုက်ကြောင်း၊ တရားစွဲဆိုမှုကို လက်ခံထားပြီး လယ်သမားများအား လယ်ယာပိုင်ဆိုင်မှု ဟုတ်၊ မဟုတ်၊ လယ်ယာများ အမှန်တကယ် ပျက်စီးဆုံးရှုံးမှုများ ရှိ၊ မရှိကို သက်ဆိုင်ရာ ဒေသအာဏာပိုင်များက စစ်ဆေးနေကြောင်း လယ်သမားအရေး ဆောင်ရွက်ပေးနေသည့် ဟုမ္မလင်းမြို့မှ ဒေါ်စန်းစန်းက ပြောကြားသည်။

***စာ(၄၀) သို့***




# မြိုင်ဒေသရှိ ချောင်းများ၏ ရေဝေရေလဲဒေသတွင်သစ်ပင်စိုက်မည်

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၁**


မြိုင်ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ချောင်းများ၏ ရေဝေရေလဲဒေသများတွင် ငါးနှစ်စီမံကိန်းချမှတ်၍ သစ်ပင်များ စိုက်ပျိုးမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ပြောကြားသည်။

ယင်းဒေသတွင် ရေထိန်းသစ်တောသစ်ပင်များနည်းပါးမှုကြောင့် ချောင်းမြောင်းများ တိမ်ကောလာကြောင်း၊ ထို့ကြောင့် အပူပိုင်းမုန်တိုင်း O2B တွင် လူအသေအပျောက်များခဲ့ပြီး ရပ်ရွာနေအိမ်များလည်း ပျက်စီးခဲ့ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

ရေဦးရေဖျားဧရိယာများရှိရေထိန်းတောများတွင်ယခုနှစ်မှစပြီး အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၂၅ ဧကကျော်စိုက်ပျိုးခဲ့ပြီး ယင်းမှ တစ်ဆင့် ငါးနှစ်တာကာလအတွင်း တစ်နှစ်လျှင် မူလစိုက်ပျိုးသော သစ်ပင်စာရင်းမှ ဧက ၅၀ ထပ်တိုးနှုန်းဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းက ပြောကြားသည်။

မြိုင်မြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် သီးသန့်စိုက်ပျိုးသည့် စီမံကိန်းဖြစ်ပြီး ရေထိန်းတောအတွက် သစ်ပင်များစိုက်ပျိုးခြင်းနှင့် ဒေသသုံးပြည်သူများအတွက်လည်း ထင်း၊ မျောတိုင်များလည်း စိုက်ပျိုးမည်ဟု ဆိုသည်။

သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးပါက ကျေးလက်ပြည်သူများကို အမှန်တကယ် ထုတ်ယူသုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း၊ သစ်တောများ ထိန်းသိမ်းရေးတွင် ပြည်သူများပါဝင်ရန် လိုအပ်သောကြောင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ရေထိန်းတောများအဖြစ် ဒေသနှင့်ကိုက်ညီသော ရှားပင်ကဲ့သို့ သစ်ပင်မျိုးများ အဓိကထားစိုက်ပျိုးမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။



Tourism
7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# နေပြည်တော်ဟိုတယ်များတွင် Presidential Suite အခန်းများ လိုအပ်နေ

**နိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ-၂၇**

နေပြည်တော်ရှိ ဟိုတယ်တိုင်းတွင် နိုင်ငံတကာမှ အစိုးရခေါင်းဆောင်များ အဆင့်မီတည်းခိုနေထိုင်နိုင်မည့် Presidential Suite အခန်းများ လိုအပ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောကြားသည်။

နေပြည်တော်ရှိ ဟိုတယ်များတွင် အာဆီယံထိပ်သီး အစည်းအဝေးများ(ASEAN Summit Conference) ကဲ့သို့ နိုင်ငံတကာမှ တက်ရောက်မည့် အစည်းအဝေးများအတွက် အဆင့်အတန်းမြင့်သည့် Presidential Suite အခန်းများ ထားရှိသင့်သည်ဟု စက်တင်ဘာ ၂၅ ရက်တွင် နေပြည်တော်ဟိုတယ်ဇုန်မှ တာဝန်ရှိသူများအား ဝန်ကြီးက ပြောကြားခဲ့သည်။

“နေပြည်တော်မှာက PS (Presidential Suite) ရှိတဲ့ ဟိုတယ်ရှိတယ်။ မရှိတာက များတယ်။ ဝန်ကြီးရဲ့ ညွှန်ကြားချက်အရ PS တွေရှိတာ ကောင်းပါတယ်။ ဟိုတယ်အများစုက ကြယ်သုံးပွင့်အဆင့် ရှိကြတယ်။ အားနည်းချက်ရှိသလို၊ အားသာချက်လည်း ရှိတယ်”ဟု နေပြည်တော်ရှိ သင်္ဂဟဟိုတယ်မှ တာဝန်ခံတစ်ဦးဖြစ်သူဦးဖြိုးဝေက ဆိုသည်။



နေပြည်တော်ဟိုတယ်ဇုန်အတွင်းတွင်ဖွင့်လှစ်ထားသော ရှိုင်ရယ်ကုမုဒြာဟိုတယ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ရှိ ဟိုတယ်များအနေဖြင့် ဟိုတယ်လုပ်ငန်းအား ကျွမ်းကျင်သည့် ဟိုတယ်များရှိသကဲ့သို့ မကျွမ်းကျင်သေးသည့် ဟိုတယ်များလည်းရှိကြောင်း နိုင်ငံတကာအဆင့်မီဟိုတယ်တစ်လုံးတွင် ရှိသင့်ရှိထိုက်သည့် အင်္ဂါရပ်များရှိရန် လိုအပ်သလို ဟိုတယ်တစ်ခုတွင် Presidential Suite အခန်းနှစ်စုံစီရှိလျှင် တည်းခိုနေထိုင်ရေးအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၆ ရက်ထုတ်နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

နေပြည်တော်၌ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီး ဟိုတယ်များတွင် ယင်းအခန်းများ ထည့်သွင်းရန် ၂၀၁၃ ခုနှစ် အောက်တိုဘာလ၌တည်ဆောက်ရေးလုပ်ငန်းများအား အပြီးသတ်ရန်နှင့် နိုဝင်ဘာ၊ ဒီဇင်ဘာတွင် အချောသတ်ပြီး ၂၀၁၄ ဇန်နဝါရီတွင် ဖွင့်လှစ်နိုင်ရန် ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနှင့် ဟိုတယ်လုပ်ငန်းရှင်တို့အား ပြောကြားခဲ့သည်။

## ဟိုတယ်ခရီးဝန်ကြီးဌာနက မန္တလေးဒေသတွင် အခန်းခများ တရားဝင်သတ်မှတ်

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ - ၂၈**

နိုင်ငံခြားဧည့်သည်များကို လာမည့်ခရီးသွားရာသီတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ဟိုတယ်အခန်းခများအတိုင်း တောင်းခံရေးအတွက် ဝန်ကြီးဌာနက မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မန္တလေးမြို့တွင် ယခုအခါ ကြယ်လေးပွင့်အဆင့် ဟိုတယ်နှစ်လုံး၊ ကြယ်သုံးပွင့်အဆင့်ဟိုတယ် ရှစ်လုံး၊ ကြယ်နှစ်ပွင့်အဆင့်ဟိုတယ် ၂၅ လုံး၊ ကြယ်တစ်ပွင့်အဆင့်ဟိုတယ် ၁၉ လုံးနှင့် ဟိုတယ်ခရီးက အသိအမှတ်ပြုထားသော အခြားအဆင့် ဟိုတယ် ၂၂လုံး စုစုပေါင်း ဟိုတယ် ၇၆ လုံးရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ထားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက နိုင်ငံခြားဧည့်သည်များအတွက် ကြယ်လေးပွင့် အဆင့်ဟိုတယ်အနေဖြင့် တစ်ရက်လျှင်ဒေါ်လာ ၁၂၀ မှ ၁၇၀၊ ကြယ်သုံးပွင့်အဆင့် ၆၅ ဒေါ်လာမှ ၉၅၊ ကြယ်နှစ်ပွင့် အဆင့် ၄၅ ဒေါ်လာမှ ဒေါ်လာ ၆၀၊ ကြယ်တစ်ပွင့်အဆင့် ၁၅ ဒေါ်လာမှ ၃၅ နှင့် အခြားအသိအမှတ်ပြု ဟိုတယ်မှာ ၁၀ ဒေါ်လာမှ ဒေါ်လာ ၃၀ သာ အခန်းခများယူရန် တရားဝင်ညွှန်ကြားထားသည်။

## ပြည်ပခရီးစဉ်များ MAI တိုးချဲ့ပျံသန်းမည်

**နိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ - ၂၇**

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း(MAI)ကလာမည့်အောက်တိုဘာနောက်ဆုံးပတ်၌မန္တလေး-ဗုဒ္ဓဂယာ-မန္တလေးနှင့်ရန်ကုန်-ဘန်ကောက်-စင်ကာပူ-ဘန်ကောက်-ရန်ကုန်ခရီးစဉ်တို့အား စတင်ပြေးဆွဲမည်ဖြစ်ကြောင်း MAI ရုံးချုပ်မှ သတင်းထုတ်ပြန်သည်။

“ MAI အနေနဲ့ မန္တလေး-ဗုဒ္ဓဂယာ-မန္တလေးခရီးစဉ်ကို တစ်ပတ်မှာ သုံးရက်ပျံသန်းမှာပါ။ ရန်ကုန်-ဘန်ကောက်-စင်ကာပူ-ဘန်ကောက်-ရန်ကုန်ခရီးစဉ်ကိုတော့ တစ်ပတ် ခုနစ်ရက်လုံးပျံသန်းမှာပါ။ အချိန်အတိအကျနဲ့ ဈေးနှုန်းကို မကြာခင်ကြေညာပါမယ်”ဟု MAI မှ ဈေးကွက်မြှင့်တင်ရေး မန်နေဂျာ ဒေါ်အေးမရသာက ဆိုသည်။

၎င်းကပင်ဆက်လက်၍ ယခုနှစ် ဒီဇင်ဘာမှစတင်ကာ ရန်ကုန်-ဟောင်ကောင်-ရန်ကုန် ခရီးစဉ်နှင့် ကိုရီးယား၊ ဂျပန်နှင့် တရုတ်(တိုင်ပေ)ခရီးစဉ်တို့အား ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဟုဆိုသည်။

ထို့အပြင် ၂၀၁၄ ခုနှစ်တွင် Airbus ကုမ္ပဏီနှင့် Boeing ကုမ္ပဏီတို့မှ လေယာဉ်ဆီစားသက်သာသော Airbus Neo (New Engine Option) နှင့် Boeing Max လေယာဉ်တို့အား MAI က ဝယ်ယူအသုံးပြုရန် စီစဉ်လျက်ရှိသည်။


ထိုလေယာဉ်များအား ထပ်မံတိုးချဲ့ပြေးဆွဲသွားမည့် ခရီးစဉ်များတွင် အသုံးပြုရန်ရှိပြီး လေယာဉ်ဆီစားသက်သာခြင်းကြောင့် ဝယ်ယူရခြင်းဖြစ်သည်ဟုဒေါ်အေးမရသာကဆိုသည်။

MAI သည်စက်တင်ဘာ ၁၃ ရက်မှ ၁၅ရက်အထိ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ ကျင်းပခဲ့သည့် International Travel Expo (ITE) တွင် Tourism Alliance Awards (TAA) ဆုကိုမြန်မာနိုင်ငံ၏ အကောင်းဆုံး လေကြောင်းလိုင်းဆုအဖြစ် ရရှိခဲ့သည်။



7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# The Cartoon Logo

























7DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

## မနီလာမြို့တော်တွင် ကန်နိုင်ငံသားများ လုံခြုံရေးသတိရှိရန် တပ်လှန့်

**မနီလာ၊ စက်တင်ဘာ - ၂၉**

အမေရိကန်ပြည်ထောင်စုသည် ၎င်း၏နိုင်ငံသားများအား မျှော်လင့်မထားသည့် ရုတ်တရက်အကြမ်းဖက်တိုက်ခိုက်မှုများကြုံတွေ့နိုင်ကြောင်း သတိပေးပြီးနောက် ဖိလစ်ပိုင်မြို့တော် မနီလာတွင် လုံခြုံရေးတပ်လှန့်ထားကြောင်း သိရသည်။

မနီလာရှိ အမေရိကန်သံရုံးကထုတ်ပြန်သော ကြေညာချက်တွင်ကန်နိုင်ငံသားများအနေဖြင့် လူဦးရေ ၁၅ သန်းခန့်ရှိသော မနီလာမြို့တော်၌ လူစုလူဝေးဖြင့် စုစည်းခြင်းများ ရှောင်ကြဉ်ကြရန်၊ အမြင့်ဆုံးအဆင့်သတိထားနေထိုင်ကြရန် တိုက်တွန်းထားသည်။ ကြေညာချက်တွင်“မနီလာမြို့တော်မှာအထူးသဖြင့် ပါဆေးစီးတီးအရပ်နားမှာရှိတဲ့ အမေရိကန်နိုင်ငံသားတွေကို တိုက်ခိုက်မယ့်ခြိမ်းခြောက်မှုတစ်ခုကို ယုံကြည်လောက်တဲ့လုံခြုံရေးသတင်းရင်းမြစ်တွေကနေ ရထားတာမို့ သတိထားကြဖို့ အကြံပေးထားပါတယ်” ဟုဖော်ပြထားသည်။

ကြေညာချက်တွင်ခြိမ်းခြောက်မှုမှာ အောက်တိုဘာ ၁၀ ရက်ဝန်းကျင်အထိ အကျိုးသက်ရောက်ကြောင်း ဖော်ပြထားသည်။ မနီလာရှိ ပါဆေးခရိုင်မှာ အမေရိကန်သံရုံး၊ သံတမန်အိမ်ရာများ၊ စာကြည့်တိုက်နှင့် ဆေးခန်းတို့ စုဝေးတည်ရှိရာ အရပ်ဖြစ်သည်။

အမေရိကန်၏ ယခုလုံခြုံရေးသတိပေးချက်သည်ဖိလစ်ပိုင်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ပျက်စီးစေနိုင်ကြောင်း သမ္မတ အကွီနိုက ဝေဖန်သည်။ ဖိလစ်ပိုင်တွင် အမေရိကန်နိုင်ငံသားများကို နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းသို့ သွားရောက်ခြင်း မပြုရန် လွန်ခဲ့သည့် ဆယ်စုနှစ်ကပင်သတိပေးခဲ့ပြီး ယခုအချိန်အထိ ညွှန်ကြားမှုရှိနေဆဲဖြစ်သည်။ ထိုနေရာတွင် အဘူဆာယက်ဖ်(ခေါ်)အယ်လ်ကိုင်ဒါကွန်ရက်မှထောက်ပံ့သည်မွတ်ဆလင်စစ်သွေးကြွများသည် ကန်နိုင်ငံသားများကို ပြန်ပေးဆွဲသတ်ဖြတ်လေ့ရှိကြောင်း သိရသည်။

*—Ref: AFP/CNA*



ဓာတ်ပုံ - AFP

## ပါကစ္စတန်တွင် မုတ်သုံမိုးနှင့် ရေကြီးမှုများကြောင့် လူ ၃၇၁ ဦး သေဆုံး၍ လေးသန်းခန့် ရေဘေးဒဏ်ခံရ

**အစ္စလာမ်မာဘတ်၊ စက်တင်ဘာ - ၂၉**

ပါကစ္စတန်နိုင်ငံတွင်မုတ်သုံမိုးများရွာသွန်းကာရေကြီးမှုများကြောင့် လူပေါင်း ၃၇၁ ဦးသေဆုံးပြီး လူ ၄ ဒသမ ၅ သန်းခန့် ရေဘေးဒဏ်ခံစားခဲ့ရကြောင်း အစိုးရ၏ သဘာဝကပ်ဘေးကာကွယ်ရေးအေဂျင်စီ ကသတင်းထုတ်ပြန်လိုက်သည်။

ပါကစ္စတန်နိုင်ငံသည် ပြီးခဲ့သော ၂ နှစ်အတွင်း ရေကြီးမှုများကြုံ တွေ့ခဲ့ရပြီး ၂၀၁၀ ၌ သမိုင်းတွင် အဆိုးဝါးဆုံးရေကြီးမှုကြုံတွေ့ခဲ့သည်။ ထိုစဉ်က လူ ၁,၈၀၀ သေဆုံးပြီး ပြည်သူ ၂၁ သန်းရေဘေးဒဏ်ခံစားခဲ့ရသည်။ ယခု နောက်ဆုံးရေကြီးမှုများမှာ ဆင်းန်ပြည်နယ်တွင်ဖြစ်ပြီး လူပေါင်း ၂ ဒသမ ၈ သန်းရေဘေးဒဏ်သင့်ခဲ့သည်။ ပန်ဂျပ်ပြည်နယ်တွင်လူ ၈၉၀,၀၀၀ ဦးနှင့် ရာယ်လူချစ်စတန်ပြည်နယ်တွင် လူခုနစ်သိန်းခန့်လည်း ရေဘေးဒဏ်ခံစားခဲ့ ရသည်။

စက်တင်ဘာလဆန်းတွင် စတင်ခဲ့သော ရေကြီးမှုများကြောင့်လူ ၈၀ နီးပါးသေဆုံးခဲ့ပြီး အများစုမှာ ကက်ရှ်မီးယားဒေသနှင့်နိုင်ငံအနောက်မြောက်ပိုင်းဒေသများတွင်ဖြစ်သည်။ သဘာဝဘေးကာကွယ်ရေးအဖွဲ့မှပြောခွင့်ရပုဂ္ဂိုလ်က အစိုးရအနေဖြင့် ရေကြီးမှုများအတွက်နိုင်ငံရပ်ခြားထံအကူအညီမတောင်း ဆိုသေးကြောင်း၊ အစိုးရသည်အခြေအနေကို ပြည်တွင်းရှိ ကိုယ်ပိုင်စွမ်းအားရင်းမြစ်များနှင့် ကိုင်တွယ်နိုင်မည်ဟု ယုံကြည်နေကြောင်း ပြောကြားသည်။

*—Ref: AFP*




## ထိုင်းလက်ထောက်ဝန်ကြီးချုပ် မြေအရောင်း အဝယ် မသမာမှုကြောင့် ရာထူးမှနုတ်ထွက်

**ဘန်ကောက်၊ စက်တင်ဘာ - ၂၉**

ထိုင်းအာဏာရပါတီခေါင်းဆောင်ဖြစ်ပြီး လက်ထောက်ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးလည်းဖြစ်သူ ယောင်ယွတ်ဝိချိုင်ဒစ်သည် မြေအရောင်းအဝယ်ကိစ္စတစ်ခုတွင် ဥပဒေနှင့် မညီညွတ်ဘဲ ဆောင်ရွက်ခဲ့ခြင်းကို စစ်ဆေးတွေ့ရှိပြီးနောက် ၎င်း၏လက်ထောက်ဝန်ကြီးချုပ် ရာထူးနှင့် ပြည်ထဲရေးဝန်ကြီးရာထူးများမှ နုတ်ထွက်မည်ဟုကြေညာခဲ့သည်။

ယောင်ယွတ်သည် နုတ်ထွက်စာတင်ခဲ့ပြီးနောက် ပါလီမန်အမတ်နေရာနှင့် ဖူထိုင်းပါတီ အကြီးအကဲ တာဝန်များကိုမူ ဆက်လက်ရယူထားမည်ဟု သတင်းထောက်များအား ပြောသည်။ ယောင်ယွတ် (၇၀ နှစ်) သည် ၂၀၀၀ ပြည့်နှစ်က ပြည်ထဲရေးဝန်ကြီးဌာန၌ လက်ထောက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်စဉ် ဂေါ့ဖ်ကွင်းဆောက်လုပ်ရေးလုပ်ငန်းတစ်ခုအား ဘုရားကျောင်းမြေတစ်ခုကို ဥပဒေနှင့်မညီဘဲ ရောင်းချခဲ့ကြောင်း ထိုင်းအမျိုးသားအဆင့်လာဘ်စားမှုတိုက်ဖျက်ရေးကော်မရှင်က စစ်ဆေးတွေ့ရှိခဲ့သည်။ ၎င်းသည်ထိုကိစ္စတွင် အမှားအယွင်းမလုပ်ခဲ့ကြောင်း ငြင်းဆန်ခဲ့ပြီး ခုခံကာကွယ်နေသော်လည်း ဖူထိုင်းပါတီက အစိုးရ၏ နိုင်ငံရေးတည်ငြိမ်မှုရရှိစေရန် ရာထူးမှ နုတ်ထွက်စေခဲ့ခြင်းဖြစ်သည်။

ဖူထိုင်းပါတီပြောခွင့်ရပုဂ္ဂိုလ်က ယောင်ယွတ်၏ ကိစ္စနှင့်ပတ်သက်၍ “ဒါဟာ တရားစီရင်ရေးကိစ္စတစ်ခုပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ အတိုက်အခံဘက်က သူ့ကိုရာထူးမှာ ဆက်ရှိစေချင်မှာမဟုတ်လို့ပါ။ ဒါ့ကြောင့် သူနုတ်ထွက်ပေးဖို့ဆုံးဖြတ်ခဲ့ပါတယ်” ဟု ထုတ်ပြန်ပြောကြားခဲ့သည်။

*—Ref: AFP*

7DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012



## နောက်ကျောဖုံး - ရွေးကောက်ပွဲအကြို အိုဘားမားနှင့် မစ်ရွမ်းနေ စကားစစ်ထိုးမည် မှ

အကြံပေးများကလည်း ၎င်းတို့နှင့် ဆိုင်ရာဆိုင်ရာ ကိုယ်စားလှယ်အပေါ် ထားရှိသော မျှော်လင့်ချက်များမလျော့ကျစေရန် ကြိုးပမ်းနေကြသည်။

နီဗာဒါပြည်နယ် မဲဆွယ်ပွဲတစ်ခုသို့ ရောက်ရှိနေသော သမ္မတအိုဘားမားက "အုပ်ချုပ်ရေးမှူးရွမ်းနေဟာ စကားရည်လုတာတော်တဲ့ လူတစ်ယောက်ပါ။ ကျွန်တော်ကတော့ သာမန်ပါပဲ" ဟုပြောကြားခဲ့သည်။

နယူးဂျာစီပြည်နယ် အုပ်ချုပ်ရေးမှူး ခရစ်ခရစ်စတီကလည်း မစ္စတာရွမ်းနေ၏ စွမ်းဆောင်မှုအပေါ် မူတည်ပြီး လမ်းကြောင်းပြောင်းသွားနိုင်သည်ဟု ဟောကိန်းထုတ်လိုက်သည်။

တစ်နိုင်ငံလုံးမှာ ဖြစ်စေ၊ သဘောထားမပြတ်သားသောပြည်နယ်များတွင်ဖြစ်စေ သမ္မတအိုဘားမားက မစ္စတာရွမ်းနေအပေါ် အနည်းငယ် အသာစီးရနေကြောင်း လူထုစစ်တမ်းများက ပြသနေသည်။ ၂၀၁၂ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာလ ၆ရက်တွင်ကျင်းပမည်ဖြစ်သည်။ —*Ref: Reuters*

## နောက်ကျောဖုံး - မလေးရှားတွင် တည်ဆောက်မည့် နိုင်ငံပိုင် ရေနံချက်စက်ရုံစီမံကိန်း ဒေသခံများ ကန့်ကွက် မှ



နိုင်ငံပိုင် ပီထရိုနာ့စ်ရေနံကုမ္ပဏီနှင့် အခြားပုဂ္ဂလိကကုမ္ပဏီများ ပူးတွဲလုပ်ကိုင်မည်ဖြစ်သည်။ ဆန္ဒပြသူများသည် အများစုက အစိမ်းရောင်အဝတ်အစားများ ဝတ်ကာ ကန့်ကွက်ခဲ့ကြပြီး လာမည့်နှစ်လယ်တွင် ကျင်းပမည့် ရွေးကောက်ပွဲများ၌ အတိုက်အခံများအနိုင်ရခဲ့ပါက ထိုစီမံကိန်းကို ဖျက်ပေးရန်လည်း အတိုက်အခံခေါင်းဆောင်များအား တိုက်တွန်းခဲ့သည်။ ဆန္ဒပြပွဲစီစဉ်သူများက ဆန္ဒပြပြည်သူ ၈,၀၀၀ ခန့်ရှိသည်ဆိုသော်လည်း ထိုမျှမရှိကြောင်း မီဒီယာသတင်းများကဆိုသည်။

ယခုကဲ့သို့ပတ်ဝန်းကျင်ပျက်စီးစေမည့် ရေနံချက်စက်ရုံ စီမံကိန်းကို ၂၀၁၁ အစောပိုင်း လုပ်ငန်းစတင်ချိန်မှစ၍ ကန့်ကွက်လာကြခြင်းဖြစ်သည်။ စီမံကိန်းအတွက် မြေနေရာ ၂၂,၅၀၀ ဧကရယူထားခြင်းအပေါ် ပတ်ဝန်းကျင်ထိခိုက်မှုများ ရှိနိုင်သောကြောင့် ဖျက်သိမ်းပစ်ရန် ဒေသခံများက ပြင်းထန်စွာတောင်းဆိုခဲ့ခြင်းဖြစ်သည်။ —*Ref: AFP*

## စာ(၅၀) - မြန်မာအသင်း ခြေစွမ်းအမှန်မြင်ရမယ့် ပြိုင်ပွဲ မှ


"ကိုယ့်အသင်းနိုင်လို့အောင်ပွဲခံတဲ့အခါမှာ ပွဲကြည့်စင်ပေါ်မှာ မီးရှူးထွန်းပြီး အားပေးရင် ဒဏ်ငွေချမှတ်ခံရတယ်ဆိုတာ တကယ်မသိပါဘူး။ အဲလိုသိထားရင် ဘယ်လုပ်ပါ့မလဲ။ ဒါကြောင့် ပရိသတ်တွေအနေနဲ့ ဘယ်လိုမျိုးအားပေးရင်ပြစ်ဒဏ်ချမှတ်ခံရနိုင်တယ်ဆိုတဲ့ စည်းကမ်းမျိုးကို အဖွဲ့ချုပ်အနေနဲ့ ကြိုတင်ထုတ်ပြန် ပညာပေးမှုတွေ ပြုလုပ်ထားသင့်ပါတယ်" ဟုပရိသတ်တစ်ဦးက ပြောသည်။

ယခုခြေစစ်ပွဲစဉ်အတွက် ကွင်းဝင်လက်မှတ်များကို အာဆီယံဘောလုံးအဖွဲ့ချုပ်နှင့်တရားဝင်လက်မှတ် အရောင်းကိုယ်စားလှယ်ရရှိထားသော ထိုင်းနိုင်ငံ MYASIA TICKET မှ တာဝန်ယူဆောင်ရွက်မည် ဖြစ်သည့်အတွက် ကွင်းအတွင်းသို့လာရောက်အားပေးမည့် ပရိသတ်များအတွက် လက်မှတ်ဝယ်ယူမှု အပိုင်းတွင် စနစ်ကျလာမည်ဟု မျှော်လင့်ရသည်။

ထို့အပြင် မြန်မာအသင်း ပွဲစဉ်များကို တစ်နိုင်ငံလုံးမှ ရုပ်သံပရိသတ်များ အားပေးနိုင်ရန် မြန်မာ့ရုပ်မြင်သံကြား(MRTV) မှ တိုက်ရိုက်ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်သည်။ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ တဖြည်းဖြည်းကျဆင်းလာနေသော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ခြေစွမ်းနှင့် ဂုဏ်သိက္ခာအတွက် သာမက အိမ်ရှင်ပရိသတ်များအတွက် စည်းကမ်းရှိမှုကို မှတ်ကျောက်တင်ရန် ဆူဇူကီးဖလားခြေစစ်ပွဲစဉ်များက စောင့်ကြိုနေပြီဖြစ်သည်။

# Leader's Profile

# ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌသစ် ဂျင်ယွန်ကင်



ရဲမင်း

ကင်ယွန်ဟုလည်း လူသိများသူ ဂျင်ယွန်ကင်သည် တောင်ကိုရီးယားနိုင်ငံဖွား အမေရိကန်ဆရာဝန်တစ်ဦးဖြစ်ပြီး ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁ ရက်မှစ၍ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ်စတင်တာဝန်ယူခဲ့သည်။ ယင်းမတိုင်မီတွင် ကင်ယွန်သည် ၂၀၀၉ မှ ၂၀၁၂ ခုနှစ်အထိ Dartmouth ကောလိပ်ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။

ကင်ယွန်ကို ၁၉၅၉ ခုနှစ် ဒီဇင်ဘာလ ၈ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့၌ မွေးဖွားခဲ့သည်။ ကင်ယွန် ငါးနှစ်သားအရွယ်တွင် မိသားစုလိုက် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့ခဲ့ကြပြီး အိုင်အိုဝါပြည်နယ်၊ မူစကတ်တင်းဒေသတွင်ကြီးပြင်းခဲ့သည်။ ကင်ယွန်၏ ဖခင်မှာ အိုင်အိုဝါတက္ကသိုလ်တွင် သွားဘက်ဆိုင်ရာပညာသင်ကြားပို့ချပြီး မိခင်ဖြစ်သူမှာလည်း ဒဿနိကဗေဒဘာသာရပ်ဒေါက်တာဘွဲ့ရရှိခဲ့သည်။

ကင်ယွန်သည် မူစကတ်တင်းအထက်တန်းကျောင်းမှာပင် တက်ရောက်ခဲ့ပြီး အတန်း၏ခေါင်းဆောင်တစ်ဦးဖြစ်သလို အားကစားလည်း လိုက်စားသူဖြစ်သည်။ အထက်တန်းပညာပြီးဆုံးချိန်တွင် အိုင်အိုဝါတက္ကသိုလ်၌တက်ရောက်ခဲ့ပြီးနောက်ပိုင်းတွင် ဘရောင်းတက္ကသိုလ်သို့ပြောင်းရွှေ့ခဲ့သည်။ ဘရောင်းတက္ကသိုလ်မှဘွဲ့ရရှိခဲ့ပြီးနောက် ကင်ယွန်သည် ဟားဗတ်ဆေးကျောင်းသို့တက်ရောက်ပြီး မာစတာဘွဲ့ရရှိခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ် မနုဿဗေဒဌာနမှ ဒေါက်တာဘွဲ့ရရှိခဲ့သည်။ ကင်ယွန်သည် ဟားဗတ်တက္ကသိုလ်၏ လူမှုရေးသိပ္ပံဆိုင်ရာစမ်းသပ် Ph.D အစီအစဉ်များတွင်ပထမဆုံးတက်ရောက်သူတစ်ဦးလည်းဖြစ်သည်။

ကင်ယွန်သည် ၁၉၈၇ ခုနှစ်မှစ၍ အခြားအဖွဲ့ဝင်လေးဦးနှင့်အတူ ကျန်းမာရေးအတွက် လက်တွဲဖော်များ (Partners in Health) အဖွဲ့ကိုထူထောင်ခဲ့သည်။ ဟေတီနိုင်ငံတွင် စတင်ခဲ့ပြီး လူနေရပ်ကွက်အဖွဲ့အစည်းများအတွင်း စရိတ်နည်းနည်းဖြင့် ဆေးကုသပေးရေးအစီအစဉ်မှာ အလွန်အောင်မြင်ခဲ့ကာ ၁၉၉၄ ခုနှစ်တွင် ယင်းအစီအစဉ်ကို ပီရူးနိုင်ငံ၌ အကောင်အထည်ဖော်ခဲ့သည်။ ယင်းအစီအစဉ်နှစ်ရပ်စလုံးမှ ရလဒ်များအလွန်ကောင်းမွန်ခဲ့ရာ ၁၉၉၈ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက PIH နမူနာပုံစံကိုရယူ၍ အခြားနိုင်ငံအများအပြားတွင်ပါ စရိတ်ကျဉ်းကျန်းမာရေးအစီအစဉ်များကို အကောင်အထည်ဖော်ခဲ့သည်။ ယခုအခါတီဘီရောဂါကုသရေးအတွက် နိုင်ငံပေါင်း ၄၀ ကျော်တွင် PIH အစီအစဉ်များ အသုံးပြုနေသည်။

မစ္စတာဂျန်ယွန်ကင်သည် ၂၀၀၃ ခုနှစ်တွင် PIH အဖွဲ့မှနုတ်ထွက်ကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ညွှန်ကြားရေးမှူးချုပ်၏ အကြံပေးအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ HIV/AIDS ကုသမှုဆိုင်ရာ လုပ်ငန်းများအားလုံးကို ကြီးကြပ်ခဲ့ပြီး ၂၀၁၂ ခုနှစ်အထိ HIV ပိုးရှိသူ အာဖရိကတိုက်သား ခုနစ်သန်းအား ကုသမှုပေးနိုင်ခဲ့သည်။

မစ္စတာဂျန်ယွန်ကင်သည် တစ်ဖက်တွင်လည်း ၁၉၉၃ ခုနှစ်မှစ၍ ဟားဗတ်ဆေးပညာကျောင်း၌ သင်ကြားပို့ချခဲ့ပြီး ဆေးပညာပါမောက္ခ၊ လူမှုရေး ဆေးပညာပါမောက္ခအစရှိသည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ယင်းတာဝန်များ ထမ်းဆောင်ရင်း ဆေးပညာဆိုင်ရာ သုတေသနစာတမ်းများ၊ ကျန်းမာရေးအစီအစဉ်အများအပြားကိုလည်း ရေးသားအကောင်အထည်ဖော်ခဲ့သူမစ္စတာဂျန်ယွန်ကင်သည် ၂၀၀၉ ခုနှစ် မတ်လတွင် Dartmouth ကောလိပ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသည်။ ယင်းမှာအမေရိကန်နိုင်ငံမှ Ivy League အဖွဲ့အစည်းတစ်ရပ်တွင် အာရှတိုက်ဖွားအမေရိကန်တစ်ဦးအား ပထမဦးဆုံးအကြိမ် ဥက္ကဋ္ဌအဖြစ်ခန့်အပ်ခြင်းလည်းဖြစ်သည်။

၂၀၁၂ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် မစ္စတာဂျန်ယွန်ကင်အားကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ရန် အမေရိကန်သမ္မတဘားရက်အိုဘားမားက အဆိုပြုခဲ့သည်။ ဧပြီလ ၁၆ ရက်တွင် ကမ္ဘာ့ဘဏ်ကမစ္စတာဂျန်ယွန်ကင်အားဘဏ်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့သည်။ ဘဏ္ဍာရေးနှင့် နိုင်ငံရေးနယ်ပယ်မှမဟုတ်သော ပထမဦးဆုံးကမ္ဘာ့ဘဏ်ဥက္ကဋ္ဌသည် ကလေးအထူးကုဆရာဝန် ဇနီးသည် ယန်ဆွတ်လင်းနှင့် သားနှစ်ဦးထွန်းကားထားသည်။ —*Ref: Wikipedia*



## နောက်ကျောဖုံး - တရုတ်ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခံရသော ပိုရှီးလိုင်တွင် မှ

ပိုကွာကွာ၏ ကြေညာချက်သည် တရုတ်ကွန်မြူနစ်ပါတီက ၎င်း၏ဖခင်အား လာဘ်ယူမှုအပါအဝင်စွဲချက်များစွာဖြင့် အပြစ်ရှိကြောင်း စွပ်စွဲခဲ့ပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ပိုရှီးလိုင်သည်မူလကတရုတ်ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်လာရန် ရေပန်းစားခဲ့သူဖြစ်ပြီး ယခုနှစ်အစောပိုင်းတွင် ၎င်း၏အဓိကလူယုံ ချုံကင်းရဲတပ်ဖွဲ့အကြီးအကဲဟောင်း ဝမ်လီကျန်က ပို၏ ဇနီးကူလိုင်လိုင်သည် ဗြိတိသျှစီးပွားရေးသမားတစ်ဦးအားသတ်ဖြတ်ခဲ့သည်ဟု ပြန်လည်စွပ်စွဲခဲ့ပြီးနောက် ယခုကဲ့သို့ ကြမ္မာငင်ခဲ့ရခြင်းဖြစ်သည်။

တရုတ်အာဏာပိုင်များသည် ကူလိုင်လိုင်အား ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့ပြီး ဝမ်လီကျန်အား ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့သည်။ —*Ref: AFP*

## နောက်ကျောဖုံး - ပြင်သစ်သမ္မတဟော်လန်ဒီ လမ်းပေါ်ထွက်ကန့်ကွက်မှုများနှင့် ရင်ဆိုင်ရ မှ

မစ္စတာဟော်လန်ဒီ၏ ဆိုရှယ်လစ်ဥပဒေပြုအမတ်များ စိုးမိုးထားသော ပါလီမန်နှစ်ရပ်စလုံးကလည်း ဗဟိုနှင့် လက်ယာအတိုက်အခံများ၏ထောက်ခံမှုဖြင့် ဥပဒေကိုအတည်ပြုဖွယ်ရှိသည်။

"မစ္စတာဟော်လန်ဒီအတွက်ကတော့ ဒါဟာ မြန်မြန်ဆန်ဆန်လုပ်ဆောင်ရမယ့် လုပ်ရိုးလုပ်စဉ်မဲခွဲမှုလို့ ထင်စရာရှိပါတယ်။ ဒါပေမဲ့ အခုဆိုရင်တော့ ပြင်သစ်မှာပဲဖြစ်စေ၊ ကျန်တဲ့ ဥရောပတစ်ဝန်းမှာပဲဖြစ်စေ ဒီဥရောပသဘောတူညီချက်နဲ့ ခြိုးခြံချွေတာရေးပေါ်လစီတွေ အားလုံးအပေါ် စုပေါင်းဆန့်ကျင်မှုတွေ ရှိနေတယ်ဆိုတာ သူနားလည်သွားပါလိမ့်မယ်"ဟုသမ္မတရွေးကောက်ပွဲတွင် စတုတ္ထနေရာ၌ ရပ်တည်ခဲ့သူ လက်ဝဲဝါဒီ ဂျင်လပ်မယ်လင်ကွန်ကပြောကြားသည်။ —*Ref: Reuters*

7DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# ကျွန်တော်တို့ အိမ်နီးချင်းတွေ အီးယူအဖွဲ့ဝင်ဖြစ်လာတာကို မြင်ချင်လှပါတယ်

## ခရိုအေးရှားဝန်ကြီးချုပ် ဇိုရန်မီလာနိုဗစ်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ဥရောပမှာဘဏ္ဍာရေးအကျပ်အတည်း ဆက်လက်ဖြစ်ပေါ်နေပေမယ့်လည်း ခရိုအေးရှားဝန်ကြီးချုပ် ဇိုရန်မီလာနိုဗစ်ဟာ ၎င်းရဲ့တိုင်းပြည်ကိုဥရောပသမဂ္ဂအီးယူအဖွဲ့ဝင်ဖြစ်ရေးအတွက် ကြိုးပမ်းလျက်ရှိနေပါတယ်။ ၎င်းဟာ မကြာသေးမီကပဲဂျာမန်စပိုင်းဂဲလ်မဂ္ဂဇင်းနဲ့အင်တာဗျူးမှာ ခရိုအေးရှားရဲ့ အီးယူကို ၂၀၁၃ မှာ ဝင်ရောက်မယ့်အစီအစဉ်အကြောင်း၊ ယူရိုအကျပ်အတည်းကိုကိုင်တွယ်နေတဲ့ ဥရောပခေါင်းဆောင်တွေရဲ့ အားထုတ်မှုတွေအကြောင်း ဆွေးနွေးပြောဆိုသွားခဲ့ပါတယ်။ ၎င်းကိုမေးမြန်းသူတွေကတော့ စပိုင်းဂဲလ်မှ ယန်ပူးဖြစ်ပါတယ်။

**ဥရောပသမဂ္ဂဟာ လက်ရှိမှာအဖွဲ့ကိုစတင်ဖွဲ့စည်းကတည်းက စလို့ အဆိုးဝါးဆုံး အကျပ်အတည်းတွေ့ကြုံလျက်ရှိနေပါတယ်။ ဘာ့ကြောင့်ဝန်ကြီးချုပ် အနေနဲ့ အီးယူထဲ ဝင်ချင်နေတာပါလဲ။**

လက်ရှိဖြစ်နေတဲ့ အပေါ်ရေတိုအမြင်လေးနဲ့ ကျွန်တော်တို့ရဲ့ ခြေလှမ်းကို ခင်ဗျားမကြည့်နိုင်ပါဘူး။ ဘာပဲဖြစ်ဖြစ်တစ်နိုင်ငံတည်းရပ်တည်ရတာထက် အဖွဲ့တစ်ခုရဲ့အစိတ်အပိုင်းဖြစ်ရတာ ပိုကောင်းပါတယ်။ ဒီအဖွဲ့ဟာ လက်ရှိမှာပြဿနာတွေ ကြုံကောင်းကြုံနေရမယ်ပေ့ါလေ။ အီးယူထဲဝင်ဖို့လိုအပ်နေတာက ကျွန်တော်တို့ဟာစီးပွားရေးနဲ့နိုင်ငံရေးနယ်ပယ်တွေမှာမြင့်မားတဲ့စံချိန်စံညွှန်းတွေဖြည့်ဆည်းပေးဖို့ပါ။ ဒါမျိုးက အမ်ဘီအေဘွဲ့ယူတဲ့အခါ ကြုံရတဲ့နောက်ဆုံး စာမေးပွဲလိုမျိုးပေါ့။ စာမေးပွဲဖြေတာနဲ့ လွယ်လွယ်အောင်ဖို့တော့ မဖြစ်နိုင်ပါဘူး။

**လန်ဒန်မြို့တော်ဝန် ဘောရစ်ဂျွန်ဆင်က သူဟာအီးယူထဲဝင်ရောက်လာမယ့် လှပတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ခရိုအေးရှားကို တွေ့ချင်ကြောင်းမကြာမီကပြောခဲ့ပါတယ်။ ဒါ့အပြင် ခရိုအေးရှားဟာ ယူရိုငွေကိုမသုံးဘဲ ရှောင်ကြဉ်သင့်ကြောင်း ပြောခဲ့ပါသေးတယ်။**

ယူရိုကိုဦးတည်ပြီး ကျွန်တော်တို့ဆက်လက်လုပ်ဆောင်သွားမှာပါ။ ဒါပေမဲ့ အဲဒီလိုမျိုးဆိုရင် ၁၀ နှစ်လောက်ကြာမှ ကျွန်တော်တို့ယူရိုကို မိတ်ဆက်ပေးရမှာလား။ ကျွန်တော်မသိတော့ဘူး။ ဒီကိစ္စအပေါ် (ယူရိုငွေသုံးသင့်၊ မသုံးသင့်) ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်မယ်ဆိုရင် ခရိုအေးရှားပြည်သူတွေရဲ့ ထောက်ခံမှုရဖို့ ကျွန်တော်တို့မသေချာလှပါဘူး။

**ယူရိုငွေအကျပ်အတည်းကို စီမံခန့်ခွဲမှုနဲ့ ပတ်သက်လို့ ဝန်ကြီးချုပ်ရဲ့ သုံးသပ်ချက်က ဘာများဖြစ်မလဲ။**

လက်ရှိအခြေအနေထဲမှာတော့ ပြီးခဲ့တဲ့ ဆယ်စုနှစ်ငါးခုအတွင်း အီးယူဟာ ကမ္ဘာကြီးအရှေ့နဲ့အနောက်ကွဲပြားနေတဲ့အချိန်မှာစပိန်မှဖင်လန်အထိအတူတကွကြီးထွားဖွံ့ဖြိုးလာခဲ့တဲ့နေရာဒေသတစ်ခုဖြစ်တယ်ဆိုတာလည်း မေ့ပစ်လို့မရနိုင်ပါဘူး။ ဒါဟာ အောင်မြင်မှုဇာတ်လမ်းတစ်ပုဒ်ပါ။ ကျွန်တော့်ကို လူမျိုးပေါင်းစုံတည်ရှိတဲ့ ယခင်ယူဂိုဆလားဗီးယားပြည်ထောင်စုမှာမွေးခဲ့တယ်။ အဲဒီမှာ ပိုဆင်းရဲနွမ်းပါးတဲ့ဒေသတွေအတွက် အထောက်အပံ့ပေးတာတွေရှိခဲ့တယ်။ ဒါပေမဲ့ ကိုဆိုဗိုနဲ့ ဆလိုဗေးနီးယားအကြားက စီးပွားရေးကွာဟမှုက နက်ရှိုင်းနေခဲ့တာပါပဲ။ အခုတော့ ဥရောပဟာ ယူရိုကယ်ဆယ်ရေးရန်ပုံငွေ၊ ဘဏ္ဍာရေးသဘောတူညီချက်တို့နဲ့အတူ အကျပ်အတည်းကိုတိုက်ပွဲဝင်ရာမှာ သုံးနိုင်မယ့် ကိရိယာသစ်တွေ ထပ်ဖြည့်ထားလိုက်ပါပြီ။ ဥရောပဗဟိုဘဏ်ဟာလည်း ကောင်းမွန်တဲ့အလုပ်တွေလုပ်နေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီဗဟိုဘဏ်က အစိုးရငွေတိုက်စာချုပ်တွေ ဝယ်ယူနေပြီး အတိုးနှုန်းဝန်ထုပ်ဝန်ပိုးတွေကို လျှော့ချနိုင်အောင် စီးပွားရေးတိုးတက်မှုရလာနိုင်အောင် လုပ်နေပါတယ်။

**ဝန်ကြီးချုပ်ဟာ ဂျာမန်အဓိပတိ မာကယ်နဲ့တွေ့ခဲ့ပါတယ်။ ဥရောပတောင်ပိုင်းနိုင်ငံ အချို့မှာ သူမကလည်းအမုန်းခံရတဲ့ပုံရိပ်တစ်ခုဖြစ်လာနေတာပါ။ ဒီတော့ ခရိုအေးရှားတွေကရော ဥရောပရဲ့ ဩဇာအကြီးဆုံးအမျိုးသမီးကို ဘယ်လိုမြင်ပါသလဲ။**

ကျွန်တော်တို့မှာ အဓိပတိကိုကြောက်တာမျိုး မရှိပါဘူး။ နှစ်ပေါင်းများစွာကြာအောင် လူတွေဟာစီးပွားရေးတိုးတက်မှုအရဂျာမနီဟာဥရောပရဲ့နောက်မှာကျန်ရစ်နေခဲ့တာကို ပြောခဲ့ဖူးကြပါတယ်။ ဒါပေမဲ့ ဒီတိုင်းပြည်ဟာ သတ္တိရှိတဲ့ ပြုပြင်ပြောင်းလဲရေးတွေကတစ်ဆင့်ဆွဲ တင်နိုင်ခဲ့ပါတယ်။ ဂျာမနီဟာ ကျွန်တော်တို့အတွက် စံပြပုံစံဖြစ်ပါတယ်။

**ဒါဆိုငြိုးခြံချွေတာရေးအပေါ် ကျွန်တော်တို့ ဂျာမန်တွေရဲ့တိမ်းညွှတ်မှုကိုရော ကြိုက်တယ်ပေ့ါ။**

ဟုတ်ပါတယ်။

**ဒါမှမဟုတ် ဝန်ကြီးချုပ်လိုပဲ ဆိုရှယ်ဒီမိုကရက်တစ်ဦးဖြစ်တဲ့ ဖရန်ဆွာဟော်လန်ဒီ (ပြင်သစ်သမ္မတ) လို စီးပွားရေးတိုးတက်မှုပြန်ရဖို့ ဈေးကွက်တွေထဲ ငွေတွေထပ်ထည့်ရမယ်လို့မြင်ပါသလား။**

ကျွန်တော်သူ့ကိုရော၊ သူ့အမြင်တွေကိုရောသိပါတယ်။ သူက မရေမရာနိုင်တဲ့နိုင်ငံရေးသမားတစ်ဦးမဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ရပ်တည်မှု အနေအထားဟာ ဂျာမနီနဲ့လုံးဝဆန့်ကျင်နေတယ်လို့တော့ မပြောနိုင်ပါဘူး။ သူက ပြင်သစ်ပြည်မြောက်ပိုင်းနော်မန်ဒီဘက်ကလာတာပါ။ ဆိုလိုတာက သူ့မှာ ဒတ်ချ်ပရိုတက်စတင့် အမြင်တွေရှိနိုင်ပါတယ်။ တစ်နည်းပြောရရင် သူဟာ စီးပွားရေးကိစ္စတွေကိုကျကျနန နားလည်သူပါ။ သူဟာ ဆိုရှယ်လစ်တစ်ဦးပါ။ ဂျာမနီရဲ့ ပြုပြင်ပြောင်းလဲရေးကို အရှိန်မြှင့်ခဲ့တဲ့ လက်ဝဲနိုင်ငံရေးသမားဂါးရက်ရှရိုးဒါးကို ကျွန်တော်တို့ မမေ့သင့်ပါဘူး။

**ခရိုအေးရှားအပေါ်မှာ ခက်ခဲတဲ့အခြေအနေတွေ ကြုံလာမှာကို ဝန်ကြီးချုပ် စိုးရိမ်နေပါသလား။ ဘာ့ကြောင့်လဲဆိုတော့ နိုင်ငံကအီးယူထဲ နောက်ကျပြီးမှဝင်တဲ့ နိုင်ငံဖြစ်နေလို့လေ။**

အမှန်က ကျွန်တော်လည်း အဲဒါစိုးရိမ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အမြင်က ကြည့်ရင်တော့ အဖွဲ့ဝင်ဖြစ်ခြင်းအကျိုးအမြတ်တွေက ပိုများပါတယ်။ ဆယ်စုနှစ်လောက်ကြာအောင်ကျွန်တော်တို့ဟာ ဘရပ်ဆဲကနေ ကိုယ်ပေးတာရဲ့ ငွေပမာဏနှစ်ဆလောက်ကိုရရှိမှာပါ။ ကျွန်တော်တို့မှာ ဥရောပတစ်ခုလုံးနဲ့ လိုက်မီနိုင်တဲ့မျိုးဆက်တစ်ခု ရှိလာတော့မှာပါ။

**အီးယူထဲမှာ တော်တော်များများကရိုမေးနီးယားနဲ့ ဘူလ်ဂေးရီးယားကို မကြာခင်အဖွဲ့ဝင်အဖြစ်ပေးတော့မယ်လို့မြင်နေကြတယ်။ ဒါ့ကြောင့်ပဲ ဘရပ်ဆဲလ်ဟာ ခရိုအေးရှားကို တင်းကျပ်နေတာများလား။**

ဟင့်အင်း။ ရိုးမေးနီးယားနဲ့ ဘူလ်ဂေးရီးယားတို့ကြောင့်တော့ ကျွန်တော်တို့ အပြစ်ပေးခံရသလိုဖြစ်နေတာလို့ မပြောနိုင်ပါဘူး။

**ယခင်ဆာဘီယားသမ္မတဟောင်း ဘောရစ်တာဒစ်ဟာ မကြာသေးမီကခရိုအေးရှားဘက်က ရီးဇဲရားကို ခရီးထွက်ခဲ့ပါတယ်။ ဆားဘီးယားနဲ့ ခရိုအေးရှားတို့ဆက်ဆံရေးဟာ အခုဆိုရင် တင်းမာမှုတွေလုံးဝမရှိတော့ဘူးလား။**

ပြီးခဲ့တဲ့ ၁၆ နှစ်လုံး ကျွန်တော်တို့ကြားမှာ အိမ်နီးချင်းကောင်းစာချုပ် ချုပ်ဆိုထားခဲ့ပါတယ်။ အဲဒီကစလို့ အများကြီးတိုးတက်ခဲ့တယ်။ ဆာ့ဘ်လူမျိုးတွေနဲ့ ခရိုအေးရှားလူမျိုးတွေအကြားအစွဲအလမ်းတွေလည်း ခပ်နေ့နေ့ဖြစ်နေတယ်ဆိုရင်တောင်မှ ပျောက်တော့ပျောက်ကွယ်နေပါပြီ။

**အခုဆို ခရိုအေးရှားဟာ အီးယူအဖွဲ့ဝင်ဖြစ်ဖို့အတွက် နောက်ဆုံးကျန်နေတဲ့ နိုင်ငံဖြစ်လာတော့မှာပါ။ အီးယူရဲ့ ချဲ့ထွင်မှုဟာ နောက်လည်း ထပ်ပြီးဖြစ်ဦးမယ်လို့ ဝန်ကြီးချုပ် ယုံကြည်ပါသလား။**

အဲဒါဟာ ခက်ခဲပေမယ့် ခရိုအေးရှားကလည်း တွန်းအားပေးသွားမှာပါ။ အခုဆိုရင် ဒီလိုအီးယူနိုင်ငံတွေများလာတာ ချဲ့ထွင်လာတာကိုငြီးငွေ့လာကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းတွေအီးယူအဖွဲ့ဝင်ဖြစ်လာတာကို မြင်ချင်လှပါတယ်။ ဆားဘီးယားလည်းပါတာပေ့ါလေ။

*—Ref: Croation Prime minister Milanovic, Spiegel*





7DAY NEWS JOURNAL

# Entertainment

Vol.11, No.30 · OCTOBER 4 , 2012

## စင်ကာပူတွင် တစ်ကိုယ်တော်ဖျော်ဖြေပွဲလုပ်မယ့် Rဇာနည်

ကြူကြူဟန်

ရန်ကုန်၊စက်တင်ဘာ-၂၇

စင်ကာပူနိုင်ငံတွင်အောက်တိုဘာလ၌တစ်ကိုယ်တော်ဖျော်ဖြေပွဲပြုလုပ်မည်ဖြစ်ပြီး သီချင်းအပုဒ် ၂၀ကျော် သီဆိုဖျော်ဖြေသွားမည်ဟု Rဇာနည်က ပြောသည်။

တစ်ကိုယ်တော်ရှိုးပွဲကို အောက်တိုဘာ ၂၇ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ထွန်းအိန္ဒြာဗို၊ ဝိုင်းစုခိုင်သိန်း၊ အိမ့် ချစ်တို့ ပါဝင်ကူညီဖျော်ဖြေမည်ဖြစ်သည်။ ယခုပြုလုပ်မည့်ပွဲသည် Rဇာနည်၏ သုံးကြိမ်မြောက် တစ်ကိုယ်တော်ရှိုးပွဲဖြစ်ပြီး ရန်ကုန်နှင့် မန္တလေးမြို့တို့တွင်လည်း ပြုလုပ်ခဲ့သည်။

"အရင်အချိန်တွေလို မတူအောင် ဖျော်ဖြေမှာတော့ မဟုတ်ဘူး။ အခုဆိုရင် ထွက်ထားတဲ့ သီချင်းအသစ်တွေထဲကရော အဟောင်းတွေရော ပရိသတ်နားထောင်ချင်တဲ့ သီချင်းတွေ အားပါးတရ ဖျော်ဖြေမှာ"ဟု R ဇာနည်က ပြောသည်။

Rဇာနည်၏တစ်ကိုယ်တော်စီးရီး 'အဆိပ်တက်အိပ်မက်'ဗီစီဒီရိုက်ကူးပြီးနောက် အောက်တိုဘာလတွင်း ထွက်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။



ရန်ကုန်မြို့ တစ်ကိုယ်တော်ဖျော်ဖြေပွဲတွင်တွေ့ရသော Rဇာနည်မိသားစု

## ကိုယ်ပိုင်သံစဉ်မဟုတ်လို့ အနုပညာသမားဘက်က အော်ခွင့်မရှိဘူးဆိုတာ မမှန်ကန်ပါဘူး

### ဖြူဖြူကျော်သိန်းနှင့် တွေ့ဆုံခြင်း



**အေးသူစံ**


မကြာခင်က ထွက်ရှိထားတဲ့'မိန်းကလေးတစ်ယောက် အသည်းကွဲနေတယ်' ကိုယ်ပိုင်သံစဉ်တစ်ကိုယ်တော်ခွေက ဖြူဖြူကျော်သိန်းကို နဂိုရှိရင်းစွဲ ပရိသတ်အရေအတွက်ကနေ ပရိသတ်သစ်တွေ ထပ်တိုးစေခဲ့တဲ့ အယ်လ်ဘမ်တစ်ချပ်ဖြစ်ခဲ့ပါတယ်။ မြန်မာမှုပြုထားတဲ့ ကော်ပီသီချင်းတွေကို သီဆိုခဲ့ပြီး မူရင်းနာမည်ကျော် အင်္ဂလိပ်သီချင်းများကို Cover လုပ်သီဆိုခဲ့တဲ့ စီးရီးအပါအဝင်တစ်ကိုယ်တော်စီးရီးသုံးခွေ ထွက်ရှိထားပါတယ်။ အခု 'မိန်းကလေးတစ်ယောက် အသည်းကွဲနေတယ်' စီးရီးကတော့ ဖြူဖြူကျော်သိန်းစျာန်ဝင်စားတဲ့ ကိုယ်ပိုင်သံစဉ်ဆိုတာ ဒီလိုပါလားလို့ အားလုံးက အသိအမှတ်ပြုအောင် လုပ်နိုင်ခဲ့တဲ့ သူမရဲ့ ကိုယ်ပိုင်သံစဉ် တစ်ကိုယ်တော်ခွေနဲ့ ဂီတအစည်းအရုံးအထွေထွေအတွင်းရေးမှူး အတွေ့အကြုံတွေကို မေးမြန်းထားပါတယ်။

**မဖြူရဲ့ 'မိန်းကလေးတစ်ယောက် အသည်းကွဲနေတယ်'စီးရီးဟာ ပထမဆုံး ကိုယ်ပိုင်သံစဉ်စီးရီးဖြစ်တဲ့အပြင် တီးလုံးတွေကို တော်တော်လေးဆန်းသစ်ထားတာ တွေ့ရတယ်။ သံစဉ်ရွေးချယ်မှုအပိုင်းကိုစိတ်တိုင်းကျခဲ့လား။**

ဖြူဖြူ့အခွေမှာ အခုလို တီးလုံးအကြောင်း တခုတ်တရမေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။အရမ်းလည်းကျေနပ်ဝမ်းသာပါတယ်။ ဒါကိုယ်ပိုင်သံစဉ် ဖြစ်နေလို့ပါ။ ဒီလိုသံစဉ်တွေဘာကြောင့်ဖန်တီးနိုင်ကြလဲဆိုတော့ ဟိုအရှေ့ရှေ့တွေက ကော်ပီသံစဉ်များစွာကိုလေ့လာဖန်တီးပြီး ဒါတွေကို အတုယူပြီး တီးခတ်ဖန်တီးကြတဲ့ ဂီတပညာရှင်များရှိလို့ဆိုတာကိုတော့ မမေ့သင့်ပါဘူး။ ကော်ပီသီချင်းပေါင်း များစွာကို Ref လုပ်ပြီး တီးလာရင်းနဲ့မှ ဖြူဖြူတို့ ဂီတဆိုတာလည်း တဖြည်းဖြည်းပုံစံလေးတွေ ပြောင်း လာခဲ့တာပါ။ ဖြူဖြူ့စိတ်ထဲမှာ ကော်ပီရယ်၊ ကိုယ်ပိုင်သံစဉ်ရယ်လို့ ဘယ်တုန်းကမှ မရှိခဲ့ဘူး။ ခု ဒါဆိုဘာကြောင့် ကိုယ်ပိုင် သံစဉ်လုပ်လဲဆိုတော့ လုပ်ချင်စိတ် ရှိလာတယ်။ လုပ်ဖို့လည်းအချိန် တန်လာပြီထင်လို့ပါ။ ဒီလိုပြောလို့ ကိုယ်ပိုင်သံစဉ်ချည်းပဲ လုပ်မလားဆိုရင်တော့ လုပ်ချင်တာပေါ့။

စာ(၄၉)သို့

ဓာတ်ပုံ–အေးဇော်မိုး(စက်မှု)



## Spider Man ဇာတ်ကားသစ်တွင် ဆက်လက်သရုပ်ဆောင်မည့် အင်ဒရူးဂါဖီးလ်

လော့စ်အိန်ဂျလိစ်၊ စက်တင်ဘာ - ၂၉

ကိုလံဘီယာရုပ်ရှင်ကုမ္ပဏီသည် ၎င်း၏အောင်မြင်လူကြိုက်များသော ပင့်ကူလူသား Spider-Man ဇာတ်ကားတွဲများမှ နောက်ထပ် ဇာတ်ကားသစ်ကို လက်ရှိမင်းသား အင်ဒရူးဂါဖီးလ်နှင့်ပင် ထပ်မံရိုက်ကူးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဂါဖီးလ်သည် ယခင် ပင့်ကူလူသားဇာတ်ကားများတွင် ဇာတ်လိုက်ပီတာပါကားအဖြစ် သရုပ်ဆောင်သော တိုဘေးမက် ဂိုင်ရာ၏နေရာကို နောက်ဆုံးဇာတ်ကားတွင် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ထိုနောက်ဆုံးထွက် Amazing Spider-Man ဇာတ်ကားမှာ ကမ္ဘာတစ်ဝန်းဝင်ငွေ ဒေါ်လာ ၇၅၁ သန်းရခဲ့ပြီး ၂၀၁၁ ၏ ဝင်ငွေအကောင်းဆုံး ဇာတ်ကားများတွင် စတုတ္ထနေရာရခဲ့သည်။

ယခုပင့်ကူလူသားဇာတ်ကားသစ်ကို ဒါရိုက်တာမာက် ဝက်ဘ်က ပင် ရိုက်ကူးမည်ဖြစ်ကာ ၂၀၁၄မေလတွင် ရုံတင်နိုင်ရန် သတ်မှတ်ထားကြောင်း ဇာတ်ကားအမည်ကို သေချာစွာရွေးချယ်ရခြင်းမရှိသေးကြောင်း သိရသည်။ —Ref: Washington Post



7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# အိမ်မက်ဆုံရာ ဟစ်ဟော့ပ်ပြိုင်ပွဲကို ဖျော်ဖြေရေး ပိုအလေးပေးဟု ရန်ရန်ချန်း မှတ်ချက်ပြု

**ကြူကြူဟန်**
**ရန်ကုန်၊စက်တင်ဘာ-၂၇**

ပရိသတ်အားပေးမှု ရရှိထားသော 'အိမ်မက်ဆုံရာ' Season-3 ၏ Hip Hop အဆိုပြိုင်ပွဲသည် ပြိုင်ပွဲပုံစံထက် ဖျော်ဖြေမှုပုံစံကို ပိုအသားပေးကြောင်း ဒိုင်အဖြစ်တာဝန်ယူနေသူ ရန်ရန်ချန်းက မှတ်ချက်ပြုသည်။


"လောလောဆယ်တော့ ဖျော်ဖြေရေးဆန်ဆန်ပဲ ရှိသေးတယ်ဗျ။ ဟစ်ဟော့ပ်ကို တကယ်ဆိုရင် ဒီထက် အချိန်ပေးသင့်တယ်လို့ ထင်တယ်။ အခုဟာက 2 round ပဲပြိုင်လိုက်ရတာလေ။ နည်းနည်းဖျော်ဖြေရေး ဆန်တယ်လို့ မြင်တယ်။ ဒီလောက်နဲ့တော့ မရလောက်ဘူး"ဟု အိမ်မက်ဆုံရာ ပြိုင်ပွဲအပေါ် ၎င်း၏အမြင်ကို သုံးသပ်ပြောသည်။

ဟစ်ဟော့ပ်လောကတွင် အဖွဲ့တစ်ဖွဲ့ အောင်မြင်ရန်အတွက် တစ်ယောက်နှင့်တစ်ယောက် အပေးအယူမျှတရန် အရေးကြီးပြီး ပြိုင်ပွဲဝင်များက အတွေ့အကြုံ နည်းနေသေးကြောင်း ၎င်းကပြောသည်။

"အတွေ့အကြုံက ကျွန်တော်ထင်တယ်။ အရင်တစ်ခေါက်ကလိုမျိုးတော့ အစီအစဉ်တစ်ခုထဲမှာ အကြိမ်ရေ အများကြီး မဟုတ်တော့ဘူး။ လူရွေးတုန်းက ကျွန်တော်တို့မပါဘူး။ ကျွန်တော်တို့လုပ်ပေးရတာ နှစ်ကြိမ်ဆိုတော့ အဲဒီလောက်လေးနဲ့ လုပ်ပေးရတာဆိုတော့ သိပ်ထွေထွေထူးထူး မရှိဘူး။ အရင်လုပ်နေတဲ့ ပွဲနဲ့တော့ မတူဘူးပေါ့။ အရင် ကျွန်တော်တို့ အကဲဖြတ်ဒိုင်လုပ်တယ်ဆိုတာ Underground ပွဲတွေ။ ပိုလွတ်လပ်တယ်။ ပြိုင်တဲ့ ပုံစံက အစပေါ့နော်။ ဒီမှာက ဖျော်ဖြေရေး နည်းနည်းဆန်တယ်"ဟု ရန်ရန်ချန်းက ပြောသည်။



'အိမ်မက်ဆုံရာ'Season-3 ကို အစီအစဉ်ပုံစံ ပြောင်းလဲထားပြီး Hip Hop, Rock, R & B ကဏ္ဍသုံးခုဖြင့် စီစဉ်ထားသည်။ Hip Hop ကဏ္ဍအတွက် ရန်ရန်ချန်း၊ မျိုးကျော့မြိုင်၊ ငယ်ငယ်တို့က ဒိုင်အဖြစ် ဆောင်ရွက်ထားသည်။




**လော့စ်အန်ဂျလိစ်၊ စက်တင်ဘာ - ၂၉**

The Rock of Ages ဇာတ်ကား၏မင်းသမီး မာလင်အေကာမန်း (၃၄) နှစ်သည် သူမ၏ခင်ပွန်းသည်ရော်ဘတ်တိုဇင်ကွန်းနှင့်ရရှိသောပထမဆုံးကလေးကို မွေး ဖွားနိုင်ရန်မျှော်လင့်နေကြောင်း သူမ၏ ပြောခွင့်ရပုဂ္ဂိုလ်က People မဂ္ဂဇင်းသို့အတည်ပြုပြောကြားသည်။

Wanderlust နှင့် The Petalstones အဖွဲ့မှ ဒရမ်မာတစ်ဦးဖြစ်သူ ဇင်ကွန်းနှင့် ၂၀၀၇ ခုနှစ်တွင်အီတလီနိုင်ငံ၌ လက်ထပ်ခဲ့ခြင်းဖြစ်သည်။ သူမသည် ဇင်ကွန်းနှင့် လက်ထပ်ခဲ့ခြင်းအတွက် ထီပေါက်သကဲ့သို့ပင် ကံကောင်းခဲ့ကြောင်း ၂၀၀၉ တွင် Women's Health မဂ္ဂဇင်းသို့ပြောခဲ့သည်။ ၎င်းတို့သည် အိမ်ထောင်သက်ငါးနှစ်ကြာမှ ပထမဆုံးရင်သွေးကို ရရှိခဲ့ခြင်းဖြစ်သည်။

—Ref: People









## စာ-၄၇၊ ကိုယ်ပိုင်သံစဉ်မဟုတ်လို့ အနုပညာသမားဘက်က အော်ခွင့်မရှိဘူးဆိုတာ မမှန်ကန်ပါဘူး မှ

ဒါပေမဲ့ဖြူဖြူတို့ ကိုယ့်အရပ်နဲ့ကိုယ့်ဇာတ်နဲ့ဆို ကိုယ်ပိုင်ချည်းလုပ်ဖို့ဆိုတာ အချိန်ယူရတယ်။ ဖြူဖြူ့အသံနဲ့လိုက်ဖက်တဲ့ ကိုယ်ပိုင်သံစဉ်တီးလုံးတွေကို လေးဇီးကလပ်တီးဝိုင်းက ဖန်တီးပေးတယ်။ ဒီခွေကနေ တစ်ခါမှမရဖူးတဲ့ Sense လေး တစ်ခုရတယ်လို့ အပြောခံရတာ အရမ်းဂုဏ်ယူတယ်။

**မဖြူရဲ့စီးရီးက ဒီရက်ပိုင်းအတွင်း ဘယ်မှာမေးမေး ကုန်နေပြီလို့ပဲကြားရတယ်။ ခိုးကူးလည်း ဖမ်းနေတဲ့အချိန်ဖြစ်တော့ အရမ်းရောင်းရမှာပေါ့။**

အရမ်းရောင်းရတယ် ကြားတော့ တစ်ဖက်ကလည်း ရယ်ချင်သလို တစ်ဖက်ကလည်းဝမ်းနည်းမိတယ်။ မြန်မာပြည်မှာ လူသန်းပေါင်းခြောက်ဆယ်ရှိတယ်။ အဲဒီအချိန်မှာ အရောင်းရဆုံးခွေက ထောင်ဂဏန်းဆိုတာ အရမ်းရယ်ရတယ်။ ဆိုလိုတဲ့ အရမ်းရောင်းရတယ်ဆိုတဲ့ ပမာဏက ဖြူဖြူရဲ့ ပထမအကြိမ်ရိုက်နှိပ်တဲ့ ခွေငါးထောင် ကုန်သွားတာကို ဆိုလိုတာပါ။ သန်းခြောက်ဆယ်မှာ ခွေငါးထောင်လောက် ရောင်းရတာကို အရမ်းရောင်းရတယ်ဆိုရင် တခြားနိုင်ငံတွေကများ ကြားရင် ဖြူဖြူတို့တွေကို ရူးများရူးနေကြလား ထင်ကြလိမ့်မယ်။ ဒါပေမဲ့ အဲဒါအမှန်တရားပါ။

**Memor of Diva တုန်းက အော်ဒီယိုတစ်မျိုးတည်း ထွက်ခဲ့တော့ 'မိန်းကလေးတစ်ယောက် အသည်းကွဲနေတယ်' စီးရီးအတွက် ဗီစီဒီကို ဆက်ရိုက်ဖြစ်ဦးမလား။**

ဗီစီဒီတော့ ရိုက်ပါမယ်။ အင်္ဂလိပ်ခွေတုန်းက ဖြူဖြူ ဈေးကွက်ကိုလည်း သိပ်မသိခဲ့ဘူး။ ရိုက်နိုင်အားလည်း မရှိချင်တော့တဲ့အတွက် မရိုက်တော့ဘူး။ 'မိန်းကလေးတစ်ယောက်' ကိုတော့ ဒီလကုန်မှာ စရိုက်ပါမယ်။ ဒါရိုက်တာက ကိုသုံးပေါင်၊ မီဒီယာကမ္ဘာ၊ Forever Bloosm တို့အား ဖြည့်ပါမယ်။

**မဖြူနဲ့မခိုင်ကြီး (ထွန်းအိန္ဒြာဗို)တို့ ဆိုထားတဲ့ တီအားမိုသီချင်းက အရမ်းပေါက်ခဲ့တော့ မခိုင်ကြီး တစ်ကိုယ်တော် ရှိုးမှာ အဲဒီသီချင်းနဲ့ အစ်မ ပါဝင်အားဖြည့်သီဆိုပေးဖို့ ရှိမလား။**

မခိုင်က ဖြူဖြူ့ကိုပြောထားပါတယ်။ မခိုင်က အကယ်ဒမီ ရုပ်ရှင်မင်းသမီးဖြစ်သလိုတစ်ဖက်ကလည်း ဖြူဖြူကြိုက်ရတဲ့အဆိုတော်ကြီးလည်း ဖြစ်တယ်။ ဂီတညီအစ်မလည်း ဖြစ်တဲ့အတွက်ကြောင့် မမရဲ့ပွဲမှာ ဖြူဖြူပါဝင်ကူညီရမှာ အရမ်းဝမ်းသာမိတယ်။ အဲဒီပွဲမှာ ဘာဆိုမယ်ဆိုတာတော့ လျှို့ဝှက်ထားလို့လည်း မရတော့တဲ့ အတူတူ ဖြူဖြူပြောပါမယ်။ တီအားမိုသီချင်းကိုပဲ ဖြူဖြူတို့ ညီအစ်မ အလှအပတွေနဲ့ ဆိုကြမယ်။

**မဖြူရဲ့ ပထမဆုံးနဲ့ တစ်ကားတည်းသော ဗီဒီယိုဇာတ်ကား 'ဘော်ဒီဂတ်' က တစ်လောကတော့ ထွက်တော့ မလိုလို အသံကြားပြီး ခုငြိမ်ချက်သားကောင်းနေပါလား။**

တလောကတော့ ထွက်မယ်ဆိုပြီးတော်တော်လေး လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားလိုက်သေးတယ်။ခုတော့ပြန်ငြိမ်သွားပြန်တယ်။ ဖြူဖြူ့ကိုလည်း ဘာမှထပ်မပြောတော့ မသိဘူးဖြစ်နေတယ်။ အရင် ခေတ်အခြေအနေအရဆိုရင်တော့ တခြားနိုင်ငံမှာ ခိုလှုံသွားတဲ့သူ(သရုပ်ဆောင်ဟန်နီထွန်းကို ဆိုလိုခြင်းဖြစ်သည်။) ဒီဇာတ်ကားမှာ ပါနေတဲ့အတွက်ကြောင့် မထွက်ဖြစ်တော့ဘူးဆိုတာ လက်ခံတယ်။ ခုနိုင်ငံက ပြောင်းနေပြီပဲ။ ဒါမျိုးတွေ ထပ်မရှိသင့်တော့ဘူး။ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပါပဲ။

**ဂီတအစည်းအရုံးအတွင်းရေးမှူးတစ်ယောက်အနေနဲ့ မဖြူဖြစ်စေချင်တဲ့ အစည်းအရုံးပုံစံကို ပုံဖော်ပါဦး။**

ဂီတလောကသားတွေအနေနဲ့ ဘာတွေက ရပိုင်ခွင့်ရှိလဲဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပြသွားမယ်။ ဂီတလောကသားတွေကလည်း စိတ်ဝင်စားပေးကြပါလို့ ဖြူဖြူက မေတ္တာရပ်ခံချင်တယ်။ ဖြူဖြူတို့ ဂီတအစည်းအရုံးဟာ ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နေတယ်ဆိုတာကို သိစေချင်တယ်။ ဘာတွေလုပ်နေလဲဆိုတာ အမြဲတမ်း သတင်းပေးသွားမယ်။ မီဒီယာတွေကတစ်ဆင့်ဖြစ်ဖြစ်၊ ကိုယ့်ရဲ့ဂီတလောက စတူဒီယိုတွေကနေ ဖြစ်ဖြစ်၊ ဖုန်းအက်စ်အမ်အက်နဲ့ပဲဖြစ်ဖြစ်၊ အီးမေးလ်နဲ့ပဲ ဖြစ်ဖြစ် ပြန်ကြားပေးသွားပါမယ်။ တခြားသာတူညီမျှဖြစ်ရေးကိစ္စတွေကို ဆောင်ရွက်သွားရင်းနဲ့ တစ်ဖက်ကလည်း အဆင့်မီတဲ့ ဂီတဆုပေးပွဲကို ကြိုးစားသွားမှာပါ။

**ခိုးကူးကိစ္စပြောရင် တစ်ဆက်တည်းပါလာမှာက ဂီတသမားအားလုံးကရော ကိုယ်ပိုင်သံစဉ် ဖန်တီးထားလို့လားလို့ မေးခွန်းထုတ်လာကြတယ်။ မဖြူတို့ ဒီအခြေအနေကို ဖြတ်သန်းရတာ လွယ်မယ်ထင်လား။**

မူပိုင်ခွင့်ဆိုတာ ကော်ပီရယ်၊ ကိုယ်ပိုင်သံစဉ်ရယ်လို့ ခွဲပြောတာမဟုတ်ပါဘူး။ အနုပညာဖန်တီးမှုကိုကာကွယ်ခြင်းလို့ ယူဆပါတယ်။ ကော်ပီဆိုတာကလည်း ကိုယ့်ဘာသာနဲ့ ကိုယ့်တီးဝိုင်းနဲ့ မြန်မာအဆိုတော်က ဆိုကြရတာပါ။ ဥပမာ မြန်မာစာသားထည့်ကတည်းက ကိုယ့်စာသားဖြစ်အောင်ဖန်တီးရေးသားရပါတယ်။ ဖန်တီးမှုက သူ့နေရာလေးနဲ့ သူ အတိုင်းအတာ တစ်ခုပါနေပါသေးတယ်။ ထောက်ပြပြောဆိုတဲ့သူကလည်း သေသေချာချာဝေဖန် ပြောဆိုနိုင်ခြင်း မရှိဘူး။ ပြန်ပြီး ကာကွယ်ရမယ့်သူကလည်း ရေရေရာရာမရှင်းပြနိုင်ဘူး။ ပရိသတ်၊ သက်ဆိုင်သူနဲ့ အနုပညာရှင်ကြားမှာ အထင်အမြင်လွဲမှားစရာတွေ၊ ပြစ်တင်ပုံချစရာတွေ ရှိနေသယောင်ဖြစ်နေတာပါ။ ဒါကြောင့် ဖြူဖြူတို့ ဂီတအစည်းအရုံးက အနုပညာသမားတွေသိသင့်တဲ့အခေါ်အဝေါ်တွေ၊ သတ်မှတ်ချက်တွေကို ဘာသာပြန်စာအုပ်တွေက တစ်ဆင့်၊ စာရွက်စာတမ်းတွေနဲ့ ပြောပြသွားမှာပါ။ ပရိသတ်နဲ့မီဒီယာတွေလည်းသိသင့်ပါတယ်။ အကြောင်းအရာတစ်ခုကိုဝေဖန်ပိုင်းခြားသုံးသပ်နိုင်စွမ်းရှိပြီးမှ ဝေဖန်ကြစေချင်ပါတယ်။ ဆိုတာ၊ ရေးတာ၊ တီးတာ၊ ဖြန့်ချိတာ အားလုံး ကိုယ်တိုင်ငွေကြေးစိုက်ထုတ်ကုန်ကျပြီး လုပ်ရတာပါ။ ကိုယ်ပိုင်သံစဉ်မဟုတ်လို့ အနုပညာသမားဘက်က အော်ခွင့်မရှိဘူးဆိုတာ မမှန်ကန်ပါဘူး။

**ကျေးဇူးတင်ပါတယ်။**


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | End of Watch | Open Road Films | ၁၃,၁၅၂,၇၀၀ | ၁ |
| ၂။ | House At the End of the Street | Relativity Media | ၁၂,၂၈၇,၂၀၀ | ၁ |
| ၃။ | Trouble with the Curve | Warner Bros. Pic: | ၁၂,၁၆၂,၀၀၀ | ၁ |
| ၄။ | Finding Nemo | Walt Disney Pic: | ၃၀,၁၇၅,၄၀၀ | ၂ |
| ၅။ | Resident Evil: Retribution | Screen Gems & Sony Pic: | ၃၃,၄၆၉,၅၀၀ | ၂ |
| ၆။ | Dredd 3D | Lionsgate | ၆,၂၇၈,၄၉၀ | ၁ |
| ၇။ | The Master | The Weinstein Company | ၅,၄၄၆,၉၈၀ | ၂ |
| ၈။ | The Possession | Lionsgate | ၄၅,၂၉၁,၆၀၀ | ၄ |
| ၉။ | ParaNorman | Focus Features | ၅၂,၅၈၂,၇၀၀ | ၆ |
| ၁၀။ | Lawless | The Weinstein Company | ၃၄,၄၇၇,၁၀၀ | ၄ |

## Movie Review

### Taken 2




ဘရိုင်ယန်မီးလ်သည် အငြိမ်းစား စီအိုင်အေအရာရှိတစ်ဦးဖြစ်ပြီး အထူးကျွမ်းကျင်မှုများနှင့် အကျွမ်းဝင်သူတစ်ဦးဖြစ်သည်။ ၎င်း တာဝန်ထမ်းဆောင်စဉ်က ချေမှုန်းခဲ့သော လူဆိုးတစ်ဦး၏သားက အဖေအတွက်လက်စားချေမည်ဟု ကြုံးဝါးပြီး ဘရိုင်ယန်တို့ဇနီးမောင်နှံအား အစ္စတန်ဘူလ်မြို့တွင် ပြန်ပေးဆွဲလိုက်သည်။ ဤတွင် ဘရိုင်ယန်က လွတ်မြောက်နေသေးသော သူတို့၏ သမီးဖြစ်သူ ကင်မ်အား လူဆိုးများလက်မှ လွတ်မြောက်အောင် ရှောင်တိမ်းရင်း သူတို့လွတ်မြောက်ရေးအတွက်လည်း ကူညီခိုင်းသည်။ ဘရိုင်ယန်ကိုယ်တိုင်လည်း လူဆိုးများကို တစ်ဦးချင်းစီ လက်စဖျောက်နိုင်အောင် ကြိုးစားရတော့သည်။

သည်းထိတ်ရင်ဖို၊ စွန့်စားခန်း၊ အက်ရှင်ပေါင်းစပ်ထားသော ဇာတ်ကားအား Olivier Megaton ကရိုက်ကူးထားပြီး မင်းသားကြီး Liam Neeson နှင့် Maggie Grace, Famke Jnssen, Rade Serbedzija တို့က ပါဝင်သရုပ်ဆောင်ထားသည်။ 20th Century Fox က အောက်တိုဘာ ၅ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။




ဉာဏ်ကြွယ်
ရုံးလုပ်ငန်းသုံး
မသိမဖြစ်အခြေခံကွန်ပျူတာပညာ
- Word
- Excel
- Powerpoint

2003, 2007, 2010 တို့ တွဲစပ်ပြောင်းလဲအသုံးပြုနည်း Office Program အား Install ပြု လုပ်ပုံအဆင့်မှစပြီး ရှင်းပြပေးထားတယ်။ Office အခြေခံအသုံးပြုပုံပြုနည်းအပြင် လုပ်ငန်းစဉ်များမှာ ကြုံတွေ့ရ တတ်တဲ့ ပြဿနာများကိုလည်း ဖြေရှင်းပေးထားပါတယ်။




ကွန်ပျူတာစက်ပြင်ဆရာများလက်စွဲ ...
ကွန်ပျူတာမှ ပြဿနာများဖြေရှင်းနည်း
ဉာဏ်ကြွယ်

Sotfware ကြောင့် ကွန်ပျူတာပျက်ပါက ဆိုင်ပို့မည့်အစား မိမိကိုယ်တိုင် စမ်းသပ်ပြုပြင်နိုင်စေရန်၊ Window Install ပြုလုပ်နည်း၊ Back & Restore ပြုလုပ်နည်း ကွန်ပျူတာ၏ ပြဿနာများ သောင်းခြောက်ထောင်ကို ဖြေရှင်းနည်းများ ပါဝင်သည်။ ကွန်ပျူတာပြဿနာ တစ်ခုခြင်းစီကို စဉ်းစား ဖြေရှင်းရပုံကို လက်တွေ့ရှင်းပြထားတယ်။




Multimedia Editing
အပျော်တမ်းရုပ်သံတည်းဖြတ်အခွေထုတ်လုပ်နည်းမျိုးစုံ
ဉာဏ်ကြွယ်

Media အောက်ရှိ New Album မှတဆင့်စိတ်ကြိုက်ပုံများကို Album အမည်အသစ်ဖြင့် Program ထဲသို့ထည့်သွင်းနည်း၊ ကားကူးကားဆက် Transition ပုံစံကိုထည့်သွင်းအသုံးပြုနည်း၊ထည့်သွင်းထားသော ဓါတ်ပုံများကို ပိုမိုထူးခြားလာအောင် Effect ကိုထည့်သွင်းအသုံးပြုနည်း၊ စိတ်ကြိုက် VCD/ DVD အခွေများထဲမှ Video Files များကို Program ထဲသို့ ထည့်သွင်းနည်း၊ Wondeshare DVD Slideshow Builder Program အား ကွန်ပျူတာထဲသို့ ထည့်သွင်းနည်း၊ Photo DVD Maker Professional Program အား ကွန်ပျူတာထဲသို့ ထည့်သွင်းနည်းနှင့် အသုံးဝင်ပုံများ၊ Format Factory Program အား ကွန်ပျူတာထဲသို့ ထည့်သွင်းနည်း၊ VCD/DVD အခွေမှ Video ဖိုင်များအား Mobile Phone တွင်ကြည့်နိုင်အောင် ပြောင်းလဲနည်း၊ Format မတူသည့် Audio ဖိုင်များကို Audio Joiner ဖြင့် ပေါင်းစပ်ပြီး Audio ဖိုင်တစ်ဖိုင်တည်းအဖြစ် ပြောင်းလဲထုတ်လုပ်နည်း။

ထွက်ပြီ  မျက်မှန်စာပေ — ဖုန်း–၀၉–၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com ထွက်ပြီ



လက်ရွေးစင်ဘောလုံးသမားများ လေ့ကျင့်ခန်းဆင်းနေစဉ်

# မြန်မာအသင်း ခြေစွမ်းအမှန်မြင်ရမယ့် ပြိုင်ပွဲ

ဗိုလ်ဗိုလ်ဝင်း

မြန်မာ့ဘောလုံး အားကစားကို ဆုကြေးစားစနစ်သို့ ပြောင်းလဲလိုက်ပြီးနောက် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် ရှုံးချက်နာသော ပွဲစဉ်တစ်ပွဲ ရှိခဲ့သည်။ ၂၀၁၀ ဆူဇူကီးဖလားပြိုင်ပွဲ၏ အုပ်စုအဖွင့်ပွဲစဉ်တွင် ဒေသတွင်းပြိုင်ဘက် ဗီယက်နမ်အသင်းကို (၁-၇) ဂိုးဖြင့် ဂိုးပြတ်ခြေပြတ် ရှုံးနိမ့်ခဲ့သောပွဲစဉ်ဖြစ်သည်။ အဆိုပါပွဲစဉ်သည် ဆုကြေးစားစနစ်သို့ ပြောင်းလဲလိုက်ပြီးနောက် နှစ်နှစ်ခန့်အကြာတွင် ယှဉ်ပြိုင်ခဲ့ရသော ပွဲစဉ်ဖြစ်ပြီး မြန်မာဘောလုံးအသင်း၊ မြန်မာဘောလုံးအားကစား တိုးတက်ရေးအတွက် လုပ်ဆောင်နေကြသော အဖွဲ့ချုပ်၊ မြန်မာလိဂ်ကလပ်အသင်း ပိုင်ရှင်များအတွက်သာမက မြန်မာပရိသတ်များအတွက်ပါ မျက်နှာပျက်စရာပွဲစဉ်ဖြစ်ခဲ့သည်။

အာဆီယံဒေသတွင်း လက်ရွေးစင်အသင်းများ၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၁၂ ဆူဇူကီးဖလားပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပွဲစဉ်များကို လာမည့် နိုဝင်ဘာလအတွင်း၌ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းကို စောင့်ကြိုနေပြီဖြစ်သည်။ သို့သော်မြန်မာအသင်းမှာ ပြီးခဲ့သည့် ၂၀၁၀ ပြိုင်ပွဲ၌ နိုင်ပွဲမရရှိခဲ့ဘဲ အုပ်စုနောက်ဆုံးတွင် ရပ်တည်ခဲ့သောကြောင့် ယခုနှစ်ပြိုင်ပွဲအတွက် ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ခြေစစ်ပွဲအဆင့်တွင် မြန်မာအသင်းသည် လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ တီမောအသင်းများနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များကို အောက်တိုဘာလ ၅ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့တွင် လက်ခံကျင်းပသွားမည် ဖြစ်သည်။ အဆိုပါ ခြေစစ်ပွဲစဉ်များကို အုပ်စုပတ်လည်ပုံစံဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အမှတ်အများဆုံး နှစ်သင်းသည် နောက်ဆုံးအဆင့်ပွဲစဉ်များသို့တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

ခြေစစ်ပွဲမှ အုပ်စုပထမရအသင်းသည် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်အသင်းများ ပါဝင်မည့် အုပ်စု(က)တွင် ကျရောက်မည်ဖြစ်ပြီး ခြေစစ်ပွဲဒုတိယအသင်းသည် မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူအသင်းများ ပါဝင်သည့် အုပ်စု(ခ)သို့ ကျရောက်မည်ဖြစ်သည်။ အဆိုပါနောက်ဆုံးအဆင့်ပွဲစဉ်များကို နိုဝင်ဘာလ ၂၄ ရက်မှ ဒီဇင်ဘာလ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ၂၀၁၀ အုပ်စုတွင်းပြိုင်ဘက်များကို ပြန်လည်ချေပခွင့်ရရှိနိုင်ရန် ပထမအဆင့်ခြေစစ်ပွဲကို ဖြတ်ကျော်ရဦးမည်ဖြစ်သည်။ မြန်မာအသင်းသည် ၁၉၉၈ ခုနှစ် ပြိုင်ပွဲတွင်လည်း ခြေစစ်ပွဲဝင်ခဲ့ရဖူးပြီး ထိုစဉ်က လာအို၊ ဘရူနိုင်းအသင်းများကိုဖြတ်ကျော်ကာ နောက်ဆုံးအဆင့်သို့တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

လက်ရှိ မြန်မာလက်ရွေးစင်အသင်းကိုပြီးခဲ့သည့်အာရှယူ-၂၂ အသင်း ခြေစစ်ပွဲအောင် မြန်မာယူ-၂၂ အသင်းကို ကိုင်တွယ်ခဲ့သူ ကိုရီးယားလူမျိုး ပတ်ဆောင်ဟွာက ဆက်လက်ကိုင်တွယ်နေပြီး ကစားသမားများသည်လည်း ယူ-၂၂အသင်းမှ ကစားသမားအများစုနှင့်အတွေ့အကြုံရှိလူဟောင်းများကို စုစည်းထားခြင်းဖြစ်သည်။ လက်ရှိ အခြေအနေအရ မြန်မာအသင်းသည် ခြေစစ်ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း၊ ခြေစစ်ပွဲအောင်အရေအတွက် နှစ်သင်းဖြစ်ခြင်း၊ ခြေစစ်ပွဲဝင်ပြိုင်ဘက်များ၏ အနေအထားအရ ခြေစစ်ပွဲကို ကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်း လေ့လာသူများနှင့် ပရိသတ်များက သုံးသပ်ကြသည်။

| ၂၀၁၂ ဆူဇူကီးဖလားခြေစစ်ပွဲ | | |
|---|---|---|
| ၅. ၁၀. ၁၂ | ကမ္ဘောဒီးယား | တီမော |
| | မြန်မာ | ဘရူနိုင်း |
| ၇. ၁၀. ၁၂ | မြန်မာ | တီမော |
| | လာအို | ကမ္ဘောဒီးယား |
| ၉. ၁၀. ၁၂ | ကမ္ဘောဒီးယား | ဘရူနိုင်း |
| | တီမော | လာအို |
| ၁၁. ၁၀. ၁၂ | ဘရူနိုင်း | လာအို |
| | မြန်မာ | ကမ္ဘောဒီးယား |
| ၁၃. ၁၀. ၁၂ | မြန်မာ | လာအို |
| | ဘရူနိုင်း | တီမော |

(ပွဲစဉ်အားလုံး သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်ပြီး ပထမပွဲစဉ်ကို ညနေ ၃ နာရီနှင့် ဒုတိယပွဲစဉ်ကို ညနေ ၆ နာရီတွင် စတင်မည်ဖြစ်သည်)

သို့သော် နည်းပြချုပ် ပတ်ဆောင်ဟွာအနေဖြင့်မူ ခြေစစ်ပွဲဝင် ပြိုင်ဘက်များကို အထင်မသေးရန် ကြိုတင်စွာ သတိပေးထားခဲ့ပြီး မြန်မာအသင်းအနေဖြင့် မည်သည့်အသင်းကိုဖြစ်စေ အလွယ်တကူ အနိုင်ရရှိရန် မျှော်လင့်မထားသင့်ကြောင်း ဆိုထားသည်။ မြန်မာအသင်းသည် ယခုခြေစစ်ပွဲမတိုင်ခင် စင်ကာပူအသင်းနှင့် ရန်ကုန်တွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားထားကာ တစ်ဂိုးစီသရေကျထားခဲ့ပြီး ဂျပန်နိုင်ငံသို့လည်း ခြေစမ်းပွဲများ သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည်။ ဂျပန်ခရီးစဉ်အတွင်း ခြေစမ်းပွဲ ငါးပွဲစလုံး၌ ရှုံးနိမ့်ထားခဲ့သော်လည်း ယှဉ်ပြိုင်ဘက်အသင်းများသည်အဆင့်မြင့်သည့်အသင်းများဖြစ်သည့်အတွက် အတွေ့အကြုံကောင်းများနှင့် အကျိုးရှိစေမည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်သည်။

"ခြေစစ်ပွဲစဉ်တွေ ဝင်ရတာလည်း အကောင်းဘက်က ကြည့်မယ်ဆိုရင်နောက်ဆုံးအဆင့်ပွဲစဉ်တွေမတိုင်မီ ခြေစွမ်းစမ်းသပ်လို့ရနိုင်တာပေါ့။ ခြေစမ်းပွဲနဲ့ ပြိုင်ပွဲဆိုတာက မတူဘူးလေ။ ခြေစစ်ပွဲတွေမှာ အသင်းတွေက ပြိုင်ပွဲအသွင် ယှဉ်ပြိုင်ကြမှာဆိုတော့ မြန်မာအသင်းအနေနဲ့ကြားထဲမှာ ခြေစမ်းပွဲတွေ ယှဉ်ပြိုင်ကစားတာထက်ပိုအကျိုးရှိစေနိုင်မယ်လို့ထင်ပါတယ်"ဟု ဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေး(ပျဉ်းမနား)က ဆိုသည်။

လက်ရှိ မြန်မာ့လက်ရွေးစင်အသင်းတွင် ရှေ့တန်းတိုက်စစ်မှူးအများစု ဒဏ်ရာရရှိနေမှုများ ရှိနေခြင်း၊ ပြီးခဲ့သည့် မြန်မာလိဂ်တွင် ပြည်တွင်းတိုက်စစ်မှူးများထဲမှ ဂိုးအများဆုံးသွင်းထားသည့် စိုးမင်းဦးအနေဖြင့် လက်ရွေးစင်စာရင်းတွင်မပါရှိခြင်းတို့က ဂိုးရရှိရန် ရုန်းကန်ရဖွယ်ရှိကြောင်းလည်း လေ့လာသူများကဆိုသည်။ အိမ်ရှင် အခွင့်အရေးရှိနေသော်လည်း ရန်ကုန်မြေ၌ကျင်းပခဲ့သည့် ပြီးခဲ့သည့် AFC Challenge Cup ခြေစစ်ပွဲတွင်မြန်မာအသင်းသည် ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ ပါလက်စတိုင်းအသင်းများနှင့် ယှဉ်ပြိုင်ခဲ့ရာတွင် နိုင်ပွဲမရခဲ့ဘဲ အုပ်စုနောက်ဆုံးနေရာတွင် ရပ်တည်ခဲ့မှုများကလည်း မြန်မာပရိသတ်များအတွက် အမှတ်ရစရာများဖြစ်နေဆဲဖြစ်သည်။

သို့သော် ကိုရီးယားနည်းပြ၏ လက်ထက်တွင် မြန်မာဘောလုံးသမားများ အနေဖြင့် ကစားအား၊ ကြံ့ခိုင်မှု အားပိုမိုတိုးတက်လာပြီး လာမည့်ခြေစစ်ပွဲစဉ်အားကျော်ဖြတ်နိုင်မည်ဟု ယေဘုယျသုံးသပ်ကြသော်လည်း ရန်ကုန်တွင် ကျင်းပမည့် ယခုခြေစစ်ပွဲစဉ်တွင် အခြားအရေးကြီးသောအချက်ရှိနေသေးသည်။ ၂၀၁၁ ခုနှစ်က မြန်မာ-အိုမန် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအဆင့်တွင် တစ်ကြိမ်၊ ယခုနှစ် အာရှယူ-၂၂ ခြေစစ်ပွဲစဉ်များတွင် တစ်ကြိမ် ပရိသတ်အချို့၏ စည်းကမ်းမဲ့ အားပေးမှုများကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား ဒဏ်ငွေပြစ်ဒဏ်များ ချမှတ်ခံခဲ့ရပြီး နောင်လာမည့်ခြေစစ်ပွဲစဉ်သည် မြန်မာပရိသတ်များ၏ စည်းကမ်းရှိမှုကို ပြန်လည်ပြသရန် လိုအပ်လာပြီဖြစ်သည်။

မြန်မာ-အိုမန်ပွဲစဉ်တွင် ပရိသတ်များကြောင့်ပွဲပျက်ခဲ့ရသည်အထိ အခြေအနေ ဆိုးခဲ့သော်လည်း အာရှယူ-၂၂ပွဲစဉ်များတွင်မူ ပွဲကြည့်စင်၌ မီးရှူးများ ထွန်းညှိအားပေးခြင်းအတွက် ဒဏ်ငွေများ ချမှတ်ခံရခြင်းမှာ ပရိသတ်များအား အဖွဲ့ချုပ်မှ စည်းကမ်းချက်များ ပညာပေးမှုအပိုင်းတွင် အားနည်းခဲ့မှုကြောင့်ဖြစ်ကြောင်း လေ့လာသူများက ဆိုသည်။

စာ(၅၅)သို့



# ဘာစီလိုနာ - ရီးရဲလ်မက်ဒရစ်၊ မီလန်-ဒါဘီ၊ နယူးကာဆယ်နှင့် မန်ယူ ထိပ်တိုက်တွေ့ဆုံမှုများနှင့် ဥရောပလိဂ်ပြိုင်ပွဲများ

**ကိုအေးမြတ်**




ဒီတစ်ပတ်ကစားမယ့်ဥရောပထိပ်သီးလိဂ်ပွဲစဉ်တွေမှာတော့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲမှာ မန်စီးတီး၊ လီဗာပူးတို့ရဲ့ အိမ်ကွင်းပွဲစဉ်တွေနဲ့အာဆင်နယ်၊ မန်ယူတို့ရဲ့ အဝေးကွင်းပွဲတွေကို ကြည့်ရမှာပါ။ အီတလီစီးရီးအေပွဲစဉ်တွေထဲမှာတော့ဇယားထိပ်က ဂျူဗင်တပ်၊ နာပိုလီတို့ရဲ့ပွဲတွေအပြင်၊ ကမ္ဘာကျော်မီလန် ဒါဘီဖြစ်တဲ့ အင်တာမီလန်-အေစီမီလန်ပွဲစဉ်ကို စောင့်ကြည့်ရဖို့ရှိပါတယ်။ ထို့အတူ စပိန်လာလီဂါသုံးပွဲမှာလည်း ဇယားထိပ်ပိုင်းက မာယော်ကာ၊ မာလာဂါတို့ရဲ့ပွဲတွေအပြင် လာလီဂါရဲ့ မဟာပြိုင်ဘက်နှစ်သင်းဖြစ်တဲ့ ဘာစီလိုနာနဲ့ ရီးရဲလ်မက်ဒရစ်တို့ရဲ့ ပွဲစဉ်တွေကို ရှုစားရမှာပါ။

**ပရီးမီးယားလိဂ်**

**<u>အောက်တိုဘာ ၆၊ စနေ။</u>**

**မန်စီးတီး - ဆန်းဒါးလန်း**

(ညနေ ၆း၁၅ နာရီ)

ယမန်နှစ်ရလဒ် - ၃-၃

မန်စီးတီးဟာ ဆန်းဒါးလန်းနဲ့တွေ့တိုင်း ခက်ခဲတတ်ပါတယ်။ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်ရလဒ်ကိုကြည့်ရင် မန်စီးတီးတစ်ကြိမ်ပဲနိုင်ပြီး ဆန်းဒါးလန်းနှစ်ကြိမ်နိုင်ကာ နှစ်ကြိမ်သရေကျထားတယ်။ ရာသီအဖွင့်မှာ မန်စီးတီးတို့ချန်ပီယံခြေစွမ်းပြနေပေမယ့် နိုင်ခြေသိပ်မများလှတဲ့ ပွဲပါ။ မန်စီးတီးဘက်က တစ်ဂိုးအသာလောက်ပဲ ရနိုင်ပါတယ်။

**ဝက်စ်ဟမ်း - အာဆင်နယ်**

(ည ၉း၃၀ နာရီ)

ယမန်နှစ်ရလဒ် - မရှိ

လူသစ်တွေနဲ့ ကစားကွက်မြန်မြန်အသားကျနေတဲ့ အာဆင်နယ်တို့ အဝေးကွင်းနိုင်ခြေရှိနေတယ်။ လက်ရှိမှာ အာဆင်နယ် အဝေးကွင်းရလဒ်ကောင်းနေပေမယ့်သရေပွဲများနေတာမို့သတိထားရမယ်။ ဝက်စ်ဟမ်းအိမ်ကွင်းမှာ အာဆင်နယ်ဂိုးနည်းနည်းနဲ့ ကပ်နိုင်ဖို့ပဲရှိတယ်။

**<u>အောက်တိုဘာ ၇၊ တနင်္ဂနွေ</u>**

**လီဗာပူး - စတုတ်စီးတီး**

(ည ၈း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ဝ-ဝ

လီဗာပူးတို့ ကွင်းလယ်ပိုင်းသာပေမယ့် အိမ်ကွင်းနိုင်ပွဲရဖို့ မပေါ့ဆဖို့လိုပါတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ လီဗာပူးနိုင်မယ့်ပွဲပါ။ လီဗာပူးနှစ်ဂိုးလောက် ရနိုင်ပါတယ်။

**နယူးကာဆယ် - မန်ယူ**

(ည ၉း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ၃-ဝ

မနှစ်က အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စလုံး မန်ယူတို့အနိုင်မရခဲ့တာ သတိပြုသင့်တယ်။ နယူးကာဆယ် အိမ်ကွင်းမှာမန်ယူတို့အနိုင်မရခဲ့တာကြာပါပြီ။ သရေဖြစ်နိုင်ခြေရှိပြီး မန်ယူနိုင်ရင်တောင်ဂိုးများဖို့ မရှိဘူး။

**အီတလီစီးရီးအေ**

**<u>အောက်တိုဘာ ၇၊ တနင်္ဂနွေ</u>**

**ဆီနာ - ဂျူဗင်တပ်**

(ည ၇း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ဝ-၁

အကြိတ်အနယ်ကစားရလေ့ရှိတဲ့နှစ်သင်းတွေ့တဲ့ပွဲပါ။ ရာသီအဖွင့်မှာ ဂျူဗီတို့ အကောင်းဆုံးခြေစွမ်းရနေပေမယ့်မထင်မှတ်ဘဲအခက်တွေ့နိုင်တယ်။ ဂျူဗင်တပ်ကို ဂိုးအနည်းနဲ့ပဲ ရွေးရမှာပါ။

**<u>အောက်တိုဘာ ၈၊ တနင်္လာ</u>**

**အေစီမီလန် - အင်တာမီလန်**

(နံနက် ၁း၁၅ နာရီ)

ယမန်နှစ်ရလဒ် - ဝ-၁

မီလန်ဒါဘီမှာ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်အရ အေစီမီလန်က နိုင်ပွဲ သုံးပွဲရပြီး အင်တာကနှစ်ပွဲရထားတယ်။ ဒီရာသီအဖွင့်မှာ အေစီမီလန်တို့ ရှုံးပွဲတချို့ရှိနေသလို အင်တာလည်းရှိထားတယ်။ ဒါပေမဲ့ ဒီပွဲမှာ အင်တာကိုဂိုးအနည်းနဲ့ ယုံသင့်ပါတယ်။

**နာပိုလီ - အူဒီးနီးစ်**

(နံနက် ၁း၁၅ နာရီ)

ယမန်နှစ်ရလဒ် - ၂-ဝ

အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ နာပိုလီတို့ ဦးဆောင်မယ့်ပွဲပါ။ အူဒီးနီးစ်အမြင့်ဆုံး သရေသာခန့်မှန်းနိုင်ပြီး နာပိုလီအနိုင်ဖြစ်ဖို့များတယ်။

**စပိန်လာလီဂါ**

**<u>အောက်တိုဘာ ၇၊ တနင်္ဂနွေ</u>**

**မာယော်ကာ - ဂရင်းနေဒါ**

(ည း နာရီ)

ယမန်နှစ်ရလဒ် - ဝ-ဝ

မယော်ကာရှုံးပွဲ မရှိသေးတဲ့အချိန်မှာ ဂရင်းနေဒါတို့ မနှစ်ကလိုသရေရဖို့မလွယ်ဘူး။ အိမ်ရှင်မာယော်ကာတို့ဦးဆောင်ဂိုးရရင် နှစ်ဂိုးအသာလောက်နဲ့ ပွဲပြတ်သွားနိုင်တယ်။

**<u>အောက်တိုဘာ ၈၊ တနင်္ဂနွေ</u>**

**ဘာစီလိုနာ - ရီးရဲလ်မက်ဒရစ်**

(နံနက် ဝဝး၂ဝ နာရီ)

ယမန်နှစ်ရလဒ် - ၁-၂

အထာသိနေတဲ့ ထိပ်တန်းပြိုက်ဘက်နှစ်သင်းဖြစ်ပြီး နာမည်ကျော်ကစားသမားတွေရဲ့ ကစားကွက်တွေကိုကြည့်ရပါမယ်။ အိမ်ရှင်ဘာကာတို့ အသင်းလိုက် ကစားပုံအကောင်းဆုံးရှိနေတာမို့ ဘန်ဇီးမားတစ်ဦးတည်းအထောင်ကစားမယ့် ရီးရဲလ်တိုက်စစ် ထိရောက်ဖွယ်မရှိဘူး။ အကြိုက်ကတော့ဘာစီလိုနာဖြစ်ပြီး ဘာကာနှစ်ဂိုးကွာလောက်နဲ့နိုင်မယ်။

**အက်သလက်တီကို - မာလာဂါ**

(နံနက် ၂း၀၀ နာရီ)

ယမန်နှစ်ရလဒ် - ၂-၁

နှစ်သင်းစလုံး ထိပ်သီးငါးသင်းစာရင်းထဲမှာ လောလောဆယ်ရှိနေပါတယ်။ လက်ရှိခြေစွမ်းအရ အက်သလက်တီကို ကောင်းပေမယ့် မထင်မှတ်ဘဲ သရေပွဲလည်းဖြစ်နိုင်တယ်။ မာလာဂါနိုင်ဖို့တော့ မရှိပါဘူး။



Manufactured by
LOI HEIN CO., LTD.

BLUE MOUNTAIN®

Drink Blue Mountain
Drink Myanmar Product



## နောက်ဆုံးကျန်ရှိသော ဆိုမာလီစစ်သွေးကြွများ စခန်းကို ကင်ညာတပ်ဖွဲ့များ တိုက်ခိုက်

**မိုဂါဒစ်ရှူး၊ စက်တင်ဘာ - ၂၉**

ကင်ညာတပ်ဖွဲ့များသည် ဆိုမာလီယာနိုင်ငံရှိ အယ်လ်ရှာဘတ်စစ်သွေးကြွများ၏ နောက်ဆုံးအမာခံစခန်းကိုဝင်ရောက်သိမ်းပိုက်လိုက်ကြောင်းသိရသည်။ ကင်ညာတပ်ဖွဲ့များသည် ကစ်မာယိုဒေသသို့မနက်လင်းအားကြီးအချိန်တွင် ကမ်းတက်တိုက်ပွဲ ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

ကင်ညာ၊ ယူဂန်ဒါနှင့် ဘရွန်ဒီနိုင်ငံများမှ အာဖရိကသမဂ္ဂတပ်ဖွဲ့များသည် လွန်ခဲ့သော ၁၈ လအတွင်း အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့အား ဆိုမာလီယာနိုင်ငံမြို့တော် မိုဂါဒစ်ရှူးမှ တိုက်ထုတ်ခဲ့ကြပြီး စစ်သွေးကြွများ ထွက်ပြေးတိမ်းရှောင်ခဲ့ရာမြို့ငယ်များကိုလည်း လိုက်လံသိမ်းပိုက်ခဲ့သည်။

ကင်ညာ မြေပြင်တပ်ဖွဲ့များသည် စက်တင်ဘာလ ၂၈ ရက်နေ့လယ်ပိုင်းကပင် ကစ်မာယိုဒေသ၏ အနောက်ဘက်ကို တဖြည်းဖြည်းချင်း ချဉ်းကပ်ခဲ့ကြောင်း ကင်ညာကာကွယ်ရေးတပ်ဖွဲ့ကပြောသည်။

အယ်လ်ရှာဘတ်အဖွဲ့သည် အယ်လ်ကိုင်ဒါအဖွဲ့နှင့် မဟာမိတ်ဖွဲ့ထားပြီး အိန္ဒိယသမုဒ္ဒရာဆိပ်ကမ်းသို့ ရောက်ရှိလာသော ကုန်ပစ္စည်းများကို အခွန်ကောက်ရင်း ဝင်ငွေဖြောင့်နေခဲ့ကြသည်။ ထို့အတွက် ကစ်မာရိုစခန်းကို ဆုံးရှုံးခြင်းအတွက် ၂၀၀၇ ခုနှစ်မှစ၍ တိုက်ခိုက်မှုများစတင်လုပ်ဆောင်ခဲ့ပြီး မြို့တော် မိုဂါဒစ်ရှူးဒေသအများအပြားကို သိမ်းပိုက်နိုင်ခဲ့သော အယ်လ်ရှာဘတ်အဖွဲ့အတွက် ကြီးမားသောထိုးနှက်ချက်ဖြစ်သည်။

ဆိုမာလီယာနိုင်ငံသည်မကြာသေးမီရက်သတ္တပတ်များကပင် ကုလသမဂ္ဂကျောထောက်နောက်ခံပေးထားသော ကြားဖြတ်အစိုးရလက်ထက်မှနေ၍ ပါလီမန်အမတ်များရွေးချယ်၍ သမ္မတသစ်တစ်ဦးကို ရွေးကောက်တင်မြှောက်ခဲ့ကြောင်း သိရသည်။

*—Ref: AP*

## စပိန်နိုင်ငံတောင်ပိုင်း ရုတ်တရက်ရေကြီးမှု လူရှစ်ဦး သေဆုံး

**မာလာဂါ၊ စက်တင်ဘာ - ၂၉**

စပိန်နိုင်ငံတောင်ပိုင်းတွင်မိုးသည်းထန်စွာ ရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ အနည်းဆုံးလူ ရှစ်ဦးသေဆုံးခဲ့ကြောင်းတာဝန်ရှိသူများကပြောကြားသည်။ သေဆုံးသူများတွင် အဘွားအိုတစ်ဦးနှင့် မိန်းကလေးငယ်တစ်ဦးလည်း ပါဝင်ခဲ့သည်။

ရေများဒလဟောစီးဆင်းမှုကြောင့် ကားများပက်လက်လန်ကာလမ်းများလည်း ပိတ်ဆို့ခဲ့သည်။ အိမ်များပျက်စီးပြီး လူရာပေါင်းများစွာသည် ပစ္စည်းများကိုပစ်ထား၍ ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့ကြရသည်။

မာလာဂါ၊ အယ်မာရီယာနှင့် မာစီယာဒေသများမှာ ရေကြီးမှုဒဏ်ကို အပြင်းထန်ဆုံးခံစားခဲ့ရသည်။ အန်ဒါလူစီယာဒေသ၌ လူပေါင်း ၆၀၀ ကို ၎င်းတို့၏နေအိမ်များမှ ပြောင်းရွှေ့ပေးခဲ့ရကြောင်း တာဝန်ရှိသူများကပြောကြားသည်။

စက်တင်ဘာ ၂၈ ရက်နံနက်ပိုင်းမှာပင် အဆိုပါဒေသ၌ မိုးရေချိန် ၉ ဒသမ ၆ လက်မရွာသွန်းခဲ့ကြောင်း စပိန်မိုးလေဝသဌာနကပြောကြားသည်။

လောလောဆယ်တွင် မိုးရွာသွန်းမှု လျော့ပါးလာပြီး ဂရာနာဒါနှင့် အယ်လ်မာရီယာဒေသများသို့ ရွေ့လျားသွားသည်ဟု ထင်ရကြောင်း ဒေသခံအစိုးရပြောခွင့်ရအမျိုးသမီးတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ပြောကြားသည်။

သို့ရာတွင် လာမည့်ရက်များအတွင်း စပိန်နိုင်ငံတောင်ပိုင်းဒေသများ၌ မိုးများဆက်လက်ရွာသွန်းပြီး မိုးကြိုးမုန်တိုင်းများလည်းကျရောက်နိုင်ကြောင်း ခန့်မှန်းထားကြသည်။ *—Ref: BBC*

## အင်္ဂါဂြိုဟ်ပေါ်တွင် မြစ်ကြမ်းပြင်ရှိခဲ့သည့် အထောက်အထားတွေ့ရှိ

**နာဆာ၊ စက်တင်ဘာ - ၂၉**

နာဆာ၏ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် Curiosity က နောက်ဆုံးပေးပို့သောပုံရိပ်များအရလေ့လာရေးလုပ်ဆောင်နေသော ဂေးလ်ချိုင့်ဝှမ်းကြီးတွင် တစ်ချိန်က ရေတိမ်မြစ်တစ်ခုစီးဆင်းခဲ့ကြောင်းတွေ့ရှိရသည်ဟုဆိုသည်။ ယင်းမှာဖုန်မှုန်ထူထပ်သော ဂြိုဟ်ကြီးသည် ရှေးသရောအခါက သက်ရှိများ လက်ခံနိုင်ခဲ့သည်ဆိုသောအဓိပ္ပာယ်ဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

နာဆာလေ့လာရေးယာဉ်၏ဓာတ်ပုံများအရ ဂေးလ်ချိုင့်ဝှမ်း၏မြောက်ဘက် နှုတ်ခမ်းစွန်းမှနေ၍ ရှပ်(ပ်)တောင်ကုန်းဆီသို့ ရှေးအခါက ရေလမ်းကြောင်းတစ်ခုဖြတ်သန်းစီးဆင်းသွားပုံကို ရှင်းရှင်းလင်းလင်း ပြသနေကြောင်းသိရှိရသည်။ ရှပ်(ပ်)တောင်ကုန်းမှာဂေးလ်ချိုင့်ဝှမ်းကြမ်းပြင်မှ ၅ ကီလိုမီတာမြင့်မားသည့် တောင်တစ်ခုဖြစ်သည်။




ခြောက်သွေ့နေပြီဖြစ်သောမြစ်ကြမ်းပြင်တွင် ကျောက်စရစ်ခဲလုံးများနှင့် သဲလုံးများမှာ အချိန်ကြာလာသည်နှင့်အမျှ ကျောက်သားများတွင် ပေါင်းစပ်နေပုံကိုမြင်တွေ့ရသည်။ ကျောက်ခဲများ၏အရွယ်အစားနှင့် ပုံသဏ္ဌာန်အရအဆိုပါမြစ်ရေစီးကြောင်းသည် ခြေမျက်စိ(သို့မဟုတ်)ဒူးခေါင်းအထိနက်ပြီး တစ်စက္ကန့်လျှင် တစ်မီတာနှုန်းဖြင့် စီးဆင်းသည်ဟု ညွှန်ပြနေသည်။

ယခင်လအတွင်း အင်္ဂါဂြိုဟ်ပေါ်သို့ ရောက်ရှိခဲ့သည့် ကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံတန်ရွေ့လျားသိပ္ပံစမ်းသပ်ခန်းယာဉ်သည် လေ့လာရေးလုပ်ငန်းများစတင်လုပ်ဆောင်နေပြီဖြစ်သည်။

*—Ref: Guardian*



7 DAY NEWS JOURNAL
Vol.11, No.30 · OCTOBER 4 , 2012

## တရုတ်နှင့် ဆက်ဆံရေးတင်းမာလာချိန် ဂျပန်ဝန်ကြီးအဖွဲ့အတွင်း အပြောင်းအလဲများ ပြုလုပ်

**တိုကျို၊ အောက်တိုဘာ - ၁**

ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါသည် ၎င်း၏ကျဆင်းနေသော လူကြိုက်များမှု ပြန်လည်မြှင့်တင်ရေးနှင့် ပျက်ယွင်းနေသောတရုတ် သံတမန်ရေးကိစ္စများ ကျော်လွှားနိုင်ရန်အတွက် အစိုးရအဖွဲ့အတွင်း ဝန်ကြီးနေရာများစွာ အပြောင်းအလဲပြုလုပ်လိုကြောင်း သိရသည်။ အစိုးရ၏ ပြောခွင့်ရပုဂ္ဂိုလ် အိုဆာမူဖူဂျီမူရာက "ဒီနေ့ဝန်ကြီးအဖွဲ့ အထူးအစည်းအဝေးမှာ ဝန်ကြီးချုပ်ဟာ ဝန်ကြီးအဖွဲ့ရာထူးပြောင်းလဲရေးကို ဆောင်ရွက်မယ်လို့ ကျွန်တော်တို့ကို ပြောခဲ့ပါတယ်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးအားလုံးရဲ့ နုတ်ထွက်မှုတွေကို စုဆောင်းထားပြီးပါပြီ"ဟု ပြောသည်။


ဓာတ်ပုံ - AFP

ယခုကဲ့သို့ ဝန်ကြီးအဖွဲ့အပြောင်းအလဲလုပ်ခြင်းသည် အကုန်အကျများမည့် အခွန်နှစ်ဆတိုးကောက်မှု ဥပဒေပြုရေး လွှတ်တော်၌ ဆွေးနွေးပြီးနောက် ဝန်ကြီးချုပ်အပေါ် လူကြိုက်များမှု ကျဆင်းလာကြောင်း မီဒီယာများတွင် ဖော်ပြစဉ် ပေါ်ထွက်လာခြင်းဖြစ်သည်။ ထို့အပြင် ဝန်ကြီးအဖွဲ့ အပြောင်းအလဲအတွက် နောက်ထပ်သက်ရောက်မှုမှာ အရှေ့တရုတ်ပင်လယ်အတွင်း ဂျပန်က ဆင်ကာကူကျွန်းစုများဟုခေါ်ပြီး တရုတ်က ဒိုင်အိုယုဟုခေါ်သော ကျွန်းများပိုင်ဆိုင်မှု အပေါ် နှစ်နိုင်ငံသံတမန်ရေးအရ အငြင်းပွားမှုများ ပြင်းထန်လာခြင်းကလည်း တစ်ချက်ဖြစ်သည်။

ဝန်ကြီးချုပ်နိုဒါသည် နုတ်ထွက်ပေးလိုက်သည့် ဝန်ကြီးဟောင်းများနေရာတွင် ဒီမိုကရက်တစ်ပါတီ (ဒီဂျေပီ)၏ ဝါရင့်အဖွဲ့ဝင်ကိုရီကိုဂျိုဂျီမားအား ဘဏ္ဍာရေးဝန်ကြီးသစ် အဖြစ်လည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် တရုတ်နှင့် သံတမန်ဆက်ဆံရေး ပုံမှန်ဖြစ်အောင် ပြုလုပ်ပေးနိုင်ခဲ့သည့် ဝန်ကြီးချုပ်ဟောင်း တာနာကာ၏ သမီး မာကီကိုတာနာကာအား ပညာရေးဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်ခဲ့သည်။

*—Ref: AFP/ CNA*

## ယီမင်နိုင်ငံသား ထက်ဝက်ခန့် စားနပ်ရိက္ခာ မလုံလောက်မှု ကြုံတွေ့နေရ

**ဆာနာ၊ အောက်တိုဘာ - ၁**

နိုင်ငံရေးမတည်ငြိမ်မှု၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် ရေနံဈေးနှုန်းများမြင့်တက်မှုစသောအကြောင်းအရာများကြောင့် ယီမင်နိုင်ငံသားထက်ဝက်ခန့်မှာ နေ့စဉ်ပင် စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် ယီမင်နိုင်ငံမှာ ကမ္ဘာပေါ်တွင် တတိယအဆိုးရွားဆုံးသောကလေးငယ် အာဟာရချို့တဲ့မှုပြဿနာကြုံတွေ့နေရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) က ပြောကြားသည်။

ယီမင်နိုင်ငံတွင် သမ္မတ အလီအဗ္ဗဒူလာဆာလေး၏ ၃၃ နှစ်ကြာ အုပ်ချုပ်မှုအဆုံးသတ်စေခဲ့သည့် တော်လှန်ရေးနောက်ပိုင်းမှစ၍ ပြည်နယ်နှင့် ကျေးလက်ဒေသများ၌ အစိုးရ၏ထိန်းချုပ်မှုအားနည်းလာကာ စစ်တပ်အတွင်းမှာလည်း မစ္စတာဆာလေးအားထောက်ခံသူနှင့် ဆန့်ကျင်သူဟူ၍ နှစ်ခြမ်းကွဲနေသည်။ အယ်လ်ကိုင်ဒါအဖွဲ့ကလည်း ဒေသအချို့ကို သိမ်းပိုက်ထားသည်။

သီးနှံစိုက်ပျိုးနိုင်သော မြေယာနည်းပါးသဖြင့်စားနပ်ရိက္ခာ အများစုကို နိုင်ငံခြားမှတင်သွင်းနေရသော ယီမင်နိုင်ငံ၌ ကမ္ဘာ့စားနပ်ရိက္ခာနှင့် ရေနံဈေးနှုန်းများ ကြီးမြင့်မှုဒဏ်ကိုလည်း ခံစားနေရကြောင်း WFP ပြောရေးဆိုခွင့်ရှိသူ ဘယ်ရီကိန်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

"ယီမင်နိုင်ငံလူဦးရေရဲ့ ၂၂ ရာခိုင်နှုန်းရှိတဲ့ မြေမရှိတဲ့ နေ့စဉ်အလုပ်သမားငါးသန်းလောက်က မြေမရှိလို့ မစိုက်ပျိုးနိုင်သလို ဈေးနှုန်းကြီးမြင့်နေလို့လည်း စားနပ်ရိက္ခာဝယ်မစားနိုင်ကြပါဘူး။ ဒါ့အပြင် နောက်ထပ်လူ ငါးသန်းလောက်ဟာလည်း ဈေးနှုန်းကြီးမြင့်မှုတွေကြောင့် လုံလောက်အောင် ဝယ်မစားနိုင်ဘဲ စားနပ်ရိက္ခာမဖူလုံဘူးလို့ ပြောနိုင်ပါတယ်။ ဒါ့ကြောင့် လူပေါင်းဆယ်သန်းလောက်ဟာ နေ့စဉ်ဗိုက်ဆာဆာနဲ့ပဲ အိပ်ရာဝင်နေကြရပါတယ်"ဟု WFP ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ယီမင်နိုင်ငံတွင် WFP ၏ စားနပ်ရိက္ခာရာရှင်ဝေစုရရှိနေသူမှာ ၁ ဒသမ ၂ သန်းမှ ၃ ဒသမ ၈ သန်းအထိ တိုးလာသည်။ သို့သော် အခြေခံအဆောက်အအုံညံ့ဖျင်းမှုနှင့် ပြန်ပေးဆွဲမှုများက စားနပ်ရိက္ခာထောက်ပံ့ပေးရေး လုပ်ငန်းများကို ခက်ခဲရှုပ်ထွေးစေကြောင်း သိရသည်။

*—Ref: Reuters*

## အာဖဂန်နစ္စတန်တွင် အမေရိကန် အရပ်သားနှင့် တပ်ဖွဲ့ဝင်သေဆုံးမှု ၂,၀၀၀ ဦးရှိလာ


ဓာတ်ပုံ - Reuters

**ကဘူးလ်၊ အောက်တိုဘာ - ၁**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း စစ်ဆေးရေးဂိတ်တစ်ခုတွင် နေတိုးဦးဆောင်သော တပ်ဖွဲ့များနှင့် အာဖဂန်စစ်တပ်အကြား အပြန်အလှန် ပစ်ခတ်မှုတစ်ရပ်ဖြစ်ပွားရာ အမေရိကန်နိုင်ငံသားနှစ်ဦး သေဆုံးခဲ့ကြောင်းသိရသည်။ ယခုနောက်ဆုံးပစ်ခတ်မှုမှာ နားလည်မှုလွဲ၍ ဖြစ်ခြင်းဖြစ်ပြီး အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်နှင့် အရပ်သား သေဆုံးမှု ၂,၀၀၀ ရှိလာခဲ့ပြီဖြစ်သည်။

ဝါဒက်ခရိုင်တွင် ဖြစ်ပေါ်ခဲ့သောပစ်ခတ်မှုကြောင့် အမေရိကန်စစ်သားတစ်ဦးနှင့် အရပ်သားကန်ထရိုက်တာတစ်ဦး သေဆုံးခဲ့သည်။ အာဖဂန်စစ်သားသုံးဦးလည်း သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမေရိကန်စစ်သားမှာ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များ လက်ချက်ကြောင့် သေဆုံးခဲ့သည်ဟု နိုင်ငံတကာလုံခြုံရေးကူညီမှုတပ်ဖွဲ့ (ISAF)က ပြောကြားသော်လည်း အခြေအနေမှာ မသဲမကွဲဖြစ်ခဲ့ကြောင်း နောက်ပိုင်းတွင် ပြောကြားသည်။

နိုင်ငံခြားတပ်ဖွဲ့များနှင့် အာဖဂန်တပ်ဖွဲ့များအကြား ဖြစ်ပေါ်သည့် 'အစိမ်းကအပြာ' အပေါ် တိုက်ခိုက်မှုဟုခေါ်ဆိုသော တိုက်ခိုက်မှုများကြောင့် ယခုနှစ်အတွင်း နိုင်ငံတကာတပ်ဖွဲ့ဝင်နှင့် အရာရှိပေါင်း ၅၀ ကျော်သေဆုံးခဲ့ရပြီဖြစ်သည်။ ၂၀၁၂ ခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း နိုင်ငံတကာလုံခြုံရေးအကူအညီတပ်ဖွဲ့ဝင်ပေါင်း သေဆုံးမှုစုစုပေါင်းမှာ ၃၃၀ ဦးရှိသည်။

နိုင်ငံတကာ လုံခြုံရေးတပ်ဖွဲ့များအား ၂၀၁၄ နှစ်ကုန်ပိုင်းတွင် အာဖဂန်နစ္စတန်မှ ရုပ်သိမ်းရန်စီစဉ်ထားသည်။

*—Ref: Reuters/ Ria Novosti*






7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# အလက်ပိုမြို့အား သိမ်းပိုက်ရေး ဆီးရီးယားသူပုန်များ စတင်ထိုးစစ်ဆင်

**အလက်ပို၊စက်တင်ဘာ-၂၉**

သမ္မတဘာရှားအယ်အာဆက်၏ တပ်ဖွဲ့များအား အလက်ပိုမြို့မှ တိုက်ထုတ်နိုင်ရေးအတွက် သူပုန်တပ်ဖွဲ့များက ထိုးစစ်အသစ်တစ်ရပ်ကို စတင်လိုက်ရာ နှစ်လအတွင်း ဆီးရီးယားနိုင်ငံ၏ အကြီးဆုံးမြို့တွင် အပြင်းထန်ဆုံးတိုက်ပွဲများ ဖြစ်ပေါ်လာကြောင်း တက်ကြွလှုပ်ရှားသူများက ပြောကြားသည်။

တစ်ချိန်က မစ္စတာအာဆတ်ကို အမာခံထောက်ခံပြီး လူဦးရေသုံးသန်းနေထိုင်ခဲ့ရာမြို့မှာ ဆီးရီးယားပြည်တွင်းစစ်တွင် အဓိကစစ်မြေပြင်အဖြစ် ပေါ်ထွက်လာခဲ့သည်။

ရက်သတ္တပတ်ပေါင်းများစွာ တစ်ဖက်နှင့်တစ်ဖက် ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင် ရှိနေခဲ့ရာမှ အလက်ပိုမြို့ရှိ အစိုးရတပ်ဖွဲ့များနှင့် သူပုန်များကြား အပြင်းထန်ဆုံး ရင်ဆိုင်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့သည်ဟု တက်ကြွလှုပ်ရှားသူများက ပြောသည်။

အဆုံးအဖြတ် တိုက်ပွဲဟု ခေါ်ဝေါ်ရင်း အဓိက သူပုန်တပ်ဖွဲ့ဖြစ်သော ဆီးရီးယားလွတ်မြောက်ရေးတပ်ဖွဲ့များသည် အစိုးရတပ်ဖွဲ့များအား ၎င်းတို့၏ အမာခံစခန်းများမှ တိုက်ထုတ်နိုင်ရန် အသစ်တစ်ဖန် ထိုးစစ်ဆင်နေကြသည်။

ဆီးရီးယားစစ်ဘက်ကလည်း လက်နက်ကိုင် သူပုန်တပ်ဖွဲ့ဝင်များ၏ ဆယ်လူလာဖုန်းများဆီသို့ ပွဲပြီးသွားပြီ (Game Over)ဟူသော စာသားများ ရေးသားပေးပို့ခဲ့သည်။

"အလက်ပိုမြို့မှာ အကြမ်းတမ်းဆုံး နေ့ရက်တွေ ကြုံတွေ့နေရတယ်။ မျက်နှာစာတိုင်းမှာ မီးဟုန်းဟုန်း တောက်နေတယ်"ဟု အလက်ပိုမြို့ အခြေစိုက် တက်ကြွလှုပ်ရှားသူ ဘာရာအယ်လ်ဟာလာဘီက ပြောကြားသည်။ မြို့၏ ရပ်ကွက်ပေါင်းများစွာတွင် တိုက်ပွဲများ ဖြစ်ပေါ်နေသည်ဟု ၎င်းကဆက်လက်ပြောသည်။



**အလက်ပိုမြို့မြောက်ဘက် အစ်ဇာဒေသတွင် အစိုးရတပ်ဖွဲ့များနှင့် တိုက်ပွဲများ ပြင်းထန်နေစဉ်အတွင်း ဒဏ်ရာရရှိသွားသော သူပုန်တိုက်ခိုက်ရေးသမားတစ်ဦးအား ကူညီသယ်ဆောင်သွားသည်ကို စက်တင်ဘာ ၂၇ ရက်က တွေ့ရစဉ်။ ဆီးရီးယားသူပုန်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာသည် မဟာဗျူဟာအရ အရေးပါသည့် အလက်ပိုမြို့ကို ထိန်းချုပ်နိုင်ရေး 'အဆုံးအဖြတ်တိုက်ပွဲ' အတွက် ထိုးစစ်များ စတင်လိုက်ကြပြီဖြစ်သည်။ ဓာတ်ပုံ - AFP**

*—Ref:AP*

# အိုဘားမားနှင့် နေတန်ညာဟု လုံခြုံရေးကိစ္စများ ဆွေးနွေး

**ဝါရှင်တန်၊စက်တင်ဘာ-၂၉**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟုတို့သည် တယ်လီဖုန်းခေါ်ဆိုမှုတစ်ရပ်တွင် လုံခြုံရေးရာ ကိစ္စအများအပြားကို ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်က ထုတ်ပြန်သည်။

နိုင်ငံခြားရေးဝန်ကြီး မစ္စက်ဟီလာရီကလင်တန်နှင့် နေတန်ညာ ဟုတို့သည် စက်တင်ဘာ ၂၇ ရက်တွင် နယူးယောက်မြို့၌ တွေ့ဆုံခဲ့ပြီးနောက် ယခုသမ္မတအိုဘားမားနှင့် ဖုန်းပြောခြင်းဖြစ်သည်ဟု အိမ်ဖြူတော်က ထုတ်ပြန်သည်။

"ခေါင်းဆောင်နှစ်ဦးဟာ လုံခြုံရေးကိစ္စ အများအပြားကို ဆွေးနွေးခဲ့ကြပါတယ်။ သမ္မတအိုဘားမားကလည်း အစ္စရေးနိုင်ငံ လုံခြုံရေးအတွက် ကျွန်တော်တို့ နိုင်ငံရဲ့ မယိမ်းမယိုင်တဲ့ စိတ်ပိုင်းဖြတ်မှုကို ထပ်မံအတည်ပြု ပြောကြားခဲ့ပါတယ်"ဟု အိမ်ဖြူတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

"ခေါင်းဆောင်နှစ်ဦးဟာ အီရန်နိုင်ငံအား နျူကလီးယားလက်နက် ပိုင်ဆိုင်လာခြင်းမှ ကာကွယ်ရေး နှစ်နိုင်ငံစလုံးရဲ့ ဘုံရည်မှန်းချက်ကို အခိုင်အမာ ပြောကြားကြပြီး ဝန်ကြီးချုပ်နေတန်ညာဟုကလည်း ထိုရည်မှန်းချက် ရောက်ရှိရေးအတွက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် သမ္မတအိုဘားမားက ကတိကဝတ်ပြုခဲ့ခြင်းကို ကြိုဆိုခဲ့ပါတယ်"ဟု ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ကုလသမဂ္ဂတွင် ပြောကြားသည့် မိန့်ခွန်းတွင်လည်း အစ္စရေးဝန်ကြီးချုပ် နေတန်ညာဟုက အီရန်နိုင်ငံအား နျူကလီးယား ရယူခြင်းမှ ကာကွယ်ရေး အစ္စရေးနိုင်ငံ၏ ကြိုးပမ်းမှုများကို သမ္မတအိုဘားမား၏ ထောက်ခံမှုကို လေးစားတန်ဖိုးထားပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဝါရှင်တန်တွင် အိုဘားမားနှင့်တွေ့ဆုံရေး အစ္စရေးတို့၏ တောင်းဆိုမှုကို အိုဘားမားက ပယ်ချခဲ့သည်ဟူသော မီဒီယာသတင်းများအပေါ် တာဝန်ရှိသူများက ငြင်းဆိုသည်။ ယင်းသို့ တောင်းဆိုမှု မရှိခဲ့ကြောင်း အရာရှိများက ပြောကြားခဲ့သည်။

*—Ref:UPI*



7 DAY NEWS JOURNAL

# International

Vol.11, No.30 • OCTOBER 4 , 2012

## ရွေးကောက်ပွဲအကြို အိုဘားမားနှင့် မစ်ရွမ်းနေ စကားစစ်ထိုးမည်

**ဝါရှင်တန်၊ အောက်တိုဘာ - ၁**

၂၀၁၂ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲဝင်ပြိုင်ဘက်နှစ်ဦး၏ ပထမဆုံး စကားရည်လုပွဲပြုလုပ်ရန် သုံးရက်အလိုတွင် ဘားရက်အိုဘားမားနှင့် မစ်ရွမ်းနေတို့၏ မဟာမိတ်များက လူထု၏ မျှော်လင့်ချက်များအပေါ် ဩဇာလွှမ်းမိုးနိုင်ရန် ကြိုးစားနေကြသည်။ သမ္မတအိုဘားမားကလည်း ၎င်း၏စကားရည်လုပွဲစွမ်းရည်မှာ အဆင်ပြေကြောင်း ပြောကြားသည်။

ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု လက်ရှိ သမ္မတအိုဘားမားနှင့် ရီပက်ဘလေကန်ကိုယ်စားပြု မက်ဆာချူးဆက်ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းမစ်ရွမ်းနေတို့သည်တီဗီဖန်သားပြင်ထက်ပထမအကြိမ်စကားရည်လုပွဲကိုအောက်တိုဘာ ၃ရက်တွင် ကိုလိုရာဒိုပြည်နယ်၊ ဒန်းဗားမြို့၌ စတင်ကြမည်ဖြစ်သည်။ နောက်ထပ်လည်း တီဗီမှလွှင့်ထုတ်မည့် စကားရည်လုပွဲနှစ်ကြိမ်ရှိဦးမည်ဖြစ်သည်။

စာ(၄၅)သို့

## ပြင်သစ်သမ္မတဟော်လန်ဒီ လမ်းပေါ်ထွက် ကန့်ကွက်မှုများနှင့် ရင်ဆိုင်ရ

**ပါရီ၊ အောက်တိုဘာ - ၁**

ဥရောပသမဂ္ဂဘဏ္ဍာရေး သဘောတူညီချက်တစ်ရပ်နှင့် ပတ်သက်၍ ပါရီမြို့တွင် လူပေါင်းထောင်ပေါင်းများစွာ လမ်းပေါ်ထွက်ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ရာ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒီအနေဖြင့် မေလ ရွေးကောက်ပွဲနောက်ပိုင်း ပထမဦးဆုံး ပြည်သူလူထု၏ အမျက်ဒေါသပြသမှုနှင့် ရင်ဆိုင်နေရသည်။

ယင်း လူထုချီတက်ပွဲကို လက်ဝဲတပ်ဦးမဟာမိတ်အဖွဲ့က စည်းရုံးလုပ်ဆောင်ခဲ့ပြီး အလုပ်သမားသမဂ္ဂများ၊ လက်ဝဲစွန်းလိုလားသူများနှင့် အီးယူသဘောတူညီချက်အပေါ် ဆန့်ကျင်သောအခြားအုပ်စုများလည်းပါဝင်ခဲ့သည်။ ဥရောပသမဂ္ဂ၏ဘတ်ဂျက်သဘောတူညီချက် ဥပဒေကြမ်းအားဥပဒေပြုအမတ်များကနောက်နှစ်ရက်ကြာ ပါလီမန်တွင် စတင်ဆွေးနွေးကြမည်ဖြစ်ပြီး ယင်းမတိုင်မီ ကန့်ကွက်ဆန္ဒပြမှုများပေါ်ထွက်လာခြင်းဖြစ်သည်။

ဥရောပသမဂ္ဂ၏ ဘတ်ဂျက်စည်းကမ်းများဆိုင်ရာ သဘောတူညီချက်ကို မစ္စတာဟော်လန်ဒီ ကထောက်ခံခဲ့သည်။

စာ(၄၅)သို့



ဓာတ်ပုံ - AFP

ပြင်သစ်လက်ဝဲပါတီများနှင့် သမဂ္ဂများက စက်တင်ဘာ ၃၀ တွင် ဥရောပ ဘတ်ဂျက်စာချုပ်နှင့် ခြိုးခြံချွေတာရေးဥပဒေများအား ပါရီမြို့တော်၌ ဆန့်ကျင်ဆန္ဒပြနေကြစဉ်

## တရုတ်ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခံရသော ပိုရှီးလိုင်တွင် အပြစ်မရှိကြောင်း သားဖြစ်သူပြောကြား

**ဘော်စတွန်၊ အောက်တိုဘာ - ၁**

မကြာသေးမီကပင် အာဏာအလွဲသုံးစားမှုစွဲချက်များဖြင့် တရုတ်ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခံခဲ့ရသော ပါတီထိပ်တန်းခေါင်းဆောင် ပိုရှီးလိုင်၏ သားဖြစ်သူ ပိုကွာကွာက ၎င်း၏ ဖခင်သည် လိုင်ကိစ္စ လိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများမရှိဘဲ အကျင့်စာရိတ္တကောင်းမွန်သူဟု ယုံကြည်ကြောင်း ခုခံပြောကြားလိုက်သည်။ ချုံကင်းကွန်မြူနစ်ပါတီအတွင်းရေးမှူး ပိုရှီးလိုင်၏ သားဖြစ်သူ ပိုကွာကွာသည် ဟားဗတ်တက္ကသိုလ်တွင် ပညာသင်နေသော ပညာတတ်တစ်ဦးဖြစ်ပြီး ယခုအခါ အမေရိကန်နိုင်ငံတွင် ရှိနေသည်ဟုယူဆရသည်။

အွန်လိုင်းမိုက်ကရိုဘလော့ခ်ဆိုက် Tumblr တွင် ထွက်ပေါ်ခဲ့သော ပိုကွာကွာ၏ ကြေညာချက်၌ "ပုဂ္ဂိုလ်ရေးအရဆိုရင် ကျွန်တော့်အဖေနဲ့ပတ်သက်ပြီး ကြေညာထားတဲ့စွဲချက်တွေကိုယုံကြည်ဖို့ခက်ခဲလှပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒါတွေဟာ ကျွန်တော့်ဘဝတစ်လျှောက်လုံး အဖေ့အကြောင်း သိထားသမျှ အရာရာနဲ့ ဆန့်ကျင်နေလို့ပါ။ ကျွန်တော့်အဖေဆောင်ရွက်ခဲ့တဲ့ ပေါ်လစီတွေဟာ အငြင်းအခုံဖြစ်စရာရှိပေမယ့် ကျွန်တော်သိတဲ့ ကျွန်တော့်အဖေဟာ သူ့ယုံကြည်မှုတွေအပေါ် မှန်ကန်ဖြောင့်မတ်စွာနေတတ်ပြီး တာဝန်ကို အလေးထားသူပါ" ဟု ဖော်ပြထားသည်။

စာ(၄၅)သို့

## မလေးရှားတွင် တည်ဆောက်မည့် နိုင်ငံပိုင် ရေနံချက်စက်ရုံစီမံကိန်း ဒေသခံများ ကန့်ကွက်



**ကွာလာလမ်ပူ၊ အောက်တိုဘာ - ၁**

ပြည်သူများ၏ နေအိမ်များအား ဖယ်ရှားဖွယ်ရှိပြီး တံငါသည်များ၏ အသက်မွေးဝမ်းကျောင်းဘဝကိုပါ ပျက်စီးစေနိုင်သည့် အစိုးရကျောထောက်နောက်ခံပြုသော ကန်ဒေါ်လာ ၅၆ ဘီလီယံတန် ရေနံချက်စက်ရုံတစ်ခုဆောက်လုပ်ရေးနှင့်ပတ်သက်၍ မလေးရှားနိုင်ငံတောင်ပိုင်းတွင် ပြည်သူထောင်ပေါင်းများစွာက ကန့်ကွက်ဆန္ဒပြခဲ့သည်။

မလေးရှားနိုင်ငံတစ်ဝန်းမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝါဒီများနှင့် တက်ကြွလှုပ်ရှားသူများသည်အဆိုပါရေနံစက်ရုံစီမံကိန်းတည်ရှိရာ ပန်ဂါရန်ကမ်းခြေမြို့တွင် ယမန်နေ့က စုဝေးဆန္ဒပြချီတက်ခဲ့ကြသည်။ ၂၀၁၆ ခုနှစ်တွင် အပြီးသတ်မည့် ထိုစီမံကိန်းကို

စာ(၄၅)သို့



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.30 • OCTOBER 4 , 2012

# သမ္မတဦးသိန်းစိန်နှင့် ဘီဘီစီ Hardtalk အစီအစဉ် တွေ့ဆုံမေးမြန်းခြင်း



မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၎င်း၏ အမေရိကန်သို့ ခရီးစဉ်အတွင်း ဘီဘီစီ သတင်းဌာန၏ Hardtalk ရုပ်သံ မေးမြန်းခန်းအစီအစဉ်တွင် မေးခွန်းများကို ဖြေကြားခဲ့သည်။

ထို့ကြောင့် ဘီဘီစီဝက်ဘ်ဆိုက်မှ ထိုအမေးအဖြေဗီဒီယိုကို လွှင့်တင်ထားသည်အားပြန်လည်ကြည့်ရှုကာ ဘာသာပြန်ဆိုဖော်ပြလိုက်ပါသည်။ မေးမြန်းသူမှာ အစီအစဉ်တင်ဆက်သူ စတီဖင်ဆက်ကာဖြစ်ပါသည်။

**မြန်မာနိုင်ငံသား တစ်ဦးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်အကြောင်း မေးချင်ပါတယ်။ သူမဟာ နိုင်ငံရေးအတိုက်အခံအနေနဲ့ ယခင်စစ်အစိုးရလက်အောက်မှာနေအိမ်အကျယ်ချုပ် နှစ် ၂၀နီးပါး ကျခံခဲ့ရပါတယ်။ ဒီလို စစ်အစိုးရလက်အောက်မှာ အကျဉ်းချခံခဲ့ရတဲ့ သူနဲ့ နိုင်ငံရေး အကျဉ်းသားပေါင်းများစွာနဲ့ပတ်သက်လို့ သမ္မတကြီးမှာ စိတ်မကောင်းကြောင်းပြောဖို့ ပြင်ဆင်ထားတာရှိပါသလား။**

ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ ဒါက ကျွန်တော်တို့ နိုင်ငံတိုင်းမှာ ဖြစ်လေ့ဖြစ်ထရှိပါတယ်။ သူလည်း သူယုံကြည်ရာကိုလုပ်ခဲ့ပြီး စစ်အစိုးရကလည်း ယုံကြည်ရာ လုပ်ခဲ့ပါတယ်။ အခုတော့ သူမဟာ အခုလိုမျိုး လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေအထားကို ရောက်နေပြီဖြစ်ပါတယ်။

**ဟုတ်ကဲ့ အဓိကအချက်က ပြည်သူတွေကလည်း သမ္မတကြီးရဲ့ ဆောင်ရွက်ချက်ဟာ တကယ်စစ်မှန်တဲ့ ဒီမိုကရေစီဖြစ်မလားဆိုတာ ယုံကြည်ချင်ကြတဲ့အတွက်၊ ပြီးတော့ သူတို့ကလည်း ပြောရရင် သမ္မတကြီးကို ယခင် ဖိနှိပ်တဲ့စစ်အစိုးရရဲ့ ပေါ်လစီတွေနဲ့ ပတ်သက်ပြီး နောင်တရမိတာမျိုးကို ဖြစ်စေချင်တာဆိုတော့ သမ္မတကြီးအနေနဲ့ အခုဆို စစ်အစိုးရလုပ်ခဲ့တာအတွက် နောင်တရကြောင်းပြောဖို့ပြင်ဆင်ထားပြီးပါပြီလား။**

ပြောရရင်တော့ ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရာမှာ အစိုးရက သူတို့ကို ကြိုဆိုခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နေပါတယ်။

**ဒါပေမဲ့ နောင်တရလားဆိုတာနဲ့ပတ်သက်လို့ရော။ သမ္မတကြီးမှာ နောင်တရမိတာတွေရှိပါသလား။**

သူတို့လည်း သူတို့ ယုံကြည်ချက်နဲ့လုပ်သလို ကျွန်တော်တို့လည်း ကျွန်တော်တို့ ယုံကြည်ချက်နဲ့ လုပ်ခဲ့ပါတယ်။ အားလုံးတိုင်းပြည်အတွက် ယုံကြည်ရာ လုပ်ခဲ့ကြတာဖြစ်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတကြီးရဲ့ ဆက်ဆံရေးကိုလည်း သိချင်ပါတယ်။ သူနဲ့တွေ့တာလည်း သုံးကြိမ်ရှိပြီထင်ပါတယ်။ သူနဲ့ ဆက်ဆံရေးဘယ်လိုရှိပါသလဲ။**

ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီနေ့အခါမှာတော့ ကျွန်တော်တို့ လုပ်နေတဲ့ နိုင်ငံရေးဖြစ်စဉ်မှာ ကျွန်တော်တို့နဲ့ ပူးပေါင်းပြီး တူညီတဲ့ ပန်းတိုင်တစ်ခုအတွက် လုပ်နေပါပြီ။

**အဲဒီမှာ ပြီးခဲ့တဲ့ နေ့တွေကပဲ အမေရိကန်မှာ သူမ ပြောခဲ့တာကတော့ သူတို့ဟာ ပြောင်းလဲနေပါပြီ။ ဒါပေမဲ့ စစ်မှန်တဲ့ ဒီမိုကရေစီလူ့အဖွဲ့အစည်းဆီကိုပြောင်းလဲဖို့လိုနေပါတယ် ပြောခဲ့ပါတယ်။ ဒီတော့ သမ္မတကြီးအနေနဲ့ တကယ်ပဲ ဒီမိုကရေစီတိုင်းပြည်တစ်ခုဖြစ်အောင် ပြောင်းလဲဖို့ပြင်ဆင်နေပါပြီလား။**

မှန်ပါတယ်။ ကျွန်တော်တို့ဟာ သက်တမ်းအားဖြင့် လည်း တစ်နှစ်ခွဲပဲရှိပါသေးတယ်။ စစ်မှန်တဲ့ ဒီမိုကရက်တစ်နိုင်ငံတစ်ခုဖြစ်ဖို့ လုပ်စရာတွေ အများကြီးလိုအပ်နေပါသေးတယ်။

**ဒါပေမဲ့ အခြေခံဥပဒေအကြောင်း တစ်ခုမေးချင်ပါသေးတယ်။ ဥပမာဆိုရရင် ဒေါ်အောင်ဆန်းစုကြည်ဟာ အခြေခံဥပဒေအရဆိုရင် ခင်ပွန်းသည်ရော သားနှစ်ဦးပါ ပြည်ပနိုင်ငံသား ခံယူထားတာမို့ သူမအနေနဲ့ တိုင်းပြည်ရဲ့ သမ္မတဖြစ်မလာနိုင်ပါဘူး။ သမ္မတကြီးအနေနဲ့ သူမ ရွေးကောက်တင်မြှောက်ခံရရင် သမ္မတဖြစ်လာနိုင်အောင် ဒီအခြေခံဥပဒေကို ပြောင်းလဲဖို့ ပြင်ဆင်ထားတာ ရှိပါသလား။**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်တော်တစ်ယောက်တည်း သဘောနဲ့ ပြင်လို့မရပါဘူး။ အဲဒီတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်မယ့်လုပ်ထုံးလုပ်နည်းတွေအရ ပါလီမန်ထဲမှာ ရှိနေတဲ့ကိုယ်စားလှယ်တွေအများစုနဲ့ ပြည်သူလူထုရဲ့ ထောက်ခံမှုနဲ့ ပြင်လို့ရမှာဖြစ်ပါတယ်။

**သမ္မတကြီးပြောတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ဦးတည်းနဲ့ မပြင်နိုင်ဘူးဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်။ ၂၀၁၅ (ရွေးကောက်ပွဲ)မှာ ပြည်သူတွေက ဒေါ်အောင်ဆန်းစုကြည်ကို ရွေးချယ်ခဲ့တယ်ဆိုရင် ဒါဟာ အခြေခံဥပဒေကို ဒေါ်အောင်ဆန်းစုကြည်နဲ့ ပူးပေါင်းပြီး ပြင်ဆင်ဖို့ သူ့အတွက်လည်း သမ္မတဖြစ်လာနိုင်ခြေ မရှိဘူးလား။**

ကျွန်တော်စောစောက ပြောသလိုပါပဲ။ ကျွန်တော်တို့ဟာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်တော်တစ်ဦးတည်းနဲ့ မပြောင်းနိုင်ပါဘူး။ ဒါဟာ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်သူအများစုဆန္ဒပေါ် မူတည်ပါတယ်။ အများစုဆန္ဒပဲဖြစ်ပါတယ်။

**သမ္မတကြီးအနေနဲ့ အမေရိကမှာ ကုလသမဂ္ဂမှာ ဒေါ်အောင်ဆန်းစုကြည်ကို နိုဗယ်ငြိမ်းချမ်းရေးဆုရှင်တစ်ဦးအဖြစ် ချီးကျူးခဲ့ပါတယ်။ သမ္မတကြီးအနေနဲ့ သူမဟာ တိုင်းပြည်ရဲ့ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်မယ်လို့ ယုံကြည်ပါသလား။ သမ္မတကြီးဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုင်းပြည်ကို ဦးဆောင်ရာမှာ သူမနဲ့တွဲပြီး လုပ်ဆောင်မယ်လို့စိတ်ကူးပြီး ပြင်ဆင်ထားပါသလား။**

ကျွန်တော် စောစောကပြောသလိုပါပဲ။ အားလုံးဟာ ပြည်သူတွေအပေါ် မူတည်ပါတယ်။ ပြည်သူတွေက လက်ခံရင် ကျွန်တော်လည်း လက်ခံမှာပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော်တို့ကြားမှာ ဘာပြဿနာမှ မရှိပါဘူး။ အခုလည်း ကျွန်တော်တို့ လက်တွဲပြီးလုပ်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ကြားမှာ ဘာပြဿနာမှ မရှိပါဘူး။

—Ref: BBC Hardtalk Programmes

## မြေးကိုရိုက်သော ဆရာအား အဘွားက ပါးပြန်ရိုက်၍ အမှုဖွင့်ထား

ချယ်ရီမြင့်

ရန်ကုန် ၊စက်တင်ဘာ - ၂၇

ကော့မှူးမြို့နယ်၊သခွပ်ရဲစခန်း ပိုင်နယ်မြေအတွင်း အလယ်တန်းပြကျောင်းဆရာတစ်ဦးအား ကျောင်းသားအုပ်ထိန်းသူက ကိုယ်ထိလက်ရောက်ပါးရိုက်ခဲ့မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ကျုံဒရယ်အထက်တန်းကျောင်း၌ အလယ်တန်းပြဆရာအဖြစ်တာဝန်ကျသူ ဦးကျော်မျိုးနိုင်က စက်တင်ဘာလ ၁၇ ရက်တွင် စာသင်ခန်းအတွင်း ဆူညံဆော့ကစားနေသော သတ္တမတန်း ကျောင်းသားမောင်သီဟအောင်သည် စာသင်မရအောင် ဆူညံနေသောကြောင့် ရိုက်၍ဆုံးမခဲ့ကြောင်း သခွပ်ရဲစခန်းမှ ဒုရဲအုပ် အောင်မျိုးထွန်းက ပြောသည်။

ထိုသို့ရိုက်နှက်ဆုံးမှုခဲ့မှုအပေါ် အသက် (၇၁) နှစ်အရွယ် အဘွားဖြစ်သူ ဒေါ်မြင့်သောင်းက မကျေနပ်၍ ကျောင်းအုပ်ဆရာမကြီးနေအိမ်သို့ သွားရောက်တိုင်တန်းခဲ့သည်။

ထိုသို့တိုင်တန်းလာသောကြောင့် ကျောင်းအုပ်ဆရာမကြီးကဦးကျော်မျိုးနိုင်အား ခေါ်ယူရာတွင် “တပည့်များအား ကောင်းစေလိုသည့် ဆန္ဒဖြင့် ဆုံးမခြင်းဖြစ်ကြောင်း၊ မှားသည်ဟု ထင်ပါက ကျေနပ်သည်အထိ တောင်းပန်ကြောင်း” ဦးကျော်မျိုးနိုင်က ပြန်လည်ပြောကြားသည်။

ယင်းသို့တောင်းပန်နေစဉ် ကျောင်းသား၏ အဘွားဖြစ်သူက ကိုယ်ထိလက်ရောက် ပါးရိုက်ခဲ့သဖြင့် ဦးကျော်မျိုးနိုင်က တရားလို ပြုလုပ်တိုင်တန်းမှုကို ကော့မှူးရဲစခန်းက ပြည်သူ့ဝန်ထမ်းအား နာကျင်စေမှုဖြင့် (ပ) ၁၂၉/၁၂ ပုဒ်မ ၃၃၂ ဖြင့်စက်တင်ဘာ ၂၅ ရက်တွင် အမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ဒုရဲအုပ်အောင်မျိုးထွန်းက ပြောသည်။

“ဒါကျွန်တော်တို့စခန်းပိုင်မြေမှာ ပထမဆုံးအကြိမ်ဖြစ်တဲ့အမှုပါ။ အဘွားဖြစ်သူဒေါ်မြင့်သောင်းကို ခေါ်စစ်ပြီးပါပြီ။ ကျွန်တော်လည်း ကလေးရဲ့ဒဏ်ရာ ဘယ်လောက်များလဲ မမြင်ရဘူး” ဟု ယင်းကဆက်လက်ပြောကြားသည်။

## ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတအဖြစ် လက်ခံမည်ဟု မြန်မာခေါင်းဆောင်ဦးသိန်းစိန်ပြောကြား



နယူးယော့ခ်၊ စက်တင်ဘာ-၃၀

ပြည်သူများကသာ မဲပေးရွေးချယ်ခဲ့ပါက ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတအဖြစ် လက်ခံသွားမည်ဟု မြန်မာခေါင်းဆောင် ဦးသိန်းစိန်က ဘီဘီစီသတင်းဌာနအားပြောကြားကြောင်းသိရသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မည်သူ့ကို ရွေးချယ်သည်ဖြစ်စေ ပြည်သူများ၏ ဆန္ဒကို လေးစားလက်ခံသွားမည်ဟုလည်း သမ္မတက ပြောသည်။ နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအစီအစဉ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဟုလည်း သမ္မတဦးသိန်းစိန်က ထပ်မံအတည်ပြုပြောကြားပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အလုပ်တွဲလုပ်နေသည်ဟုလည်း ပြောကြားသည်။

ယခင်စစ်အစိုးရလက်ထက် ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ ဦးသိန်းစိန်သည် အရပ်သားများ ဦးဆောင်သောအစိုးရတစ်ရပ် ပေါ်ထွက်ရေး သိသာထင်ရှားသောပြောင်းလဲမှုကိုဦးဆောင်ကြိုးကြပ်ခဲ့သည်။ ဦးသိန်းစိန်သည် လွန်ခဲ့သောနှစ်ရက်က ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌လည်း အမေရိကန်နိုင်ငံကွန်ဂရက်မှ ချီးမြှင့်သော ရွှေတံဆိပ်ဆုလက်ခံရရှိခဲ့ခြင်းအတွက်ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုချီးကျူးစကား ထည့်သွင်းပြောကြားခဲ့သည်။

“ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နိုင်ငံ့ခေါင်းဆောင်ဖြစ်လာမလား ဆိုတာကတော့ ပြည်သူတွေရဲ့ဆန္ဒပေါ်မှာ မူတည်ပါတယ်။ ပြည်သူတွေက သူ့ကို လက်ခံတယ်ဆိုရင် ကျွန်တော်လည်း လက်ခံရမှာပေါ့”ဟု ဘီဘီစီ သတင်းဌာန၏ အစီအစဉ်တွင် ဦးသိန်းစိန်ကပြောကြားသည်။ ဆက်လက်၍လည်း “ဒေါ်အောင် ဆန်းစုကြည်နဲ့ ကျွန်တော့်ကြားမှာ ဘာပြဿနာမှမရှိပါဘူး။ ကျွန်တော်တို့ အတူတူလက်တွဲ အလုပ်လုပ်နေကြပါတယ်”ဟု သမ္မတ ဦးသိန်းစိန်ကပြောကြားသည်။

—Ref: BBC

# အချပ်ပို

7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

## ရန်ကုန်တွင် တရားမဝင် ကန်ထရိုက်တိုက်ဆောက်လုပ်မှု ပိုများလာ

**အေးမြတ်သူ**
**ရန်ကုန်၊ အောက်တိုဘာ - ၁**



ရန်ကုန်မြို့အတွင်း ဆောက်လုပ်ခွင့်လိုင်စင်မဲ့ ကန်ထရိုက်ဆောက်လုပ်မှုသည် ပြီးခဲ့သည့်နှစ်များထက် ယခုနှစ်တွင် အများဆုံးဖြစ်ပြီး လက်ရှိ တရားစွဲဆိုအရေးယူထားသော ကန်ထရိုက်အလုံးရေ ၂၀၀ ကျော်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအအောက်အအုံအင်ဂျင်နီယာဌာနမှ ဌာနမှူး ဦးမောင်မောင်ဇော်ကပြောသည်။

လိုင်စင်မဲ့ ကန်ထရိုက်အဆောက်အအုံ ၂၀၀ ကျော်အား စည်ပင်သာယာရေးကော်မတီ ဥပဒေပုဒ်မ-၂၈ ဖြင့် တရားစွဲဆိုဒဏ်ကြေးပေးဆောင်စေကာ မြို့နယ်စည်ပင်သာယာမှ အသိပေးစာများ ကပ်သော်လည်း လိုက်နာမှုမရှိ၍ ဥပဒေပုဒ်မ-၂၉ အရ ဒဏ်ကြေးငွေ တစ်ရက်လျှင် ကျပ်တစ်သောင်းမှ ကျပ်ငါးသောင်းအထိ ခွင့်ပြုရက် ကာလမတိုင်ခင်အထိ ပေးဆောင်ရမည်ဟု ဆိုသည်။

"ဒီနှစ်မှ များတာ။ အရင်နှစ်က ဒီလောက်ထိမများဘူး။ ဘာလို့ များလာတာလဲဆိုတော့ ကန်ထရိုက်တွေက စည်းကမ်းမလိုက်နာကြလို့။ ကော်မတီအနေနဲ့ ဆောက်လုပ်ခွင့်ချပေးတာ နှစ်လတောင်မကြာပါဘူး"ဟု ဌာနမှူး ဦးမောင်မောင်ဇော်ကပြောသည်။

ယခုနှစ်အတွင်း ရန်ကုန်မြို့တွင်းရှိ အရေးယူထားသော ကန်ထရိုက်များအနက် သဃ်န်းကျွန်းမြို့နယ်၌ လိုင်စင်မဲ့ကန်ထရိုက်တိုက်များကို အများဆုံးအရေးယူရပြီး ဆ/ကရပ်ကွက်အတွင်း၌ပင် အရေးယူခံရသော ကန်ထရိုက်တိုက် ၁၃၀ ကျော်အား အရေးယူခဲ့ကြောင်းသတင်းရရှိသည်။

## လျှပ်စစ်မုန်တိုင်း ကျရောက်မည်ဆိုခြင်းမှာ ကောလာဟလသာဖြစ်

**အောင်သူရ၊ အိဖြူမွန်**
**ရန်ကုန်၊အောက်တိုဘာ-၂**

နေမင်းတွင် လျှပ်စစ်မုန်တိုင်း ဖြစ်ပေါ်ပြီး လျှပ်စစ်အပူလှိုင်းများ ကမ္ဘာပေါ်တွင် ကျရောက်နိုင်ကြောင်း မိုဘိုင်ဖုန်းများ အန္တရာယ်ရှိနိုင်၍ ပိတ်ထားသင့်ကြောင်း ယခုရက်ပိုင်းတွင် ထွက်ပေါ်နေသော သတင်းကို နာဆာတွင် ဖော်ပြထားခြင်း မရှိကြောင်းနှင့် အဆိုပါ သတင်းမှာ ကောလာဟလသာဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ကျွမ်းကျင်သူ ဦးထွန်းလွင်ကပြောသည်။

"ဟိုးအရင်တုန်းက နာဆာက ၂၀၁၂ မှာ လျှပ်စစ်မုန်တိုင်းဖြစ်မယ်လို့တော့ ခန့်မှန်းဖူးတယ်။ ဖြစ်ရင်လည်း မြေပြင်ကနေ အကြမ်းဖျင်း မိုင်တစ်ရာလောက်ဝေးတဲ့ ဝေဟင်မှာ ဖြစ်တယ်ဆိုတော့ အဲဒီလိုဖြစ်ရင် လျှပ်စစ်အပူလှိုင်းတွေကြောင့် ဆက်သွယ်ရေးလိုင်းတွေ ထိခိုက်မယ်လို့တော့ ပြောတယ်။ လူတွေတော့ မထိခိုက်ဘူး" ဟု ဦးထွန်းလွင်ကပြောသည်။

အကယ်၍ ဖြစ်ပေါ်မည့် အခြေအနေရှိပါက ကြိုတင်သိရှိနိုင်ပြီး နာဆာက ကြိုတင်ထုတ်ပြန်ကြောင်းနှင့် နာမည်ကြီးသတင်းမီဒီယာများတွင်လည်း ထုတ်လွှင့်ပေးလေ့ရှိကြောင်း ဦးထွန်းလွင်က ဆိုသည်။

လျှပ်စစ်မုန်တိုင်း ဖြစ်ပေါ်သည်၊ မဖြစ်ပေါ်သည်ကို အတည်မပြုနိုင်သော်လည်း မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိနိုင်ကြောင်း၊ နေမင်းတွင် လျှပ်စစ်မုန်တိုင်းဖြစ်ပေါ်မှုသည် နှစ်ပေါင်း ၃၀ လျှင် တစ်ကြိမ်သာ ဖြစ်ပေါ်နိုင်ကြောင်း၊ သို့သော်လည်း နေနှင့် ကမ္ဘာသည် မိုင်ပေါင်း ၉၃ သန်း ကွာဝေးသောကြောင့် ကမ္ဘာပေါ်သို့ ကျရောက်ရန် ၁၀၀ ရာခိုင်နှုန်းလျှင် ၁၁ ရာခိုင်နှုန်းသာ ဖြစ်နိုင်ခြေရှိကြောင်း၊ စကြဝဠာကို ပျံ့လွင့်နိုင်သော်လည်း ဂြိုဟ်ကြီးကိုးလုံးက ခံထားသောကြောင့် ကျရောက်ရန် ဖြစ်နိုင်ခြေနည်းပါးကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောသည်။

## မျက်နှာဖုံး-မြန်မာ့အပြောင်းအလဲ အမေရိကန်တွင်မှတ်ကျောက်တင် မှ

"အခုခရီးစဉ်က ကျွန်တော် တို့ အနှစ်နှစ်အလလက မျှော်လင့်ခဲ့တဲ့မြင်တွေ့ချင်တဲ့အနေအထားမျိုးကို ဒါပထမဆုံးစတွေ့ရတယ်။ အဲဒီအတွက် သမ္မတရော၊ ဒေါ်အောင်ဆန်းစုကြည်ကိုရော ကျေးဇူးတင်တယ်"ဟု နိုင်ငံရေးစာရေးဆရာကျော်ဝင်းကပြောသည်။

"နှစ် ၅၀၊ ၆၀အတွင်းမှာ ဒီမိုကရေစီကို ကူးပြောင်းတဲ့ကာလ အပြီးမှာ နှစ်ယောက်လုံး သွားတဲ့ ခရီးစဉ်ဟာ အင်မတန်မှပဲ အကျိုးရှိတယ်လို့ ကောက်ချက်ချရမှာပဲ" ဟုအမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NDF)ဥက္ကဋ္ဌ ဦးခင်မောင်ဆွေကလည်းပြောသည်။

"ကျွန်တော်တို့က ကြိုဆိုပါတယ်။ တစ်ချိန်တုန်းက ဗိုလ်ချုပ်ကြီး၊ စစ်ဘက်ခေါင်းဆောင်တစ်ယောက်နဲ့ တစ်လျှောက်လုံးမှာ အတိုက်အခံခေါင်းဆောင်တစ်ယောက်အဖြစ်နဲ့ ရပ်တည်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ဟာ အခုအချိန်မှာကျတော့ နိုင်ငံတော်သမ္မတကြီးအဖြစ် တစ်ယောက်ကလည်း လွှတ်တော်နိုင်ငံရေးထဲမှာ ထဲထဲဝင်ဝင် ဆောင်ရွက်လာတဲ့ လူထုခေါင်းဆောင်တစ်ယောက်အဖြစ် ပုံရိပ်တွေပေါ့။ ဒါတွေဟာ နိုင်ငံတကာစင်မြင့်မှာ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီးတွေ့ရတဲ့မြင်ကွင်းဟာမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲအလားအလာအတွက် မျှော်လင့်ချက်တွေကို လူထုကိုရော နိုင်ငံတကာကိုရော ပေးလိုက်တဲ့ သတင်းစကားပေါ့"ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ဦးကိုကိုကြီးက ပြောသည်။

လက်ရှိအခြေအနေများကို ပိုမိုတိုးတက်ရန် နိုင်ငံရေးတွင် ပါဝင်ပတ်သက်သူများဖြစ်သော အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးအင်အားစုအသီးသီး၊ အဖွဲ့အစည်းများ၊ လူထုအပေါ်တွင် ဩဇာရှိသောပုဂ္ဂိုလ်များမှာ ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်းလည်း ဦးကိုကိုကြီးက ဆက်လက်တိုက်တွန်းသည်။

"သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ အမေရိကမှာ ဆောင်ရွက်ချက်တွေဟာ နိုင်ငံရေးရေးနဲ့ နိုင်ငံအတွက် အရမ်းကို ဟာမိုနီ (harmony) ဖြစ်တယ်။ အနှစ်နှစ်အလလက စောင့်ခဲ့ရတဲ့ ဆန္ဒတွေပြည့်ဝခဲ့တယ်"ဟုမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကလည်း သူ၏အမြင်ကိုပြောသည်။

ဒေါ်အောင်ဆန်းစုကြည်က စက်တင်ဘာ ၁၉ ရက်တွင် အမေရိကန်ကွန်ဂရက်၏ အမြင့်ဆုံးရွှေတံဆိပ်ဆုကို လက်ခံရယူစဉ်တွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည်နိုင်ငံတော်သမ္မတဦးသိန်းစိန်ခေါင်းဆောင်သည့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ သမ္မတ၏ ဦးဆောင်မှုနှင့် အတူ သက်တမ်းနုနယ်သေးသော်လည်း လျင်မြန်စွာ ရင့်ကျက်နေပြီဖြစ်သော ဥပဒေပြုအဖွဲ့အစည်းများနှင့် ဒီမိုကရေစီတန်ဖိုးထားသောပြည်သူတစ်ရပ်လုံးက ခေတ်သစ်ကမ္ဘာတွင် မြန်မာနိုင်ငံကို ထိုက်တန်သောနေရာမှန် ရရှိရန် အင်အားပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားသည်။

"ယခင်က နိုင်ငံရေး အဓိကအတိုက်အခံအင်အားစုခေါင်းဆောင်ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့်သာမက ယခုအခါမှာ တရားဥပဒေစိုးမိုးရေးဆိုင်ရာ လွှတ်တော်ကော်မတီ၏ ဥက္ကဋ္ဌအနေဖြင့် လွှတ်တော်စင်မြင့်ကနေ ပါဝင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီရက်သတ္တပတ်အတွင်းမှာတော့ သူမအနေနဲ့ နယူးယောက်မြို့မှာရှိနေပါတယ်။ သူမရဲ့ဒီမိုကရေစီကြိုးပမ်းမှုများအတွက် အမေရိကန်ပြည်ထောင်စုမှာ ဂုဏ်ပြုခံနေရတာတွေကိုလည်း မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် ကျွန်တော် ဝမ်းမြောက်ဂုဏ်ယူပါတယ်"ဟု နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က (၆၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

"မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဟာ အလွန်ခက်ခဲနက်နဲပြီး စိတ်ရှည်ဖို့လိုအပ်တယ်ဆိုတာ ကျွန်တော် ကောင်းစွာသတိပြုမိပါတယ်။ တစ်ချိန်တည်းမှာပဲ ကုလသမဂ္ဂနဲ့ အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအသိုက်အဝန်းတစ်ရပ်လုံးအနေနဲ့ မြန်မာပြည်သူများရဲ့ ဒီလုပ်ငန်းစဉ်ကိုနားလည်ထောက်ခံမှုနဲ့ အကူအညီများပေးဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံကို ချဉ်းကပ်နည်းအသစ်တွေနဲ့ ရှုမြင်ချဉ်းကပ်ဖို့လည်း လိုအပ်ပါတယ်။ ဒါ့အပြင် ပိုမိုလုပ်သာကိုင်သာရှိတဲ့ ပတ်ဝန်းကျင်တစ်ခုကို ဝိုင်းဝန်းဖန်တီးပေးဖို့လည်းလိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြင်ပအကူအညီများအပေါ် သက်သက်မှီခိုရပ်တည်ခြင်းထက် မိတ်ဖက်နိုင်ငံတစ်နိုင်ငံအနေနဲ့ ပူးပေါင်းလက်တွဲဆောင်ရွက်ဖို့ ဆန္ဒရှိပါတယ်" ဟု သမ္မတကဆက်လက်ပြောခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်အင်စတီကျူးဒ်တွင် ပြောကြားသောမိန့်ခွန်း၌ "ပိတ်ဆို့တားဆီးမှုတွေ ဖြေလျှော့ပေးဖို့ရာ ကျွန်မ တကယ်ပဲ ထောက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံ သားတွေဟာ သူတို့ရဲ့ အနှီမပန်းတိုင်အတွက် စတင်တာဝန်ယူရမှာမို့ဖြစ်ပါတယ်။ ဒီမိုကရေစီအရှိန်ကို ဆက်လက်ထိန်းသိမ်းဖို့ရာ အမေရိကန်ရဲ့ ပိတ်ဆို့တားဆီးမှုတွေအပေါ် ကျွန်မတို့ မှေ့မနေသင့်ပါဘူး။ ကျွန်မတို့ ကိုယ့်ဘာသာကိုယ် လုပ်ဆောင်ကြရပါမယ်"ဟုပြောခဲ့သည်။

"ဒီကာလအတွင်းမှာ ဒီလောက်ဖြစ်မယ်လို့ မထင်ထားဘူး"ဟု စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းကလည်း သမ္မတနှင့်ဒေါ်အောင်ဆန်းစုကြည်တို့ အမေရိကတွင် အတိုင်အဖောက်ညီညီ တိုင်းပြည်အတွက် စွမ်းဆောင်ခဲ့မှုများနှင့် ပတ်သက်၍ မှတ်ချက်ပေးသည်။

ဒေါ်အောင်ဆန်းစုကြည်က ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် လိုအပ်ချက်များရှိနေပြီး၊ ပြည်ပနိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်ပြောကြားခြင်း၊ သမ္မတက မြန်မာ့အပြောင်းအလဲ နောက်ကြောင်းပြန်မည်မဟုတ်ကြောင်း ပြောကြားချက်တို့ကြောင့် ရင်းနှီးမြှုပ်နှံလိုသူများနှင့် အကူအညီပေးလိုသူများအတွက် ယုံကြည်မှုပိုမိုရှိလာပြီး မြန်မာနိုင်ငံကို ကူညီချင်စိတ်တိုးပွားလာစေနိုင်ကြောင်း ဒေါက်တာထွန်းဝင်းကသုံးသပ်သည်။

"ကျွန်တော်တို့နိုင်ငံမှာ ခေါင်းဆောင်တွေက စိတ်ဓာတ်တွေ၊ လုပ်ရပ်တွေ၊ အကျင့်တွေပြောင်းနေပြီ။ ပြည်သူတွေနဲ့ အောက်ခြေက လူတွေ ပြောင်းလဲရင် ကျွန်တော်တို့ လိုချင်တဲ့ ဒီမိုကရေစီက ပြည့်စုံပြီပေါ့"ဟုသမ္မတမိန့်ခွန်းကိုဖတ်ကြားရင်း ကိုကျော်စွာက ဖေ့စ်ဘွတ်ခ်တွင် မှတ်ချက်ပေးသည်။

## မီကာဆာဟိုတယ်တွင် အမေရိကန်နိုင်ငံသားတစ်ဦး ကွယ်လွန်

**သန်းဌေး** **ရန်ကုန်၊အောက်တိုဘာ-၂**

မီကာဆာဟိုတယ်တွင် တည်းခိုနေသော အသက်(၅၉)နှစ် ရှိ အမေရိကန်နိုင်ငံသားတစ်ဦးသည် စက်တင်ဘာ ၃၀ ရက်ကတည်းခိုရာ အခန်းအတွင်း သေဆုံးနေကြောင်း သတင်းရရှိသည်။

"အဲဒီနေ့ မနက်ရှစ်နာရီလောက်က ဖုန်းပြောနေသေးတယ်။ တနင်္ဂနွေနေ့လည်း ဖြစ်နေတော့ အလုပ်မသွားဘဲ နားနေ တာဖြစ်မယ်။ မွန်းလွဲတစ်နာရီ ကျော်လောက်မှာ ဖုန်းခေါ်မရတော့လို့ သူ့ရုံးကလူတွေ လိုက်လာကြတာနဲ့ ဟိုတယ်က တာဝန် ကျတဲ့ မန်နေဂျာနဲ့အတူတူ သော့ဖွင့်ပြီး အခန်းထဲဝင်ကြည့်တော့ ကုတင်ပေါ်မှာ လဲနေတာတွေ့ရတယ်"ဟုမီကာဆာဟိုတယ်မှတာဝန်ရှိသူတစ်ဦးကပြောသည်။ သေဆုံးသူမှာ Mr. James Allen Hagler ဆိုသူဖြစ်ပြီး မီကာဆာဟိုတယ်၊ သုံးလွှာ၊ အခန်းအမှတ် ၃၃၁ တွင် စက်တင်ဘာ ၂၂ ရက်မှ စတင်တည်းခိုနေသော တောင်ကိုရီးယားနိုင်ငံ ဒေဝူးကုမ္ပဏီ (ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးကုမ္ပဏီ)မှ ရေနံရှာဖွေရေးတွင်းတူးအင်ဂျင်နီယာဖြစ်သည်။

"သူ့မှာ ဆီးချို၊ နှလုံးနဲ့ တခြားရောဂါတွေရှိသေးတယ်။ သူသေတော့ဘေးမှာသောက်လက်စဆေးတွေတွေ့တယ်။ သူက ဒေဝူးဝန်ထမ်းမဟုတ်ပါဘူး။ တစ်ဆင့်ခံ ကန်ထရိုက်ယူထားတဲ့ နိုင်ငံကာမှာ အလုပ်လုပ်နေတဲ့ အိုင်စီအက်စ်စီကုမ္ပဏီဝန်ထမ်းပါ။ အမြဲခန့်ဝန်ထမ်းမလာခင် သူက ခဏလာလုပ်တဲ့ ယာယီရုံးထိုင်ဝန်ထမ်းတစ်ဦးပါ"ဟု ဒေဝူးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြော သည်။

သေဆုံးသွားသော အမေရိကန်နိုင်ငံသားသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး ၎င်း၏ဇနီးသည် အင်ဒိုနီးရှားသူနှင့် မိသားစုများ ရောက်မလာသေးသောကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လက်ခံထားကာ နာရေးကိစ္စ မဆောင်ရွက်နိုင်သေးကြောင်း သတင်းရရှိသည်။

အဆိုပါ အမှုကို ရန်ကင်းရဲစခန်းတွင် အမှုဖွင့်ကာ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ် စစ်ဆေးလျက်ရှိသည်။

## တစ်ပတ်ကြာ ပိတ်ထားသော မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်း ပြန်ပွင့်

**အေးမြကျော် ရန်ကုန်၊ အောက်တိုဘာ - ၂**

တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား အပြီး စက်တင်ဘာ ၂၆ ရက်မှ စတင်ကာ သွားလာရေးပြတ်တောက်သွားခဲ့သော ဖားကန့်မြို့သို့ အဓိကသွားရာလမ်းဖြစ်သည့် မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းမှာ တစ်ပတ်တာကြာမြင့်ပြီး အောက်တိုဘာ ၁ရက်တွင် ပြန်လည်သွားလာခွင့်ရပြီဖြစ်ကြောင်း ဖားကန့်မြို့ဒေသခံများ ကပြောကြားသည်။

"တစ်ပတ်လောက် ကြာသွားတယ်။ ကြက်သားလိုကြက်ဥတို့လိုစားသောက်ကုန်တချို့တော့ ဈေးနည်းနည်းတက်သွားပေမယ့် အခု ကုန်ကားတွေပြန် သွားလို့ရတော့ ဈေးက ပုံမှန်ပြန်ဖြစ်ပါတယ်။ တစ်ပတ်လောက် အဆက်အသွယ်ပြတ်သွားတဲ့ သဘောပါ။ ဂျာနယ်တွေ၊ သတင်းစာတွေလည်း ဒီနေ့မှ ပြန်ရတယ်" ဟု ဖားကန့်မြို့ခံ အမျိုးသမီးတစ် ဦးကပြောသည်။

ကုန်ကားများ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအတိုင်းပြန်လည်သွားလာခွင့်ပေးသော်လည်း ဖားကန့်မြို့သို့လာရာတွင် ကုန်ကားများနှင့် အမျိုးသမီး၊ ကလေးများကိုသာ သွားခွင့်ပြုပြီး အမျိုးသားများ သွားလာခွင့်တားမြစ်ထားကြောင်း ဒေသခံကုန်ကားမောင်းသူအများအပြောကို ကိုးကား၍ ဒေသခံများကပြောသည်။

"ဖားကန့်မြို့တစ်ဝိုက်မှာတော့ ဒီရက်ပိုင်း တိုက်ပွဲတွေငြိမ်သွားတယ်။ ထိုးစစ်ဆင်တာရှိနေ သရွေ့တော့နဂိုလိုပုံမှန်ပြန်ဖြစ် ဦးမှာမဟုတ်ဘူး"ဟု ဖားကန့်မြို့ ကချင်နှစ်ခြင်းအသင်းတော်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

# မြန်မာ့အင်တာနက် ပင်လယ်ရေအောက်ကေဘယ်ဆက်ကြောင်းသစ် (SE ME WE 5) ဖြင့် ချိတ်ဆက်ရန်စီစဉ်

**နိုင်ချို**

**ပုဂံ၊ အောက်တိုဘာ-၁**

အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက်ကေဘယ်လ်ဆက်ကြောင်း SE ME WE 3 အင်တာနက်ဆက်ကြောင်း သက်တမ်းပြည့်ခါနီးပြီဖြစ်၍ အင်တာနက်ဆက်ကြောင်းအသစ်ဖြစ်သော SE ME WE 5 ဖြင့် ချိတ်ဆက်အသုံးပြုနိုင်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။ လက်ရှိ အဆိုပါ SE ME WE 3 အင်တာနက်ဆက်ကြောင်းဖြင့် နိုင်ငံပေါင်း ၃၄ နိုင်ငံအသုံးပြုလျက်ရှိပြီး SE ME WE 3 ၏ သက်တမ်းမှာ နှစ်ပေါင်း ၃၀ ကျော်ဝန်းကျင်ဖြစ်ပြီး၊ ယခုအခါ နှစ် ၂၀ ကျော်လာပြီဖြစ်၍ ထိုကဲ့သို့အင်တာနက်ဆက်ကြောင်းအသစ်ဖြင့် ချိတ်ဆက်အသုံးပြုသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာတာဝန်ရှိသူက ပြောသည်။

အဆိုပါ SE ME WE 5 အင်တာနက်ဆက်ကြောင်းသစ်နှင့် ချိတ်ဆက်ရန်အတွက် စင်ကာပူနိုင်ငံမှ ကမကထ ပြုလုပ်သွားမည်ဖြစ်ကာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ချိတ်ဆက်အသုံးပြုသွားမည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအရ cross border transmission capacity တိုးချဲ့ခြင်းနှင့် အဓိက ဖိုင်ဘာလမ်းကြောင်းများကို တည်ဆောက်ရန်အတွက် မူဆည်-မန္တလေး-ရန်ကုန်-ပုသိမ်-ချောင်းသာ ဖိုင်ဘာဆက်ကြောင်းကို China Unicom နှင့်ပူးပေါင်း၍ တည်ဆောက်မည်ဖြစ်သည်။

# လားရှိုးရေဘေးဒုက္ခသည်များ အလှူငွေများ မရသေးဟုဆို

**နေလင်းအောင်၊ခွန်ဇော်ဦး**

**လားရှိုး၊ စက်တင်ဘာ-၂၉**

လားရှိုးမြို့ ရေဘေးဒုက္ခသည်များအတွက် အစိုးရနှင့် ကုမ္ပဏီများက လှူဒါန်းခဲ့သည့် လှူဒါန်းငွေများမှာ စက်တင်ဘာလကုန်ပိုင်းအထိ ဒုက္ခသည်များရရှိခြင်း မရှိသေးကြောင်း သတင်းရရှိသည်။

လှူဒါန်းငွေများ မရရှိသေးခြင်းကြောင့် ရေဘေးဒုက္ခသည်အချို့က သက်ဆိုင်ရာ ရပ်ကွက်ရုံးများတွင် တောင်းဆိုမှုများ ပြုလုပ်ခဲ့ရာ ယင်းငွေမှာ သက်ဆိုင်ရာကိုယ်စားလှယ်အဖွဲ့များထံတွင် လက်ဝယ် မရှိသေးကြောင်း သတင်းရရှိသည်။

ယင်းနှင့် ပတ်သက်၍ လားရှိုးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်ထံ ဆက်သွယ်မေးမြန်းရာ "ဒီပိုက်ဆံတွေက ကျွန်တော်တို့ဆီကို မရောက်သေးဘူး။ လှူခဲ့တာ ဟုတ်ပါတယ်။ ဒါပေမဲ့ အဲဒီနေ့မှာ လှူဒါန်းတဲ့ငွေတွေကို တစ်ခါတည်းရတာ မဟုတ်ပါဘူး။ လောလောဆယ် လှူဒါန်းထားတာတွေထဲက ရတာဆိုလို့ asia world တစ်ခုထဲဆီကပဲ နောက်နေ့မှာရပါတယ်။ ဒါပေမဲ့ မပေးသေးတာက ကျွန်တော်တို့ဆီကို လှူထားတဲ့ငွေတွေ အားလုံးစုပြီး ပေးဖို့လုပ်ထားလို့ပါ"ဟုပြောသည်။

လားရှိုးမြို့တွင် ဩဂုတ်လ ၁၉ ရက်မှစ၍ ရေကြီးမှုကြောင့် ရေဘေးသင့်အိမ်ထောင်စု ၁၀၆ စု၊ မျောပါပျက်စီးသည့် နေအိမ် ၃၄ လုံး၊ ထိခိုက်ပျက်စီးနေအိမ် ၁၃ လုံးရှိခဲ့ပြီး ဒုသမ္မတနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များ၊ ကုမ္ပဏီများက စက်တင်ဘာ ၁၄ ရက်တွင် ယင်းဒေသသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

ရေဘေးသင့် ဒုက္ခသည်များအတွက် လှူဒါန်းငွေများမှာ ဒုသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရပ်ကွက် ၁၊ ၉၊ ၁၀၊ ၁၁ များမှ အိမ်ထောင်စု ၅၉၁ အတွက် လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၁၇၇ သိန်းကျော် (၁၇,၇၃၀,၀၀၀)၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်သိန်းနှစ်ဆယ်ကျော်(၂၀၉၀၀၀၀)၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ရေဘေးသင့်အိမ်ထောင်စု ၁၀၆စု အတွက် လှူဒါန်းငွေကျပ် ၅၇သိန်းကျော် (၅၇၉၆၁၀၈)ကျပ်၊ မူဆယ်နယ်စပ်ကုန်သည်များ အသင်းက ငွေကျပ်ငါးသိန်း၊ အေးရှားဝေါကုမ္ပဏီမှကျပ်သိန်း၁၀၀တို့အသီးသီး လှူဒါန်းခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြခဲ့သည်။

လက်ရှိတွင် ရေဘေးသင့်ဒေသခံများ အနေဖြင့် သက်ဆိုင်ရာမှလှူဒါန်းသည့်အဝတ်အထည်၊ ဆန် အစရှိသည်တို့ ရရှိထားသော်လည်း အလှူငွေမရရှိသေးပေ။

# လက်ရွေးစင်ဘောလုံးအသင်း ဝတ်စုံစပွန်ဆာရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊အောက်တိုဘာ-၂**

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း ဝတ်စုံစပွန်ဆာရရှိပြီဖြစ်၍ အီတလီနိုင်ငံထုတ် Lotto အမှတ်တံဆိပ် ကန်ဒေါ်လာ ၆၀ တန် ဂျာစီများကို ဝတ်ဆင်ယှဉ်ပြိုင်ခွင့်ရရှိတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် Lotto ၏ အာရှကိုယ်စားလှယ်ဖြစ်သော bumibola ကုမ္ပဏီတို့ အောက်တိုဘာ ၂ ရက်က အကြိုစပွန်ဆာ စာချုပ်ချုပ်ဆိုပွဲကို အဖွဲ့ချုပ်ရုံးတွင် ပြုလုပ်ခဲ့သည်။ နှစ်ဖက်သဘောတူညီချက်အရ ၂၀၁၅ ခုနှစ်အထိ သက်တမ်းစာချုပ်ဖြစ်ပြီး တစ်နှစ်လျှင် ကန်ဒေါ်လာ ၂၅၀,၀၀၀ တန်ဖိုးရှိ ဂျာစီနှင့် အားကစားပစ္စည်းများကို မြန်မာ့လက်ရွေးစင် အမျိုးသား၊ အမျိုးသမီး အသင်းများအတွက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း bumi-bola ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ဂျာစီတစ်ထည်၏တန်ဖိုးမှာ ကန်ဒေါ်လာ၆၀ဖြစ်ပြီး အဆိုပါအရည်အသွေးအတိုင်း ပရိသတ်များကိုကန်ဒေါ်လာ၄၀ ခန့်ဖြင့်ရောင်းချပေးသွားမည်ဖြစ်သည်။ ပရိသတ်များအတွက်သတ်မှတ်အရည်အသွေးအတိုင်း ထုတ်လုပ်ထားသော ဂျာစီတစ်ထည် တန်ဖိုးမှာ ကန်ဒေါ်လာ ၄၅ရှိပြီး တစ်ထည်လျှင်ကန်ဒေါ်လာ၂၀(ကျပ်၁၇,၅၀၀)ဖြင့် ဈေးလျှော့ရောင်းချပေးသွားမည်ဟုဆိုသည်။

မြန်မာအသင်းသည်အဆိုပါ ဂျာစီများကို ယခုလ ၅ရက်တွင် စတင်မည့် ဆူဇူကီးဖလား ခြေစစ်ပွဲစဉ်များတွင် စတင်ဝတ်ဆင်ယှဉ်ပြိုင်မည်ဟုဆိုသည်။

## ရန်ကုန်မြို့တရားစီရင်ရေး ယိမ်းယိုင်နေပြီး မန္တလေးမြို့တရားစီရင်ရေး ပြိုလဲနေပြီဟုဆို

**အောင်သူရ**

**ရန်ကုန်၊**

**စက်တင်ဘာ-၂၈**

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးကော်မတီရဲ့ လေ့လာချက်အရ ရန်ကုန်မြို့ရှိတရားစီရင်ရေးမဏ္ဍိုင်မှာ ယိမ်းယိုင်နေပြီး မန္တလေးမြို့ရှိတရားစီရင်ရေးမဏ္ဍိုင်မှာ ပြိုလဲသွားပြီဖြစ်ကြောင်း တရားဥပဒေစိုးမိုးရေးကော်မတီဝင် ဦးသိန်းညွန့်ကပြောသည်။

"ရန်ကုန်မှာ တရားသူကြီးဇနီးက လီဆူးအမျိုးသမီးရဲ့ အိမ်ကို သွားပြီးတောင်းတာ အဲဒီလူတွေက CCTV(လုံခြုံရေးကင်မရာ)နဲ့ ရိုက်ထားတာရှိတယ်။ အိမ်မှာ သွားတောင်းတာဆိုတော့ ယိမ်းယိုင်တာပေါ့။ မန္တလေးမှာတော့ သမ္မန်စာလုလင်ကနေ လိုက်ချိတ်ပေးတာပေါ့။ ဒါကြောင့် ပြိုလဲသွားတာလို့ ပြောတာ"ဟု ဦးသိန်းညွန့်ကပြောသည်။

ဒေါ် အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်ရေးကော်မတီက ရန်ကုန်မြို့ရှိ တာမွေနှင့် သဃ်န်းကျွန်းမြို့နယ် တရားရုံးနှင့် တိုင်းဥပဒေရုံးတို့ကို သွားရောက်လေ့လာခဲ့သည်။

အဆိုပါလေ့လာတွေ့ရှိချက်များအား ဒေါ်အောင်ဆန်းစုကြည် ပြန်လာသည့်အခါ မူဝါဒချမှတ်နိုင်ရန် တင်ပြပေးသွားမည်ဟု ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။

"တရားစီရင်ရေးမဏ္ဍိုင်ကို ပြန်လည်တည့်မတ်ဖို့အတွက် တရားရေးဝန်ထမ်းတွေကိုပညာသင်ကြားပေးရုံ၊ ဘဝဖူလုံအောင် လုပ်ပေးရုံနဲ့ မလုံလောက်ပဲ သူတို့ရဲ့ခြစားနေတဲ့ စရိုက်သဘာဝနဲ့ ခံယူချက်သဘောထားတွေ ပြောင်းလဲပစ်ဖို့ လိုအပ်ပါတယ်"ဟု ကော်မတီဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က အမေရိကန်နိုင်ငံ Yale တက္ကသိုလ်တွင် ပြောကြားခဲ့သည်။

"ခေတ်ဟောင်းက ငွေများ တရားနိုင် လာဘ်ယူခဲ့ကြတာရှိတယ်။ ရာထူးအရှိန်အဝါ ဩဇာအာဏာကို အသုံးပြုပြီးတော့ အမှုတွေကို အနိုင်ယူတာတွေ ရှိခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ စီရင်ရေးတစ်ခုလုံး ယိုင်သွားတာမျိုးတော့ မဖြစ်သေးဘူး။ ပြိုလဲသွားတာမျိုး မရှိသေးဘူး။ ဥပဒေနဲ့ မညီညွတ်ရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဲဒီက ပြင်ဆင်တည့်မတ်ပေးလျက်ရှိတယ်။ ယိမ်းယိုင်တာတော့ မှန်တယ်။ ဒါပေမဲ့ ယိုင်ကျသွားတာမျိုးတော့ မဟုတ်ဘူး"ဟု ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

# စစ်တွေနှင့် မြောက်ဦးသို့ ကမ္ဘာလှည့် ခရီးသွားများသွားနိုင်ပြီ

**အောင်သူရ**

**ရန်ကုန်၊**

**အောက်တိုဘာ-၂**

မငြိမ်မသက်မှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် မြောက်ဦးမြို့များသို့ ကမ္ဘာလှည့်ခရီးသွားများကို ကြိုတင်ခွင့်ပြုချက်ဖြင့် သွားလာခွင့် ပြုလိုက်ပြီဖြစ်ကြောင်းမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက သတင်းထုတ်ပြန်သည်။

"သွားချင်ရင်တော့ ကြိုတင်ရမှာပေါ့။ ငါးရက်လောက်ပဲ အများဆုံးကြာမှာပါ။ တစ်ခါတစ်လေ ဒီ့ထက်တောင် စောနိုင်ပါသေးတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်ထွန်းအောင်က ပြောသည်။

အဆိုပါ ခရီးများသို့ သွားရောက်ရန် လျှောက်ထားပါက ခရီးစဉ်အချက်အလက်နှင့် ဧည့်လမ်းညွှန်များ ပါရှိရမည်ဖြစ်ကြောင်းမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်း ဒုဥက္ကဋ္ဌ ဦးသက်လွင်တိုးကပြောသည်။

ရခိုင်ပြည်နယ်စစ်တွေမြို့နှင့် မြောက်ဦးမြို့သို့ သွားရောက်ရန် ခွင့်ပြုချက် ရယူလိုပါက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးထံသို့ လိပ်မူပြီး လျှောက်ထားရမည်ဖြစ်သည်။

လွန်ခဲ့သည့် နှစ်လခန့်မှစ၍ ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ မြောက်ဦးနှင့် မဟာမုနိဒေသများသို့ ကမ္ဘာလှည့်ခရီးသွားများကို သွားလာခွင့် တားမြစ်ခဲ့သော်လည်း ပြည်နယ်အစိုးရက ခွင့်ပြုသဖြင့် FIT ဧည့်သည်များမှာ သွားလာလျက်ရှိသည်။

# ဘားအံမြို့တွင် ဖွင့်လှစ်သော ဗဟိုအဆင့်ဆက်သွယ်ရေးရုံးနှင့် ပတ်သက်၍ KNU ဗဟိုဌာနချုပ် သတင်းထုတ်ပြန်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၁**

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမူတူးစေးဖိုး ခေါင်းဆောင်သောအဖွဲ့က ဘားအံမြို့တွင်ဖွင့်လှစ်ခဲ့သည့် ဗဟိုအဆင့် ဆက်သွယ်ရေးရုံးမှာ KNU ကရင်အမျိုးသားအစည်းအရုံးမှ စီစဉ်သည့်ခရီးမဟုတ်သည့်အပြင် ဗဟိုစစ်ဌာနချုပ်၏ အစီအစဉ်မဟုတ်ကြောင်း KNU ဗဟိုဌာနချုပ်က သတင်းထုတ်ပြန်သည်။

ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးနှင့် ဗဒိုဒေးဗစ်တောအပါအဝင် ခရိုင်တပ်မဟာအချို့မှ ခေါင်းဆောင်တချို့အပါအဝင် အဖွဲ့ဝင် ၃၁ ဦးသည်မြန်မာအစိုးရနှင့်ဆက်ဆံရန် ဗဟိုအဆင့် ဆက်သွယ်ရေးရုံးကို စက်တင်ဘာလ ၂၉ ရက်တွင် ဘားအံမြို့၌ဖွင့်လှစ်ခဲ့သည်။

"တချို့ ပြောသလို နှစ်ခြမ်းကွဲသွားတာတော့မဟုတ်ပါဘူး။ တစ်ခါတလေ အဖွဲ့အစည်းတွေမှာဖြစ်တတ်ပါတယ်။ အဆင်ပြေသွားလိမ့်မယ်လို့ထင်တယ်"ဟု ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးကသုံးသပ်သည်။

ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KLNA)အကြား ကွဲနေပြီဆိုသည့် ကောလာဟလမှာ မှန်ကန်မှုမရှိကြောင်းနှင့် လတ်တလောဖြစ်နေသည့် ပြဿနာမှာ ခေါင်းဆောင်ပိုင်းတွင် သဘောထားကွဲပြားခြင်းသာဖြစ်ကြောင်း KNU အထွေထွေအတွင်းရေးမှူး နော်ဇီဖိုးရာစိန်ကပြောကြောင်း ကေအိုင်စီသတင်းတွင်ဖော်ပြသည်။

# ရခိုင်ပြည်နယ်တွင် IOC ကိုယ်စားလှယ်ရုံးဖွင့်မည်ကို ရခိုင်တိုင်းရင်းသူများ ဆန္ဒဖော်ထုတ်ရန်စီစဉ်

**မြတ်စုမွန်**

ရန်ကုန်၊အောက်တိုဘာ-၁

ရခိုင်ပြည်နယ်တွင် အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OIC) ကိုယ်စားလှယ်ရုံး လာရောက်ဖွင့်လှစ်ရန် စီစဉ်နေခြင်းနှင့် ပတ်သက်၍ စစ်တွေမြို့ရှိ ရခိုင်တိုင်းရင်းသူ အမျိုးသမီး ၂၀၀ က ကန့်ကွက်ဆန္ဒထုတ်ဖော်သွားမည်ဖြစ်ကြောင်း ဦးဆောင်စီစဉ်သူ တစ်ဦးထံမှ သတင်းရရှိသည်။

"OIC ရုံး လာစိုက်မှာကို စိုးရိမ်တယ်။ ရုံးစိုက်ခြင်းအားဖြင့် ကောင်းကျိုးထက် ဆိုးကျိုးတွေဖြစ်မှာကို စိုးတယ်။ အရင်က ရခိုင်မှာ NGO တွေ ခြေရှုပ်ပြီး၊ ထောက်ပံ့ရေးတွေမှာ ဘင်္ဂါလီတွေကို ဦးစားပေးခဲ့လို့ အခုလို အကြောင်းပေါ်လာတယ်။ OIC ဝင်လာရင် အဲဒီ NGO ကြီးတွေနဲ့ပြန်ဆက်စပ်မှာပဲ"ဟု ဆန္ဒပြပွဲကို ဦးဆောင်စီစဉ်သူတစ်ဦးဖြစ်သည့် ဒေါ်ညိုအေးက 7Day News သို့ ပြောသည်။

ယင်းသို့ ဆန္ဒထုတ်ဖော်ရန်အတွက် ပြီးခဲ့သည့် စက်တင်ဘာ ၂၆ ရက်တွင် သက်ဆိုင်ရာသို့ ခွင့်ပြုမိန့်တောင်းခံခဲ့ရာ မြို့နယ်အဆင့်က ငြင်းပယ်ခဲ့ပြီး ယနေ့တွင် ဆက်လက်၍ အယူခံတင်ထားကြောင်း သူကပြောသည်။

ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာအစိုးရတို့ကြား အပစ်အခတ်ရပ်စဲပြီးနောက်ဆက်သွယ်ရေးရုံးများ ဆက်တိုက်ဖွင့်လှစ်ခဲ့ကြသည်။

ဆက်ဆံရေးရုံး လာဖွင့်သောအဖွဲ့မှ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးနှင့် ဗဒိုဒေးဗစ်တောတို့သည် ဆက်ဆံရေးရုံးဖွင့်ပြီးနောက် ရန်ကုန်မြို့သို့လာရောက်၍ ငြိမ်းချမ်းရေးစင်တာကို လာရောက်လေ့လာနေကြောင်း သမ္မတရုံးဝန်ကြီး ဦးအောင်မင်းကပြောကြားသည်။

ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာအစိုးရတို့သည် ၂၀၁၂ နှစ်ဆန်းပိုင်းမှစ၍ အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲသုံးကြိမ် ပြုလုပ်ပြီးဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# IBTC ကုမ္ပဏီ ဟံသာဝတီယူနိုက်တက်အသင်းကို အဖွဲ့ချုပ်ထံ ပြန်အပ်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊အောက်တိုဘာ-၁**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဟံသာဝတီယူနိုက်တက်အသင်းကိုတာဝန်ယူဆောင်ရွက်နေသော IBTC ကုမ္ပဏီက အသင်းအားပြန်လည်အပ်နှံရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌထံ စာတင်ထားကြောင်း သတင်းရရှိသည်။

"အသင်းကိုပြန်လည်အပ်နှံဖို့ အဖွဲ့ချုပ်ဥက္ကဋ္ဌဆီကို စာတင်ထားတယ်ဆိုတာ ဟုတ်ပါတယ်။ IBTC ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင်တွေရဲ့ ဆုံးဖြတ်ချက်အရ အသင်းကိုဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ဘဲ ပြန်လည်အပ်နှံခွင့်ပြုပါရန် စာတင်ထားတယ်ဆိုတာ သိရပါတယ်"ဟု ဟံသာဝတီယူနိုက်တက်အသင်းအုပ်ချုပ်သူ ဦးထွန်းထွန်းလင်းက အောက်တိုဘာလ ၁ ရက်တွင် ပြောသည်။

အထက်ပါအသင်းပြန်လည်အပ်နှံခွင့်ပြုပါရန်စာကို အဖွဲ့ချုပ်ဥက္ကဋ္ဌထံ စက်တင်ဘာ ၁၉ ရက်က ပေးပို့ထားခြင်းဖြစ်ပြီး အောက်တိုဘာ ၁ ရက်အထိ အဖွဲ့ချုပ်မှ အကြောင်းပြန်ကြားစာတစ်စုံတစ်ရာ ပြန်လည်မရရှိသေးကြောင်း ၎င်းကပြောသည်။

"အဖွဲ့ချုပ်ရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ မူတည်ပါတယ်။ လက်ရှိအချိန်အထိတော့ အသင်းရဲ့ လူငယ်အသင်းလည်းပြိုင်ပွဲဝင်နေပြီး လူကြီးအသင်းလည်း ရှုံးထွက်ဖလားဝင်ဖို့ ပြင်ဆင်နေပါတယ်။ လက်ရှိပိုင်ရှင်ဘက်ကလည်း ဘာမှညွှန်ကြားချက် မလာထားသေးပါဘူး"ဟု ဦးထွန်းထွန်းလင်းက ဆိုသည်။



အသင်းအားပြန်လည်အပ်နှံရန် အဖွဲ့ချုပ်အား စာတင်ရခြင်းနှင့်ပတ်သက်၍ IBTC မှ တာဝန်ရှိလူကြီးများအား ဆက်သွယ်မေးမြန်းခဲ့သော်လည်း စာတင်ထားခြင်းသည် မှန်ကန်ပါကြောင်းသာ အတည်ပြုဖြေကြားခဲ့ပြီး အဖွဲ့ချုပ်မှ စာထွက်လာမှသာ ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လေးနှစ်သက်တမ်းရှိပြီဖြစ်သည့် မြန်မာနေရှင်လိဂ် ပြိုင်ပွဲဝင်ကလပ်အသင်းများသည်နောက်ဆုံး ၂နှစ်ခန့်အတွင်း အသုံးစရိတ်များ လျှော့ချလာသည့် အသင်းအချို့ရှိလာခဲ့သည်။ သို့သော် ဘောလုံးအားကစားအား ထိုကဲ့သို့ ဆက်တိုက် အားပေးပြုလုပ်လာသောစီးပွားရေးအင်အားကြီးကုမ္ပဏီအနေဖြင့် ယခုကဲ့သို့ အသင်းအားပြန်လည်အပ်နှံရန်ဆောင်ရွက်ခြင်းမှာ ငွေကြေးအရှုံးတစ်ခုတည်းကြောင့် မဖြစ်နိုင်ဘဲ အခြားအကြောင်းအရာများလည်း ရှိနိုင်ကြောင်း အားကစားလေ့လာသူများက သုံးသပ်သည်။

ပြီးခဲ့သည့်မြန်မာနေရှင်နယ်လိဂ်စတင်ကျင်းပချိန် ၂၀၀၉ ခုနှစ်ကပဲခူးတိုင်းဒေသကြီးကိုယ်စားပြုအသင်းတစ်သင်းအဖြစ်ဥသျှာယူနိုက်တက်အသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဘောလုံးရာသီတွင် ဟံသာဝတီယူနိုက်တက်အမည်သို့ ပြောင်းလဲယှဉ်ပြိုင်ခဲ့သည်။ အသင်းပိုင်ရှင် ဦးအောင်မိုးကျော်၏ IBTC ကုမ္ပဏီသည် Grand Royal အမှတ်တံဆိပ်ဖြင့်မြန်မာနေရှင်နယ်လိဂ်ကို အဓိကစပွန်ဆာအဖြစ် ၂၀၀၉ မှ ၂၀၁၁ ခုနှစ်အထိ တာဝန်ယူခဲ့သည်။ အဆိုပါအသင်းသည် ၂၀၁၀ အဖွဲ့ချုပ် ရှုံးထွက်ဖလားတွင် ချန်ပီယံတစ်ကြိမ်ရရှိထားသည်။ ထို့အပြင် အဆိုပါအမှတ်တံဆိပ်ဖြင့် စပွန်ဆာပေးကာ မြန်မာ့လက်ရွေးစင်အသင်းနှင့် ပြည်ပအသင်းများ ပါဝင်သည့် Challenge Cup ပြိုင်ပွဲများကိုလည်း ရန်ကုန်မြို့၌ ကျင်းပပေးခဲ့ဖူးသည်။

မြန်မာနေရှင်နယ်လိဂ် သမိုင်းတွင် ကလပ်အသင်းပိုင်ရှင် ပြောင်းလဲရန် ဖြစ်ပေါ်ခြင်းမှာ ဒုတိယအကြိမ်ဖြစ်ပြီး ယခင်က ဒယ်လ်တာယူနိုက်တက်အသင်း (ယခု ရောဝတီယူနိုက်တက်အသင်း)သည် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဦးထွန်းရင် (ပရီးမီးယားကော်ဖီ)၊ ၎င်းကတစ်ဆင့် လက်ရှိ ရောဝတီတိုင်းဒေသကြီး လုပ်ငန်းရှင်များက လွှဲပြောင်းယူကာ ဆက်လက်လုပ်ကိုင်နေသည်။

## ထိုင်းရှိ အကြီးဆုံးရေနံကုမ္ပဏီ PTT မြန်မာနိုင်ငံတွင် လောင်စာဆီ ရောင်းချမည်

**ဘန်ကောက်၊ အောက်တိုဘာ - ၁**

ထိုင်းနိုင်ငံ၏ အကြီးဆုံးသော ရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီကြီး PTT PCL သည် မြန်မာနိုင်ငံတွင်း၌ ပြည်တွင်းကုမ္ပဏီတစ်ခုနှင့်ပူးပေါင်း၍ လောင်စာဆီရောင်းချနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း ဘန်ကောက်ပို့စ်သတင်းစာက ယင်းကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးအား ကိုးကား၍ ဖော်ပြခဲ့သည်။

ကုမ္ပဏီ၏ ဆက်ဆံရေးနှင့် နိုင်ငံတကာဈေးကွက်ဌာန ဒုတိယဥက္ကဋ္ဌ အုတ်တာပိုရက်ပီဘွန်း၏ အဆိုကိုကိုးကား၍ ယင်းကုမ္ပဏီသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားကုမ္ပဏီများအတွက် လောင်စာဆီ ရောင်းချခြင်းကဏ္ဍဖွင့်ပေးသည်နှင့် အချိန်ကိုက်ကာ PTT Oil Myanmar ကုမ္ပဏီအဖြစ် မှတ်ပုံတင်ဆောင်ရွက်သွားမည်ဟု သတင်းတွင် ဖော်ပြထားသည်။

ထို PTT Oil Myanmar ကုမ္ပဏီသည် နိုင်ငံတွင်း၌ လောင်စာဆီလက်လီ၊ လက်ကားရောင်းချမည်ဖြစ်သည်။ လက်ရှိတွင်လည်း PTT သည်မြန်မာနိုင်ငံရှိပြည်တွင်း လောင်စာဆီဖြန့်ချိရေးလုပ်ငန်းတစ်ခုမှတစ်ဆင့် စက်ဆီ၊ ချောဆီများ ရောင်းချနေပြီး ကုမ္ပဏီ၏ ရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းခွဲ PTT Exploration & Production PCL သည်လည်း မြန်မာ့လောင်စာဆီလုပ်ငန်းကဏ္ဍတွင် အဓိကရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီအဖြစ် ရပ်တည်နေသည်။ *—Ref: Bangkokpost*



# သီလဝါအထူးစီးပွားရေးဇုန် အထူးစီမံကိန်းရေးဆွဲမှု ၂၀၁၂ နှစ်ကုန်တွင် အပြီးသတ်မည်

**မိုးညို**

**ရန်ကုန်၊စက်တင်ဘာ-၂၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် အကောင်အထည်ဖော်မည့် သီလဝါအထူးစီးပွားရေးဇုန်၏ အထူးစီမံကိန်းရေးဆွဲမှုကို ၂၀၁၂ ခုနှစ်အကုန်တွင် ဂျပန်ဘက်က အပြီးသတ်ရေးဆွဲပေးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုအသင်းချုပ် ဥက္ကဋ္ဌ Mr. Tadashi Okamura က ပြောသည်။

စက်တင်ဘာ ၂၈ ရက်တွင် ပြုလုပ်ခဲ့သော ဂျပန်-မြန်မာ ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲ၌ ၎င်းက ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။ "နှစ်နိုင်ငံအစိုးရ ညှိနှိုင်းမှုများအရ သီလဝါဇုန်ရဲ့ Master Plan ရေးဆွဲမှုအပိုင်းကို ဂျပန်နိုင်ငံက တာဝန်ယူရေးဆွဲဖို့ MOU ချုပ်ဆိုထားခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

သို့သော် ဂျပန်နိုင်ငံအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်တွင် အခြားသော လုပ်ငန်းအလိုက် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုမှာ ဂျပန်လုပ်ငန်းရှင် တစ်ဦးချင်း၏ အမြင်ပေါ်တွင်သာ မူတည်ကြောင်း ဂျပန်ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌကပင် ဆက်လက်ပြောသည်။

မြန်မာနိုင်ငံမှကုန်သည်စက်မှုအသင်းချုပ်၏ ထုတ်ပြန်ချက်များအရ သီလဝါအထူးစီးပွားရေးဇုန်ကို ဂျပန်ထိပ်သီးကုမ္ပဏီများဖြစ်သော မစ်ဆူဘီရှိ၊ ဆူမီတိုမို၊ မာရုဘီနီကုမ္ပဏီအုပ်စုတို့ ပါဝင်ပြီး လမ်း၊ တံတား၊ မြေဆီလွှာဆိုင်ရာ စစ်ဆေးခြင်းအပိုင်းတွင် အဓိကပါဝင်မည်ဟု သိရသည်။

ရင်းနှီးမြှုပ်နှံမည့် ပမာဏကို လတ်တလောတွင် ထုတ်ပြန်ခြင်း မရှိသေးသော်လည်း မြန်မာနိုင်ငံက ၅၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံက ၄၉ ရာခိုင်နှုန်းခန့် ပါဝင်သွားမည်ဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်၏ အထူးအရေးပါသော ဆိပ်ကမ်းများ တည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေး အပိုင်းများတွင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီးဌာနတို့နှင့် နားလည်မှု စာချွန်လွှာများ ရေးထိုးထားပြီဖြစ်ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ မြန်မာနိုင်ငံဆိုင်ရာဌာနကိုယ်စားလှယ်က ပြောသည်။ နိုင်ငံတကာ ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရေးအတွက် သီလဝါအထူးစီးပွားရေးဇုန်တွင် ဆိပ်ကမ်းကြီး ခြောက်ခု ထပ်မံတည်ဆောက်မည်ဖြစ်ကာ ရန်ကုန်ဆိပ်ကမ်းများနှင့် ဆိုလျှင် စုစုပေါင်းဆိပ်ကမ်းပေါင်း ၂၄ ခု ဖြစ်လာမည်ဖြစ်သည်။ မြေအကျယ်တစ်ကွက်လျှင် ၁၅ ဟက်တာအကျယ်ရှိအကွက်ပေါင်း ၃၇ ကွက်တွင် ကနဦး အခြေချလုပ်ငန်းများ စတင်လုပ်ကိုင်မည်လည်းဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

# ကလေးငယ်တစ်ဦး ခြောက်လက်မခန့်သာနက်သော ရေမြောင်းထဲ လဲကျသေဆုံး

**အေးမြတ်သူ၊ အောင်နိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၃၀**

မြောက်ဥက္ကလာပမြို့နယ်(ည-ရပ်ကွက်) ဘုမ္မာ ၇ လမ်းတွင် အသက်ခြောက်နှစ်အရွယ်ကလေးငယ်တစ်ဦးသည် ၎င်း၏ နေအိမ်ရှေ့ ရေမြောင်းအတွင်းစက်တင်ဘာ၃၀ရက် ညနေ ၃ နာရီခန့်ပြုတ်ကျသေဆုံးခဲ့သည်။

သေဆုံးသူ မောင်အောင်ခန့်ပိုင်သည် ၎င်းနေအိမ်ရှေ့၌ ဆော့ကစားနေစဉ် ရေမြောင်းတွင်း ပြုတ်ကျသွားသည်ကို မိသားစုဝင်များက မသိသည့်အတွက်ရပ်ကွက်တွင်း လိုက်လံရှာဖွေသော်လည်း မတွေ့၍ အိမ်သို့ပြန်ရှာရာမှ အလျား နှစ်ပေခွဲဝန်းကျင်၊ ရေအနက် ခြောက်လက်မခန့်ရှိရေမြောင်းအတွင်း သေဆုံးလျက်ရှိနေကြောင်း တွေ့ရှိခဲ့သည်။

"ဘယ်လိုဆုံးမှန်းတော့ သေချာမသိသေးဘူး။ ကလေးက ပက်လက်လေး ဆုံးသွားတာ။ ရေက မနက်ပါဘူး။ ခြောက်လက်မပဲရှိတာ။ ကလေးဆုံးတော့ ပါးစပ်ထဲမှာ အမြှုပ်ထွက်နေတာ တွေ့တယ်" ဟု ဖခင်ဦးစိုးနိုင်ဝင်းက ပြောသည်။



**ကလေးငယ် လဲကျသေဆုံးခဲ့သော အိမ်ရှေ့မှ ရေမြောင်းငယ်** ဓာတ်ပုံ-အေးမြတ်သူ

မိခင်ဖြစ်သူကလည်း"နှစ်နာရီခွဲကတည်းက မတွေ့လို့ ရှာနေတာ။ သူများဖမ်းသွားပြီလားပေါ့။ နောက်သူ့ဖိနပ်လေးတွေ့လို့ ရှာကြည့်မှ ရေမြောင်းထဲကျပြီး ဆုံးနေတာတွေ့တယ်"ဟု ငို၍ပြောသည်။

သေဆုံးသူ မောင်အောင်ခန့်ပိုင်သည် မြောက်ဥက္ကလာပမြို့နယ်ရှိ အ. မ. က(၁၅)မှ သူငယ်တန်း ကျောင်းသားတစ်ဦးဖြစ်ပြီး ၎င်း၏ ကျန်းမာရေး အခြေအနေမှာ ကိုယ်ပူချိန်မြင့်လာပါက အနည်းငယ်တက်သည့် ရောဂါရှိကြောင်း ၎င်း၏မိဘများက ပြောသည်။

ကလေးငယ်မှာ ရေမြောင်းထဲလဲကျပြီးနောက် တက်၍သော်လည်းကောင်း၊ တက်၍ရေမြောင်းထဲပြုတ်ကျကာ ကွယ်လွန် ခြင်းဖြစ်နိုင်ကြောင်း မိဘများနှင့် အိမ်နီးချင်းများက ခန့်မှန်းသည်။

သက်ဆိုင်ရာ ရဲစခန်းမှ တာဝန်ရှိသူများ၏ သုံးသပ်ချက်အရ ပုံမှန်ရေမြောင်းထဲကျပြီးနောက်ပြန်မထနိုင်သောကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# တက္ကသိုလ်ဆရာ၊ ဆရာမများအသင်း တရားဝင်မှတ်ပုံတင်ခွင့်ရ

**နေလင်းထွန်း**

**ရန်ကုန်၊စက်တင်ဘာ-၂၈**

ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များဖြစ်သော ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများ၏ တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းကို တရားဝင်မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။

တက္ကသိုလ်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ သာရေး၊ နာရေး၊ လူမှုရေးနှင့် ရသင့်ရထိုက်သော အခွင့်အရေးများကို တရားဥပဒေနှင့်အညီ စောင့်ရှောက်ကူညီပေးရန် ရည်ရွယ်တည်ထောင်သော တက္ကသိုလ်ဆရာ၊ ဆရာမအသင်းကို အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် ဆရာ၊ ဆရာမများအသင်းမှ ဒေါက်တာစိုင်းခိုင်မျိုးထွန်းက ပြောသည်။

"ခွင့်ပြုချက်ပေးခဲ့တာက စက်တင်ဘာ ၂၄ ရက်ပါ။ ဒီနေ့(စက်တင်ဘာ ၂၈)မှ ကျွန်တော်တို့ လက်ထဲကို ရောက်တယ်။ ကျွန်တော်တို့က တက္ကသိုလ်ဆရာများ အသင်းတိုက်ကို တောင်းဖို့ရှိတယ်။ အောက်တိုဘာလ ၅ ရက် ကမ္ဘာ့ဆရာများနေ့အတွက် သ ဝဏ်လွှာထုတ်ဖို့ရှိတယ်။ ဆက်လုပ်မယ့် လုပ်ငန်းတွေကတော့ အများကြီးပါပဲ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရန်ကုန်မြို့တွင် ရန်ကုန်တက္ကသိုလ် ဆရာ၊ ဆရာမများအသင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဆရာ၊ ဆရာမများအသင်းနှင့် ဒဂုံတက္ကသိုလ် ဆရာ၊ ဆရာမ များအသင်းတို့သည် တရားဝင်ရပ်တည်ခွင့်ရရှိပြီးဖြစ်ကာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ဆရာ၊ ဆရာမများအသင်းသည်အောက်တိုဘာလအတွင်းမှတ်ပုံတင်ရန်စီစဉ်လျက်ရှိသည်။ ရန်ကုန်မြို့ရှိဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်မှဆရာ၊ဆရာမများသည်တက္ကသိုလ်ဆရာ၊ ဆရာမများအသင်း ဖွဲ့စည်းတည်ထောင်ရန် ဩဂုတ်လတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွဲ့စည်းတည်ထောင်သွားရန် ရည်ရွယ်ထားကြောင်း သတင်းရရှိသည်။

# ပြည်သူ့ရင်ပြင်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုတည်ဆောက်ရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းမည်

**အိဖြူလွင်**

**ရန်ကုန်၊**

**စက်တင်ဘာ-၂၉**

ပြည်သူ့ရင်ပြင်တွင် ပေ ၂၀ အမြင့်ရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုတည်ဆောက်ပေးရန် အဆိုကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် ဆွေးနွေးပြီးနောက်တိုင်းဒေသကြီးအစိုးရက ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြရန် လွှတ်တော်အနေဖြင့် မှတ်တမ်းတင်တိုက်တွန်းလိုက်ကြောင်း သတင်းရရှိသည်။

ပြည်သူ့ရင်ပြင်တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် ထားရှိရန်အဆိုကို အမျိုးသားဒီမိုကရေစီအင်အားစုပါတီ သဃ်န်းကျွန်းမြို့နယ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်က တင်သွင်းခဲ့ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အပါအဝင် ပါတီသုံးခုမှ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုချက်များဖြင့် ဆွေးနွေးခဲ့သည်။

ကိုယ်စားလှယ်များ ဆွေးနွေးပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းရုပ်တု တည်ဆောက်ခြင်းကို မည်သူမျှ ကန့်ကွက်ခြင်းမရှိဘဲ အားလုံးသဘောတူ လက်ခံသော်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံတော်အဆင့်တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်ဖြစ်သောကြောင့် တိုင်းဒေသကြီးအဆင့်ဆုံးဖြတ်ခြင်းထက် နိုင်ငံတော်အဆင့်က ဆောင်ရွက်ရန်အတွက် လွှတ်တော်က တိုင်းဒေသကြီး အစိုးရကို တိုက်တွန်းမည်ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌဦးစိန်တင်ဝင်းက ပြောကြားခဲ့သည်။

အဆိုကို ဆွေးနွေးချက်များနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြည့်စွက်ပြောကြားရာတွင် လက်ရှိဗိုလ်ချုပ်ပန်းခြံရှိဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်သည် နိုင်ငံတော်အဆင့် သမိုင်းတန်ဖိုး အကြီးမားဆုံး ရုပ်တုတစ်ခုဖြစ်ပြီး ရုပ်တုစိုက်ထူထားရာ နေရာသည် ဖက်ဆစ်ဂျပန်များ မြန်မာနိုင်ငံသို့ မဝင်ရောက်မီ အချိန်ထိ အင်္ဂလန်နိုင်ငံသတ္တမမြောက် အက်ဒွပ်ဘုရင် ရုပ်တုစိုက်ထူထားရာနေရာ ဖြစ်ခဲ့သည်ဟု ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ပြောကြားသည်။

ထို့အပြင် အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်သည် ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်က နိုင်ငံတော်သမ္မတ ဒေါက်တာဘဦးက နိုင်ငံတော်အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့သည့် ရုပ်တုတစ်ခု ဖြစ်သည်ဟုလည်း သိရသည်။

ပြည်သူ့ရင်ပြင်သည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ တည်ရှိရာနေရာ၏ မျက်နှာစာ ပြည်သူအများ လွယ်လင့်တကူ သွားလာနိုင်သော နေရာတွင်တည်ရှိပြီး အများပြည်သူ ဂါရဝပြုနိုင်သောနေရာဖြစ်သည့်အတွက် ရုပ်တုတည်ဆောက်ရန် သင့်လျော်သောနေရာဖြစ်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

ရုပ်တုတည်ဆောက်ရန် နေရာအဖြစ် ပြည်သူ့ရင်ပြင်နေရာအပြင် ထပ်မံသင့်လျော်သော နေရာတစ်ခု ရှိနေသေးပြီး ယင်းမှာ ဖက်ဆစ်ဂျပန်အားတော်လှန်မည့် မြန်မာ့တပ်မတော်ကို ဗိုလ်ချုပ်အောင်ဆန်းစစ်ထွက်မိန့်ခွန်းပြောကြားခဲ့သော တော်လှန်ရေးပန်းခြံနေရာဖြစ်သည်ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြောကြားသည်။

ထို့ပြင် ရုပ်တု၏ ပုံသဏ္ဌာန်ကို တည်ဆောက်ရာတွင်လည်း ဗိုလ်ချုပ်စစ်ထွက် မိန့်ခွန်းပြောကြားနေသော ပုံစံမျိုး ထုလုပ်မည်လား စသည်ဖြင့် စဉ်းစားရမည်ဖြစ်၍ တိုင်းဒေသကြီးအဆင့်က ဆုံးဖြတ်သည်ထက် ပြည်ထောင်စုအဆင့်က ဆုံးဖြတ်ပါက ပိုမိုသင့်လျော်မည်ဟု ထင်မြင်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

7DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

# အမေရိကန်ပိတ်ဆို့မှု ဖယ်ရှားပေးခြင်းဖြင့် လက်ခစားလုပ်ငန်းများ ဖွံ့ဖြိုးလာရန် လုပ်ငန်းရှင်များ မျှော်လင့်

**ပြည်သိမ်း**

**ရန်ကုန်၊ အောက်တိုဘာ - ၁**



ဓာတ်ပုံ- အေပီ

မြန်မာ့ပို့ကုန်များအပေါ် ဆယ်စုနှစ်တစ်ခုနီးပါးကြာ တားဆီးထားမှုကို အမေရိကန်အစိုးရက ဖယ်ရှားပြီးနောက် လုပ်သားအခြေပြုကုန်ထုတ်လုပ်ငန်းများ (လက်ခစားလုပ်ငန်းများ-CMP)၌ ရင်းနှီးမြှုပ်နှံမှုတိုးလာနိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များက မျှော်လင့်နေကြသည်။

မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုသည့်အနေဖြင့် မြန်မာ့ပို့ကုန်များအပေါ် ပိတ်ဆို့ထားခြင်းကို ဖြေလျှော့ပေးခြင်းဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စက်ဟီလာရီကလင်တန်က စက်တင်ဘာ ၂၆ရက်က နယူးယောက်မြို့ရှိ The Mark ဟိုတယ်၌ သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံချိန်တွင် ပြောကြားခဲ့သည်။ လက်ရှိ အချိန်တွင် ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များသည် အမေရိကန်ဈေးကွက်ကို ပြန်လည်လှေ့လာနေကြောင်းသိရသည်။

"ယူအက်စ်ဈေးကွက်ရရင် အလုပ်လက်မဲ့ ဖြစ်တာတော့ တဖြည်းဖြည်း လျော့သွားမယ်။ အထည်ချုပ်တို့၊ ရေထွက်ကုန်တို့ကတော့ အားကောင်းလာနိုင်တယ်" ဟု ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ-၂ဦးသန်းလွင်ကဆိုသည်။

အမေရိကန်နိုင်ငံမှ စီးပွားရေးပိတ်ဆို့မှုမရှိစဉ်ကလည်း လက်ခစားလုပ်ငန်းများဖြစ်သည့် အထည်ချုပ်၊ ရေထွက်ကုန်များကို များစွာတင်ပို့ခဲ့ရသည်။ ယင်းကာလ ၂၀၁၁ ခုနှစ်က အမေရိကန်ဈေးကွက်တစ်ခုတည်းကိုပင် CMP (လက်ခစား)စနစ်ဖြင့် အဝတ်အထည် တင်ပို့ရာတွင် ချုပ်ခဝင်ငွေ ကန်ဒေါ်လာ ၄၀၈ သန်း ရရှိခဲ့သည်။ အမေရိကန်စီးပွားရေးပိတ်ဆို့မှု ချမှတ်ပြီးနောက် ၂၀၀၅ ခုနှစ်တွင် အမေရိကန်နိုင်ငံမှာမြန်မာနိုင်ငံမှ ချုပ်လုပ်သည့်အဝတ်အထည်များ တင်ပို့ခွင့်မရှိသဖြင့် ချုပ်ခဝင်ငွေ လုံးဝမရခဲ့ကြောင်း အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးမြင့်စိုးကဆိုသည်။

"ပို့ကုန်မှာတော့ စီအမ်ပီပဲ အခြေအနေကောင်းတယ်။ လယ်ယာထွက်ကုန်ကတော့ သယ်ယူပို့ဆောင်ရေး အခက်အခဲကြောင့် လက်တင် အမေရိကန်နိုင်ငံ ပီရူးတို့၊ ဘရာဇီးတို့၊ ဥရုဂွေးတို့ကနေ အဓိကသယ်တယ်"ဟုမြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကဆိုသည်။

အမေရိကန် နိုင်ငံသည် (LDC)ဖွံ့ဖြိုးမှုနည်းသည့်နိုင်ငံများမှ သွင်းကုန်များကို အခွန်မယူသဖြင့် တင်ပို့သူများအတွက် အခွင့်အရေး ပိုမိုရနိုင်သည်။ ယင်းကြောင့် ပြည်တွင်း၌ အထည်ချုပ်စက်ရုံ၊ ဖိနပ်စက်ရုံ၊ သားငါးအအေးခန်းစက်ရုံများ အသစ်ပေါ်လာနိုင်ကြောင်း လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်ကဆိုသည်။

"ဒီမှာ အလုပ်စဖို့က ခြောက်လ၊ တစ်နှစ်လောက် ကြာဦးမယ်။ အမေရိကန်က ဝယ်သူနဲ့ ချိတ်ရမှာနဲ့၊ သူတို့လိုချင်တဲ့ပုံစံ လုပ်ရမှာနဲ့ဆို အချိန်ယူရမယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးနှင်းဦးက ဆိုသည်။

မြန်မာပို့ကုန်များနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံမှစီးပွားရေး ပိတ်ဆို့မှုကို ယခင်အစိုးရလက်ထက် ၁၉၉၈ ခုနှစ်မှစတင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဒီပဲယင်းအရေးအခင်းဖြစ်စဉ်ကြောင့် လုံးဝပိတ်ပင်ခဲ့သည်။

ယင်းပိတ်ဆို့မှုသည် ပြည်တွင်း အထည်ချုပ်လုပ်ငန်းများကို ထိခိုက်ခဲ့သည်။ ပြည်တွင်း၌ အထည်ချုပ် လုပ်ငန်းများသည် ၁၉၉၉ ခုနှစ်တွင် စက်ရုံပေါင်း ၂၇၉ ရုံရှိရာမှ ၂၀၁၁ တွင် စက်ရုံ ၁၈၀ သာရှိသည်။ ယင်းပမာဏမှာ အမေရိကန်ဈေးကွက်သို့တင်ပို့သူများ ရင်းနှီးမြှုပ်နှံမှုကြောင့်မဟုတ်ဘဲ ဂျပန်ဈေးကွက်ဝင်လာခြင်းကြောင့်ဖြစ်သည်။ ဂျပန်ဈေးကွက်သို့တင်ပို့သူများသည် ယခင်ကတရုတ်နိုင်ငံတွင်သာ ရင်းနှီးမြှုပ်နှံခဲ့ကြသော်လည်း ယခုချိန်တွင် တရုတ်နိုင်ငံ၏ မူဝါဒအပြောင်းအလဲကြောင့် အာဆီယံနိုင်ငံများသို့ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာခြင်းဖြစ်သည်။

# မြန်မာဆီက အမေရိကန် ဘာတွေဝယ်မလဲ

**နယူးယောက်၊**

**စက်တင်ဘာ - ၂၇**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကလင်တန်က မြန်မာအပေါ် အမေရိကန်သို့ သွင်းကုန်တင်ပို့မှုများပိတ်ဆို့ထားခြင်းကို ဖြေလျှော့ပေးမည်ဟုကြေညာခဲ့ပြီးနောက် မြန်မာမှ အမေရိကန်တို့ ဝယ်ယူတင်သွင်းနိုင်မည့် ပို့ကုန်များအကြောင်းကို ဖိုင်နယ်ရှယ်တိုင်းမ်သတင်းစာက တွက်ချက်ဖော်ပြခဲ့သည်။

ဆောင်းပါးရှင် ဂျို့ရှ်နိုဘယ်၏ "မြန်မာမှ အမေရိကန်တို့ ဘာဝယ်နိုင်မည်နည်း" ဟူသောဆောင်းပါးတွင် ယင်းသို့တွက်ချက်ဖော်ပြထားခြင်းဖြစ်သည်။ ဆောင်းပါးရှင်က မြန်မာ၏ လက်ရှိပို့ကုန်များတွင် သဘာဝဓာတ်ငွေ့၊ ပဲ၊ ကျွန်းနှင့်သစ်မာ၊ အဝတ်အထည်များ၊ ဆန်၊ ငါးနှင့် ပင်လယ်ရေထွက်ကုန်ပစ္စည်းများပါဝင်နေကြောင်း ရှင်းပြပြီးနောက် ပို့ကုန်ဖြစ်နိုင်ခြေရှိသည်များကိုတစ်ခုချင်းတွက်ချက်ပြခဲ့သည်။

မြန်မာသည်ယခင်က အဓိကဆန်တင်ပို့သည့် နိုင်ငံဖြစ်ခဲ့သော်လည်း ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့သည့် ထိုင်းနှင့်ဗီယက်နမ်တို့ကိုမီရန် စိုက်ပျိုးရေးနှင့် ဖြန့်ချိရေးပုံစံများ တိုးတက်ရန်လိုကြောင်း၊ မြန်မာသည် ဆန်တင်ပို့သည့် အဓိကနိုင်ငံ မဖြစ်လာစရာ အကြောင်း မရှိကြောင်း၊ သို့သော် အမေရိကန်တွင်ပြည်တွင်း၌ထုတ်လုပ်သည့် ဆန်ပိုလျှံမှုများလွန်းနေ၍ လတ်တလော (သို့မဟုတ်) မကြာမီ အနာဂတ်၌လည်း မြန်မာ့ဆန်ကို အမေရိကန်က ဝယ်ယူရန် အကြောင်းမရှိသေးကြောင်း ဆိုထားသည်။

မြန်မာ၏ ကြွယ်ဝသော ကျောက်မျက်ရတနာပို့ကုန်များနှင့်ပတ်သက်၍လည်း မြန်မာ့ကျောက်စိမ်းကို တရုတ်ကသာ နှစ်ခြိုက်စွာဝယ်ယူနေပြီး ကျန်ကျောက်မျက်များဖြစ်သည့် ပတ္တမြားကဲ့သို့သောပို့ကုန်များကိုလည်း အမေရိကန်က ထူးထူးခြားခြား ဝယ်ယူဖွယ်မရှိကြောင်း ၎င်းကတွက်ချက်ပြသည်။

ထို့ပြင် မြန်မာ၏ နောက်ထပ်ကြွယ်ဝသော သယံဇာတဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့တို့မှာလည်း တရုတ်နှင့် ထိုင်းနိုင်ငံများသို့သာ ဆက်လက်တိုးတက်တင်ပို့ရဖွယ်ရှိပြီး အမေရိကန်အနေဖြင့် ကိုယ်ပိုင်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဆဲဖြစ်ကြောင်း ၎င်းကထောက်ပြသည်။ ထို့နောက် ၎င်းက မြန်မာ၏ အမေရိကန်သို့ တင်ပို့နိုင်ခြေရှိသည့် နောက်ထပ်ပို့ကုန်မှာ ပင်လယ်စာထွက်ကုန်ဖြစ်နိုင်ကြောင်း၊ ထိုင်းနှင့်ဗီယက်နမ်မှာလက်ရှိတွင်ကြီးမားသော ရေထွက်ပို့ကုန်လုပ်ငန်းများရှိသည့်နိုင်ငံဖြစ်သော်လည်း မြန်မာသည် ကာလတိုအတွင်း ယင်းလုပ်ငန်းများကဲ့သို့ ပို့ကုန်ပမာဏ တူညီလာနိုင်ကြောင်း ဆိုသည်။

ဆောင်းပါးတွင် ဂျို့ရှ်နိုဘယ်က မြန်မာ၏ အမေရိကန်သို့ အဓိပို့ကုန်မှာ အဝတ်အထည်ကဏ္ဍဖြစ်လာနိုင်ကြောင်း၊ မြန်မာတွင် လုပ်အားခမှာ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုတို့ထက်ဈေးချိုပြီး လုပ်သားအင်အားပိုကြီးမားသဖြင့် "မြန်မာပြည်တွင် ပြုလုပ်သည်" ဟူသော တံဆိပ်ဖြင့် ထုတ်ကုန်များကို အမေရိကန်ပြည်တွင်းဈေးကွက်၌ လျင်မြန်စွာ မြင်တွေ့ရဖွယ်ရှိကြောင်းလည်း ပြောသည်။ ဆောင်းပါးရှင်သည် မြန်မာ၏ ပို့ကုန်ကဏ္ဍကို သုံးသပ်ရာတွင် ဖြစ်နိုင်ခြေရှိသည့် စိန်ခေါ်မှုနှစ်ရပ်ကိုလည်း သုံးသပ်ထားပြီး ယင်းတို့မှာ စက်ရုံများလည်ပတ်ရန်လျှပ်စစ်ဓာတ်အားပြတ်တောက်သည့် ဒဏ်နှင့် လုပ်သားအင်အားထုမှာနှစ်ပေါင်းများစွာ ပိတ်ဆို့ခံရမှုကြောင့် ကျွမ်းကျင်မှု ချို့တဲ့နေခြင်းတို့ဖြစ်ကြောင်းလည်း ဖော်ပြခဲ့သည်။ မြန်မာ၏ နောက်ထပ်စိန်ခေါ်မှုမှာ အခြေခံအဆောက်အအုံပိုင်းဖြစ်ပြီးလမ်းများ၊ ရထားလမ်းများနှင့် ဆိပ်ကမ်းများမှာ ကောင်းမွန်ခြင်းမရှိကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းကဲ့သို့သော သွင်းကုန်ပို့ကုန်အတွက် အချက်အချာနေရာမှာလည်း တည်ဆောက်နေဆဲဖြစ်၍ အပြီးသတ်ပါကလည်း ပုံမှန်လည်ပတ်ရန်အချိန်ယူရဦးမည်ဖြစ်ကြောင်း ၎င်းကရေးသားထားသည်။

ဆောင်းပါးနိဂုံးတွင် ဂျို့ရှ်က အမေရိကန်၏ သွင်းကုန်ပိတ်ဆို့ထားမှု ဖြေလျှော့ပေးခြင်းသည် လက်ရှိတွင် စိတ်ဓာတ်ရေးရာတွန်းအားတစ်ရပ်သာဖြစ်နေသေးပြီး အမေရိကန်-မြန်မာကုန်သွယ်ရေးမကြာမီအချိန်တွင်း ထူးထူးခြားခြားတိုးတက်လာဖွယ်မရှိကြောင်း နိဂုံးချုပ်ထားသည်။ ၎င်းကမြန်မာသည် အာရှကျားတစ်ကောင်အဖြစ် စစ်မှန်သည့်ပို့ကုန်တင်ပို့သည့် စီးပွားရေးနိုင်ငံ တည်ဆောက်ရေးမစဉ်းစားခင် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးမှုကြီးကြီးမားမား လိုအပ်နေကြောင်း ဆိုခဲ့သည်။ ထိုအတိုင်း ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးတို့ ပြည့်မီခဲ့ပါက မြန်မာ့စီးပွားရေးအောင်မြင်မှုအတွက် အကောင်းမြင်စရာအချက်များစွာရှိနေကြောင်းရေးသားထားသည်။

*ကိုးကား -ဖိုင်နယ်ရှယ်တိုင်းမ်*

# အိမ်ရာကဏ္ဍဖွံ့ဖြိုးရန် အမျိုးသားအဆင့် ကော်ပိုရေးရှင်း ထူထောင်မည်

**သန်းထူး**

**နေပြည်တော်၊ အောက်တိုဘာ-၁**

အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဒါရိုက်တာအဖွဲ့က ဦးဆောင်၍ အမှုဆောင်အရာရှိချုပ်၊ အထွေထွေမန်နေဂျာ စသည်များ ပါဝင်သော အမျိုးသား မြို့ပြအိမ်ရာဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း ကိုဖွဲ့စည်း၍ ဆောက်လုပ်သွားရန်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်လွင်ကစက်တင်ဘာ ၁၇ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံ၏ အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

"Implementation အပိုင်းကိုတော့ 'ပီပီပီ' မူဝါဒနဲ့အညီ အမျိုးသားအိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းကို ဖွဲ့စည်းပြီး ဒါရိုက်တာအဖွဲ့က ဦးဆောင်၍ အမှုဆောင်အရာရှိချုပ်၊ အထွေထွေမန်နေဂျာ စသည်တို့ပါဝင်တဲ့ ဖွဲ့စည်းပုံနဲ့ ဖွဲ့စည်းပြီး အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားဖို့ စီမံဆောင်ရွက်သွားရန်ရှိပါတယ်"ဟူ၍ ဝန်ကြီးက ပြောကြားခဲ့သည်။

ပြောင်းလဲကျင့်သုံးလျက်ရှိသော မူဝါဒနှင့်အညီ အစိုးရအနေဖြင့် အိမ်ရာထုတ်လုပ်ရေး အခန်းကဏ္ဍမှ အိမ်ရာကဏ္ဍတစ်ခုလုံးအား စီမံခန့်ခွဲမှုအဖြစ် ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အိမ်ရာကဏ္ဍမူဝါဒများ၊ အိမ်ရာကဏ္ဍတွင် ပါဝင်သော အဖွဲ့အစည်းများနှင့် စည်းမျဉ်းစည်းကမ်းများကိုလည်း ခေတ်စနစ်နှင့်အညီ ပြုပြင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ထပ်မံပြောကြားသည်။

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ အိမ်ရာလိုအပ်ချက်များကိုတိုးတက်ကောင်းမွန်စွာဖြည့်ဆည်းပေးနိုင်ရုံမက အိမ်ရာကဏ္ဍကို စီးပွားရေးကဏ္ဍတစ်ခုအဖြစ်လည်း အသွင်ပြောင်းနိုင်မည်ဟု ဆိုသည်။

၎င်းအပြင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကိုလည်း မြို့ပြစီမံကိန်းနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းကာ အချို့သော လုပ်ငန်းများကိုလျှော့ချပြီး နေပြည်တော်နှင့် ရန်ကုန်ရှိ လွှတ်တော်များကို ပြုပြင်ထိန်းသိမ်းခြင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း အကောင်အထည်ဖော်ရန်ရှိသော လုပ်ငန်းများအား ပြီးပြတ်အောင်ဆောင်ရွက်ရန်အတွက် ဖြည့်စွက် ရန်ပုံငွေ ကန်ဒေါ်လာ ၃၇၃ ဒသမ ၁၇၁ သန်းကိုလည်း လွှတ်တော် က ခွင့်ပြုထားသည်။

# သမ္မတဦးသိန်းစိန်ကို ပြည်သူများ လှိုက်လှဲစွာကြိုဆို

**အောင်သူရ၊ ဥက္ကာကိုကို**
**ရန်ကုန်၊အောက်တိုဘာ-၁**

(၆၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့တက်ရောက်မိန့်ခွန်းပြောကြားခဲ့သော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အောက်တိုဘာလ ၁ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ လာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပြည်သူတစ်ထောင်ကျော်က ဗီနိုင်းများ၊ အလံများ၊ ရုပ်ပုံများ၊ ပန်းစည်းများကိုင် ဆောင်လျက် တစ်ခဲနက်ကြွေး ကြော်ကြိုဆိုခဲ့ကြသည်။

အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီမိနစ် ၂၀တွင် Silk Air လေကြောင်းလိုင်းဖြင့် ပြန်လည်ရောက်ရှိလာသော သမ္မတကိုလာရောက်ကြိုဆိုကြသူများတွင် ကုန်သည်/စက်မှုအသင်းချုပ်မှ ဝန်ထမ်းများ၊ Myanmar Egress မှ သင်တန်းသားများ၊ ပြည်ခိုင်ဖြိုးပါတီ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီတို့မှ ပါတီဝင်များ၊ အထည်ချုပ်လုပ်ငန်းမှ ဝန်ထမ်းများ၊ ရုပ်ရှင်နှင့် ဂီတအစည်းအရုံးမှ သရုပ်ဆောင်နှင့် အဆိုတော်များ၊ ပြည်သူများ ပါဝင်ခဲ့ကြသည်။

“အမေရိကန်မှာ လုပ်ခဲ့တဲ့ဆောင်ရွက်ချက်နဲ့ ရခိုင်အတွက် လုပ်ဆောင်ချက်ရယ်၊ မြစ်ဆုံလုပ်ဆောင်ချက်တွေကို သဘောကျတယ်။ အရင်အစိုးရလက်ထက်နဲ့ အခု အစိုးရလက်ထက်မှာ ဒီသမ္မတ တက်လာပြီးတော့မှပဲ ပြောင်းလဲသွားတယ်လို့ ခံစားရတယ်။ ဘယ်နိုင်ငံကပဲ ဖိအားပေးနေပေး နေ၊ ပြည်သူ့ဘက်က ရပ်တည်တယ်ဆိုတာကို သိသိသာသာ ခံစားလိုက်ရတယ်”ဟု သမ္မတအားတစ်ဦးတည်း လာရောက်ကြိုဆိုသူ အသက် ၃၀ အရွယ် မလင်းလင်းက ပြောသည်။

နိုင်ငံတော်သမ္မတကို ကြိုဆိုရန်အတွက် ကုန်သည်/စက်မှုညီနောင်အသင်းများမှ အသင်းတစ်သင်းလျှင် လူငါးဆယ်ခန့်တောင်းခံခဲ့ကြောင်း လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်ကပြောသည်။ “ကျွန်တော်တို့ဆီကလည်း တောင်းတယ်။ ကျွန်တော်တို့ကတော့ အစည်းအဝေးရှိလို့ မ သွားလိုက်ဘူး။ တခြားသွားချင်တဲ့လူတွေ သွားဖို့ပြောထားတယ်” ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းကပြောသည်။

“ကောင်းတဲ့လမ်းကြောင်းတစ်ခုပေါ်ကို ရောက်အောင်ကြိုးစားနေတာကြောင့် သမ္မတကြီးကို သဘောကျတယ်။ ပြည်သူတွေအားလုံးအတွက် အခုဆို မျှော်လင့်ချက်ဆိုတဲ့အလင်းရောင်လေး ရလာပြီပေါ့နော်။ ပြီးတော့ ပြည်သူတွေနဲ့ နွေးထွေးမှုရှိလာသလိုမျိုး ခံစားရတယ်”ဟု ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဖွေးဖွေးကပြောသည်။

“အပြောမဟုတ်ဘဲ အလုပ်ပါလုပ်နေတဲ့အတွက် ကြိုဆိုထိုက်ပါတယ်။ ကျွန်တော်တို့ကတော့ တိုင်းပြည်ကောင်းဖို့လုပ်တဲ့ ဘယ်သူပဲဖြစ်ဖြစ် ထောက်ခံမှာပါ”ဟု အဆိုတော်သားစိုးကပြောသည်။

နိုင်ငံတော်သမ္မတသည် နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားခြင်းဖြစ်ပြီး မြန်မာနိုင်ငံသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် တိုးတက်မှုများ ဖန်တီးနေကြောင်း၊ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရပြီး ပြည်သူများ၊ ကုလသမဂ္ဂအဖွဲ့နှင့်နိုင်ငံတကာအသိုင်းအဝိုင်းတို့၏ စိတ်ရှည်သည်းခံမှု၊ ကူညီထောက်ပံ့ပေးမှုတို့ကို လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် သမ္မတသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်တို့ကို ချီးကျူးပြောဆိုခဲ့သည်။

လာရောက်ကြိုဆိုသူများသည် “နိုင်ငံတကာတွင် မြန်မာ့ဂုဏ်ကိုဆောင်ခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်အား လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါသည်”၊“ပြည်သူ သန်းခြောက်ဆယ်အတွက် အပြောင်းအလဲကို ဆောင်ကြဉ်းပေးသူ”၊“We Love Our President၊We Support You၊Congratulation, Mr.President ၊ “ဒီမိုကရေစီ လမ်းကြောင်းကို ပြောင်းလဲဆောင်ရွက်ပေးသူ”၊ “အထည်ချုပ်လုပ်ငန်းနှင့် အလုပ်သမားများ အကျိုးအတွက် အထူးဆောင်ရွက်ပေးပါသော နိုင်ငံတော်သမ္မတကြီးအား ဂုဏ်ပြုကြိုဆိုပါသည်”စသော ပိုစတာဗီနိုင်းများကို ကိုင်ဆောင်လျက် ဆုတောင်းများကိုပါ ကြွေးကြော်ခဲ့ကြသည်။

“သမီးတို့တွေ စက်ရုံထဲကို ဝင်တဲ့အချိန်မှာ လေဆိပ်ကို သွားရမယ်ဆိုပြီး ခေါ်လာတာပါ။ သမ္မတကြီးကိုတော့ မသိဘူး” ဟု ယူနီဗာဆယ်အထည်ချုပ်စက်ရုံမှ အသက် ၁၈ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးက ဆိုသည်။

“ဒီနေ့ သမ္မတကြီးကို သွားကြိုတယ်။ ဘယ်သူကမှ ခိုင်းလို့ မဟုတ်ဘူး။ ကိုယ့်ဘာသာ သွားချင်လို့သွားတာ။ ဘာခမ်းခမ်းနားနား ဝတ်စုံနဲ့မှလည်း မဟုတ်ဘူး။ ဂျင်းဘောင်းဘီနဲ့ပဲ။ သမ္မတကြီးလေဆိပ်က ထွက်လာတော့ ဘာရည်ရွယ်ချက်နဲ့မှ မဟုတ်ဘူး။ အနီးကပ်မြင်ဖူးချင်လို့ အနားအထိတိုးသွားမိတယ်။ သတင်းထောက်တွေကြားမှာပေါ့။ လုံခြုံရေးတွေကတော့ သူတို့ ထုံးစံအတိုင်း လမ်းရှင်းကြတယ်။ အချို့ဓာတ်ပုံကောင်း လိုချင်ကြတဲ့ ဓာတ်ပုံဆရာတွေအတွက်တော့ လုံခြုံရေးတွေ တွန်းတယ်ပေါ့။ ကိစ္စမရှိပါဘူး။ ဘယ်သူတွေ ဘာတွေဖြစ်ဖြစ် ကျွန်မတို့နိုင်ငံရဲ့ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ကို ဘာအရောင်မှမပါဘဲ ကျွန်မ သွားကြိုဖြစ်ခဲ့တယ်။ အတော်လေး နီးနီးကပ်ကပ် ကျွန်မမြင်ခဲ့ရတယ်။ ကျေနပ်တယ်။ ဂုဏ်ယူတယ်။ ကျွန်မတို့နိုင်ငံအတွက် သမ္မတကြီးရော၊ ဒေါ်စုရော နှစ်ဦးစလုံးရဲ့အားတွေ လိုတယ်။ ပြည်သူတွေအတွက်ပေါ့။ သူတို့နှစ်ယောက်လုံးကို အာဏာအတွက် အလုပ်လုပ်ကြတာ မဟုတ်ဘူးလို့ ယုံတယ်” ဟု Myanmar Egress သင်တန်းကျောင်းမှ မသင်ဇာအောင်က သူမ၏ လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားထားသည်ကို တွေ့ရသည်။

## မျက်နှာဖုံး-လက်ပန်းတောင်းတောင်စီမံကိန်း ရပ်ဆိုင်းမည်မဟုတ်ဟု မြန်မာဝမ်ပေါင်ကုမ္ပဏီဥက္ကဋ္ဌပြောကြား မှ

လက်ပန်းတောင်းတောင် စီမံကိန်းအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် နိုင်ငံတော်အကြီးအကဲ အပါအဝင် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများရှေ့တွင် လက်မှတ်ရေးထိုးခဲ့သော လုပ်ငန်းဖြစ်သည့်အပြင် ချမှတ်ထားသော ဥပဒေ စည်းမျဉ်းစည်းကမ်းများကိုလည်းလိုက်နာပြီး ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများလည်း မရှိခြင်းတို့ကြောင့် မရပ်ဆိုင်းနိုင်ခြင်းဖြစ်ကြောင်း 7Day News ကို သီးသန့်ပြောကြားခဲ့သည်။

“စပြီး လုပ်တုန်းက ဘာပြဿနာမှမရှိပါဘူး။ ဒေသခံတွေကိုယ်တိုင် ကြည်ကြည်ဖြူဖြူနဲ့ လျော်ကြေးတွေယူတယ်။ လျော်ကြေးထပ်တိုးတောင်းတယ်။ အဲဒီပြဿနာတွေပဲရှိတယ်။ အခုဟာက စီမံကိန်းရပ်ဆိုင်းပေးပါဆိုတာ အရမ်းကိုပြင်းထန်တယ်။ ရပ်ဖို့ အစီအစဉ်မရှိပါဘူး။ ဒီလိုတွေဖြစ်လာတယ်ဆိုတာ နိုင်ငံရေး အင်အားစုတွေပါလာလို့ သွေးထိုးလှုံ့ဆော်လို့ဖြစ်ရတာပါ” ဟု မြန်မာစီးပွားရေးဦးပိုင်လီမိတက်မှ အကြီးတန်းအရာရှိဦးဝင်းကြည်ကလည်း စက်တင်ဘာ ၂၉ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

အဆိုပါစီမံကိန်းအား ၂၀၀၄ ခုနှစ်တွင် ယခင်အစိုးရဝန်ကြီးချုပ် လက်ရှိနိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်တို့ရှေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး အကျိုးအမြတ်ကို နိုင်ငံတော်က ၅၁ ရာခိုင်နှုန်း၊ ကျန်ရှိသော ၄၉ ရာခိုင်နှုန်းထဲမှ ဦးပိုင်ကုမ္ပဏီက ဒုတိယအများဆုံးနှင့် တရုတ်ကုမ္ပဏီက တတိယအများဆုံးရရှိသည်ဟုဥက္ကဋ္ဌ Mr. Chend Defang က ပြောသည်။

အဆိုပါစီမံကိန်းရပ်ဆိုင်းရန် ဒေသခံများက ဆန္ဒထုတ်ဖော်မှုများ လွန်ခဲ့သည့်လအတွင်းက ပြုလုပ်ခဲ့ပြီး အာဏာပိုင်များနှင့်ထိပ်တိုက်တွေ့မှုများရှိခဲ့သည်။ ထိုစီမံကိန်းရပ်ဆိုင်းပြီး ဒေသကို ကာကွယ်ရန် အလွှာစုံပါဝင်သည့် နှီးနှောဖလှယ်ပွဲကိုစက်တင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည်။

ထိုနှီးနှောဖလှယ်ပွဲသို့တက်ရောက်လာသော ဝက်မှေးကျေးရွာသူ မသွဲ့သွဲ့ဝင်းက လက်ရှိဒေသခံများခံစားနေသည်နှင့်ပတ်သက်၍ “လယ်ယာမြေပြဿနာရယ် ရွာလေးရွာ မတရားအဖျက်ဆီးခံလိုက်ရတယ်။ ကျွန်မတို့မှာကိုးကွယ်နေတဲ့ ဘုန်းကြီးကျောင်းလည်း လုံးဝမရှိတော့ပါဘူး။ ဘုန်းကြီးကျောင်းလည်း ချိတ်ပိတ်ခံထားရပါတယ်။ ၂၀၁၂ ပညာသင်နှစ်မှာလည်း ကလေးတွေ ပညာသင်ကြားခွင့် လုံးဝမရပါဘူး” ဟု လက်ပန်းတောင်းတောင်နှင့်ချင်းတွင်းအလှသဘာဝကာကွယ်ထိန်းသိမ်းရေးနှီးနှောဖလှယ်ပွဲတွင်ပြောကြားခဲ့သည်။

ထို့အပြင် အဆိုပါဒေသသို့ နှစ်ကြိမ်တိုင် သွားရောက်လေ့လာခဲ့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဒေါ်ဒေဝီသန့်စင်က “ကြေးနီရှာနေတဲ့မြေကို စမ်းသပ်တဲ့အခါ အဆိပ်ဖြစ်စေတဲ့မြေသားတော့မတွေ့ရဘူး။ ဒါပေမဲ့လို့ ကြေးနီပါဝင်မှုက သတ်မှတ်ထားတဲ့ပမာဏထက်များနေတယ်။ အဆိပ်သင့်တဲ့အခြေအနေတော့မရောက်သေးဘူး။ ဒါပေမဲ့ မြေဆီလွှာကျွမ်းကျင်တဲ့ပညာရှင်တွေ ပြောတာကတော့ ဒီစိုက်လို့ပျိုးလို့ရတဲ့ မြေတွေပေါ်မှာ ထပ်ထပ်ပုံရင် မြေဆီလွှာကောင်းတွေဟာ ကြာရင် ပျက်စီးကုန်မယ်လို့ ပြောတယ်။ စိုက်လို့ ပျိုးလို့ရတော့မှာမဟုတ်ဘူးလို့ပြောပါတယ်။ ရေနဲ့ပတ်သက်ပြီးပြောရင် ကံကုန်းကျေးရွာကို ဒီနှစ် မေလမှာစစ်ဆေးခဲ့တယ်။ ကံကုန်းရွာအရှေ့၊အနောက်၊တောင်၊မြောက်ကို မြေအောက်ရေစစ်ဆေးတဲ့အခါ မန္တလေးက ဓာတ်ခွဲခန်းမှာ စစ်နေတာ။ မြေအောက်ရေက သုံးလို့မရဘူးလို့အဖြေထွက်ပါတယ်”ဟု အဆိုပါနှီးနှောဖလှယ်ပွဲတွင်ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံ အခြေစိုက်အိုင်ဗင်ဟိုးလက်ထက်က သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးပြုလုပ်ခဲ့ပြီး ထိုကဲ့သို့ ပြုလုပ်ထားသော်လည်း ကျန်းမာရေးစစ်တမ်းတစ်ခုအရ ထိုဒေသရှိ အမျိုးသမီးများ ကိုယ်ဝန်ပျက်ကျမှု များခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာဝင်းမျိုးသူက ပြောသည်။

ဒေသခံများ အမှန်တကယ်ကြုံတွေ့နေရသော ဒုက္ခများကိုသိရှိစေရန် ကြေးနီတောင်ခြေသို့လာရောက်ပြီး ဒေသခံများနှင့် တွေ့ဆုံမေးမြန်းစေလိုကြောင်း မသွဲ့သွဲ့ဝင်းက ဆိုသည်။

“ရွာသူရွာသားတွေ ဘေးကင်းလုံခြုံစိတ်ချမှုရှိအောင် လုပ်ဖို့လိုတယ်။ ကျန်တဲ့ ရွာသုံးရွာကတော့ သမ္မတက နေခွင့်ပြုတယ်လို့ပြောတယ်။ ဒါပေမဲ့ နေထိုင်ခွင့်ပေးဖို့ ဘေးမသီ၊ ရန်မခနဲ့ လုံခြုံစိတ်ချစွာနေဖို့ တောင်းဆိုရမယ်။ ပတ်ဝန်းကျင်ရေးရာပြဿနာတွေကြုံခဲ့ရင် မူလအနေအထားအတိုင်း လုပ်ရမယ်လို့ သတ္တုတွင်းဥပဒေမှာပါတယ်။ လုပ်ဖို့လိုတယ်။ ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုကို ပုံမှန်အတိုင်းနေရမယ်။ စောင့်ကြည့်တဲ့စင်တာတွေထားရမယ်။ နဂိုအတိုင်းမဟုတ်တောင်အတတ်နိုင်ဆုံးဖြစ်အောင် လုပ်ရမယ်။ မလုပ်ဘူးဆိုရင် တရားဥပဒေချိုးဖောက်တဲ့အတွက်တိုင်ရမယ်”ဟု ဦးဝင်းမျိုးသူက အကြံပြုသည်။

ထို့အပြင် မြန်မာဝမ်ပေါင်ကုမ္ပဏီဥက္ကဋ္ဌကလည်း “သူတို့ဘာကြောင့် ရပ်ဆိုင်းချင်တယ်ဆိုတာသိချင်တယ်။ ဒေသခံတွေအတွက် လျော်ကြေးအပါအဝင် ဖွံ့ဖြိုးရေးလုပ်ဖို့ အမေရိကန်ဒေါ်လာ ၁၂ သန်း အသုံးပြုပြီးပြီ”ဟု ပုလဲ Mr. Chend Defang ကပြောသည်။

အဆိုပါနှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသော ကိုမင်းကိုနိုင်ကပြဿနာများကိုလိုက်လံဖြေရှင်းနေရာမှ အပြောင်းအလဲအတွက် အရေးကြီးသည့်လုပ်ငန်းများ၌ လစ်ဟင်းသွားမည်ကိုစိုးရိမ်ကြောင်း ပြောသည်။

သို့သော် အစိုးရအနေဖြင့် အခုအချိန်ကစပြီး နောင်ပြုလုပ်မည့်လုပ်ငန်းများတွင် အများပြည်သူသိရှိစေရန် ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ကြောင်းလည်း ကိုမင်းကိုနိုင်က တိုက်တွန်းပြောကြားသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဗုဒ္ဓဘာသာဝင်တို့၏ အမွေအနှစ်ဖြစ်သော လယ်တီဆရာတော်ဘုရားကြီး၏ အမွေအနှစ်များ ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူတို့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပွဲကို ဦးဆောင်သူတစ်ဦးဖြစ်သည့် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုထွန်းမြင့်အောင်က ပြောသည်။

နှီးနှောဖလှယ်ပွဲကို ဒေသခံတောင်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ သံဃာတော်များ အပါအဝင်စုစုပေါင်း လူ ၄၀၀ ခန့်တက်ရောက်ခဲ့ပြီး မုံရွာနှင့် မန္တလေးမြို့များတွင်လည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

**ဝန်ထမ်း အလိုရှိသည်**

၁။ **သတင်းထောက်** **ကျား၊မ (၁၅) ဦး**
သတင်းထောက်အလုပ်ကို အမှန်တကယ်ဝါသနာပါ၍ ရေရှည်လက်တွဲလုပ်ကိုင်နိုင်ရမည်ဖြစ်ပြီး အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။
**(လုပ်ငန်းအတွေ့အကြုံမရှိသေးသူများလည်း လျှောက်ထားနိုင်သည်။)**

၂။ **နိုင်ငံတကာဘာသာပြန်** (၁) ဦး
အင်္ဂလိပ်/မြန်မာ၊ မြန်မာ/အင်္ဂလိပ်သို့ ပြေပြစ်ရှင်းလင်းစွာ ပြန်ဆိုနိုင်ရမည်၊ ဘွဲ့ရပြီးသူ၊
နိုင်ငံတကာအဖြစ်အပျက်များ အကျွမ်းတဝင်ရှိရမည်။

၃။ **သုတေသန** (၁) ဦး
ဘွဲ့ရပြီးသူ၊ သုတေသနလုပ်ငန်းအတွေ့အကြုံရှိသူနှင့် စာကြည့်တိုက်ပညာဒီပလိုမာရရှိထားသူဦးစားပေးမည်။

၄။ Moderator (၂) ဦး
ကွန်ပျူတာစာစီကျွမ်းကျင်ပြီး သတင်းများကိုစိတ်ဝင်စားသူ လုပ်ငန်းသဘာဝအရ ညဘက်အလုပ်ဆင်းနိုင်ရမည်။

**Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊**
**အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

7DAY NEWS JOURNAL
Vol.11, No.30 • OCTOBER 4 , 2012

## စာ-၇၊ အရေးပေါ် လှေကားလား လူသတ်လှေကားလားမှ

လွန်ခဲ့သော ရက်သတ္တပတ်နှစ်ပတ်က ကမာရွတ်မြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် ထိုအဖြစ်အပျက် အစအဆုံးကို မြင်တွေ့ကြားသိလိုက်ရသော အခန်းရှင် ဦးခင်မောင်ညွန့်တစ်ယောက်ဖြစ်စဉ်အသေးစိတ်ကိုသတင်းထောက်အား ပြောပြနေခြင်းဖြစ်သည်။

စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁၂ နာရီကျော်ခန့်ကလည်း အလုံမြို့နယ် စောရန်ပိုင်(မြောက်ပိုင်း) ရပ်ကွက်ရှိငုဝါလမ်း၊ တိုက်အမှတ် ၂၀၀၊ ခြောက်လွှာနေ အသက် ၂၃ နှစ်ရှိ မသက်ထက်စံ(ခ)မချိုချိုမြင့်အောင်သည် တိုက်ခန်းနောက်ဖေး အရေးပေါ်လှေကားကြမ်းပြင်မှ ကျွံကျသေဆုံးခဲ့သည်။

မသက်ထက်စံသည် အရေးပေါ်အသက်ကယ်လှေကားကို အရေးပေါ်စဉ်အသုံးပြုခဲ့၍ မတော်တဆဖြစ်ပွားခဲ့ခြင်းမျိုးမဟုတ်။ အိမ်နောက်ဘက်လှေကားတွင် မတ်တတ်ရပ်ဖုန်းပြောနေစဉ် နေရာမှလူရော၊ လှေကားပါ အတွဲလိုက်ပြုတ်ကျခဲ့ခြင်းဖြစ်သည်။

"လူကယ်လှေကား မဟုတ်ဘဲနဲ့ မီးသတ်လှေကားတွေက လူသတ်လှေကားဖြစ်နေတယ်။ မီးသတ်တွေလည်း သတိထားဖို့လိုတယ်။ မီးလောင်ရင် နောက်ဖေးလှေကားက မတက်ကြဖို့ဘဲ တက်ရင် မကယ်နိုင်ဘဲ ကိုယ်ပါ သေလိမ့်မယ်။ မီးသတ်တွေထဲမှာ နိုင်ငံ့ပိုက်ဆံစားတဲ့လူထက် ပိုက်ဆံမယူဘဲ လုပ်နေတဲ့လူတွေက များတော့ သူတို့တွေအားလုံး သတိထားရမယ်"ဟုစောရန်ပိုင်(မြောက်)ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက ပြောသည်။

၁၉၉၀ ခုနှစ်ဝန်းကျင်က ရန်ကုန်မြို့တော်၌ စတင်အကောင်အထည်ဖော်ခဲ့သည့် တဲပေါ်မှ တိုက်ပေါ်သို့ တင်ပေးသော အစီအစဉ်သစ်ကြောင့် မြို့နယ်အများစုတွင် အထက်ပါကဲ့သို့ တိုက်ခန်းတွဲများ စီမံကိန်းအလိုက် ပေါ်ထွက်လာခဲ့သည်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန၏ အစီအမံဖြင့် အထပ်မြင့်တိုက်များကို ကန်ထရိုက်များက အမြန်ဆုံးဆောက်လုပ်ကြသည်။

ထို့ကြောင့် ၁၉၉၆ ခုနှစ်ခန့်တွင် ပန်းတိုင်ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်လုပ်ခဲ့သည့် ဟံသာရိပ်မွန် တိုက်ခန်းတွဲကြီး ပြီးစီးခဲ့သည်။ သို့သော် တိုက်ခန်းထဲမှ အရေးပေါ်လျှင် အလွယ်တကူထွက်နိုင်သည့်ထွက်ပေါက်ကားမပါ။ ထွက်၍ရမည်ဆိုစေဦးတော့၊ အသက်ကယ်လှေကားက အသက်ဘေးမှ လုံခြုံစိတ်ချစွာ ဆင်းနိုင်မည့် လှေကားမဟုတ်ပေ။

"အသက်ကယ်လှေကားတွေက အဖြစ်သဘော လုပ်ထားတာပါ။ စတပ်ကတည်းက အာဏာပိုင်တွေ၊ အဖွဲ့အစည်းတွေက ကြီးကြပ်မှု အားနည်းတယ်။ စည်ပင်နဲ့ ကန်ထရိုက်မှာ စစ်ဆေးဖို့ တာဝန်ရှိတယ်လို့ ထင်တယ်" ဟု ကမာရွတ်မြို့နယ် ဟံသာရိပ်မွန်အိမ်တွင် နေထိုင်သူ ဦးသန်းအေးက ပြောသည်။

၁၉၉၄ ခုနှစ်မတိုင်မီက အရေးပေါ် လှေကားဆိုသည်မှာ မရှိသလောက်ဖြစ်ခဲ့ပြီး ထိုနောက်ပိုင်းကာလတွင်သာ နိုင်ငံတော်မှ စမ်းသပ်ကာ တပ်ဆင်ခိုင်းခဲ့ပြီး တဖြည်းဖြည်း ယခုအခါတွင်မှသာ ကွန်ကရစ်လှေကားအဖြစ် အခိုင်အမာဆောက်လုပ်လာပြီဖြစ်ကြောင်း လုပ်သက် ၂၅ နှစ်ခန့်ရှိသော အလုံမြို့နယ်မှ ဝါရင့်ဆောက်လုပ်ရေးကန်ထရိုက်တာတစ်ဦးကပြောသည်။

"ဟိုတုန်းကတော့ နံရံမှာ ချိတ်နဲ့ထောင်ပြီး လုပ်ခဲ့ကြတာ။ ပြီးခဲ့တဲ့ ၂နှစ်လောက်မှာ သံကူကွန်ကရစ်နဲ့လုပ်ခိုင်းတာ။ ကျွန်တော်တို့က စစ်ဆေးတဲ့လူတွေကို ပိုက်ဆံမပေးဘဲနေတော့ ဖိဖိစီးစီး စစ်ဆေးတာခံရတယ်။ သူများတွေကတော့ စစ်ဆေးသူတွေကို ပိုက်ဆံပေး၊ မပေး မပြောတတ်ပါဘူး။ အခုကိစ္စကတော့ အသက်နဲ့ နမူနာပြသွားတာပဲ" ဟု ၎င်းကပြောသည်။

အလုံမြို့နယ်ရှိ ကန်ထရိုက်တိုက်အနောက်ဘက် အရေးပေါ်လှေကားမှ ပြုတ်ကျခဲ့သော တိုက်၏ငါးလွှာတွင်နေသော ဒေါ်အေးသီတာကပြောရာတွင် "ကျွန်မတို့မှာ ကလေးငယ်တွေရှိတော့ အရေးရယ် အကြောင်းရယ်ဆို အရေးပေါ်လှေကားသုံးမရမယ့် အတူတူ အနောက်ဘက်ရော အရှေ့ဘက်ရော သံပန်းတပ်ပြီး သော့ခတ်ထားလိုက်တယ်"ဟု၎င်းကပြောသည်။

အဆိုပါ ကန်ထရိုက်တိုက်သည် လွန်ခဲ့သောခြောက်နှစ်ကတည်းက လူနေထိုင်နေပြီဖြစ်သော်လည်း စည်ပင်သာယာမှ လူနေထိုင်ခွင့်(BCC)ချပေးထားခြင်းမရှိသေးပေ။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) က သတ်မှတ်ထားသည့် စည်းကမ်းချက်များအရဆိုလျှင် အထပ်မြင့်အဆောက်အအုံများတွင် အရှေ့ဘက်ပင်မလှေကားအပြင်၊ အရေးပေါ် အသုံးပြုနိုင်ရေးအတွက် မီးသတ်လှေကားအား အလွယ်တကူဆင်းနိုင်ရန်နှင့် ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်ရန်ဟု ပါရှိသည်။

ထို့ပြင် ၂၀၁၁ ခုနှစ် နောက်ပိုင်းမှ စတင်တည်ဆောက်သော အထပ်မြင့် အဆောက်အအုံများတွင် အရေးပေါ်လှေကားကို သံကူ ကွန်ကရစ်ဖြင့် စနစ်တကျဆောက်လုပ်ရန် မြို့တော်စည်ပင်က ညွှန်ကြားချက်ထုတ်ပြန်လိုက်ရာ၊ ကွန်ကရက်မီးသတ်လှေကားများဖြင့် ကန်ထရိုက်တိုက် အသစ်များလည်း ရှိလာပြီဖြစ်သည်။ ယင်းကာလအရှေ့ပိုင်းတွင် တည်ဆောက်ခဲ့သော အဆောက်အအုံများတွင်မူ သံဖြင့် ပြုလုပ်ထားသည့် အသက်ကယ်လှေကား ခပ်ပါးပါးကိုသာ စတိသဘောမျိုး တပ်ဆင်ထားရာမှ ယခုကဲ့သို့ အရေးပေါ်အခြေအနေတွင် အသက်မကယ်ဘဲ အသက်ကို ဆွဲနုတ်ယူသော ဖြစ်ရပ်များ ဖြစ်ပေါ်လာပေသည်။

"အရင်တုန်းက အသက်ကယ်လှေကားတွေက သူတို့ကိုယ်တိုင်က အရေးပေါ်အခြေအနေဖြစ်နေတယ်"ဟု Three Friends ဆောက်လုပ်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးကိုကိုလေးက ဆိုသည်။

မြို့ပြအိမ်ရာတည်ဆောက်ရေး အင်ဂျင်နီယာတစ်ဦးကလည်း "အရင်တုန်းက တိုက်တွေမှာ ရိုးရိုးတိုက်တွေအများစုက အရည်အသွေးထက် အရေအတွက်ကို ဦးစားပေးခဲ့လို့ ဖြစ်တာပါ။ ကွန်ဒိုတချို့တောင် အရေးပေါ်လှေကားကိုဖြစ်သလို တပ်တာမျိုးရှိတယ်" ဟု ပြောသည်။

ထို့ပြင် အဆောက်အအုံ ဆောက်လုပ်ပြီးစီးပါက အခြားသတ်မှတ်ချက်များနှင့်အတူ မီးသတ်လှေကားနှင့် ပတ်သက်၍ မီးသတ်ဌာန၏ ထောက်ခံချက်ကိုလည်း တစ်ပါတည်း ယူဆောင်လာရန် ထုတ်ပြန်ထားကြောင်း ယာ/အုံဌာနမှ ဒုတိယဌာနမှူးက ပြောသည်။

"မီးသတ်လှေကားနဲ့ ပတ်သက်ပြီး ဘာပစ္စည်းကို သုံးရမယ်ဆိုတာမီးသတ်ဦးစီးဌာနရဲ့ထောက်ခံချက်ပါမှ ကျွန်တော်တို့ ဌာနက အဆောက်အအုံဆောက်လုပ်ခွင့်ပေးတာပါ။ ပြီးတော့ မီး သတ်လှေကားကို စတီးနဲ့ လုပ်တာ ပဲ ခွင့်ပြုလေ့ရှိတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ မိုးများတော့ ရာသီဥတုဒဏ်နဲ့ အနောက်ဘက်က မလုံတဲ့ ရေပိုက်တွေကတစ်ဆင့် ရေထိတဲ့ဒဏ်တွေကြောင့် သံချေး လိုက်ပြီး ပျက်စီးလာတယ်"ဟု မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ယာ/အုံ) မှ ဒုတိယဌာနမှူးက ရှင်းလင်းပြောဆိုသည်။

အရေးပေါ်လှေကားဟူသည် အရေးပေါ်မှသာ၊ အသက်ရှင်သန်ရန် ထွက်ပြေးလွတ်မြောက် ရမည့်အချိန်မှသာ သုံးစွဲရသည့် အရာတစ်ခုဖြစ်လေရာ၊ နေထိုင်သူများက သာမန်အချိန်တွင် ပြုပြင်မွမ်းမံခြင်း၊ ဂရုပြုစစ်ဆေးခြင်းများ ပြုလုပ်မှုအားနည်းခြင်းများလည်း ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။



**အလုံမြို့နယ်တွင် ကန်ထရိုက်တိုက်တစ်ခု၏ အရေးပေါ်လှေကားတပ်ဆင်ထားမှု**

ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

"လူတွေက ကိုယ့်တာဝန်ကိုယ် မယူချင်ကြဘူး။ မီးသတ်လှေကားကို ထိန်းသိမ်းစောင့်ရှောက်တာ ကိုယ့်ဘာသာလုပ်ရမှာပေါ့။ ကျွန်တော်တို့က တစ်သက်လုံး လုပ်ပေးရမှာလား"ဟု တော်ဝင်မိသားစု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကိုကိုထွေးကပြောသည်။

၁၉၉၇ ခုနှစ် နောက်ပိုင်းကာလများမှ စတင်ကာ အထပ်မြင့် တိုက်များ၏ မီးသတ်လှေကား ကြံ့ခိုင်မှုကို စစ်ဆေးကာ လက်မှတ်ထိုးပေးခြင်းများ လုပ်ဆောင်ခဲ့ပြီး ယင်းကန်ထရိုက်တိုက်များတွင် လူနေထိုင်ပြီးနောက်တွင်မူ လှေကားများ ပျက်စီးခြင်း၊ ပြုတ်ထွက်ခြင်းနှင့် ဆွေးမြည့်ခြင်းများနှင့် ပတ်သက်၍ တိုက်ခန်းနေသူများက စစ်ဆေးမှုအားနည်းချက်များရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကြံ့ခိုင်မှုအပိုင်းကို စည်ပင်အနေနဲ့ စစ်ဆေးရမှာပါ။ မီးသတ်တပ်ဖွဲ့အနေနဲ့တိုက်တိုင်းကိုလိုက်စစ်ဖို့အတွက် လူအင်အားမမျှဘူး။ ကျွန်တော်တို့က မီးငြိမ်းသတ်ရေးနဲ့ လွတ်မြောက်ရေး အပိုင်းကိုပဲ စစ်ဆေးနေရပါတယ်။ နောက်ပိုင်းမှာတော့ စည်ပင်နဲ့ပူးပေါင်းပြီး လစဉ်စစ်ဆေးသွားဖို့တော့ ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

ထိုသို့သော အရေးပေါ်ထွက်ပေါက် မပါသည့် အထပ်မြင့်တိုက်ခန်းများ၊ အသက်ကယ်လှေကား မပါသည့် ကန်ထရိုက်တိုက်တာ အဆောက်အအုံများကား ရန်ကုန်မြို့တော်တွင် မည်ရွေ့မည်မျှရှိနေသည်ကို မည်သူမျှ မပြောနိုင်သော်လည်း ယခုကဲ့သို့ဖြစ်ရပ်များကား မကြာခဏ ရင်ဆိုင်နေကြရသည်။

မိမိတို့ နေထိုင်ရာ အထပ်မြင့်တိုက်ခန်း၏ အနောက်ဘက်ရှိ လှေကားများ၏ ခိုင်ခံ့မှုနှင့် အမှန်တကယ် အသုံးပြုနိုင်ခြင်း ရှိ၊ မရှိဆိုသည့် အချက်သည် တာဝန်ရှိသူများအပြင်၊ နေထိုင်သူများ၏ ပူးပေါင်းပါဝင်မှုကလည်း အရေးကြီးလှကြောင်း မြို့တော်စည်ပင်၊ ယာ/အုံဌာနမှ တာဝန်ရှိပုဂ္ဂိုလ်ကပြောသည်။

ထို့ပြင် ကမာရွတ်မြို့နယ်ရှိ ကန်ထရိုက်တိုက်တွင် နေထိုင်သူ ဦးမြင့်ဆွေကလည်း "ကျွန်တော်တို့ တိုက်နှစ်လုံးကြားက အမှိုက်တွေ မြင်မကောင်းလို့ ကျုံးတာတောင် ငွေတစ်သိန်းလောက်ကုန်ပါတယ်။ အဲဒါ ကျွန်တော်တို့တွေပဲ လုပ်ကြရတာ။ အခု အရေးပေါ်ထွက်ပေါက်တွေက တကယ်မီးဘေးဖြစ်ရင် ဆင်းလို့မှမရတာ။ အရေးပေါ်ရင် အသုံးပြုလို့ ရတဲ့ အခြေအနေအထိပြန်လုပ်မယ်ဆိုရင်ဘယ်သူက ငွေအကုန်ခံမှာလဲ။ နေတဲ့သူတွေကပဲ စုပြီးကုန်ကျခံဖို့ဆိုရင် မလွယ်လောက်ဘူး"ဟု ပြောသည်။

ယင်းအချက်သည် ကန်ထရိုက်တိုက်နှင့် မကင်းနိုင်သော ရန်ကုန်နေ လူတန်းစားများအတွက် အသက်နှင့်ရင်း၍ အရေးကြီးသည့် အချက်ပင်ဖြစ်ရာ ထည့်သွင်းစဉ်းစားရန် လိုအပ်နေသည်ကို တွေ့ရသည်။

လက်ရှိအရေးပေါ်လှေကားများသည် တိုက်ခန်းနေသူများအတွက် အဝတ်လှန်းစရာနေရာ အဖြစ်သာ အသုံးဝင်နေပေသည်။

"ကျွန်တော်တို့အနေနဲ့က တော့ ဆောက်ပြီးခါစ စစ်ဆေးတဲ့အချိန်မှာ ခိုင်ခံ့မှုရှိကြောင်းတွေ့တဲ့အတွက် ခွင့်ပြုလိုက်ပေမယ့် နှစ်တွေကြာလာရင် စစ်ဆေးရမှာက တိုက်မှာနေထိုင်တဲ့သူတွေပါ။ သံဆိုတာ ရေနဲ့ထိရင် သံချေးလိုက်တတ်တဲ့ သဘာဝရှိတော့ သံချေးခြစ်ပြီး ဆေးသုတ်တာမျိုးက လုပ်သင့်ရင်လုပ်ရမှာပေါ့"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာ၊ အင်ဂျင်နီယာဌာနမှ ဒုတိယဌာနမှူးက ပြောသည်။

ထို့ပြင် မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှ တစ်ဆင့် ကန်ထရိုက်တိုက် နေထိုင်သူများက မိမိတို့တိုက်ရှိ အရေးပေါ်လှေကားကြံ့ခိုင်မှုများကို စစ်ဆေးရန် လှုံ့ဆော်ပေးရန် မကြာသေးမီက အကြောင်းကြားထားပြီး ပြန်လည်ပြုပြင်ရန် နည်းပညာလိုအပ်ပါက စည်ပင်မှ အင်ဂျင်နီယာဝန်ထမ်းများက အခမဲ့လာရောက် စစ်ဆေးကာ အကြံဉာဏ်ပေးခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

အရေးပေါ် ထွက်ပေါက်လည်းမရှိ၊ အရေးပေါ်လှေကားကလည်း အားကိုးစရာမရှိသည့် တိုက်အို တိုက်ဟောင်းများနှင့် ၂၀၁၁ မတိုင်မီ တည်ဆောက်ထားသော ဦးခင်မောင်ညွန့်ကဲ့သို့ တိုက်ခန်းနေသူများအဖို့မူ မကြာသေးမီက ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များကို မေ့ပျောက်နိုင်မည် မဟုတ်ဟု ထင်သည်။

အထိတ်တလန့် အော်သံနှင့်အတူ ဆင်းပြေးသွားသည့် နှလုံးရောဂါသည်ဇနီး၊ ခြောက်ထပ်အမြင့်မှ လွင့်စဉ်ပြုတ်ကျသွားသည့်သူ၊ အသက် ၆၀ ကျော် အငြိမ်းစား ဝန်ထမ်းအဘိုးအို။ သူတို့၏ ကိုယ်တွေ့ကြုံလိုက်ရသည့် အချက်က တဒင်္ဂအတွင်း မြန်ဆန်လွန်းလှသည်။

အနောက်ဘက်ထွက်ပေါက်ကပေးသော စိုးရိမ်ထိတ်လန့်မှုနှင့်အတူ ဆရာတပည့် ဆွေမျိုးသားချင်းသဖွယ် ခင်မင်ရသူ၏ အသက်ကို နုတ်ယူသွားခဲ့ပြီဖြစ်သည်။ သေဆုံးသူတွင် ကျောင်းနေအရွယ်လူမမည်ကလေးငယ်နှစ်ဦးနှင့် အမျိုးသမီး ကျန်ရစ်ခဲ့သည်။ သည်လို အဖြစ်အပျက်မျိုးများအား နောက်နောင် မည်သူမျှ တွေ့ကြုံခံစားချင်မည် မဟုတ်သည်ကတော့ သေချာလှပေသည်။ ။

# ရှေ့နေများကွန်ရက် ဆန္ဒဖော်ထုတ်ရန် စီစဉ်

**အေးသူစံ၊ ခိုင်ထွန်း**
**ရန်ကုန်၊**
**စက်တင်ဘာ ၂၇**

တရားရုံးချုပ်အဆောက်အအုံနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့အား ပုဂ္ဂလိကပိုင်မပြုလုပ်ရန် ရှေ့နေများကွန်ရက်က အစိုးရထံသို့ မေတ္တာရပ်ခံ တောင်းဆိုထားသော်လည်း အခြေအနေ မထူးခြားသည့်အတွက် အောက်တိုဘာလ ၁၇ ရက်တွင် ရှေ့နေ ၁၀၀ ခန့်က ဆန္ဒဖော်ထုတ်သွားမည်ဖြစ်ကြောင်း ရှေ့နေများကွန်ရက်မှ တရားလွှတ်တော်ရှေ့နေ ဦးကိုနီကပြောသည်။

အောက်တိုဘာ ၁၇ ရက် နံနက် ၁၀နာရီတွင် မဟာဗန္ဓုလပန်းခြံရှေ့ရှိရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရှေ့တွင် လူစုပြီး မဟာဗန္ဓုလပန်းခြံလမ်းမှကမ်းနားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး စုပေါင်းတိုင်းတရားရုံးအထိ လမ်းလျှောက်ဆန္ဒဖော်ထုတ်သွားရန် စီစဉ်ထားကြောင်း ဦးကိုနီကပြောသည်။

"အောက်တိုဘာလဆန်းပိုင်းမှာဆန္ဒဖော်ထုတ်ဖို့ခွင့်ပြုချက်တင်မယ်။ ခွင့်ပြုချက်မကျရင် အဆင့်ဆင့်အယူခံတက်မယ်။ အဆင့်ဆင့်ကမှ ခွင့်မပြုရင် နောက်ဆုံးနည်းလမ်းဖြစ်တဲ့ တရားဥပဒေလမ်းကြောင်းအရ ရင်ဆိုင်သွားမယ်" ဟု ၎င်းကဆိုသည်။

ရန်ကုန်တိုင်းစုပေါင်းတရားရုံးကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လေလံအောင်သွားသည့်ကုမ္ပဏီမှာ Flying Tiger Engineering Co ဖြစ်ပြီး လုပ်ထုံးလုပ်နည်းအရ တင်ဒါလျှောက်ထား၍တင်ဒါအောင်ထားခြင်းသာဖြစ်ကြောင်း၊ အစိုးရနှင့်နီးစပ်သည့် ခရိုနီစီးပွားရေးလုပ်ငန်းလည်းမဟုတ်ကြောင်း၊ နိုင်ငံခြားသား(အထူးသဖြင့် တရုတ်) ပိုင်ဆိုင်သောကုမ္ပဏီလည်းမဟုတ်ဘဲ မြန်မာတိုင်းရင်းသားများပိုင် ကုမ္ပဏီသာဖြစ်ကြောင်းကို ကုမ္ပဏီဘက်မှ ရှေ့နေကွန်ရက်သို့ အကြောင်းကြားလာကြောင်း သတင်းရရှိသည်။

"အဲဒီနေ့ဆန္ဒဖော်ထုတ်ပွဲမှာ တရားရုံးတွေပုဂ္ဂလိကပိုင်မပြုလုပ်ရေးအပြင် ရုံးခွန်၊ တံဆိပ်ခေါင်းခွန်တွေ တိုးမြှင့်ကောက်ခံလိုက်တာကိုလည်း တစ်ပါတည်းကန့်ကွက်ကြောင်း ဖော်ထုတ်သွားမှာပါ" ဟု ရှေ့နေကွန်ရက်မှ တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်ကပြောသည်။

ဆန္ဒထုတ်ဖော်ပွဲအတွက်တစ်နိုင်ငံလုံးမှ ရှေ့နေများ ပူးပေါင်းပါဝင်နိုင်ပြီး ကွန်ရက်အတွင်း အစည်းအဝေးတစ်ခုကို အောက်တိုဘာ ၅ ရက်တွင်ပြုလုပ်ကာ ဆန္ဒထုတ်ဖော်ပွဲနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

"တစ်ပြည်လုံးကို အသိပေးမယ်။ ရုံးခွန်တံဆိပ်ခေါင်းခွန်အဆတစ်ရာတက်နေတာ တစ်ပြည်လုံးနဲ့ဆိုင်တယ်လေ" ဟုဦးကြည်မြင့်က ပြောသည်။

တိုင်းဒေသကြီး လွှတ်တော်နှင့် စုပေါင်းတရားရုံး တို့ကို မေလကုန်မှစကာ ပိတ်ထားပြီး စက်တင်ဘာလဆန်းတွင် စုပေါင်းတရားရုံးကို စည်းရိုးများ ကာရံထားလိုက်ပြီဖြစ်သည်။

ဗဟိုတရားရုံးချုပ် အဆောက်အအုံကိုတွေ့ရစဉ်



# ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်မည်

**ရန်ကုန်၊ စက်တင်ဘာ-၂၄**

မြန်မာနိုင်ငံ၏ သုံးခုမြောက် အထူးစီးပွားရေးဇုန်အဖြစ် ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတောင်ဘက်ပိုင်းတွင် ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်နေပြီး သီလဝါအထူးစီးပွားရေးဇုန်ကိုလည်း အကောင်အထည်ဖော်ရန် မဟာစီမံကိန်းတစ်ခုရှိကြောင်း စက်တင်ဘာ ၂၁ရက်က တရုတ်နိုင်ငံ နန်နင်းမြို့တွင်ကျင်းပသော အထက်ပါအခမ်းအနား၌ ပြောကြားခဲ့သည်။ ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်ဖြူအထူးစီးပွားရေးဇုန် မှာ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့်ယှဉ်တွဲ၍ အကောင်အထည်ဖော်မည့် အနာဂတ်စီမံကိန်းတစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**TRADEMARK CAUTION**

**Sime Darby Malaysia Berhad**, a Company incorporated in Malaysia at 19th Floor, Wisma Sime Darby, Jalan Raja Laut, 50350 Kuala Lumpur, Malaysia is the Owner and Sole Proprietor of the following Trademarks:-


Reg: 4/9288/2012

Reg: 4/9287/2012

In respect of : Int'l class 29: " Palm oil for food; soy oil for food; sunflower oil for food; sesame oil for food; peanut oil for food."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 4. Oct. 2012



FMI UB Charter

myanma AIRWAYS

**_Save your time and energy for those important meetings with FMI UB Charter's convenient daily flights between Yangon and Nay Pyi Taw_**



FMI UB Charter မှ ရန်ကုန် - နေပြည်တော် အထူးခရီးစဉ်များကို အောက်ပါခရီးစဉ်များအတိုင်း နေ့စဉ် ပျံသန်းလျက်ရှိပါသည်၊

**FLight Schedules**

**Mon to Friday**

| Yangon → Nay Pyi Taw Dep | Arr | Nay Pyi Taw → Yangon Dep | Arr |
|---|---|---|---|
| 7:45am | 8:45am | 9:15am | 10:15am |
| 11:30am | 12:30pm | 13:00pm | 14:00pm |
| 16:00pm | 17:00pm | 17:30pm | 18:30pm |

**Saturday**

| Yangon → Nay Pyi Taw Dep | Arr | Nay Pyi Taw → Yangon Dep | Arr |
|---|---|---|---|
| 8:00am | 9:00am | 10:00am | 11:00am |

**Sunday**

| Yangon → Nay Pyi Taw Dep | Arr | Nay Pyi Taw → Yangon Dep | Arr |
|---|---|---|---|
| 15:30pm | 16:30pm | 17:00pm | 18:00pm |

**For Sales & Reservations :** Tel : (+95-1) 240363,240373 / (+95) 94211 46545
E-mail : reservations@fmiaircharter.com,
sales@fmiaircharter.com

FMI UB Charter

**FMI Air Charter Ltd.**
FMI Centre, Level 10 & 11,
No.380, Bogyoke Aung San Rd.,
Yangon, Myanmar.
Tel : +95-1-240 363, 240 373, Ext:2130/2163
Mobile : 09 421146545


Shwe Mandalar
EXPRESS
SCANIA
ရွှေမန္တလာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးမှ SCANIA COACH BUS အသစ်များဖြင့်ရန်ကုန်–ပုဂံညောင်ဦး၊
ပခုက္ကူ ခရီးစဉ်သို့ တိုးချဲ့ပြေးဆွဲနိုင်ခြင်းအတွက် SCANIA COMPANY နှင့်တကွ ဝုဏ်ယူဂုဏ်ယူပမ်းမြောက်မိပါကြောင်း။
Octagon International Services Co.,Ltd.
ရွှေမန္တလာ(လက်မှတ်အရောင်းဌာန) ရန်ကုန် - 095042644,092228735,01706071
ပုဂံညောင်ဦး - 09444004530


DM
by
Dennis Martin
CHERRY OO
September
October
ချယ်ရီဦးနာရီဆိုင်များနှင့်မြန်မာတစ်နိုင်ငံလုံးရှိ DM နာရီအရောင်းကိုယ်စားလှယ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။
DENNIS MARTIN WATCH GROUP.NFC.LTD
Hotline:(01)256494,373022,09-73022249,02-64514


GARNIER ကျပ် 2,000 ဖိုး ဝယ်ယူရုံနဲ့
ကားအသစ်စက်စက် စီးနိုင်မည့် အခွင့်အရေး
နှင့် ဆုပေါင်း 1,800
Take care. GARNIER
ပထမဆု
Take care.
GARNIER
ONLY
AUGUST TO
DECEMBER '12
(၁၀) စီး
GSM PHONE
(၁၀) တန်
(၁၀) စီး
- ငွေသား (၁)သိန်းဆု (၂၀)ဆု
- ငွေသား (၅)သောင်းဆု (၃၀)ဆု
- ကျပ် (၁)သောင်းဖိုးဆု (၅၁၉)
- ကျပ် (၅)ထောင်ဖိုးဆု (၁,၂၀၀)


THE SUN MUSIC
Lady Kairar
N ကိုင် ရာ
လေ ဒီ ကိုင် ရာ
METAL ZONE BAND
ရွှေရျော်ရျော်
ဇေါ်
Rနိုင်
လင်းလင်း
အောင်ကိုမြင့်